www.burmeseclassic.com

မောင်ညီမှိုင်း (သန့်လျှင်)

စီစဉ်သော

# ရက္ခစိုးပေးသည့်ရွှေအိုး

## ဂမ္ဘီရဝတ္ထုတိုများ



မောင်ညီမှိုင်း၊(သန့်လျှင်)၊ အောင်သာမိုး၊ မကြွေးညီစိမ့်၊ ကျော်မင်းနိုင်၊ လေးမေ
ညီရောင်၊ ဝေယျမင်းသျှင်၊ စိုးယဉ်ထွန်း၊ မင်းအောင်ကျော်

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ □ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် □ ၂၀၁၆၊ နိုဝင်ဘာလ
အုပ်ရေ □ ၅၀၀
မျက်နှာဖုံး □ မြတ်မင်းဟန်
ကွန်ပျူတာစာစီ □ *Maw Maw (New Idea)*
အတွင်းဖလင် □ *Eagle*

■

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန်
(ဖြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၂၃၈)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ) (၀၀၄၃၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၈၀၀ ကျပ်

၈၉၅ ၀ ၈၃

ညီပုမှိုင်း၊မောင်(သန်လျင်)
ရက္ခစိုးပေးတဲ့ရွှေအိုးအပါအဝင်ဂမ္ဘီရဝတ္ထုတိုများ/
မောင်ညီပုမှိုင်း(သန်လျင်)။ –ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၆။
၂၀၄–စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) ရက္ခစိုးပေးတဲ့ရွှေအိုးအပါအဝင်ဂမ္ဘီရဝတ္ထုတိုများ

www.burmeseclassic.com


www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ရုက္ခစိုးပေးတဲ့ရွှေအိုး<br>မောင်ညိုမှိုင်း(သန်လျင်) | ၁ |
| ၂။ | သနပ်ခါးတောင်ပုံမြင်<br>အောင်သာမိုး | ၂၀ |
| ၃။ | ငှက်ပျောပင်စိုက်မိလိုက်ဖသာ<br>မကြွေးညိုစိမ့် | ၃၄ |
| ၄။ | ဂန္ဓီရဘိုးတော်ပုဏ္ဏက<br>ကျော်မင်းနိုင် | ၄၈ |
| ၅။ | ဝက်မာန်စွယ်နှင့်ထူးအံ့ဖွယ်ရာဆန်းကြယ်စွာ<br>ညိုရောင် | ၆၆ |
| ၆။ | ချစ်ခြင်းအားဖြင့်မေတ္တာဂန္ထဝင်<br>ဇေယျမင်းသျှင် | ၉၆ |
| ၇။ | မြွေထောင့်ကကြေးနွားရုပ်<br>စိုးယဉ်ထွန်း | ၁၃၇ |
| ၈။ | နတ်သစ်ပင်(သို့)ရတနာရွှေခွက်<br>မင်းအောင်ကျော် | ၁၅၅ |
| ၉။ | သူ့ခြေရာကိုယ်ရှာ၊ ကိုယ့်ခြေရာသူရှာ<br>လေးမောင် | ၁၇၇ |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

ဖိုးတောဆိုတဲ့ကောင်က မိုးမခရွာကြီးမှာ လူပေလူရွတ်ခင်ဗျ။ မိုးလင်းရင် အရက်ဆိုင်၊ ဒါမှမဟုတ် ထန်းရည်ဆိုင်ကို အရောက်သွားမယ်။

အိတ်ကပ်ထဲရှိတဲ့ပိုက်ဆံနဲ့ အရက်သောက်မယ်။ မဝသေးရင်၊ အမူးမပေါက်သေးရင် ရွှေဘော်တို့၊ အောင်ခကြီးတို့၊ ကြီးမောင်တို့ အမူးသမားအုပ်စုကို လိုက်ရှာပြီး ကပ်တီးမူးလဲလုပ်မယ်။

ယိုင်တိုင်တိုင်အဆင့်ရောက်ရင် ပြည်တော်သာကန်ပေါင်ရိုးမှာ ရေခပ်လာတဲ့ ရွာစုံက မိန်းမချောလေးများကို ရိသဲ့သဲ့သွားလုပ်မယ်။

အခန့်မသင့်လို့ ကျေးရွာဥက္ကဋ္ဌနဲ့ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ ရောက်လာရင်၊ မြင်ခဲ့ရင်..

"ဥက္ကဋ္ဌကြီး ... နေကောင်းလားခင်ဗျ။ အော့ .."

"မင်းတို့ မိန်းကလေးတွေရေခပ်တဲ့နေရာ ဘာလာလုပ်တာလဲ"

"အဟဲ ... အဲ ... အဲ ... ကန်ထဲမှာ ... အဲလေ ... ဟို ... ဟို ... မိကျောင်းပေါ်တယ်ကြားလို့။ အဲဒါ ... အဟဲ ... ဟုတ် ... မဟုတ်"

"ဖိုးတော ..."

"ခင်ဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့အကြောင်း ငါမသိဘူးမှတ်လို့လား"

"ဟာ ... ဉက္ကဋ္ဌကြီးကလည်း ... မိကျောင်း ... ပေါ် ..."

"သွား ... အခု မြန်မြန်ထွက်သွား ...။ မသွားရင် မင်းတို့အားလုံး မိန်းကလေးတွေကို ကာကွန္ဒြေပျက်အောင် နှောင့်ယှက်မှုနဲ့ ထိတ်တုံးခတ်ပစ်မယ်"

"ဉက္ကဋ္ဌ ... ဉ ... က္က ..."

"ဟေ့ကောင် ... မသွားဘူးလား"

ရာအိမ်မှူး ကိုသံလက်သီးက သူ့ရဲ့နာမည်ကျော်ညာလက်သီးကို မြှောက်ပြီး ရွယ်လိုက်မှ ဖိုးတောတို့အုပ်စုအားလုံး ပြည်တော်သာ ကန်ပေါင်ရိုးပေါ်ကနေ ပြေးကြရော။

ရာအိမ်မှူး ကိုသံလက်သီးကလည်း လက်သံပြောင်ရာမှာ နာမည်ကြီးပဲ။ သူ့ညာလက်သီးတစ်ချက်မိရင် မေးရိုးကျိုးရင်ကျိုး၊ ဒါမှမဟုတ်ရင် ရှေ့သွားလေးချောင်း မြေကြီးပေါ်ခ,ရော။

✿ ✿ ✿

# [၂]

❑

ဖိုးတောတို့ ဆိုးပုံ၊ နှောင့်ယှက်ပုံက ကမ်းကုန်တယ်။ တလောက သူ့အဖေဆုံးတယ်။ ရွာထုံးစံက ခုနစ်ရက်၊ ဒါမှမဟုတ် ကိုးရက်ထားပြီး သင်္ဂြိုဟ်လေ့ရှိတယ်လေ။

အဲဒီလို ရက်ရှည်ထားရတာမို့ အလောင်းကို ရွာထဲမှာ မထားကြဘူး။ ရွာအပြင် သုသာန်ထဲမှာပဲ စင်ထိုးပြီး ခေါင်းတင်လေ့ရှိတယ်။ ရက်ရှည်ထားသည့် မူလရည်ရွယ်ချက်က ရပ်ဝေးက အမျိုးအွေမ္ဘဆွေများကို စောင့်တဲ့သဘောပါ။

ဆွေစုံမျိုးစုံနဲ့၊ အငိုမြိုင်မြိုင်နဲ့ အလောင်းကို စည်ကားသိုက်မြိုက်စွာ သင်္ဂြိုဟ်တဲ့သဘောပါ။ ပြီးရင် ရွာဓလေ့အတိုင်း ဖဲဝိုင်းခံရတာပေါ့ဗျာ။ ရွာဉက္ကဋ္ဌကလည်း နားလည်မှုရှိပါတယ်။

www.burmeseclassic.com



ရန်တော့ မဖြစ်နဲ့။

အေးအေးလူလူကစားကြ။ ရန်ဖြစ်ရင် မသာရှင်၊ အိမ်ရှင်ကို ရဲစခန်းပို့မယ်။ ရန်ဖြစ်တဲ့လူ အချုပ်ထဲရောက်မယ်။ ဒီလိုအာမခံပေးတယ်။

ရွာမသာဖဲဝိုင်းဆိုတာ သိတဲ့အတိုင်းပဲ။

ပဲသမား၊ နေကြာသမား၊ လယ်သမား များသမို့ ငွေရွှင်တယ်။ ကူငွေမပါဘူး။ အကောက်ရတဲ့ငွေနဲ့ကို မသာရှင် တစ်လနှစ်လ အလုပ်မလုပ်ဘဲ ထိုင်စားလို့ရတယ်။

အခု ဖိုးတောအဖေ ကိုဗိုက်ပူ လူကြီးရောဂါနဲ့ သေပြီ။ ကိုးရက်ထားမယ်လို့ ဖိုးတောက ပြောတယ်။ ထားပေါ့ . . . ။ အဲဒါ အလောင်းကို ထုံးစံအတိုင်း ရွာသင်္ချိုင်းမှာ စင်ထိုးပြီး ထားတယ်။ ဒီမှာ စင်က နိမ့်နေတယ်။

ဒါနဲ့ ဘကြီးကြောင်စိန်က ပြောရော။

"ဖိုးတော . . . ခါးစောင်းသာသာ လုပ်ပါကွ"

"အဖေ အောက်ကိုခုန်မဲဆင်းနိုင်ပါဘူး ဘကြီးရာ"

အဲဒါသာ ကြည့်။ ပြောပုံက . . . ။ ဒါနဲ့ ဒီလို ငမူးငရူး ရှေးထုံးစံနားမလည်၊ လက်မခံတဲ့လူစားမျိုး ပြောနေလည်း အပိုပါပဲဆိုပြီး ထပ်မပြောတော့ဘူး။

ဖိုးတောအဖေအသုဘက နေ့ရော၊ ညရော စည်ပါ့ဗျာ။ အပေါင်းအသင်းစုံတော့ ဖဲဝိုင်းက ခြိမ့်ခြိမ့်သဲသဲပဲ။ တစ်နေ့နဲ့တစ်ညရတဲ့ အကောက်နည်းရော့သလား။

ဖိုးတောတို့၊ ရွှေဘော်တို့၊ အောင်ခကြီးတို့ဆိုတာ အရက်ကို လေးထောင့်သံပုံးနဲ့ တည်သောက်တာ။

ဖဲလာကစားသူများကို ထမင်းပါ ချက်ကျွေးလိုက်သေးရဲ့။ အိပ်ချင်ရင် ကောက်ရိုးဖြန့်ခင်းပေးပြီး စောင်ပါခြုံပေးလိုက်သေးရဲ့။

ဒီမှာ ရွာသင်္ချိုင်းက သူ့အဖေအလောင်းပေါ် စားမြိန်စာထုပ် သွားပို့ပေးရတာက သူ့အမေ ဒေါ်ငှက်ကြီး။

ဒေါ်ငှက်ကြီးက စားမြိန်စာပန်းကန်နဲ့သောက်ရေလေး ခေါင်းပေါ်တင်ပြီး ချွဲချွဲပျစ်ပျစ်ငိုလေ့ရှိတယ်။ ငိုလို့ဝပြီး ပြန်ခါနီးကျရင် ခေါင်းဖုံးလေးလှပ်လို့ သေသူ လင်သားမျက်နှာကို မျက်ရည်လည်ရွဲနဲ့ ငုံ့ကြည့်ပြီး . . .

"သွားတော့မယ် . . . ကိုဗိုက်ပူရေ၊ ကျွန်မတို့သားအမိကိုလည်း ရှင်ဘယ်ဘဝရောက်ရောက် လိုက်စောင့်ရှောက်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com


လို့ ပြောခဲ့လေ့ရှိတယ်။

ပြီး ... နံဘေးနံဘီကို လှည့်ကြည့်တယ်။ ဘယ်သူမှမရှိရင် ပြောလိုက်ပြန်ရော။

"ကျွန်မ ရှင့်ကို အမြဲတမ်းချစ်နေတုန်းပါပဲ ကိုဗိုက်ပူ" ... တဲ့။

ဒီလိုနဲ့ သုံးရက်နေလို့ အပုပ်နံ့လည်းထွက်လာရော သူ့လင် ကိုဗိုက်ပူအလောင်းပေါ် စားစရာ ဟင်း၊ ထမင်း လာမတင်တော့ဘူး။ သူ့မောင်ဝမ်းကွဲ ကိုဇော်ဖေကို သွားတင်ခိုင်းတယ်။

ဇော်ဖေကလည်း အလကားသွားမတင်ဘူး။ သေသူယောက်ဖနဲ့ ရှင်ကျန်ရစ်ကြီး အစ်မ မငှက်ကို ချစ်ခင်သံယောဇဉ်ကြီးလို့ တစ်နေ့ကို အရက်တစ်လုံးဖိုးပေးမှ စားမြိန်စာ သွားတင်ပေးတယ်။

ဖဲဝိုင်းကလည်း ရလိုက်တဲ့အကောက်နှုယ် ...။ ခုနစ်ရက်မြောက်နေ့မှာ သိန်းနဲ့ချီပြီး ရနေပြီ။ သားအမိနှစ်ယောက် ဝမ်းသာလို့။

ဒေါ်ငှက်ကြီးကလည်း သွားလေသူ သူ့လင်ကို ဂုဏ်တင်တယ်။ "ဩော် ခမျာ သေတာတောင် ကျွန်မတို့ကို လုပ်ကျွေးတုန်းပါလား ကိုဗိုက်ပူရဲ့" ဆိုပြီး ခုနစ်သံချီဟစ်လို့ အော်ငိုတယ်။

ဒါပေမင့် မျက်ရည်တစ်စက်မှ မထွက်ဘူး။

ဖိုးတောကလည်း "အဖေရေ ... နှစ်သိန်းလောက်ကျန်အောင် မ,ပါ အဖေရဲ့။ တစ်လပြည့်ရင် ကျကျနနဆွမ်းကျွေးချင်လို့ပါ" လို့ အော်ပြောလိုက်သေးရဲ့။ ရှိုက်သံတစ်ချက် မပါပါဘူးဗျာ။

ဖိုးတောလုပ်ပုံ ပြောပါတယ်။

ကိုးရက်ပြည့်ရင် သင်္ဂြိုဟ်ရမယ့်ဟာ။ လုပ်ပုံက ကြည့်။ နောက်နှစ်ရက်တိုးပြီး ဆယ့်တစ်ရက်ထား သင်္ဂြိုဟ်မယ် လုပ်ပါရော။

အဲဒါ ရွာနဲ့ ပြဿနာဖြစ်ကြတာပေါ့။

ဒါနဲ့ မေးကြရော။

"ဖိုးတော ... ဘာလို့ ဆယ့်တစ်ရက်ထားချင်ရတာတုံး"

"အညာက အမျိုးတွေ ရောက်မလာသေးလို့ပါဗျာ"

"ဒါဆိုလည်း တို့ရွာမှာ မင်းအဖေမသာ မသင်္ဂြိုဟ်နဲ့တော့။ မင်းတို့အညာက အမျိုးတွေရှိရာကို အလောင်းသယ်သွားပြီး သွားသင်္ဂြိုဟ်ကွာ"

အဲဒါ စကားများကြပါရောလားဗျာ။ ချမယ်နှက်မယ် ဖြစ်ကုန်ရော။

www.burmeseclassic.com

www.burmeseclassic.com


သေသူဦးဖိုက်ပူရဲ့အမျိုးများက ကိုးရက်စေ့တဲ့နေ့ သင်္ဂြိုဟ်မယ်၊ ဝက်သား လုံးတီးကျွေးမယ် လုပ်ကြတယ်။

ဖိုးတောကလည်း မသာဖဲဝိုင်းအကောက် တစ်ညတစ်ည နှစ်သော်င်း ကျော်လောက်ရနေတော့ နောက်နှစ်ရက်တိုးရင် ပိုရမှာပဲဆိုပြီး ဖွတ် ...။

နောက်ဆုံး ရွာဥက္ကဋ္ဌနဲ့ ရွာဦးကျောင်းဆရာတော်ပါ ရောက်လာပြီး ဖိုးတောတို့သားအမိကို တရားချရရော။

"ဒကာလေး မောင်ဖိုးတော"

"ဘု ... ရား ..."

လူက မူးနေတော့ ဘုရားလို့ထူးရမှာကို မြန်မြန်မထူးနိုင်ဘူး။ 'ဘု' နဲ့ 'ရား' ကြားမှာ တစ်ရေးအိပ်ပြီးမှ 'ဘုရား' ကို ထူးနိုင်ရှာတယ်။

"ဒကာလေးတို့အဖေအသုဘကို ကိုးရက်ထားသင်္ဂြိုဟ်မယ်လို့ အဓိဋ္ဌာန် ပြုပြီးရင် ကိုးရက်နဲ့ သင်္ဂြိုဟ်လိုက်ပါ"

"ရက်တိုးလို့ ... မရ ... ဘူး ... လား ... ဘုရား ..."

"မလုပ်ကောင်းဘူး ဒကာလေး"

"ဘာ ... ဖြစ် ... လို့ ... မလုပ် ... ကောင်း ... တာ ... တုံး ..."

"ဒါ ... အငြိမ့်ပွဲ၊ ဇာတ်ပွဲသွင်းတာ မဟုတ်ဘူး။ အငြိမ့်ပွဲ၊ ဇာတ်ပွဲ သာလျှင် လူဝင်များလို့ ရက်တိုးတောင်းတယ်။ ခုကိစ္စက ဒုမင်္ဂလာကိစ္စ။ မလုပ် ကောင်းဘူး။ မပြောကောင်းဘူး"

"လုပ်ရင် ... ဘာဖြစ်မတုံး ... ဘုရား ..."

"ရက်တိုးရင် နောက်လူထပ်သေလိမ့်မယ်"

"တကယ်ပဲလား ... ဘုရား ..."

"တကယ်ပြောတာ"

ဒီလိုလည်း ရွာကျောင်းဘုန်းကြီးက မိန့်ရော ဖိုးတော ဝမ်းသာအားရ ထခုန်ပါလေရော။ ထခုန်သမှ အိမ်ကိုသိမ့်သိမ့်တုန်လို့။ ရွာဥက္ကဋ္ဌ၊ ဘုန်းကြီးရော၊ သူ့အမေဒေါ်ငုက်ကြီးရော လန့်သွားကြပါရော။

ဒီမှာ ဥက္ကဋ္ဌက ဖိုးတောအဖြစ်ကိုကြည့်ပြီး မေးရရော။

"ဖိုးတော ..."

"... ... ..."

"ဟေ့ကောင် ဖိုးတော ..."


www.burmeseclassic.com

www.burmeseclassic.com



"ဘာတုံးဗျ ... ငှက်က္ကဋ္ဌ ... အဲလေ ... ဥက္ကဋ္ဌကြီးရဲ့"

"မင်း ဘာလို့ ထခုန်ရတာတုံး"

"ဝမ်းသာလွန်းလို့ဗျ"

"ဟေ ... နေပါဦး။ ဘာကိုဝမ်းသာလို့လဲဟ ဖိုးတောရ"

"ရက်တိုးရင် နောက်တစ်ယောက်သေမယ်ဆိုတာ ကြားရပြီး ဝမ်းသာလွန်းလို့ဗျ ဥက္ကဋ္ဌကြီးရ။ ဟား ... ဟား ... ဟား ... အဟော့ ... ဟော့"

ဗုဒ္ဓေါ ... မြတ်စွာဘုရား ...။

ကျေးရွာဥက္ကဋ္ဌလည်း မျက်လုံးပြူး။ ဘုန်းကြီးလည်း လန့်။ ပိုလန့်တာ ဖိုးတောရဲ့အမေ ဒေါ်ငှက်ကြီး။

အသားတွေ တုန်နေပြီ ...။

မေးတွေ ရိုက်နေပြီ ...။

ဖိုးတောကတော့ သူ့အမေကိုကြည့်ပြီး ပြုံးလို့ရွှင်လို့။ သူ့မျက်လုံးထဲမှာ နှစ်မသာဆက်ခဲ့ရင် ငွေသိန်းနဲ့ချီကျန်မှာကို တွေးပြီး ပျော်နေသကိုး။

ဒီမှာ ဒေါ်ငှက်ကြီးက အသံတုန်တုန်နဲ့ ထအော်ပါရော။

"ဖိုး ... တော ..."

"ဘာ ... တုံး ..."

"ကိုးရက်နဲ့ မသာချ ... ချ ..."

"မချဘူး ...။ ဆယ့်တစ်ရက်နဲ့ ... ချ ..."

"ဟဲ့ ... ဖိုးတော။ ဒါ ... ငါ့လင်။ ငါ့သဘောပေါ့ ..."

"ကျုပ်အဖေအရင်းဗျ ...။ ကျုပ်သဘောပဲ ..."

"ဟာ ... ဒီလောက်ပြောရကျုပ်တဲ့အကောင်။ ရက်တိုးချင်တိုး ...။ ငါတော့ အသေမခံနိုင်ဘူး။ နင်အခုသေရမယ်။ ငှက်ကြီးတဲ့ဟေ့"

"ဝုန်း ..."

"ဟ ... ဟ ... ဒေါ်ငှက်ကြီး ... မ ... မလုပ်နဲ့ ..."

"ဒ ... ဒကာ ... မ ... မကြီး ... မ ... မလုပ်နဲ့ ..."

"သေဟ မသာလောင်းရ"

"ရှီ ..."

"ဖောင်း ..."

"အမလေးဗျ ..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ငှက်ကြီးဟာ ဝုန်းခနဲထခုန်ပြီး ငှက်ကြီးတောင်ဓားရှည်ကို ဆွဲလို့ မူးယစ်ခုန်ပေါက် ဝမ်းသာနေတဲ့ ဖိုးတောကို ခုတ်ချလိုက်ပါရော။

သူကြီးတွန်းလိုက်လို့။

နို့မို့လား ...။ ဖိုးတော ပွဲချင်းပြီးပဲ။

ဓားချက်က ဖိုးတောလည်ပင်းကို မထိဘူး။ ကြမ်းပြင်ကိုခုတ်မိပြီး သစ်သားစတွေ ဖွာထွက်သွားပါရော။ သူရဲကောင်း လူပေလူရွှတ် ဖိုးတောရယ်။ သူ့အမေတကယ်လုပ်မှန်းသိရော အိမ်ပေါ်ကနေ ခုန်ချပြေးလိုက်တာ ပုဆိုးတောင် ခါးမှာ ပါမသွားရှာဘူး ခင်ဗျာတို့ရေ။

အဲဒါ ကိုးရက်မြောက်တဲ့နေ့မှာပဲ ဦးဖိုက်ပူအသုဘကို ချရတယ်။ အသုဘ ချလို့ အခေါင်းဖွင့်ပြီး မျက်နှာသစ်တော့ ဒေါ်ငှက်ကြီး သူ့လင်မျက်နှာကိုကြည့်ပြီး ရင်ထုလို့ ငိုလေရဲ့။

အခြားကြောင့် မဟုတ်ဘူး။

သေသူဦးဖိုက်ပူရဲ့ မျက်နှာနဲ့ရင်ဘတ်မှာ အရေပြား၊ အသား လုံးဝမရှိ တော့ဘူး။ အရိုးပဲ ကျန်နေလို့။

ကျန်မှာပေါ့ဗျာ။ မသာစင်က နိမ့်နိမ့်လေးလုပ်ထားတဲ့ဥစ္စာ။ ဒီကြားထဲ ကိုးရက်ထားတော့ မသာက ပုပ်ပွပြီး နံဟောင်နေပြီ။

ဒေါ်ငှက်ကြီးကိုယ်တိုင် စားမြိန်စာမပို့ရဲတော့လို့ သူ့မောင်ဝမ်းကွဲ ဇော်ဖေ ကို အရက်ပုလင်းလာဘ်ပေးပြီး သူမရဲ့ကိုယ်စား စားမြိန်စာထုပ် တင်ခိုင်းတာ ကိုး။

ဇော်ဖေက သွားမတင်ဘူး။

အရက်ပုလင်းနဲ့ စားမြိန်စာထုပ်စားပြီး လမ်းနံ့ဘေး ကောက်ရိုးပုံပေါ် အိပ်အိပ်နေတာ ကိုးရက်ပြည့်ရော။

အဲဒါ ရွာထဲက ဝက်တွေက အနံ့ရသွားပြီး မသာခေါင်းဖုံးကို နှုတ်သီး နဲ့လှန်ချလို့ ဦးဖိုက်ပူရဲ့ အရေ၊ အသားကို အားရပါးရ စားလိုက်ကြတာ။

နောက်ဆုံး ခေါင်းနဲ့ရင်ဘတ်ရိုးပဲ ကျန်ပါရောလားဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၃]

❑

တိုတိုပြောရရင် ဖိုးတောဆိုတဲ့ လူ့ကန့်လန့်၊ လူ့ခွစာ ငမူးက အလုပ်ကိုသာ လက်ကြောတင်းအောင် လုပ်မစားချင်တာ။

လူက အရမ်းကို ကြီးပွားချမ်းသာချင်တယ်။

လွယ်လွယ်နဲ့ကြီးပွားချမ်းသာမယ့်လမ်းကို စဉ်းစားနေတာလည်း ကြာပြီကိုး။

ဓားပြတိုက်ရအောင်လည်း သတ္တိက မရှိဘူး။

ရွှေဆိုင်ဝင်လုရအောင်လည်း ဒသွးက မရှိဘူး။

အကောက်ရတဲ့ငွေနဲ့ ဝတ်စားပြီး သူ့ကိုယ်သူ သူဌေးသားလို လတ်တလော သုံးဖြုန်းနေတာ။

သူချမ်းသာချင်တာကလည်း အကြောင်းရှိတယ်လေ။

သင်းမှာ ကြိုက်ရမယ့် ချစ်ရသူ ရှိနေသကိုး။ ကောင်မလေးနာမည်က မဖြူဝင်းတဲ့။

ဟိုဘက် လက်ခုပ်ကုန်းရွာသူလေး။



www.burmeseclassic.com

www.burmeseclassic.com



မဖြူဝင်းဆိုလို့ အသားဖြူဖြူလေး မထင်လိုက်ပါနဲ့ခင်ဗျ။ မည်းလိုက်တဲ့ အသားနှယ် . . . သပိတ်အတိုင်းပဲ။ ကတ္တရာစေးအတိုင်းပဲ။ ဒါ့အပြင် တင်ကလည်း ကောက်သေးတယ်။ ကောက်သမှ တင်ပါးပေါ် အုတ်ခဲတင်ရင် ပြန်မကျဘူး။

သွားကလည်း ခေါလိုက်သေးရဲ့ခင်ဗျ။ ခေါသမှ အုန်းသီးခြစ်လို့ရတာ။

ဒါပေမင့် အပျိုနော်။

တစ်ရွာလုံး သွားခေါ၊ တင်ကောက်၊ အသားမည်းလို့ ဘယ်သူကမှ မကြိုက်ကြဘူး။ အဲဒါ ဖူးစာရေးနတ်မင်းက လူ့ကန့်လန့် ဘုဂလန့် ငမူးဖိုးတောနဲ့ အောင်သွယ်ပေးလိုက်ရော။

မိန်းမဖြစ်ရင် ချဥ်ချဥ်တူးတူး မူးပြီးရော ဖိုးတောနဲ့ တင်ကောက် မိဖြူဝင်း ငြိပါရော။ ဒီမှာ သွားခေါ၊ တင်ကောက်မ,က ဘာပြောမှတ်လို့တုံး။ တင့်တောင့် တင့်တယ်တော့ တင်တောင်းပါ ပြောလို့ ဖိုးတောချမ်းသာချင်နေတာရယ်။

ရှင်းပါပြီနော်။

အဲဒါ အရက်မူးလာရင် ရွာထိပ်က နတ်ကွန်းအောက်မှာ လှဲအိပ်ပြီး ဘယ်လိုချမ်းသာအောင်လုပ်ရမလဲကို စဥ်းစားပြီး အိပ်ရော။ မူးပြီး အိပ်ရင်လည်း ဖင်ပေါ် ခေါင်းပေါ်ပဲ။

သားဆုလာပန်တဲ့ မစိမ်းနွဲ့တို့လည်း ပုဆိုးရင်ခေါင်းရောက် မူးပြီးအိပ်နေတဲ့ သင်းကိုမြင်ပြီး ဘယ်တော့မှ သားဆုမပန်တော့ဘူးလို့ သန္နိဋ္ဌာန် ချပြန်ကြတယ်။

နတ်ကတော်ဒေါ်ချက်ကြိုးလည်း ရွာရက္ခစိုးကြီးရဲ့နတ်ကွန်းကို ပန်း၊ ရေချမ်းလဲဖို့ လာရင်း ဖိုးတောရဲ့ ပိုးလိုးပက်လက်အဖြစ်ကိုမြင်ပြီး ရင်နှလုံးတုန်လို့ အိပ်မပျော်ရှာဘူး။

မျက်စိထဲ တဝဲလည်လည်မြင်ပြီး လန့်နေသတဲ့။

အဲဒါ အကြိမ်ပေါင်းမနည်းဘူး။

တစ်နေ့ကျရော . . . ဖိုးတော အိပ်မက်ဆန်းတစ်ခု မက်ပါလေရောဗျို့။ အိပ်မက်ထဲမှာ နတ်ခေါင်းပေါင်းမောက်တိုနဲ့ ဗိုက်ပူပူ၊ ဝဝ လူကြီးတစ်ဦး။

အင်္ကျီမပါဘူး။ ပုဆိုးခါးတောင်းကျိုက်နဲ့။ တောင်ဝှေးကြီးထောက်လို့။

"ဟေ့ကောင်ဖိုးတော . . ."

"ဘာတုံး . . . ။ ခင်ဗျားဘယ်သူတုံး . . . ။ ဘာကိစ္စလဲ . . ."

"ငါ ရွာဦးဘြောင်ပင်က ရက္ခစိုးပဲ ဖိုးတော"

ဖိုးတောက မှုန်မှုန်နဲ့ ရက္ခစိုးဆိုသူ ဝဝ၊ ဗိုက်ရွှဲကြီးကိုကြည့်ပြီး ခွက်ထိုး ခွက်လန်ရယ်ပါရော။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာရယ်နေတာလဲကွ"

"ရုက္ခစိုး ... ဟုတ်လား ..."

"အိမ်း ..."

"ဟား ... ဟား ... ဟား ... ဟား ... ရုက္ခစိုးတဲ့။ အကျီမပါဘူး။ အဟတ် ... အဟတ် ... ဟား ... ဟား ... ဟား ... ဟား ...။ နေပါဦး ရုက္ခစိုးဆိုသူ ပုဂ္ဂိုလ်ကြီးရယ် ...။ ဘာလဲ ...။ ကျုပ်ကို အရက်တိုက်မလို့လား။ ဟုတ်လား ..."

"မင်းကို အရက်တိုက်မလို့ မဟုတ်ဘူး။ အရက်မသောက်ဖို့ လာပြောတာ"

ကျုပ်ပိုက်ဆံနဲ့ ကျုပ်သောက်တာ ဘာဖြစ်လဲဗျ ရုက္ခစိုးကြီးရ"

"မင်းပိုက်ဆံနဲ့ မင်းသောက်ရင်လည်း ငါနေတဲ့ ညောင်ပင်အောက်မှာ ပိုးလိုးပက်လက် လာမအိပ်ပါနဲ့ကွာ"

"ကျုပ်ဘာ့သာကျုပ်အိပ်တာ ဘာဖြစ်တုံးဗျာ"

"မင်း အဲဒီလိုအိပ်တော့ ဘယ်သူမှ လာရောက်မပူဇော်ရဲလို့ ငါလည်း လာဘ်ပိတ်နေတာ ကြာပြီကွ။ ဒီလိုလုပ်ကွာ ...။ မင်း အရက်မသောက်ဘဲ ကောင်းကောင်းမွန်မွန်နေရင် မင်းကို ငါ နေ့ချင်းညချင်း ကြီးပွားချမ်းသာအောင် လုပ်ပေးမကွာ။ ဘယ့်နှဲ ..."

နေ့ချင်းညချင်း ကြီးပွားချမ်းသာအောင် မ,စမည်ဆို၍ ငမူး ဖိုးတော စိတ်ဝင်စားသွားလေ၏။

"ခင်ဗျားက ဘယ်လိုများ ကျုပ်ကို မ,စချင်လို့တုံး"

"မသောက်ဘူး၊ မမူးဘူး၊ ငါနေတဲ့ညောင်ပင်အောက်မှာ ဖင်ပေါ်ခေါင်း ပေါ်မအိပ်ဘူး၊ ဘုရားတရားနဲ့ နေမယ်ဆိုရင် မင်းကို ငါ ရွှေအိုးတွေ့အောင် မ, စမယ်ကွာ"

"ဟား ... ဟား ... ဟား ... ဟား ... ရွှေအိုးတွေ့အောင် မ,စမယ့် ရုက္ခစိုးတဲ့လားဗျာ။ ခင်ဗျားကိုယ်နှိုက်ကတောင် အကျီကျောပြောင်၊ ပုဆိုးခါးတောင်း ကျိုက်နဲ့ဥစ္စာ။ ဂျောင်း ... ဂျောင်း ... မြန်မြန်ဂျောင်း အကျီကျောပြောင် ရုက္ခစိုးကြီးရေ။ ဟား ... ဟား ... ဟား ... ဟား ..."

ဒီလိုလည်းပြောလိုက်ရော ရုက္ခစိုးဆိုသူ လူဝဝ၊ ဗိုက်ပူကြီးက လက်ဆိ ကတောင်ဖေ့းနဲ့ ကြမ်းပြင်ကို ဝုန်းခနဲဆောင့်ပြီး ပျောက်သွားပါလေရောတဲ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၄]

❑

အမှုမဲ့အမှတ်မဲ့ပါပဲလေ။ ဒီကိစ္စကို ဖိုးတောမေ့ပစ်လိုက်တယ်။ ထုံးစံအတိုင်း လူပျိုလှည့်ကပြန်လာပြီး မူးရင် ညောင်ပင်ကြီးအောက်မှာ ဖင်ပေါ်ခေါင်းပေါ် အိပ်ပစ်လိုက်ရော။

အဲဒါ ညဘက် သန်းခေါင်ကျော်ရင် ရက္ခစိုးဆိုသူ လူဝ၊ ဗိုက်ရွှဲကြီးက အိပ်မက်ထဲကိုရောက်လာပြီး ပြောပြန်ရော။

"အရက်မသောက်နဲ့ ဖိုးတော ...။

လိမ်လိမ်မာမာ နေပါ ...။

ဘုရား၊ တရား၊ သံဃာကို ယုံကြည်ကိုးကွယ်ပါ ...။

ငါ့နေရာလေးမှာလည်း ရိုရိုသေသေ၊ လေးလေးစားစား နေပေးပါ။ အဲဒီလို မင်းကို ငါ ရွှေအိုးတွေ့အောင်လုပ်ပေးမယ်"

အဲဒီလိုမျိုး အိပ်မက်ဆန်းကို သုံးရက်၊ သုံးကြိမ်၊ သုံးခါ အိပ်မက်ပေးရော ဖိုးတော စဉ်းစားစပြုလာခဲ့တယ်။

ဒါနဲ့ တစ်နေ့ ရွာလယ်ပိုင်းက ပယောဂကုဗေဒင်ဆရာကြီး ဦးကောင်းကင်ညို့ရဲ့အိမ်ကို သွားရောက်မေးမြန်းပါရော။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး ..."

"ဘာတုံး မောင်ဖိုးတော"

"ရုက္ခစိုးဆိုတာ တကယ်ရှိလားဟင် ဆရာကြီး"

"ရှိတာပေါ့ မောင်ဖိုးတောရဲ့။ ဘာဖြစ်လို့တုံး"

"ဘယ်လိုရှိတာတုံး။ ရှင်းပြပါဦး ဆရာကြီးရယ်"

"လူ့ဘဝတုန်းက ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးမြဲမြံသူ၊ ရပ်အကျိုး ရွာအကျိုး အများအကျိုး ကောင်းအောင်သယ်ပိုးခဲ့သူများ ကွယ်လွန်ခဲ့ရင် ရုက္ခစိုးဆိုတဲ့ စတုမဟာရာဇ်အောက်နတ်များ ဖြစ်ရောကွယ့်။ သူဟာ သစ်ပင်ကြီး၊ ညောင်ပင်ကြီးများကို ဘုံဗိမာန်ပြုပြီး နေသမို့ သူ့ကို ရုက္ခစိုးနတ်လို့ ခေါ်သကွယ့်။ ရုက္ခစိုးနတ်ကြီးများဟာ ပြိတ္တာ၊ တစ္ဆေ၊ သရဲ၊ ကျတ်များထက် ဘုန်းတန်ခိုးကြီးတယ်။ သားဆုပန်ရင် သားဆုပေးတယ်။ သူတို့ကို ရိုရိုသေသေ၊ လေးလေးစားစား ဆက်ဆံရင်၊ ကုသိုလ်ကောင်းမှု ဒါနပြုရင်၊ အမျှဝေရင် သူတို့က အဲဒီလိုလူကို ပြန်ကြည့်ရှုစောင့်ရှောက်လေ့ရှိတယ်။ ရုက္ခစိုးနတ်ကြီးများဟာ အသက်အလွန်ရှည်သတဲ့။ ဘယ်လောက်အသက်ရှည်သလဲဆိုရင် နောင်ပွင့်မယ့် ဘုရားရှင်ကိုတောင် ဖူးမြော်ခွင့်ရသတဲ့ဗျား"

"ဟုတ်ရဲ့လား ဆရာကြီးရ"

"သိပ်ဟုတ်တာပေါ့ကွာ။ လယ်တီဆရာတော်ဘုရားကြီးကိုယ်တိုင် ရေးခဲ့၊ ဟောခဲ့ဖူး ဥစ္စာ။ ပြီး ... ရုက္ခစိုးကြီးများဟာ လူယောင်ဖန်ဆင်းပြီး ရဟန်းပုဂ္ဂိုလ်ထူးများထံမှာ တရားလာနာလေ့ရှိသတဲ့။ ဒါ ... ရေဆူဆရာတော်ဘုရားကြီး ဦးဥတ္တမသာရကိုယ်တိုင် ပြောတာကွ။ ဘာဖြစ်လို့တုံး"

"သိချင်လို့ မေးတာပါ ဆရာကြီးရာ။ ကျေးဇူးပါပဲဗျာ"

ဖိုးတော ရုက္ခစိုးနဲ့စပ်လျဉ်းပြီး သိချင်တာကိုမေးပြီး ပြန်လာခဲ့လိုက်တယ်။ ဘဝင်တော့ မကျသေးဘူး။ သူက သရဲ၊ တစ္ဆေလည်း ယုံတာ၊ ကြောက်တာ မဟုတ်ဘူးကိုး။

ဒါနဲ့ လေးကြိမ်မြောက်အိပ်မက်ပေးရော သူက မေးတာပေါ့။

"ရုက္ခစိုးကြီး ..."

"ဘာတုံး ..."

"ခင်ဗျား ကျုပ်ကို တကယ်ရွှေအိုးရအောင် လုပ်ပေးမှာလား"

"လုပ်ပေးမယ်။ ဒါပေမင့် ငါပြောသလို မင်းလုပ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဘာလုပ်ရမလဲ ...။ ပြောပါဦး''

''ငါနေတဲ့ ညောင်ပင်အောက်မှာ မူးပြီး အမြင်မတော်အောင် မအိပ်ရဘူး''

''ပြီးတော့ရောဗျာ''

''အရက်ဖြတ်ရမယ်''

''အရက်ဖြတ်ရမယ် ... ဟုတ်လား''

''အိမ်း ... အရက်ဖြတ်ပြီးရင် ဘုရား၊ တရား၊ သံဃာကို လေးစားယုံကြည်စွာ ခုနစ်ရက်ရှိခိုးပူဇော် ဒါနပြုရမယ်။ ပြီးရင် ငါနေတဲ့ညောင်ပင်အောက်မှာ အမှိုက်လှည်းပေးပါ။ သန့်ရှင်းရေးလုပ်ပါ။ သစ်သီးသုံးမျိုး၊ ပန်းသုံးမျိုးနဲ့ ဆီမီး၊ အမွှေးတိုင် ပူဇော်ပြီး ငါ့ကိုအမျှဝေပါ။ အဲဒီလို ကောင်းမှုကုသိုလ်ပြုပြီးရင် ရှစ်ရက်မြောက်နေ့အရုဏ်တက်ချိန်မှာ ရွာမြောက်ဖျားက လယ်ကွင်းကိုသွား။ လမုပင်ကြီးတွေ့ရလိမ့်မယ်။ လမုပင်အောက်က မြေပွပွမွမွကို တူးလိုက်။ မင်း ရွှေအိုးကိုတွေ့ပြီး ချမ်းသာပြီ။ ချမ်းသာရင် စားလည်းစား၊ လှူလည်းလှူ၊ မိဘကျေးဇူးလည်းဆပ်။ နားလည်ပြီလား''

''ခင်ဗျားတကယ်ပြောနေတာလား ရက္ခစိုးကြီး''

''ငါပြောသလိုလုပ်ရင် ရမယ်ကွာ''

''ရွှေအိုးနော် ...''

''အေးပါ ... ရွှေအိုးအစစ်ပါ ငါ့လူရာ''

''တကယ်နော် ...''

''ငါ့လူသာ ငါပြောသလိုလုပ်ဖို့ အရေးကြီးသကွာ။ ငါ မ,စချိန်တန်လို့ မင်းဘဝကို ကယ်တင်မြှင့်ပေးနေတာပါ ငါ့လူရာ။ ငါပြောသလို လုပ်လို့မှ ရွှေအိုးမတွေ့ရင် ငါနေတဲ့ညောင်ပင်ကို အမြစ်ပါလှန်လိုက်ပါ မောင်ဖိုးတော''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၅]

❑

သူ အရမ်းကို ချမ်းသာချင်နေတာ ...။

ချမ်းသာမှ မဖြူဝင်းနဲ့ ပေါင်းရမှာ ...။

'အို ... ချမ်းသာရင် မဖြူဝင်းသာမကဘူး။ မဖြူဝင်းထက် ချောမော လှပသူကိုလည်း ရနိုင်တာဥစ္စာ။ လုပ်မယ် ... ငါလုပ်မယ်'

ဒီလိုသန္နိဋ္ဌာန်ချပြီးသည့်နေ့ကစပြီး သူ အရက်ကိုမသောက်ဘဲ နေလိုက်ရကား ...

သောက်ဖော်သောက်ဖက်များက လွန်စွာအံ့သြကုန်ကြ၏။

ဘယ်လိုမှ ခေါ်လို့မရ။

မိခင်ဖြစ်သူ ဒေါ်ငှက်ကြီးပင် သူ့သား အရက်မသောက်တော့ဘဲ ဘုရားရှိခိုးနေ၍၊ ပုတီးစိပ်နေ၍ အံ့သြရ၏။

သူ့အဖေကျန်ရစ်ခဲ့သည့် ဂုဏ်တော်မန္တန်များစာအုပ်မှ ပရိတ်မန္တန်များကို နေ့စဉ် စာအုပ်ကြည့်ပြီးရွတ်နေ၍ အံ့သြဝမ်းသာပြီး ဟင်းကောင်းဟင်းလျာများကို ပြန်လည်ချက်ကျွေးလေရဲ့။

ပထမနှစ်ရက်သုံးရက်မှာ သောက်ချိန်ကျလာလျှင် လေပျို့ပြီး ရင်ထဲက မနေနိုင်ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com


ဒါပေမင့် သူ လမုပင်အောက်က ရွှေအိုးကို သွားဖော်ချင်နေပြီ။ သို့သော် ရက္ခစိုးကြီးက ခုနစ်ရက်အဓိဋ္ဌာန်လုပ်မှုဆို၍ သည်းညည်းခံ ကြိတ်မှိတ်ပြီး လုပ်နေလိုက်တာ ...

ဒီလိုနဲ့ ခြောက်ရက်ကျော်၊ ခုနစ်ရက်မြောက်နေ့မှာ အောင်ခကြီးနဲ့ ရွှေဘော်တို့ အိမ်ပေါ်ကို ရမ်အရက်ပုလင်းတစ်လုံးနဲ့ ရောက်လာပါရော။

"ဒီမှာတွေ့လား ဖိုးတော"

"ဘာတုံးဟ"

"ဝရမ်ကွ"

RUM (ရမ်) ကို တောသားလေသံနှင့် ဝရမ်ဟုခေါ်တာကိုး။

"ဝရမ်က ဘာတုံးဟ အောင်ခကြီးရ"

"ဝရမ်ဆိုတာ အရက်အကောင်းစားကွ။ မြို့ကနေ ငါဦးလေး ရလာတာ။ အဲဒါ မင်းကိုလာခေါ်တာ"

"မသောက်ချင်ပါဘူး အောင်ခကြီးရာ"

"အေးလေ ... မသောက်ချင်ရင် နေပါ။ အနံ့လေးတော့ ရှူကြည့်စမ်းပါ ငါ့ကောင်ရာ။ ဒါမျိုး သောက်ရခဲလို့ဟ။ ဒီမှာကြည့်"

အောင်ခကြီးက ပြောရင်းကနေ 'ရမ်' အရက်ပုလင်းအဖုံးကို ဓားမနှင့် ကလော်ဖွင့်လိုက်ရော သင်းပျံ့တဲ့အရက်နံ့က သူတို့သုံးဦးရဲ့ နှာခေါင်းထဲကို တိုးဝင်လာပြီး သွားရည်များကျလာပါရော။

ဖိုးတော ဒီလိုအရက်အကောင်းစားမျိုးကို တစ်ခါမှမသောက်ဖူးဘူး။ သွားရည်တွေယိုပြီး အာခေါင်များကြွရွလို့လာလေရဲ့။

ဒီမှာ အောင်ခကြီးက အကြမ်းပန်းကန်လုံးထဲကိုငှဲ့ပြီး ရေမရောဘဲ မော့ချလိုက်ရော။

"အား ... ဟူး ... သောက်ကျိုးနည်း ကောင်းမှကောင်းပဲကွာ။ နည်းနည်းမြည်းကြည့်စမ်း ဖိုးတော။ ရော့ ..."

အောင်ခကြီးက ပန်းကန်လုံးအပြည့် ငှဲ့ပေးလိုက်တယ်။ ရမ်အရက်နံ့က သူ့ကိုသွေးဆောင်ဖြားယောင်းနေပြီ။ ဒါနဲ့ ဖိုးတော အရက်ပန်းကန်ကို ကောက်ကိုင်လိုက်ရော အိမ်ခြံဝကနေ လူရိပ်တစ်ခုပေါ်လာ ပါရောလား။

လှမ်းကြည့်လိုက်တော့ ...

"ဟိုက် ..."

"ဘာတုံးကွ"


www.burmeseclassic.com

www.burmeseclassic.com


"ဟင် ..."

လှမ်းမြင်လိုက်ရတဲ့ လူရိပ်က အိပ်မက်ထဲကရက္ခစိုးလို လူကြီး။ လူကြီးက သူ့ကို ခေါင်းယမ်းပြပြီး ချက်ချင်းပျောက်သွားရော။

ဖိုးတော အံ့သြနေတယ်။

ဟုတ်ရဲ့လား ...။

အမြင်မှောက်လို့လား ...။

ဒါနဲ့ အရက်ပန်းကန်လုံးကို အသာချပြီး အိမ်ရှေ့ကို ထွက်ကြည့်လိုက်တယ်။ အမေလည်း မရှိဘူး။ ဟိုရက္ခစိုးလို သဏ္ဍာန်တူလူကြီးကိုလည်း မတွေ့ရဘူး။

"ဖိုးတော ... ဘာတွေ့လို့တုံး"

"ဘာမှမဟုတ်ပါဘူးကွာ"

"ဘာမှမဟုတ်ရင် သောက်လေကွာ"

အဲဒီနောက် ဖိုးတော ရမ်အရက်ကို ကောက်မော့လိုက်တယ်။ ပူရှိန်းခါးပြင်းအရသာက လည်ချောင်းကိုဖြတ်ဝင်သွားတယ်။ သွေးကြောတွေ ပူရှိန်းလာတယ်။

ဒါနဲ့ ဘဲဥကြော်ပန်းကန်ပါ ချပေးလိုက်ပြီး သုံးယောက်ဖြိုလိုက်တာ ရမ်တစ်ပုလင်းပြောင်ပါရော။

ပြောင်လည်းပြောင်ရော သုံးယောက်သား တစ်ယောက်လည်ပင်း တစ်ယောက်ဖက်ပြီး ရွာထဲကိုထွက်လို့ သီချင်းတကြော်ကြော်အော်ဆိုပြီး ကလာလိုက်ကြတယ်။

နောက်ဆုံး ရွာထိပ်က ညောင်ပင်အောက်မှာ ပိုးလိုးပက်လက် အိပ်ပစ်လိုက်ကြတယ်။

အဲဒီနေ့က ဖိုးတောရဲ့ အဓိဋ္ဌာန်ခုနစ်ရက်မြောက်နေ့။

တစ်နည်း ...

ရက္ခစိုးကြီးနဲ့ အပေးအယူကတိပြုထားတဲ့ အဓိဋ္ဌာန်ပျက်သွားသည့်နေ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၆]

❑

ရှစ်ရက်မြောက်မနက် ...။

ရွာဦးကျောင်းက အရုဏ်ကျင်း အုန်းမောင်းခေါက်သံများကြားရော ဖိုးတော ပြုန်းခနဲ အိပ်နေရာက ကောက်ထလိုက်တယ်။

ဒီနေ့အရုဏ်တက်မှာ ရွာမြောက်ဖျား လမုပင်အောက်က ရွှေအိုးကို သွားဖော်ရမယ့်နေ့။

ရက္ခစိုးကြီး အိပ်မက်ထဲမှာ အသေအချာ ပြောသွားတဲ့နေ့။

သို့သော် ခုနစ်ရက်မြောက်နေ့မှာ သူအရက်သောက်မိတယ်။

ကိစ္စရှိတယ်လို့ မထင်။

ခြောက်ရက်လုံးလုံး ဘုရားရှိခိုး၊ ပုတီးစိပ်ခဲ့သည့်ဥစ္စာ။ တစ်ရက်လေးပျက်သည်နှင့် အကျိုးမယုတ်နိုင်ပါဘူး။

တစ်ခုတော့ရှိသည်။

သူ ရက္ခစိုးကြီးရဲ့နှတ်ကွန်းမှာ သစ်သီးသုံးမျိုးနှင့် ပန်း၊ ရေချမ်း၊ ဆီမီး ခုနစ်ရက်နေ့ညနေ ကုသိုလ်ကောင်းမှု ဒါနပြုရမည်ကိုတော့ ပျက်ကွက်ခဲ့တယ်။

အေးလေ ...။

ရွှေအိုးရပြီးမှ သစ်သီးသုံးမျိုးမဟုတ်ပါဘူး။ ကိုးမျိုးကပ်လှူပူဇော်ပြီး တောင်းပန်လှူဝေလိုက်ရင် ရက္ခစိုးကြီးကျေနပ်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



သူဒီလိုတွေးပြီး သံတူရှင်းပြားလေးကိုင်လို့ လင်းရောင်ပျို့ပျို့မှာ မြောက်ကွင်း လမုပင်ရှိရာကို ထွက်လာခဲ့လိုက်တယ်။

ခွေးအူသံများ ကြားရတယ်။ ခြေသံများ နောက်ကနေ ကြားရတယ်။

သူ့အစီအစဉ်သိသူများလားလို့ လှည့်ကြည့်လိုက်တော့ ဘယ်သူမှ မတွေ့ရဘူး။ အံ့ဩစရာပဲ။ ခြေသံများက ကြားနေဆဲပဲ။ ကြက်သီး ဖြန်းခနဲထပြီး ခေါင်းနားပန်းကြီးသွားလေရဲ့။

ဒီကွင်းက သရဲအခြောက်ကြမ်းသည့်ကွင်း။

ဒါပေမင့် သူလုံးဝမကြောက်ဘူး။ ရွှေအိုးရပြီးရင် သူ့ဘဝပြီးပြီ။

ဒီလိုနှင့် လင်းရောင်ပျိုးသည့်ကြားမှာ သူ လမုပင်အနီးကို ရောက်လာပါရော။

လမုပင်အောက်က မြေပွပွမို့မို့လို့ ရက္ခစိုးကြီးက အိပ်မက်ထဲမှာ ပြောသွားခဲ့သကိုး။ သူ နေရာအနှံ့ လိုက်ရှာလိုက်တယ်။

"ဟေ့ကောင် ..."

"ဟိုက် ..."

ခေါ်သံ ...။

လူတစ်ယောက်ရဲ့ခေါ်သံ ...။

"ဟေ့ကောင် ... ဘာလုပ်မလို့တုံး"

အသံကြားရာကို လှမ်းကြည့်လိုက်ရော ...

"ဟင် ... ဦးရွှေအိုး"

ဘုရားရေ ...။ ဦးရွှေအိုး ... ရွာတောင်ပိုင်းက အရူးဦးရွှေအိုး။

အရူးဦးရွှေအိုးဟာ လမုပင်အောက်က မြေမို့မို့ပေါ်မှာ ပုဆိုးမပြီး ချေးထိုင်ယိုနေတာကို မြင်လိုက်ရရော ဖိုးတောအံ့အားသင့်သွားလေရဲ့။

"ဘာကြည့်နေတာလဲကွ။ ငါရှက်တယ်။ ဟိုဘက်လှည့်နေ။ အဟီး"

ဒုက္ခပါပဲ ...။

ရက္ခစိုးပြောသည့် ရွှေအိုးကို လာဖော်တူးကာမှ အရူးရွှေအိုးနှင့် တိုက်ရိုက်တန်းတိုးနေလေရဲ့။

"မပြီးသေးဘူးလားဗျ ဦးရွှေအိုး"

"ပြီးပါပြီကွ။ ဘာလို့လောနေရတာတုံး။ စားတော့မလို့လား"

"ဖွီ ... အေ့ ... ဝေါ့ ..."

အရူးချေးနံ့က အလွန်နံဟောင်လွန်းလို့ သူ အော့အန်ချလိုက်တယ်။ အရူးဦးရွှေအိုး ကိစ္စပြီး၍ ထွက်သွားမှ လူသူလေးပါးကိုကြည့်ပြီး မြေမွမို့မို့မှန်သမျှကို သံတူရှင်းပြားနဲ့ လိုက်တူးပစ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ချေးသာပြန်ရော။ ရွှေအိုးကို မတွေ့ရသေးဘူး။ လမုပင်အောက်မှာ နေရာလည်း စုံနေပြီ။ နောက်ဆုံး တူးစရာနေရာက အရှုးဦးရွှေအိုး ချေးထိုင်ယိုသွားတဲ့ မြေမို့မို့နေရာပဲ ကျန်တော့တယ်။

ဒီနေရာကို တူးရင်ကောင်းမလား သူစဉ်းစားတယ်။

မထူးပါဘူး။ ဒီနေရာ တူးတာပဲ ကောင်းပါတယ်။

သူ ဆုံးဖြတ်ချက်ချလိုက်ပြီး အရူးဦးရွှေအိုးချေးယိုသွားတဲ့ မစင်ပုံကို တုတ်နဲ့ကော်ဖယ်ပစ်လိုက်ပြီး မြေမွမွမို့မို့ကို တူးလိုက်တယ်။

"ဒုတ် ..."

"ဟယ် ..."

သူ မြေကြီးစာများကို ဝမ်းသာအားရဖယ်ပစ်လိုက်ရော အတာအိုးခန့် အိုးလေးတစ်လုံးကို တွေ့ရပါရောလား။

ရင်ထဲမှာ ဝမ်းသာလွန်းလို့ လှိုက်လှိုက် ... လှိုက်လှိုက် ...။

သူ မြေအိုးလေးကို အသာမ,ယူလိုက်ပြီး ပျို့နေရောင်အောက်မှာ အဖုံးကို အသာဖွင့်လိုက်ရော ...

"အော့ ... ဝေါ့ ... ဝေါ့ ... ဝေါ့ ..."

"အော့ ... ဝေါ့ ... ဝေါ့ ... အား ... ဝေါ့ ..."

ဖိုးတောမြင်လိုက်ရသည်ကား အိုးငယ်လေးထဲမှာ ပြိုးပြိုးပြက်ပြက် စိန်ရွှေရတနာများမဟုတ်။

သူမြင်လိုက်ရသည်ကား ...

အရူးဦးရွှေအိုး စောစောကယိုသွားသည့် မစင်ပုံအတိုင်း လတ်ဆတ်ပြီး နံဟောင်နေသော မစင်အသစ်များ ဖြစ်နေသောကြောင့်တည်း။

သုစရိုက်ကုသိုလ်ကံက နောက်ဆုတ်လိုက်ပြီး ...


ဒုစရိုက်အကုသိုလ်ကံရဲ့ အကျိုးပေးက ခုတော့ ဖိုးတောရဲ့လည်ကုပ်ကို ခွစီးပြီး မျက်ရည်စို့ ငိုပွဲဆင်ခဲ့လေပြီကော။ ။

မှတ်ချက်။ ။ တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းကို တန်ဆာဆင်မွမ်းမံ၍ ရေးဖွဲ့ပါသည်။ ဇာတ်ကြောင်းပြောပြသည့် စာရေးဆရာ မောင်စိန်လှိုင် (ဥသာ) အား ကျေးဇူးတင်ပါကြောင်း။

မောင်ညိုမှိုင်း(သန့်ကျောင်း)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

''ဘယ့်နှယ် ... တစ်တောင်လုံး ငှက်ပျောပင်တွေ စိမ်းမြနေပါလျက်နဲ့ 'သနပ်ခါးတောင်' ဖြစ်နေရတာလဲဗျာ။ ရွာနာမည်က 'လက်ပံကွင်း' ... တဲ့။ ဟိုက မှိုင်းမှိုင်းညို့ညို့တောင်တန်းကြီးက 'ပိန္နဲတောင်'။ ချောင်းစပ်က အိမ်စုကျ 'ညောင်ပင်ဆိပ်' ... တဲ့။ ကဲ ... ခင်ဗျားတို့ရွာသားတွေ သစ်ပင်ကို အတော်စိတ်ဝင်စားပုံရတယ်''

''ဟုတ်မယ်ဆရာ ...။ ကျွန်တော်တို့ရွာက သူကြီးဟောင်းနာမည်က ဦးမြရာတဲ့''

''အံမယ် ... ဒါတင် ဘယ်ကဦးမှာလဲ။ ဟိုကောင့်ဘကြီးနာမည်က ဦးကုက္ကိုလေ''

''အေး ... ဟုတ်သဟ။ ခုမှ အတွေးပေါ်လာတယ်။ ကျွန်တော့်ဘွားအေ တစ်ဝမ်းကွဲတစ်ယောက်နာမည်က 'ဒေါ်အင်ကြင်း' ... တဲ့''

''ဒါကတော့ ပန်းကို အထိမ်းအမှတ်ယူတာ ဖြစ်နိုင်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဆရာ။ ဒါပေမဲ့ အင်ကြင်းလည်း သစ်ပင်ပါပဲလေ"

"ဟုတ်တယ်ဗျ။ ဆရာပြောမှ ကျွန်တော်သတိထားမိတယ်။ ကျွန်တော်တို့ရွာမှာ သစ်ပင်နာမည်နဲ့လူတွေ အတော်များသား။ ပြောရင်း သတိရလာတယ်။ မနှစ်က ဆုံးသွားတဲ့ ကျွန်တော့်ဦးကြီးနာမည်က 'ဦးကျွန်းရွှေ' ...တဲ့ဗျ"

"ဒီနာမည်ကတော့ ကဗျာဆန်တယ်ဗျာ"

"ဒီလို သစ်ပင်ကို အစွဲပြုပြီး လူနာမည်ပေးကြတာ ရှေးလူကြီးတွေဗျ။ ဒီနေ့ခေတ်လူငယ်တွေ မဟုတ်ကြဘူး။ ကြည့်ပါဦးဗျာ ... ကျွန်တော့် ယောက္ခမကြီးနာမည်လေ။ 'ဦးဖိုးသစ်' ...တဲ့"

"ဟာ ... မင်းဥစ္စာက ခွဲစိတ်ပြီးသား ဖြစ်သွားပြီ။ အပင်စာရင်းထဲ မဝင်တော့ဘူး"

ဝိုင်းရယ်လိုက်ကြသည်။ ပြောသူကိုယ်တိုင် ပြုံးဖြီးဖြီးဖြစ်သွားရ၏။

ဤတွင် သစ်ပင်နှင့် သွေးမကင်းသူတစ်ယောက် ပေါ်လာပြန်သည်။

"ကျွန်တော်မှတ်မိနေသေးတယ်။ ကျွန်တော့်အဖေရဲ့ အဘိုးဗျာ။ ကျွန်တော်နဲ့ဆို ဘာတော်မလဲ။ အဲ ... အဘေးပေါ့။ ဟုတ်တယ် ...။ အဲဒီ အဘိုးကြီးနာမည်က 'ဦးဖိုးတောင်' ...တဲ့ဗျ"

"ဟ ... ဘယ်မှာလဲ မင်းဥစ္စာ။ သစ်ပင်နာမည်မှ မဟုတ်ဘဲ"

"ဦးဖိုးတောင် ဆိုမှပဲဟာကွာ။ 'တောင်' ဆိုမှတော့ သစ်ပင်ပေါင်းစုံ အကုန်ပါရောပေါ့"

ရယ်မောသံတွေ သောသောညံသွားသည်။ ငှက်ပျောရွက်ဖားဖားကြီးတွေကပင် လှုပ်ခတ်ရယ်မောနေသယောင် ထင်ရ၏။ လက်ပံကွင်းရွာနှင့် သုံးဖာလုံခန့်ဝေးသည့် 'သနပ်ခါး'တောင်ပေါ်တွင် ဖြစ်သည်။

ကျွန်တော်နှင့်အတူ ဝိုင်းထိုင်နေကြသူများမှာ ရွာထဲက လူရွယ်တချို့ဖြစ်၏။ စာပေဝါသနာရှင်တွေဖြစ်ကြသည်။ ဝိုင်းအလယ်တွင် ရွာတွင်းဖြစ် အဖြူပုလင်းလေးက ပယင်းရောင်တောက်လျက်။ တစ်ယောက်က ခွက်ငှဲ့ပေးနေသည်။ အစဉ်အတိုင်း ခွက်လှည့်သောက်ကြရသည်။ အစဉ်မကျော်ရ၊ မသောက်နိုင်တော့လျှင် ဝိုင်းမှထွက်သွား။ ရပ်ဝေးရွာဓလေ့ပင် ဖြစ်သည်။

အမှန်တော့ ကျွန်တော်ဆိုသော ရန်ကုန်မှလာသည့် စာရေးဆရာတစ်ယောက်နှင့် ရွာထဲက စာပေဝါသနာရှင် လူငယ်လူရွယ်များ တွေ့ဆုံပွဲဖြစ်သည်။ မိတ်ဆက်ပွဲလည်းဖြစ်သည်။ ဤပွဲမှာ အရက်မပါဖို့ ကျွန်တော် အဆိုပြုခဲ့သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

''ရာသီဥတု သိပ်အေးတယ်ဆရာ။ နွေးထွေးပေ့ါပါးသွားအောင်လို့ပါ''

ဟု အစီအစဉ်ဦးဆောင်သူ ကိုလှချမ်းအောင်က ပြောသည်။

ဟုတ်တော့လဲသည်း ဟုတ်သည်။ ဒီဇင်ဘာဆောင်း ချမ်းမြမြကာလ။ ရိုးမတောင်ကြီး၏ တောင်စွယ်တောင်နှာမောင်း အခက်အမြွာတွေ ယှက်ဖြာဝန်းပတ်နေသည့်ဒေသ။ ရခိုင်ပြည်နယ်တောင်ပိုင်း။ အေးပြီဆိုလျှင် အရိုးကွဲမတတ်။

''ရင်တွင်းမီးဖိုကလေးပေ့ါ ဆရာ''

ဟု လူရွယ်တစ်ယောက်က ကဗျာ ဆန်ဆန်ပြောသည်။ စစ်စစ် သူတို့ရွာသို့ ကျွန်တော်သည် အစီအစဉ်မရှိဘဲ ရောက်လာခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သည့်ဆောင်းရာသီက ...

နှစ်ပေါင်းများစွာ မရောက်ဖြစ်ခဲ့သည့် ဇာတိမြေသို့ တမ်းတလွမ်းမောစိတ်ဖြင့် ကျွန်တော်ပြန်လာခဲ့၏။

အောင်မင်္ဂလာဂိတ်မှ ကားထွက်တော့ မွန်းလွဲနှစ်နာရီ။ လမ်းတွေကလည်း ကောင်းသည်။ အဝေးပြေးကားကြီးကလည်း ညက်ညောနေသည်။

စာအုပ်တစ်အုပ်ကို ဖွင့်ဖတ်လျက် လိုက်ပါလာခဲ့၏။ တဖြည်းဖြည်းနှင့် ငိုက်မျဉ်းလာသည်။ စာအုပ်ကိုပြန်ထည့်ကာ နောက်မှီတွင်ခေါင်းတင်လျက် မျက်လုံးအစုံကို မှေးမှိတ်ထားလိုက်၏။

ဘယ်အချိန်က အိပ်ပျော်သွားခဲ့သည်မသိ။ နိုးလာတော့ လျှပ်စစ်မီးတွေထိန်ထိန်ညီးနေသည့် တောင်ပေါ်စခန်းတစ်ခုသို့ ရောက်နေပြီ။ စပယ်ယာက ...

''ကျန်းမာရေး ... ကျန်းမာရေး ...''

ဟုအော်နေ၏။ ရန်ကုန်မှာဆိုလျှင်တော့ ကျန်းမာရေးမှတ်တိုင်သို့ ရောက်ပြီဟု နားလည်ရမည်။

သည်မှာကတော့ တစ်မျိုး။ ခရီးသည်တွေ အလျှိုအလျှို ကားအောက်သို့ ဆင်းသွားနေကြသည်။ ကျွန်တော့်ဘေးခုံက လူရွယ်လှုပ်လှုပ်ရွရွဖြင့် အောက်ဆင်းရန် ပြင်ဆင်နေသည်။

''ဘယ်ရောက်နေပြီလဲ''

ဟု ကျွန်တော်က မေးသည်။

''ညောင်ကျိုးကို ရောက်နေပါပြီ။ အပေ့ါအပါးသွားလို့ရတယ်။ အဆာပြေစားလို့သောက်လို့လည်း ရပါတယ်။ ဆင်းပါဦးလား''

သူက ဖြေကြားရုံသာမက ဖိတ်မန္တကပင် ပြုနေလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်တွင် နွေးထွေးသော်လည်း အောက်ဆင်းလိုက်သောအခါ စိမ့်ခနဲ အေးတက်လာသည်။ ဂျာကင်အင်္ကျီဇစ်ကို ဆွဲစေ့လိုက်ရ၏။

ဤခရီးကို အသွားအလာများပုံရသော လူရွယ်က ...

"လာ ... ဆရာ"

ဟုဆိုကာ တောင်အကွေ့ တောချုံအကွယ်သို့ ခေါ်သွားသည်။ ထိုမှ တစ်ဖန် လမ်းဘေးတွင် တောင်ကမ်းပါးကို ကျောပေးလျက် ဆောက်ထားသော ဆိုင်တန်းကလေးဆီသို့ ဦးဆောင်သွားနေပြန်သည်။

ဆိုင်တစ်ဆိုင်တွင် ထိုင်မိကြသောအခါ သူက အရက်မှာသည်။ ဆိတ်သား ခြောက်ကြော်အမြည်းတွေက စားပွဲပေါ်တွင်အသင့် ...။

အရက်ပုလင်းလာချသောအခါမှ သူက မေးသည်။

"ဆရာလုပ်ပါတယ်နော်"

သည်အခြေအနေရောက်မှတော့ ကျွန်တော်ကလည်း ပုတ်သင်ညို လုပ် လိုက်ရပါ၏။

ရာသီဥတုက မျက်နှာသာပေးသည်။ နှစ်ခွက်လောက်ဝင်သွားတော့မှ ပင် နေသာထိုင်သာရှိလာသည်။ သွေးလေမှန်လာသည်။ ထိုအခါမှပင် ကျွန်တော့် အား ဒကာခံနေသည့် လူရွယ်က ...

"ဆရာဟာ စာရေးဆရာ မင်းရဲကောင်းသာ ဟုတ်ပါသလား"

ဟု ဖွင့်မေးလာတော့သည်။ စောစောက အားနာနေပုံရ၏။

ကျွန်တော်က ဟုတ်ကြောင်း ဝန်ခံလိုက်သောအခါ သူက စားပွဲခုံကို လက်ဝါး ဖြင့် ခပ်သာသာပုတ်လျက် ...

"ကျွန်တော့်စိတ်ထဲ မြင်ဖူးပါတယ်လို့ ကားပေါ်မှာ တစ်လမ်းလုံးစဉ်းစား လာတာ ဆရာ။ ခုမှသတိရတယ်။ ကျွန်တော်မြင်ဖူးနေတာ ဆရာ့ဓာတ်ပုံကိုပါ။ 'ကြယ်ရောင်' ဂျာနယ်ထဲမှာ ဆရာ့ဝတ္ထုကို ဖော်ပြတိုင်းဆရာ့ဓာတ်ပုံပါတယ်လေ"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

သူနှင့်ကျွန်တော် မိတ်ဆွေဖြစ်သွားသည်။ ကားထွက်တော့မည်ဟု ဟွန်း တီးသောအခါ သူက 'လမ်းအတွက်' ဆိုကာ အရက်တစ်ပုလင်းနှင့် ရေသန့်တစ် ပုလင်းဝယ်သည်။ ကားက ရိုးမပေါ်တွင် တစ်ညလုံးမောင်းရဦးမည်။ ယခုမှ တောင် ပေါ်တက်စ ရှိသေးသည်။

ထိုညက ရိုးမပေါ်တွင်ပင် သူနှင့်ကျွန်တော် မိတ်ဟောင်းဆွေဟောင်းကြီး တွေ ဖြစ်သွားကြ၏။ သူ့နာမည်က ကိုလှချမ်းအောင်။ ယင်း ကိုလှချမ်းအောင်၏



www.burmeseclassic.com

www.burmeseclassic.com


ဖိတ်မန္တကပြုမှုကြောင့် ကျွန်တော် လက်ပံကွင်းရွာသို့ လိုက်လာကာ 'လက်ပံပင်တွင် ဆက်ရက်ကျ' နေခြင်း ဖြစ်ပါလေသည်။

နေသည် အနောက်ဘက်တောင်တန်းထိပ်တွင် မေးတင်လျက်ရှိသည်။ ပြာမှိုင်းမှိုင်းမြူထုထဲသို့ ရွှေအိုရောင်နေခြည်မျှင်များ ထွင်းဖောက်ယှက်ဖြာလာသော အခါ ပန်းနုရောင်ပဝါတစ်စကို လွှင့်တင်ထားသည်နှင့်ပင် တူသေးတော့။

ချောင်းရိုးကိုစုန်၍ တိုက်လာသောလေသည် အစိုင်အခဲတမျှ အေးစက်နေ၏။ ကြည့်စမ်း ...။ သည်လေကိုပင် အမည်ပေးထားသေးသည်။ 'ရွှေညောင်ပင်လေ' ဟူသတည်း။ သစ်ပင်ကတော့ ပါလာရသေးသည်။

သနပ်ခါးတောင်ပေါ်တွင် ငှက်ပျောပင်တွေကြောင့် ပို၍အေးစိမ့်လာနေသည်။ ရင်တွင်းမီးဖိုလေးများကလည်း ထိထိရောက်ရောက် အကာအကွယ်မပေးနိုင်။ 'သနပ်ခါးတောင်' အမည်တွင်သည့်ကိစ္စကို မနက်ဖြန်မှ ရွာတွင် အသက်အကြီးဆုံးဖြစ်သည့် သူကြီးဟောင်းကြီး ဦးမြရာထံ သွားမေးကြမည်ဟု ကိုလှချမ်းအောင်က အဆိုပြုပြီး အမှောင်သန်းစတွင် တောင်ပေါ်မှ ဆင်းခဲ့ကြလေသည်။

ရွာထဲသို့ ဝင်လာကြတော့ ရွာသားအချို့က ဝဏ်ပြုကြို့ဆိုစကားဆိုသည်။

''ငှက်ပျောတောမင်းသားတွေ ပြန်လာကြပြီ''

✿ ✿ ✿

[၂]

❑

ပါးစပ်တွင်ငုံထားသော ဆေးရွက်ကြီးအဖတ်ကို 'ပျစ်' ခနဲထွေးချပြီး နှုတ်ခမ်းကို လက်ခုံဖြင့်သုတ်သည်။ ပြီးတော့မှ ဦးမြရာ စကားစသည်။

''ဒီတောင်မှာ အစက ဘာနာမည်မှ မရှိခဲ့ဘူးကွယ့်။ ငှက်ပျောပင်စိုက်တာကလည်း နောက်ပိုင်း လွတ်လပ်ရေးရပြီးမှပါ။ သနပ်ခါးတောင်လို့ နာမည်တွင်သွားတာကတော့ ဂျပန်ခေတ်ကကွယ့်''


www.burmeseclassic.com

www.burmeseclassic.com



ဦးမြရာသည် အသက်ရှစ်ဆယ်ကျော် ကိုးဆယ်နီးနေပြီဖြစ်သော်လည်း ကျန်းမာရေးကောင်းသည်။ မျက်စိမှုန်သည်ကလွဲ၍ ဘာအာရုံမျှမပျက်ယွင်းသေး။

''ဂျပန်တပ်တွေဟာ တောင်ကုတ်ဘက်မှာ အင်အားတော်တော်များများ တပ်စွဲထားခဲ့တယ်။ တောင်ကုတ်က ရိုးမတောင်ကျော်လမ်း တံခါးဝမြို့ မဟုတ်လားကွယ့်။ အဘတို့ရွာဘက်ကိုတော့ တစ်ခါတစ်ခါမှ ရောက်လာတတ်တယ်။ ရောက်လာပြီဆိုရင်လည်း ... အင်း ... အာဋ္ဌာဝက အရက်မူးတဲ့ဇာတ်ခင်းတော့ တာပေါ့ါလကွာ''

ဇာတ်တော်ထဲတွင် အာဋ္ဌာဝကသည် အရက်မမူး။ အရက်မမူးပါဘဲလျက် မြတ်စွာဘုရားသခင်ကို ကြမ်းတမ်းခက်ထန်စွာ ဟိန်းဟောက် ခြိမ်းခြောက်ရုံမျှမက လက်နက်မျိုးစုံဖြင့် ပစ်ပေါက်ခဲ့ပေသေးသည်။ အရက်သာ မူးလိုက်လို့ကတော့ ဘယ်လောက်ဆိုးသွမ်းလိုက်လေမလဲ။ ပြောမကုန်အောင် ရှိတော့မည်။

ဦးမြရာက သူကြုံတွေ့ခဲ့ရသည့် ဂျပန်တို့ဆိုးသွမ်းပုံသရုပ်သကန် ပေါ် လွင်စေရန် အာဋ္ဌာဝကကို အရက်မူးခိုင်းလိုက်သည်။ ရက်စက်ကြမ်းကြုတ်သည့် နေရာမှာ မီးကုန်ယမ်းကုန်ဆိုသည့်သဘောကို ထင်ရှားစေသည်။ ပီပြင်လှပါ၏။

ကျွန်တော်တို့မမီလိုက်သော်လည်း သိမီခံစားခဲ့ရသူတွေ မြောက်မြားစွာ ရှိသည်။ စာတွေပေတွေထဲမှာလည်း ဖတ်ရှုခဲ့ရသည်။ ဖက်ဆစ်ဝါဒီတို့ကား ရက်စက်မှုအပေါင်း သရုပ်ဆောင်းသူတွေဖြစ်သည်။ ဂျပန်ဟူသော အသံကြားသည်နှင့် ရွာသူရွာသားတွေ နားကြောစိမ့်အောင် ကြောက်သည်။ ထစ်ခနဲဆို ပါးရိုက်၊ ရေလောင်း၊ လက်သည်းခွာ ... စသည့်ညှဦးပန်းမှုတွေကို ဖောဖောသီသီကြီး လက်ဆောင်ပေးတတ်ကြသည်မဟုတ်လား။

သည်အချိန်မှာ ဦးမြရာတို့၏ လက်ပံကွင်းရွာသို့ လူအနည်းငယ်သာ ပါသော ဂျပန်တပ်ဖွဲ့ငယ်တစ်ဖွဲ့ ရောက်လာသည်။ ဗိုလ်လုပ်သူမှာ နှုတ်ခမ်းမွေး ရေးရေးနှင့် ပြုံးယောင်ယောင်နှုတ်ခမ်းအစုံရှိသည်။ ရွှေကိုင်းမျက်မှန် တပ်ထားသည်။ အသက်သုံးဆယ်ခန့်သာ ရှိဦးမည်။ ရည်မွန်သန့်ပြန့်သော ဥပဓိရုပ်ရှိသူဖြစ်သည်။

ထိုစဉ်က သူကြီးမှာ ဦးမြရာ၏ဖခင် ဦးမြဝါဖြစ်၏။

သူကြီးဆိုတော့ ဂျပန်တို့နှင့်အဆက်အဆံက ကင်းပြတ်၍မရ။ သူတကာ ရွာသားတွေက ဂျပန်နှင့် မတွေ့ချင်လျှင် ရှောင်နေ၍ရသည်။ သူကြီးမှာ မရှောင် သာ။ ဂျပန်များလာကတည်းက သူကြီးအိမ်သို့ တန်းတန်းမတ်မတ်။ တစ်နေရာရာ သို့အကြောင်းပြကာ ရှောင်ထွက်သွားနေလျှင် ပို၍ဆိုးဦးမည်။ အိမ်ပေါ်တက်နေပြီး



www.burmeseclassic.com

www.burmeseclassic.com


ထင်တိုင်းကျဲသွားပေလိမ့်မည်။ လူမှုရေးရာ သိတတ်နားလည်မှု သူတို့မှာမရှိ။ စိတ်မထင်လျှင် မထင်သလို လုပ်သည်။ ဦးမြရာက သူ့အဖေသူကြီးလက်ထက်က အတွေ့အကြုံအချို့ကို ဇာတ်ကြောင်းပြန်ပြောပြနေသည်။

"ဂျပန်တွေ တက်လာစကပေါ့ကွယ်။ ဂျပန်တပ်ဖွဲ့တစ်ဖွဲ့ ရွာကို ရောက်လာတယ်။ တို့အဖေက အိမ်ရှေ့မှာ စားပွဲကုလားထိုင် အကျခင်းပြီး အစားအသောက်နဲ့ ဧည့်ခံကြိုဆိုရတာပေါ့ကွာ"

ထိုစဉ်က ဦးမြရာမှာ အသက်ဆယ့်ကိုးနှစ်အရွယ်ဖြစ်သည်။ လိုအပ်သမျှကူညီဆောင်ရွက်ပေးနိုင်ရန် အနီးအနားတွင် ရွာထဲမှလူငယ်များနှင့်အတူရှိနေသည်။

ဂျပန်မာစတာများ လာသည်ဆိုတော့ ရွာထဲက လူကြီးသူမများလည်း ဝတ္တရားမပျက် လာရောက်ကြ၏။ ထိုအထဲတွင် ဦးတောင်ကျော်လည်း ပါသည်။ ရွာတွင် အသက်အကြီးဆုံးအဘိုးကြီး ဖြစ်သည်။ ရွာကကိုးကွယ်သော ကျောင်းထိုင်ဆရာတော်၏ ခမည်းတော်လည်းဖြစ်သည်။ တစ်ရွာလုံးက ရိုသေလေးစား ဂါရဝထားကြသည်။

ဦးတောင်ကျော်သည် ခေါင်းကို အမြဲတမ်း ပြောင်နေအောင် ရိတ်ထားလေ့ရှိ၏။

ထိုနေ့က စားရင်းသောက်ရင်း ဝိုင်းထိုင်စကားပြောနေကြစဉ် ဂျပန်တစ်ယောက်က အသာထလာပြီး ဦးတောင်ကျော်၏ ခေါင်းပြောင်ပြောင်ကို လက်ဝါးဖြင့် သုံးလေးကြိမ်အုပ်၍ ပွတ်သပ်ကြည့်၏။ ထို့နောက် ဘာစိတ်ကူးဖြင့် လုပ်လိုက်သည်မသိ။ အဘိုးကြီး၏ခေါင်းကို 'ဗျန်း' ခနဲ လက်ဝါးဖြင့် ရိုက်ချလိုက်လေ၏။ ရိုက်လုပ်သူနှင့်တကွ ဂျပန်အားလုံး သဘောအကျကြီးကျကာ သောခနဲရယ်ချလိုက်ကြသည်။ ဦးမြဝါအပါအဝင် လူကြီးများမှာ မျက်နှာတစ်ချက်ပျက်သွားပြီးမှ ဣန္ဒြေဆယ်နေကြရသည်။ ကာယကံရှင် ဦးတောင်ကျော်မှာလည်း 'လူကြီးရှက်တော့ရယ်' ဆိုသလို ရောယောင်ရယ်နေသည်။ လူငယ်တွေကတော့ အံကိုက်၍နေကြ၏။ ရင်တွင်းကျိတ်၍ တက်ခေါက်နေကြ၏။

"ဂျပန်တွေဆိုတာ အဲဒီလိုအကောင်တွေ။ ဂါရဝတရားကိုလည်း နားမလည်ဘူး။ ဟီရိဩတ္တပ္ပကလည်း ကင်းတော့ လူ့မိစ္ဆာကောင်တွေလို့ပဲ ဆိုရမှာပေါ့ကွယ်။ သူတို့များ ရွာထဲဝင်လာရင် ကြီးငယ်မဟူ ဘယ်မိန်းမမှ အပြင်မထွက်ရဲဘူး။ အဲဒီလောက်ဆိုးတာ ..."

ဦးမြရာသည် စကားရပ်ကာ ရေနွေးကြမ်းတစ်ခွက် ငှဲ့၍သောက်နေသည်။ အတန်ကြာတော့မှ ...


www.burmeseclassic.com

www.burmeseclassic.com


"နောက်ရောက်လာတဲ့ တပ်ဖွဲ့က စစ်ဗိုလ်ကလေးကတော့ ရည်မွန်ပါတယ်။ လူကြီးလည်း လူကြီးအလျောက် ရိုသေတတ်တယ်။ လူငယ်လူရွယ်တွေနဲ့လည်း သင့်တင့်အောင် ပေါင်းတတ်သင်းတတ်တယ်။ သူ့တပ်ဖွဲ့က ဒီရွာမှာ အခြေစိုက်နေရမှာဆိုတော့ မောင်ရင်လေးတို့ပြောတဲ့ တောင်ကို တပ်စခန်းနေရာအဖြစ် သူရွေးလိုက်တယ်။ အဲဒီမှာ ဝါးကြမ်းခင်း၊ ဝါးထရံကာ၊ ဓနိမိုးတဲတန်းလျားတစ်ခု ရွာကဆောက်ပေးရတယ်။ ကုန်ကျစရိတ်နဲ့ ဆောက်လုပ်ခကို သူကပေးတယ်။ တကယ့်ဂျပန်ပါပဲ။ အရင်တွေ့ဖူးတဲ့ အကောင်တွေနဲ့တော့ ဆီနဲ့ရေလောက်ကွာပါ့"

ပြောရင်းက ဦးမြရာသည် တစိမ့်စိမ့်တွေးမိလာဟန်ဖြင့် တငြိမ့်ငြိမ့်ခေါင်းညိတ်နေ၏။

"အရင်ကောင်တွေက ကြက်တို့၊ ဘဲတို့ အလကားပေးရရုံမကဘူး။ နွားတောင် အတင်းဆွဲယူပြီး သတ်စားတာ။ သိပ်ရမ်းတယ်။ နောက်ရောက်လာတဲ့ ဗိုလ်လေးက ဒါတွေဘာမှမလုပ်ဘူး။ သူ့လူတွေကိုလည်း လုပ်ခွင့်မပေးဘူး။ ကြက်၊ ဘဲ၊ သားငါး၊ ဟင်းသီးဟင်းရွက် လိုအပ်သမျှကို ပိုက်ဆံပေးဝယ်တယ်။ ဒီတော့ အဘတို့ရွာသူရွာသားတွေဟာ သူနဲ့ ပုလဲနံ့ပ သင့်မြတ်နေကြတော့တာပေါ့ကွာ။ အဘတို့ လူငယ်တွေဆိုသူနဲ့ ညီအစ်ကိုတွေလို ချစ်ချစ်ခင်ခင်ဖြစ်နေကြပါပြီ"

ဤနေရာအရောက်တွင် ဦးမြရာ၏မျက်နှာသည် တည်သွား၏။ တည်ရာမှ တစ်စတစ်စ ညှိုးနွမ်းသွားလေသည်။ လေသံသည် တိုးတိမ်ဖျော့တော့လာနေသည်။

"ဖက်ဆစ်တော်လှန်ရေးကာလကို ရောက်လာခဲ့တယ်။ နေ့ဦးပေါက်တစ်နေ့ ...။ တောတောင်ပတ်ဝန်းကျင်တစ်ခိုမှာ မြူတွေဆိုင်းပြီး ပြာမှိုင်းနေတာအဘ မြင်ယောင်နေပါသေးတယ်။ အဲဒီနေ့မှာ အဘတို့ ကျေးရွာပြောက်ကြားတပ်ဖွဲ့ဟာ တပ်မတော်နဲ့လက်တွဲပြီး သူတို့စခန်းကို ဝင်တိုက်ကြတယ်။ ဒီဂျပန်စစ်ဗိုလ်ဟာ ဘယ်လောက်ကောင်းကောင်း၊ အဘတို့နဲ့ ဘယ်လောက်ခင်ခင် ဒါက သီးခြားလူမှုရေးကိစ္စ။ အဘတို့မှာ တိုင်းပြည်အရေး၊ အမျိုးသားအရေးကိစ္စမို့ မရှောင်လွှဲသာဘူး။ သူဟာ 'တိုင်းပြည်ရန်သူ၊ အမျိုးသားရန်သူ' ဆိုတဲ့ အသိစိတ်နဲ့ ရှုပ်ရှုပ်ချွံချွံ သူ့စခန်းကို ဝင်တိုက်ကြတယ်"

ဦးမြရာ၏ မျက်လုံးအစုံသည် စိုစွတ်လာနေ၏။

"လက်နက်အင်အားရော၊ လူအင်အားပါ သူ့ဘက်က အခြေအနေမလှဘူးဆိုတာ စစ်ဗိုလ်တစ်ယောက်အနေနဲ့ သူမသိဘဲ မနေပါဘူး။ သူ့ဘက်က ပစ်အား


www.burmeseclassic.com

www.burmeseclassic.com


လည်း တဖြည်းဖြည်းကျလာနေပြီ။ သူ့ကို လက်နက်ချဖို့ အဘတို့ လှမ်းအော်ပြောကြတယ်။ ဒါပေမဲ့ သူလက်မခံဘူး။ ဆက်ပြီး ကျည်ကုန်မီးကုန်တိုက်နေတယ်။ နောက်ဆုံး သူတို့ဘက်က ပစ်သံတိတ်သွားတယ်။ အဘတို့ စခန်းကို သိမ်းမိတော့ သူတို့တစ်ယောက်မှ မရှိကြတော့ဘူးကွယ်။ အားလုံး ကိုယ့်ကိုယ်ကိုယ် ပစ်သတ်အဆုံးစီရင်သွားကြတယ်။ သူကတော့ သူ့ဝမ်းဗိုက်ကို သူဓားနဲ့ထိုးခွဲပြီး သတ်သေသွားတာ။ သူ့လူမျိုးရဲ့ သတ္တိနဲ့ဇာတိမာန်ကို ပြသွားတာပေါ့ကွယ်''

ဦးမြရာသည် အဝေးတောင်တန်းဆီသို့ တွေငေးသွားသည်။

အဝေးတွင် မြူဆိုင်းမှိုင်းပျနေ၏။

''ဒါနဲ့ အဘ . . .။ အဲဒီဂျပန်စစ်ဗိုလ်ရဲ့ နာမည်ကို မသိလိုက်ဘူးလားဟင်။ သူ့နာမည်က ဘာတဲ့လဲ အဘ''

''ဟင်း . . .''

ဦးမြရာသည် သက်ပြင်းရှည်ကြီးချလျက် ကျွန်တော့်ဘက်သို့ လှည့်သည်။

''သိသပေါ့ မောင်ရယ်။ သူ့နာမည်က တာနာကားတဲ့''

ဦးမြရာက တစ်လုံးချင်း ရွတ်ပြသည်။

''အဲဒီ တာနာကားဆိုတဲ့ ဂျပန်နာမည်ကို တို့ရွာသားတွေက မြန်မာဆန်ဆန် ခေါ်လိုက်ကြတော့ 'သနပ်ခါး' ဖြစ်သွားတာပေါ့ကွာ။ သူစခန်းချတဲ့တောင်ဟာလည်း သနပ်ခါးတောင် နာမည်တွင်သွားတော့တာပါပဲ''

သည်တော့မှပင် 'သနပ်ခါးတောင်' ၏ ဇာတ်ပွတ်သည် ထင်ရှားလေတော့သည်။

''ကဲ . . . ဆရာ။ ဆရာသိချင်တာလည်း သိရပြီ။ ထမင်းစားချိန်လည်း ရောက်နေပြီ။ ဘကြီးလည်း ဗိုက်ဆာရောပေါ့။ ကျွန်တော်တို့ ပြန်ကြပါစို့''

ဟု ကိုလှချမ်းအောင်က ကျွန်တော့်အား လက်တို့၍ပြောသည်။ ကျွန်တော်က ထပြန်ရန် နှုတ်ဆက်သောအခါ ဦးမြရာသည် အကြောတွေအမြောင်းထိုက်ပေါ်နေသည့် သူ့လက်ဖြင့် ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်ကာ . . .

''နေပါဦး စာရေးဆရာမောင်ရင်လေး။ ထူးခြားဆန်းကြယ်တဲ့ အဖြစ်မျိုးကို စိတ်မဝင်စားဘူးလား။ သနပ်ခါးတောင်နဲ့ပတ်သက်ပြီး အဘကြုံခဲ့ရတဲ့ ထူးထူးခြားခြားအဖြစ်တစ်ခု ရှိခဲ့ဖူးတယ်။ အဲဒါ ပြောပြမယ်''

ကျွန်တော်ကား ရေငတ်တုန်း ရေကန်နားတွင် ချော်လဲခဲ့ပါလေ၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၃]

❑

လွတ်လပ်ရေးခေတ်ဦးကာလ။

ဖခင်သူကြီး ကွယ်လွန်သွားပြီဖြစ်၍ ဦးမြရာသည် သူကြီးရာထူးကို ဆက်ခံရလေသည်။

"အဲဒီတုန်းက သူကြီးဖြစ်ရတာ တပ်ပျက်မှာ ဗိုလ်လုပ်ရသလိုပါပဲကွာ"

ဟု ဦးမြရာက ပြောသည်။

လွတ်လပ်ရေးမရမီက ညီညွတ်ခဲ့ကြသော အင်အားစုတွေ၊ လွတ်လပ်ရေး အတွက် ရင်ချင်းအပ်၊ လက်ချင်းတွဲခဲ့ကြသော ရဲဘော်ရဲဘက်တွေ လွတ်လပ်ရေး လည်း ရပါလေရော သဘောကွဲလွဲကာ လက်တွဲဖြုတ်ခဲ့ကြသည်။ ညီညွတ်ရေး ပျက်ပြားသွားသည်။ နယ်ချဲ့ရန်သူကို တော်လှန်တိုက်ပွဲဝင်ခဲ့သည့် သေနတ်တွေ ပြောင်းမှမအေးသေး။ ကိုယ့်အချင်းချင်း ပစ်ခတ်တိုက်ခိုက်ကြလေရာ ပြည်သူတွေ မှာ မြေစာပင်ဖြစ်ရပြန်၏။

ထိုအချိန်က အစိုးရ၏အာဏာမှာ မြို့ကြီးပြကြီးများတွင်သာ ရှိတော့ သည်။ ကျေးလက်ဒေသအားလုံး လက်နက်ကိုင်ပုန်ကန်သည့် အဖွဲ့အစည်းများ လက်အောက်သို့ ကျရောက်နေသည်။ တောရွာတွေမှာ တစ်နေ့တစ်ခြား အစိုးရ နှစ်မျိုးသုံးမျိုး ပြောင်းလျက်ရှိ၏။ နံနက်ပိုင်းတွင် ကွန်မြူနစ်တွေ ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာသူရွာသားတွေကို တစ်နေရာတွင် စုဝေးစေပြီး သူတို့၏ဝါဒသဘောတရားတွေကို လက်သီးလက်မောင်းတန်း၍ ဒေါနှင့်မာန်နှင့် ဟောပြောသည်။ သူတို့ပါတီ၏ အုပ်ချုပ်ရေးစည်းကမ်းဥပဒေများကို အသိပေးသည်။ ပြီးလျှင် တော်လှန်ရေးရန်ပုံငွေ ကောက်ခံသည်။ ဤငွေကိုပင် အခွန်အခအဖြစ် သူတို့က သတ်မှတ်သည်။

သူတို့ပြန်ထွက်သွား၍ နာရီများစွာမကြာမီ နေ့လယ်ဘက်တွင် ပြည်သူ့ရဲဘော်တွေ ဝင်လာပြန်သည်။ ကွန်မြူနစ်တို့နည်းအတိုင်း လုပ်ကိုင်ဆောင်ရွက်ပြီး ပြန်ထွက်သွားကြ၏။ ဟော ... ညနေဘက်ကျတော့ အလံနီများ ဝင်လာကြပြန်လေသည်။ သူတို့သည်လည်း ရှေ့ကနောင်တော်များ၏ လုပ်နည်းလမ်းစဉ်အတိုင်း ...။ ပြည်သူတို့မှာ ဘယ်သူ့အဘခေါ်ရမှန်းမသိ။ သူကြီးလုပ်သူမှာလည်း တပ်ပျက်မှာ ဗိုလ်လုပ်ရသလို။

မြို့အခြေအနေကိုလည်း ကြည့်ဦး ...။

အရှေ့ဘက်တွင် ရိုးမမှ သွယ်ဖြာဆင်းလာသော တောင်စဉ်တောင်တန်းများ ...။ အနောက်ဘက်၌ အပြောကျယ်လှစွာသော ပင်လယ်ပြင် ...။

တောင်ဘက် မိုင် (၂၀) ဆိုလျှင် ကွန်မြူနစ်တို့၏ အခြေခံစခန်းချရာ ကျောက်ကြီးရွာ။ ထိုမှဆက်သွားလျှင် မိုင် (၈၀) အကွာ၌ ဂွမြို့ရှိသည်။ ဂွမြို့သည် ပြည်သူ့ရဲဘော်တို့၏ ဗဟိုဌာနချုပ်။

မြောက်ဘက် မိုင် (၂၀) ဝန်းကျင် သူဌေးချောင်းဒေသတစ်ခုလုံးသည် အလံနီနယ်မြေ။ မိုင် (၄၀) အကွာ တောင်ကုတ်နှင့် မြို့နယ်တစ်ခုလုံးကို ပြည်သူ့ရဲဘော်တို့ စိုးမိုးထားသည်။ အစိုးရသည် မြို့ပေါ်ကွက်ကွက်ကလေးမှာသာ ရှိတော့သည်။ တပ်မတော်တပ်ဖွဲ့တစ်ဖွဲ့က တောင်နှင့်မြောက်နှစ်စုခွဲ၍ ရင်ဆိုင်ထားရသည်။ နယ်မြေလုံခြုံရေးအတွက် ရဲတပ်ဖွဲ့ (ထိုစဉ်က ရဲတပ်ဖွဲ့ဟု မခေါ်သေး။ ပုလိပ်အဖွဲ့ဖြစ်သည်) အင်အားကလည်း နည်းပါးလွန်းလှသည်။

"တို့လက်ပံကွင်းရွာက မြို့နဲ့ (၁၅) မိုင်ဝေးတယ်။ ဟိုဘက်ရော၊ ဒီဘက်ပါ လက်လှမ်းမမှီတမီဆိုပါတော့။ သူပုန်အဖွဲ့တွေ ရွာကို ဝင်လိုက်၊ ထွက်လိုက် လုပ်လာလွန်းတော့ ရဲက ကင်းအဖွဲ့လေးတစ်ဖွဲ့ ရွာမှာထားပေးတယ်။ အင်အားက ငါးယောက်တည်း။ အဖွဲ့ခေါင်းဆောင်က စာသင်ကြီးဖိုးအေး ...တဲ့။ ဖိုးအေးတို့အဖွဲ့လည်း သနပ်ခါးတောင်မှာပဲ စခန်းချကြတယ်။ ရွာသူရွာသားတွေက တန်းလျားဆောက်ပေးတယ်။ မြေကတုတ်ကျင်းတူးပေးတယ်။ မြေကတုတ်တန်းလျား (တန်ကာ) လုပ်ပေးတယ်။ ကိုယ့်ရပ်ရွာလုံခြုံရေးအတွက် အားတက်သရော လုပ်ပေးကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဦးမြရာသည် ရေနွေးကြမ်းတစ်ငုံ ငုံလိုက်ပြီး ပလုတ်ကျင်း၏။ ထို့နောက် ဆေးရွက်ကြီးတစ်ငုံစာကို လုံးထွေး၍ ပါးစပ်ထဲပစ်ထည့်ကာ အံသွားဖြင့် ကျိတ်ဝါး နေသည်။ အတန်ကြာတော့မှ စကားဆက်သည်။

''သူပုန်တွေက မြို့ကိုတောင် နေ့သိမ်းတော့မလိုလို၊ ညသိမ်းတော့ မလိုလို ဖြစ်နေတဲ့အချိန်။ တို့ရွာကို စာသင်ကြီးဖိုးအေးတို့ငါးယောက် လွှတ်ပေး လိုက်တာ အနော်ရထာမင်းက ဥဿာပဲခူးမင်းဆီကို ဝွမ်းရန်သူတွေ နှိမ်နင်းဖို့ စစ်သည်လေးသိန်းလွှတ်လိုက်တာနဲ့ ပုံခိုင်းပြီး အကြောက်ကြောက် အလန့်လန့် ကြားက တို့ရယ်မောနေခဲ့ကြသေးတယ်။ ဘာပဲဖြစ်ဖြစ် ရွာမှာရဲတပ်ဖွဲ့ရှိတယ်ဆို တဲ့ အဟန့်နဲ့ သူပုန်တွေ အဝင်အထွက်မလုပ်ကြတော့ဘူးပေါ့လေ။ နည်းနည်း ခံသာတာပေါ့ကွယ်။ အဲ ... အဲ ... ဒါပေမဲ့ ...''

တစ်ခုသောညတွင် အလံနီတို့သည် အင်အားအလုံးအရင်းဖြင့် စာသင် ကြီးဖိုးအေးတို့ လူငါးယောက်သာရှိသော ရဲကင်းစခန်းလေးကို အတင်းဝင်၍ တိုက် လေတော့၏။ ကြားနေရသော အသံများအရ အလံနီမှန်း ဦးမြရာတို့သိရသည်။ အလံနီတို့သည် စစ်တိုက်ပြီဆိုလျှင် 'တိုက်ရဲတာ အလံနီဟေ့။ သတ်ရဲတာ အလံနီ ကွ။ သေရဲတာ အလံနီဟေ့' စသည်ဖြင့် ဟစ်အော်ကြွေးကြော်လေ့ရှိ၏။

အလံနီတို့ဘက်မှ ပစ်ခတ်သံနှင့် စစ်ကြွေးသံများမှာ အသည်းအူ တုန် လှုပ်ဖွယ် ဆူညံပွက်လောရိုက်နေ၏။ စာသင်ကြီးဖိုးအေးတို့ဘက်မှ တစ်ချက် တစ်ချက် ခံပစ်သံကြိုကြားကြိုကြားမျှသာ။ အားရဖွယ်မရှိ။ ဦးမြရာတို့မှာ သူတို့ အတွက် စိုးရိမ်နေကြရ၏။ သွားကူရအောင်ကလည်း ဘာလက်နက်မှမရှိ။ သက်ကြီး ရွယ်အို၊ မိန်းမနှင့် ကလေးများအားလုံး ပုန်းကျင်းတွေထဲ ရောက်ကုန်ကြပြီ။ ဦးမြရာတို့ ရွာလူကြီးအချို့နှင့် လူငယ်လူရွယ်များသည် ကျည်ကွယ်မျက်ကွယ် နေရာများ၌ ပုန်းအောင်းကာ အခြေအနေကို အကဲခတ်နေကြသည်။

''ဟေ့ ... ပုလိပ်စုတ်တွေ ... လက်နက်ချ''

''ဟေ့ ... ဖိုးအေး ...။ နင့်ဗိုက်ရွဲကြီးကို ထိုးဖောက်ပြီး အူကို အစိမ်း သုပ်စားပစ်မယ်ကွ''

အလံနီတို့ အော်ဟစ်သံများကား ကြောက်ခမန်းလိလိ။

စာသင်ကြီးဖိုးအေးတို့ ကျုံးထဲကျပ်ထဲ ရောက်နေကြပြီ။ လက်နက်ချ လျှင်လည်း အလံနီတို့က အရှင်ထားမည်မဟုတ်။ ကျည်ဆန်ကုန်သည်အထိ ခုခံ ပြီး အဖမ်းခံရလျှင်လည်း သတ်ပစ်ကြမည်သာ။ သေလမ်းသာရှိသည်။ ခံသည် အထိ ခုခံသွားရုံသာရှိသည်။ အခြားမရှိ။



www.burmeseclassic.com

www.burmeseclassic.com


ဤအခြေအနေတွင် စာသင်ကြီးဖိုးအေးတို့ ရဲကင်းစခန်းချရာ သနပ်ခါးတောင်ခြေမှ လက်နက်မျိုးစုံပစ်ခတ်လိုက်သံများသည် အလံနီတို့ ပစ်ခတ်နေသံများကို ဖုံးလွှမ်းထွက်ပေါ်လာ၏။ ရုတ်ခြည်းပင် အလံနီတို့ဘက်မှ ပစ်အားကျသွားသည်။ အလံနီတို့သည် ကွင်းစပ်တွင် ကန်သင်းရိုးကို အကာအကွယ်ပြုလျက် ခေါင်းမဖော်နိုင်အောင်ဖြစ်နေသည်မှာ သေချာသည်။ အစိုးရတပ်မှ စစ်ကူရောက်လာခြင်းဖြစ်သည်ဟု ဦးမြရာတို့ နားလည်လိုက်၏။

စစ်ကူဘက်မှ ပစ်အားမှာ ကြောက်စရာပင်ကောင်းသည်။ လူ့အင်အားရော၊ လက်နက်အင်အားပါ သေးပုံမရ။ ရိုင်ဖယ်ပစ်သံများကြားမှ စတင်းသံ၊ ဘရင်းသံတွေကိုပါ ကြားရသည်။ အလံနီတို့ တိုက်ရဲတာတွေ၊ သတ်ရဲတာတွေ မအော်နိုင်တော့။ တွန်သံတိတ်သွားရုံသာမက မသေရဲသဖြင့် ခွေးပြေးဝက်ပြေး ဆုတ်ခွာထွက်ပြေးကြလေ၏။

အရှုဏ်ဦးရောင်နီသန်းစ ပြုခဲ့ပြီ။


"အဲဒီအချိန်မှာ အဘနဲ့ ရွာလူကြီးတွေ တာဝန်ရှိတဲ့အတိုင်း ရဲကင်းစခန်းရှိရာ သနပ်ခါးတောင်ကို သွားကြတာပေါ့ကွာ။ ဟိုရောက်တော့ စာသင်ကြီးဖိုးအေးကို ဘန်ကာရှေ့မှာ ကြောင်တောင်တောင်၊ ငေါင်တောင်တောင်နဲ့ ရပ်နေတာတွေ့ရတယ်။ သူ့လူတွေလည်း ဟိုနားတစ်ယောက်၊ ဒီနားတစ်ယောက် တစ်ခုခုပျောက်လို့ လိုက်ရှာနေကြပုံရပါရဲ့။ ဒါနဲ့ အဘက စာသင်ကြီးကိုနှုတ်ဆက်ရင်း လှမ်းပြောလိုက်တယ်။ 'စာသင်ကြီး ... ကံကောင်းလို့ပါလားဗျာ။ အချိန်မီ စစ်ကူရောက်လာပေလို့ ပါလား။ မဟုတ်ရင်တော့ ကျုန်တော်ဖြင့် မတွေးရဲလောက်အောင်ပါပဲ' လို့။

ဒီတော့ ... စာသင်ကြီးက ဘာပြန်ပြောတယ်ထင်လဲ။ 'ဘာဗျ ... စစ်ကူ ... ဟုတ်လား။ ဘယ်ကမှ စစ်ကူရောက်မလာပါဘူးဗျာ။ ဘယ်သူတွေဘယ်လိုဝင်ဆော်သွားမှန်းကို မသိလိုက်ပါဘူး။ လူတွေလည်း ရှာမတွေ့ဘူး။ ကျုပ်တော့ ဦးနှောက်ကို ချာချာလည်နေပြီ' ... တဲ့။ အဘလည်း စာသင်ကြီးဖိုးအေးကိုတော့ ဘာမှပြန်မပြောလိုက်ပါဘူး။ ဒါပေမဲ့ အဘစိတ်ထဲမှာ တွေးနေမိတာက တာနာကားတို့များ ... ...."

အောင်ထာရှိုး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

ထွန်းတောက်တို့များ ကံကောင်းချက်ကတော့ အိမ်ရှေ့က ငှက်ပျောပင်တွေက ငှက်ပျောသီးတွေ သီးနေလိုက်တာများ။ တစ်ခိုင်အဖီး (၁၀) ဖီးဦးတယ်။

ငှက်ပျောပင်စည်က အသီးတွေကို မနိုင်တော့လို့ အမြစ်က ပြုတ်ထွက်တော့မလို ယိမ်းယိုင်နေလို့။ ဝါးလုံးနှစ်လုံးကို အဖျားမှာကြက်ခြေခတ်ထားပြီး အပင်ကို ထောက်ထားရတယ်။

သီးနေတာ တစ်ပင်တည်းမဟုတ်ဘူး (၅) ပင်ကြီးတောင်မှ။ ထွက်လာတဲ့ အသီးတွေက တစ်လုံးကို တစ်တောင်နီးနီးရှည်တယ်။ အရောင်က နီညိုရောင်။ တချို့က ရွှေငှက်ပျောသီးလို့ ခေါ်ကြတယ်။

''ပေတစ်သီး ကျီးတစ်သား'လို့ လူတွေက ပြောကြတယ်။ ပေပင်က တစ်သီးသီးပြီးရင် သေတယ်။ နောက်မသီးတော့ဘူး။ ကျီးကန်းငှက်မတွေကလည်း တစ်သားပဲမွေးပြီး နောက်မမွေးတော့ဘူးလို့ ပြောကြတယ်။ ငှက်ပျောကြတော့ ဘာဖြစ်လို့ မပြောကြသလဲ မသိဘူး။ ငှက်ပျောလည်း တစ်ခါသီးပြီးရင် သေတာပဲ။

ထွန်းတောက် ကံကောင်းတာက အဲဒီသီးနေတဲ့ ငှက်ပျောပင်တွေအောက်က ပင်တက်ကလေးတွေ ထွက်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



လက်ရှိသီးနေတဲ့ ငှက်ပျောသီးတွေ မှည့်တဲ့အချိန်မှာ ဒီထွက်နေတဲ့ ပင်ပျို ကလေးတွေက နောက်ထပ် အသီးလိုက်မှာဆိုတော့ ဝမ်းသာစရာပေါ့။

ဒီလိုငှက်ပျောပင်မျိုးကလည်း မကွေးမှာ ရှာမှရှားတဲ့ ငှက်ပျောပင်မျိုး ဖြစ်တယ်။ မကွေးမှာ ရှိတာက ရင်မောင်စိမ်းခေါ် သီးမွှေး၊ သူငယ်တော်၊ ဖီးကြမ်း၊ ရခိုင်ငှက်ပျောပဲရှိတယ်။ ဒီလိုရွှေငှက်ပျော၊ ငွေငှက်ပျောရှိကို မရှိတာ။ ဒါကြောင့် သူ့ အိမ်ရှေ့က ဖြတ်သွားတဲ့လူတွေက ဒီငှက်ပျောပင်က အသီးတွေကို ငေးငေးပြီး ကြည့်နေလို့ လမ်းသွားရင်း ခလုတ်တောင်တိုက်ကြတယ်။

လူတွေများပြောပါတယ်။ ကံကောင်းချင်တော့ ဒီငှက်ပျောပင်တွေက သူ့အိမ်ရှေ့ကို အလိုလိုရောက်လာကြတာ။

ရောက်လာပုံက ထူးဆန်းလွန်းလို့ ပြောပြရဦးမယ်။

မြန်မာနိုင်ငံအတွင်း (နာဂစ်)မုန်တိုင်းကြီးရောက်လာတာ သတိရကြသေး တယ်မဟုတ်လား။ အဲဒီမုန်တိုင်းကြီးကျတော့ မကွေးမြို့က ရခိုင်နဲ့နီးတော့ အဖျား ခတ် ခံ့ရတယ်။ လေပြင်းမုန်တိုင်းတွေကျ၊ မိုးတွေမချိမဆန့်ရွာတော့ ကျွန်တော်တို့ ရပ်ကွက် ရေလွှမ်းမိုးခံရတယ်။

မြို့ဟောင်းရပ်ကွက်ဆိုတာက မြေနိမ့်ပိုင်းလေ။ ကံသာ၊ မြင်သသာ၊ သိင်္ဂါ နဲ့ စစ်တပ်က စီးဆင်းလာတဲ့ မိုးရေတွေက အထက်မှာ စနစ်တကျဖောက်ထားတဲ့ ရေမြောင်းကမရှိတော့ ကျွန်တော်တို့ရပ်ကွက်ထဲ ရောဝတီမြစ်စီးဆင်းလာတာ။

အဲဒီငှက်ပျောပင်တွေက အဲဒီမိုးရေတွေနဲ့ပါလာပြီး ထွန်းတောက်အိမ်ရှေ့ ရောက်တော့ ဘယ်မှမရွေ့တော့ဘဲ သောင်တင်နေတာမှာ အကျိုးပေးချင်တော့ ထွန်းတောက်က ကောက်စိုက်ထားလိုက်တာမှာ အပင်တွေက ရှင်သန်ပြီး စီးပွားဖြစ် နေတော့တာပဲ။

ချမ်းသာတဲ့ လူတချို့က သာသနာပွဲကို စေတီပုံသဏ္ဌာန်တင်ချင်တော့ ထွန်းတောက်ရဲ့ ငှက်ပျောသီးတွေကို တစ်ဖီး ၁၂၀၀ ပေးပြီးဝယ်ကြတယ်။

ထွန်းတောက်တို့များ ငှက်ပျောသီးအရှိန်နဲ့ ခေါင်းမော့နေတာ။ မြေကြီး ကိုတောင်မှ မကြည့်တော့ဘူး။ ငှက်ပျောသီးများ ရောင်းရပြီလားဆိုရင် ကျွန်တော့် ကို လာလာပြီးကြွားရတာ အမောပဲ။

ကြွားမယ်ဆိုရင်လည်း ကြွားလောက်ပါတယ်။ ကျွန်တော်က သူ ငှက်ပျော ပင်စိုက်မယ်လုပ်တော့ မစိုက်အောင် တားခဲ့မိပေတာကိုး။

"ဟေ့ကောင် ထွန်းတောက် ငါတို့အမျိုးထဲမှာ ငှက်ပျောပင် ဘယ်သူမှ မစိုက်ခဲ့ဘူး။ ငါတို့ ဘိုးဘေးဘီဘင်အားလုံး ဘယ်သူမှ မစိုက်ခဲ့ဘူး။ မင်းကျ စိုက် မယ်ဆိုရင်နိုက်လိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com


"ငှက်ပျောပင်စိုက် မိလိုက်ဖသာ မျိုးရိုးရှိနေတယ်။ နောက်ပြီး ငှက်ပျောပင်ဆိုတာ ဥယျာဉ်ခြံမြေထဲမှာပဲ စိုက်ရတာ။ မစိုက်နဲ့ နုတ်ပစ်"

လို့ ကျွန်တော်က တားခဲ့တာပေကိုး။ ဩော် . . . ပြောရဦးမယ်။ အဲဒီထွန်းတောက်ဆိုတဲ့ကောင်က ကျွန်တော့်ရဲ့ တူတော်တယ်။

ကျွန်တော်ရဲ့အဖေ ညီတစ်ဝမ်းကွဲက မွေးထားတာ။ ကျွန်တော်မွေးထားတဲ့သားအကြီးဆုံးနဲ့မှ သက်တူရွယ်တူ။

ကျွန်တော့်အိမ်ရဲ့ အနောက်ဘက် တစ်ခြံကျော်မှာနေတယ်။ ပိုင်းပိုင်ခြံပိုင်၊ လုပ်ရည်ကိုင်ရည်ကောင်းတယ်။ လမ်းထဲမှာရှိတဲ့ သက်တူရွယ်တူတွေထဲမှာတော့ ကိုယ့်ဒူးကိုယ်ချွန်ပြီး ချမ်းသာနေတဲ့အကောင်။

ကိုယ်ပိုင်ခြံထဲမှာ (၃)ပင်အိမ်ကြီးဆောက်ပြီး မြေလွတ်မှာ ကြက်ခြံဆောက်ထားတယ်။ ကြက်ခြံက နှစ်ထပ်။ အောက်ထပ်မှာ ဥစားကြက် (၁၀၀)၊ အပေါ်ထပ်မှာက သားစားကြက် (၁၀၀)ထားတာ။

အဲဒီကြက်တွေအားလုံးကို အစိုးရစိုက်ပျိုးမွေးမြူရေးဌာကနေတစ်ဆင့်မှာထားတာဆိုတော့ ကြက်မျိုးကောင်းတွေ။

သူဝယ်တုန်းက အကောင်ပေါက်ကလေးတွေ။ မွေးမြူရေး ကြက်အကြောင်းကို ဒီကောင်၊ ကောင်းကောင်းနားလည်တယ်။ မွေးကာစ ကြက်အကောင်ပေါက်တွေကိုပဲ အထီး၊ အမ ကောင်းကောင်းရွေးတတ်တယ်။ (ခွဲခြားတတ်တယ်)

သိပ္ပံနည်းကျကျလည်း မွေးတတ်တယ်။ ကိုယ်တိုင်ကြက်တွေကို ဆေးထိုးတယ်။ အစာအစာနဲ့ရေကို စနစ်တကျ ကျွေးတတ်တယ်။ ဒီတော့ သူ့ကြက်တွေကဖြစ်တာပေါ့။

မကွေးမြို့က သားသတ်လိုင်စင်ရတဲ့ ကုလားတွေက သူ့ဆီက ကြက်တွေကိုပဲ ဝယ်တယ်။ ဘယ်လိုဆေးတွေများ ကျွေးတယ်မသိပါဘူး။ အကောင်ပေါက်တွေက (၃)လဆို ရောင်းရပြီ။ သူ့လယ်မွေးထားတော့ စီးပွားကောင်းကောင်းဖြစ်ပြီပေါ့။ ဥစားကြက်ဆိုရင်လည်း ကြက်မတစ်ကောင်ကို (၃) လပဲ ထားတယ်။ ဥ့ဥဖို့လည်း (ဆေး)ထိုးပြီး ဥခိုင်းတာ။ အစာကျွေးပြီး ဥခိုင်းတာ။

ဥနေတဲ့ ကြက်မတွေကိုလည်း (၃)လပြည့်ရင် သားသတ်ထဲ ထည့်ရောင်းဖြစ်တာ။ မိဘအားမကိုးဘဲ ကိုယ့်ဒူးကိုယ်ချွန်သမားဆိုတော့ လမ်းထဲက လူတွေကို ဘယ်သူ့မှ လူမထင်တော့ဘူး။

ဘဝင်မြင့်လွန်းလို့။ သူနဲ့သူ့ဇနီးသားသမီးတွေကို ဘယ်သူကမှ မဆက်ဆံ၊ မပေါင်းသင်းကြတော့ဘူး။


www.burmeseclassic.com

www.burmeseclassic.com


ရပ်ကွက်ထဲမှာ လူငယ်တွေက သာရေး၊ နာရေးအသင်းဖွဲ့ထားပေမယ့် မဝင်ဘူး။ သူ့အလှူလုပ်ရင် တခြားရပ်ကွက်ကလူတွေကို ပိုက်ဆံပေးပြီး ငှားလုပ်တယ်။ ရပ်ကွက်ဥက္ကဋ္ဌကိုတောင်မှ မဖိတ်ဘူး။

သူ့စိတ်ထဲမှာ ဒီလမ်းထဲက လူတွေက သူ့လောက်အရည်အချင်း မရှိဘူးလို့ ယူဆထားပုံပေါ်တယ်။

သူ့အိမ်အနောက်ဘက်က ကျွန်တော်တို့ မြို့ဟောင်းရပ်ကွက် ဥက္ကဋ္ဌရဲ့အိမ်၊ သူ့မြောက်ဘက်က နိုင်ငံတော်က ချီးမြှင့်တဲ့ (ဆို၊ က၊ ရေး၊တီး) ရွှေတံဆိပ် (၅) ဆုရှင် စိန်ပေတူး ဆိုင်းအဖွဲ့ရဲ့အိမ်၊ တောင်ဘက်က လမ်းမကြီး။ အရှေ့ဘက်က မကွေး(၁) ရဲစခန်း၊ ရဲမှူး(ပင်စင်) ဦးညွှန့်ရဲ့အိမ်။ ဒီလူတွေထက် သူက ပိုပြီးတော်တယ် ထင်နေတာ။ ကိုင်း ... ကြည့်ပါဦး၊ ဘဝင်မြင့်ချက်ကတော့ ကမ်းကုန်ပါပဲ။

မြင့်မယ်ဆိုလည်း မြင့်လောက်ပါတယ်။ ကြက်ကရ၊ ငှက်ပျောသီးကရ၊ ဘာပဲထလုပ်လုပ် သူလုပ်သမျှ စီးပွားကလည်းဖြစ်နေတော့ ဘဝင်မြင့်မယ်ဆိုလည်း မြင့်လောက်ပါတယ်။ အသက်ကလည်း (၂၀) ကျော်။ ဝန်းကျင်ငယ်ငယ်ကလေးနဲ့ လုပ်သမျှ အောင်မြင်နေတော့ အပြစ်မပြောသာဘူးလေ။

'ရှေးထုံးစံလည်း မပယ်နဲ့၊ ဈေးသုံးလည်း မလွယ်နဲ့'လို့ ရှေးလူကြီးတွေရဲ့ မိန့်ဆိုစကားတွေက သူနဲ့ကျမှ ပျက်ကုန်ကြပြီလားလို့၊ ကျွန်တော် တွေးမိတယ်။ ကောသလအိပ်မက်တစ်ဆယ့်ခြောက်ချက်တောင်မှ ဒီနေ့ မျက်မှောက်ခေတ်မှာ မှန်နေတာတွေ့ရပြီး ...

ဒီ 'ငှက်ပျောပင်စိုက်၊ မိလိုက်ဖသာ'ဆိုတဲ့စကားက ဘာဖြစ်လို့ မမှန်တော့တာလဲလို့ ကျွန်တော် တွေးမိနေခိုက်မှာပဲ တတိတတိနဲ့ အဆိုးကလေး တွေ့တွေ့လာရတယ်။

"ဟေ့ ... ငါလိုအကောင်က ဘယ်မိဘကိုမှ မမှီခိုဘဲ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်နိုင်တဲ့ အကောင်ကွ"

"ငါ့လိုဖြစ်ချင်ရင် ငါလုပ်သလိုလုပ်နိုင်အောင် ကြိုးစားပေါ့ကွ"

"အခုတော့ မဟုတ်ဘူး။ သူများစီးပွားပျက်စီးအောင် မိန်းမလို မိန်းမဉာဏ်နဲ့လုပ်ကြတယ်"

"ဒီရပ်ကွက်၊ ဒီလမ်းကအကောင်တွေ၊ သတ္တိရှိရင် လူချင်းလာပြီး ရင်ဆိုင်ကြကွ"

"ပုဆိုးခြုံပြီး လက်သီးဆုပ်ပြမနေကြနဲ့၊ ဘယ်မအေမှ လူမထင်ဘူး။ မိုက်တဲ့ကောင် ထွက်ခဲ့"


www.burmeseclassic.com

www.burmeseclassic.com


ဆိုပြီး နံနက်စောစောမှာ ငှက်ကြီးတောင် ဓားရှည်ကြီးကိုင်ပြီး သူ့အိမ်ရှေ့မှာ တစ်ရပ်ကွက်လုံးကြားအောင် အော်ပြီးဆဲနေတော့တယ်။

ကျွန်တော်လည်း နံနက်စောစောစီးစီး ထွန်းတောက်တစ်ယောက် ဘာဖြစ်ပါလိမ့်မလို့ အိပ်ချင်မူးတူးနဲ့ ထကြည့်မိတယ်။

ဘယ်သူဘယ်ဟာရယ်လို့ နာမည်မတတ်ဘဲ တစ်ရပ်ကွက်လုံးကို သိမ်းကျုံးဆဲနေပြီး ချဲ့လင့်ခေါ်နေတဲ့ ထွန်းတောက်ကို တစ်ရပ်ကွက်လုံးမှာ ရှိနေတဲ့ လူငယ်တွေက ရိုက်မယ်လုပ်နေကြလို့ ရပ်ကွက် ဥက္ကဋ္ဌဝင်ထိန်းနေတာတွေ့ရတော့ ကျွန်တော်လည်း သူတို့နေရာရောက်အောင် သွားခဲ့ပြီး လူငယ်တွေကို တောင်းပန်ပြောဆိုပြီး အကျိုးအကြောင်းသိရအောင် ထွန်းတောက်ကို ဥက္ကဋ္ဌအိမ်ဧည့်ခန်းကို ခေါ်ခဲ့ပြီး ဘာဖြစ်တာလဲ မေးကြည့်မိတယ်။

"ကျွန်တော့်ကြက်တွေ၊ တစ်နေ့ဆယ်ကောင်သေနေတယ်။ ဘာရောဂါမှလည်း မရှိဘူး"

"ကျွန်တော့်လောက် ကြက်တွေကို ဂရုစိုက်တာ ဥက္ကဋ္ဌနဲ့ ဦးလေးအသိပဲ။ အခု ကျွန်တော့်မှာ ကြက်အသေတွေကို ရောင်းရတာဆိုတော့ တော်တော်ရှုံးနေတယ်"

ထွန်းတောက်က ရှင်းပြတယ်။

ဒီကိစ္စကို ကျွန်တော်နှင့် ဥက္ကဋ္ဌလည်းသိသည်။ ဒီရက်ပိုင်းအတွင်း ကြက်တွေသေတာလည်း အမှန်ဖြစ်နေတယ်။

"နို့ . . . နေပါဦး။ မင်းက ဘယ်သူလုပ်တယ်ထင်လဲ။ အခုလို သိမ်းကျုံးဆဲနေရင် မင်းအချုပ်ထဲရောက်လိမ့်မယ်"

"ကျွန်တော်တော့ ဆိုင်းဆရာပေတူးအိမ်က လုပ်နေတယ်ထင်တယ်"

"ဟကောင်ရ . . . သူလုပ်ရအောင် မင်းအိမ်နဲ့ သူ့အိမ် ကျောချင်းကပ်၊ ဝန်းထရံပဲ ခြားပေမဲ့ မင်းက လုံလုံခြုံခြုံ ကာထားတာမဟုတ်လား"

"နောက်ပြီး သူက ဆိုင်းဆရာ။ မင်းနဲ့ စီးပွားပြိုင်ဘက်လည်း မဟုတ်ဘူး။ ဘာအကြောင်းနဲ့ မင်းကြက်တွေကိုသတ်မှာလဲ။ နောက်ပြီး ဘယ်လိုနည်းနဲ့ သတ်မှာလဲ"

"ကြက်သတ်တာက လွယ်တယ်။ ပြောင်းဖူးစေ့ကို အင်ဒရင်းရည် စိမ်ပြီး ကြက်ခြံထဲ ပစ်ချလိုက်ရင် ကြက်တွေစားလို့ သေနိုင်တာပဲ"

"နောက်ပြီး ပြောင်းဖူးအစေ့ကို ကြက်တွေက ကြိုက်ကြတယ်"

"မင်းပြောတာ ဟုတ်တယ်ပဲ ထားပါတော့။ ဘာအကြောင်းနဲ့ မင်းစီးပွားပျက်အောင် လုပ်ရမှာလဲ"


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ကြက်ခြံကို ထုံးတွေဖျန်းတယ်။ ကြက်သန်းတွေ မရှိအောင် ဆေးတွေဖျန်းတော့ ကြက်သန်းတွေက သူတို့အိမ်ဘက်ကို ကူးလာကြတယ်လို့ သူတို့က ထင်နေတာ"

"ဒီရက်ပိုင်းမှာ သူ့မရီးနဲ့ သူညီသေရတာ။ ကျွန်တော့် ကြက်ချေးနံ့ကြောင့် သေရတာဆိုပြီး ဟိုနေ့က စကားများကြသေးတယ်"

"နောက်ပြီး သူ့အလုပ်သမားတွေက ပျံကျတွေ။ ပညာမတတ် ဘာမတတ်နဲ့ ဆိုင်းတီးဖို့တတ်တာရယ်။ သူ့ ထမင်းကို စားနေတဲ့ လူမိုက်တွေဆိုတော့ သူခိုင်းတာ အကုန်လုပ်မှာပေါ့"

"ဒီမယ် ထွန်းတောက်။ ရှပ်မလှတော့စုန်းမျိုး၊ မရှိတော့ခိုးနိုး၊ မလုပ်နဲ့။ မင်းအထင်နဲ့ ဖွတ်မပြောနဲ့။ မင်းအဲသလို ပြောရအောင် ပြောင်းဖူးစေ့ ဘယ်နှစေ့တွေ့လို့လဲ။ သက်သေပြပါဦး"

"ဟာ ... ဦးလေးကလည်းဗျာ။ ကျွန်တော့်မှာ ကြက်အကောင် ရေနှစ်ရာရှိတာ။ ပြောင်းဖူးစေ့ဆယ်စေ့လောက်ကတော့ သူတို့အဖို့ နံတောင်မစွတ်ဘူး"

"ဟကောင် ... ငါ့စကားနွားရ သိပ်မပြောနဲ့။ ပြောင်းဖူးစေ့ ဆယ်စေ့ထဲ ပစ်တာလို့ မင်း ဘာအထောက်အထားနဲ့ပြောတာတုံး"

"ဆယ်စေ့ထက်ကျော်ပစ်ရင် ဆယ်ကောင်ထက် ပိုသေမှာပေါ့ဗျ။ အခုဟာက ဆယ်စေ့ပစ်လို့ ဆယ်ကောင်သေတာပေါ့"

ထွန်းတောက်က ခြေခြေမြစ်မြစ်ပြောလာတော့ ကျွန်တော်နဲ့ ဥက္ကဋ္ဌ နဝတိမ်တောင်ဖြစ်သွားရပြီ။

သူပြောတာ ဟုတ်များဟုတ်နေမလားပေါ့။ ဒီလို ကျွန်တော်တို့ အခြေအတင်ပြောနေတုန်း။ ထွန်းတောက်ဆီ ကြက်ဝယ်နေကျ ဖောက်သည်အမိနာရောက်လာတော့ ဂမ္ဘီရဆန်ဆန် စကားတွေ ကြားရတော့တာပါပဲ။

"ဟဲ့ ... ထွန်းတောက် ငါတို့ရပ်ကွက်က စတုဒိသာကျွေးဖို့ ကြက်အချိန်တစ်ဆယ် လိုနေတယ်။ အဲဒါ နင့်ဆီက ရမလားလို့"

"ဒါနဲ့ ပြောရဦးမယ်။ နင် လုပ်ပုံတွေက မဟုတ်သေးဘူး"

ဆိုင်းမဆင့် ပုံမဆင့် အမိနာက ထွန်းတောက်ကို

"နင်လုပ်ပုံတွေ မဟုတ်သေးဘူး"

လို့ပြောလိုက်တော့။ အလိုလိုမှ ဒီနေ့မနက် အစဉ်မပြေဖြစ်နေတဲ့ ထွန်းတောက်အနာပေါ် တုတ်ကျဖြစ်သွားပြီး ဒေါသအိုးကွဲသွားတော့တယ်။

"စောစောစီးစီးဗျာ ... ဘာတွေ ကျုပ်က မဟုတ်တာ လုပ်နေလို့လဲ"

လို့မကျေနပ်တဲ့ အသံနဲ့မေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နင်က ကြက်တွေကို အူ၊ အသည်း၊ ကြက်မြစ်တွေကို နုတ်ယူထားတော့ ငါတို့မှာ ရှုံးရတာပေါ့ဟဲ့။ ကြက်မြစ်ကြက်သည်းကလေးရောင်းရမှ ငါတို့မှာ ထမင်းဖိုးကလေး ဟင်းဖိုးကလေး ဖာတာ။ နင်က အဲဒါတွေ နုတ်ယူထားတော့ ငါတို့မှာ အခက်တွေ့တာပေါ့။ ဒီတစ်ခါတော့ နင်နုတ်မယူနဲ့"

"ဟာဗျာ ... စောစောစီးစီး ဘာတွေလာပြောနေတာလဲ။ ကျုပ်က ဘာဖြစ်လို့ အမြစ်အသည်းတွေ နုတ်ယူရမှာလဲ"

လို့ ပြန်ပြောတယ်။

"အေး ... ငါလည်း ထင်သား။ ကြက်အမွေးတောင်မှ ငါ့အိမ်ရောက်မှ နုတ်တာ။ ဒါပေမဲ့ နင့်ကြက်တွေက အူတွေအသည်းတွေ မပါဘူး"

"ဟာဗျာ ... ပေါက်ပေါက်ရှာရှာ၊ ဒီမှာတစ်နေ့ ကြက်ဆယ်ကောင် သေနေလို့ စိတ်ညစ်နေရတဲ့အထဲ၊ ခင်ဗျားက တစ်မျောင့်"

ခေါင်းကိုတဗျင်းဗျင်းကုတ်ပြီး စိတ်ညစ်စွာဖြင့် ထွန်းတောက်ကပြော၏။

"အေး ... နင်သိအောင် ပြောလိုက်မယ်။ ငါတို့က ဟာလာလုပ်ပြီးမှ ကြက်ကို ရောင်းတာ။ အခုဟာက နင့်ကို အားနာတာကတစ်ကြောင်း။ ဈေးကလည်း ပေါ၊ ချောင်၊ ကောင်းနဲ့ရလို့ ဝယ်နေတာ။ အခုတော့ နင့်ကြက်တွေ သေမှာပေါ့။ ဗိုက်ထဲမှာ အူအသည်းမှ မရှိတော့ပဲ"

ဟု အမိနာက ကြက်ဗိုက်ထဲတွင် အူအသည်းများမပါကြောင်း ပြောရာတွင် ကျွန်တော်စိတ်ထဲအတွေးတစ်မျိုး ဝင်လာမိ၏။ ကျွန်တော့်အိမ်မှာလည်း ကြက်အကောင်နှစ်ဆယ်လောက်ရှိ၏။ ကျွန်တော့်သားက ကြက်တိုက်ဝါသနာပါသဖြင့် တိုက်ကြက်များ မွေးထားခြင်းဖြစ်သည်။

အမ,မရှိ၊ အထီးများသာရှိ၏။ ရန်ကုန်မြို့မှ တိုက်ကြက်ခေါင်းဆောင် (အောင်သန်းစိန်)နှင့် တွဲ၍ မွေးထားခြင်းဖြစ်၏။

ကျွန်တော့်သားသည် ထိုတိုက်ကြက်များကို ယိုးဒယားသို့ရောင်း၏။ ရန်ကုန်မြို့သို့လည်း ပို့၏။ တစ်ကောင်ရောင်း ခွပ်လက်ကြည့်ပြီးကြက်ဆိုလျှင် (၅၀၀၀၀)၊ (၆၀၀၀၀) ရ၏။

ထိုကြက်များကို ကြက်ခြံဖြင့် စနစ်တကျ မွေးထားခြင်းမဟုတ်။ အိမ်ဝိုင်းအတွင်းရှိ၊ သရက်ပင်၊ မာလကာပင်များပေါ်တွင် နေချင်သလိုနေ သွားချင်ရာသွား မွေးထားခြင်းဖြစ်ရာ နံနက်မိုးလင်းလာလျှင် သရက်ပင် မာလကာပင်အောက်တွင် ကြက်ချေးများပြည့်နေ၏။

ကောင်းတောကောင်းသည်။ ထိုကြက်ချေးများကို ကျွန်တော်တို့ မလဲ့ရ။ ကျွန်တော်တို့ အိမ်တောင်ဘက်တွင် မကွေး (၁)ရဲစခန်းရှိ၏။ ထိုရဲစခန်းထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ရောမကြီးမားလှသော ရေကန်ကြီးရှိ၏။ ထိုရေကန်သည် မိုးတွင်းအခါ ရေပြည့်ပြီး နွေနှင့်ဆောင်းတို့တွင် ရေမရှိ။

သို့သော် အအေးဓာတ်ခံကြောင့် ချုံပုပ်များ ရှင်သန်၏။ ထိုချုံပုတ်များထဲတွင် မြွေပေါင်းစုံနေ၏။ ထိုမြွေများထဲမှ (လင်းဝါ)လင်းမြွေ အဝါရောင်ကို ပြောခြင်းဖြစ်၏။ အဖိုအမ နှစ်ကောင်ရှိ၏။ နံနက် (၄) နာရီ၊ (၅) နာရီဆိုလျှင် ထိုမြွေနှစ်ကောင်က ကျွန်တော့်အိမ်မှ ကြက်ချေးများကိုလာ၍ စားတတ်၏။

"ဟော့ကောင် ထွန်းတောက်။ အခုမနက်ကော မင်းကြက်တွေသေနေသလား"

"သေနေလို့ ကျွန်တော် ဒေါပွနေတာပေါ့ဗျ ဦးလေးရ"

"အေး ... ဒါဖြင့် သွားကြည့်ကြရအောင်"

"ဘာကြည့်မှာလဲဗျ"

"မင်း ကြက်သေတွေထဲမှာ အူအသည်းရှိသေးသလားလို့ပေါ့ကွ"

"ပေါက်ပေါက်ရှာရှာဗျာ။ ကျွန်တော့် ကြက်တွေက စုန်းကဝေတွေလားဗျ။ အူအသည်းမရှိဘဲနေမလား"

"ကိုင်းပါ ... ငါ့တူရာ၊ သွားကြည့်ရအောင်ပါ"

လို့ပြောပြီး ထွန်းတောက်ရဲ့ ကြက်ခြံကို ကျွန်တော်တို့ ထွက်လာခဲ့၏။

ဥက္ကဋ္ဌနှင့် အမီနာလည်း လိုက်လာ၏။ ကြက်ဆယ်ကောင်က မာတောင်၍ပင် နေလေပြီဖြစ်၏။ နံနက် (၃)နာရီ (၄) နာရီလောက်က သေခဲ့ပုံပေါ်၏။

ကျွန်တော်က ကြက်မတစ်ကောင်၏ (ဖင်စအို)ကို ကြည့်လိုက်၏။ (စအို) ပွင့်နေပြီး မချိမဆန့်သေသွားရခြင်းဖြစ်၏။

"ဟော့ကောင် ထွန်းတောက်"

"ဗျာ"

"မနက်သုံးနာရီလောက်မှာ ကြက်တွေ ဝရုန်းသုန်းကားဖြစ်သံ မကြားဘူးလား"

"မကြားဘူးဗျ"

"ဘာသံမှကို မကြားဘူးလားကွ"

"ဩော် ... ဒီလိုဗျ။ 'အွတ်' 'အွတ်'နဲ့မည်သံအော်သံတော့ ကြားရတယ်။ ဆူဆူညံညံကြီးတော့လည်း မဟုတ်ဘူး"

"အေး ဒါဖြင့် ဒီနေ့ည မင်းမအိပ်ဘဲ တရားခံကို စောင့်ဖမ်းပေတော့"

"ဗျာ ..."

"နံနက်သုံးနာရီ။ ဒါမှမဟုတ်လေးနာရီလောက်မှာ လင်းဝါနှစ်ကောင် မင်းကြက်ခြံထဲ လာလိမ့်မယ်။ အဲဒီကောင်တွေ လက်ချက်ကွ"



www.burmeseclassic.com

www.burmeseclassic.com


"ဘာလဲ ဦးလေးရ။ ကျွန်တော်တို့ရပ်ကွက်နဲ့ ရဲစခန်း ဖြတ်ဖြတ်သွားနေတဲ့ ဟို လင်းမြွေနှစ်ကောင်လား"

"ဟုတ်တယ်"

နံနက်လင်းအားကြီးအချိန် လင်းမြွေကိုက်လျှင် ဖြေဆေးမရှိ၊ သေတတ်၏။ အခြားအချိန်များဆိုလျှင်တော့ လင်းမြွေကိုမကြောက်ရ။

ဤလင်းမြွေနှစ်ကောင်မှာ ကျွန်တော်တို့ရပ်ကွက်နှင့် ရင်းနှီးနေပြီဖြစ်၏။ ထိုနှစ်ကောင်မှာ ကျွန်တော်တို့ရပ်ကွက်ထဲသို့ ဝင်ချင်တဲ့အချိန်ဝင်၊ ထွက်ချင်တဲ့အချိန်ထွက်နေ၏။

မြွေအရှည်မှာ လက်ခုတ်တစ်ဖောင်ရှည်၏။ အတုတ်မှာ (၃) လက်မလောက်ရှိ၏။ ကလေးလူကြီး ဘယ်သူ့ကိုမှ မကြောက်။ ရန်လည်းမမူသဖြင့် ထိုမြွေနှစ်ကောင်နှင့် ကျွန်တော်တို့ရပ်ကွက်မှာ အပေါင်းအသင်းပင် ဖြစ်နေချေ၏။

ကျွန်တော်တို့သည် ကြက်တစ်ကောင်၏ ရင်ကိုခွဲကြည့်လိုက်သောအခါ အမိနာပြောသကဲ့သို့ပင် အူနှင့်အသည်းများ မရှိတော့သည်ကို တွေ့ရလေတော့သည်။ ကျွန်တော်၏ စိတ်ထဲတွင် 'ငှက်ပျောပင်စိုက် မိလိုက်ဖသာ'ကိစ္စ စပြီးဟု ထင်မြင်ယူဆပါသော်လည်း အိုင်တီခေတ်တွင် လူဖြစ်လာသော ကလေးများနှင့် မငြင်းမခုန်ချင်သဖြင့် ရေငုံနှုတ်ပိတ်နေလိုက်မိလေတော့သည်။

✿ ✿ ✿

[၂]

❑

"ကရင် ... ကရင် ... ကရင် ..."

ညဉ့်နှစ်နာရီတွင် နာရီထိုးစက်သံက ဆူညံစွာ ကြားလာရသဖြင့် ကျွန်တော်အိပ်ရာမှ ပြူးပြဲထမိသည်။

ဟိုကောင်ထွန်းတောက်က ဝီရိယရှိသည်။ လောက်လေးတစ်ချောင်းနှင့် မှောင်ရိပ်တွင်ထိုင်နေ၏။ ကြက်ခြံမှာ (၅၀) ဝပ်မီးလုံး၏ အလင်းရောင်ဖြင့် ကြက်များကို ကောင်းစွာမြင်နေရသည်။

"ရှူး ... ရှူး ... ရှူး ..."


www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ကို လက်ညှိုးတစ်ချောင်းဖြင့် ပိတ်၍ ကျွန်တော့်ကို အသံမထွက်ရန် သတိပေးသဖြင့် ငြိမ်သက်စွာဖြင့် ထွန်းတောက်၏အနီးသို့ ကျွန်တော်ဝင်ထိုင်မိသည်။ သူ လက်ညှိုးထိုး၍ ညွှန်ပြရာသို့ ကြည့်လိုက်သောအခါ လင်းဝါနှစ်ကောင်သည် ဝါးတန်းပေါ်တွင် အိပ်နေသော (၃)နေဆဲ ကြက်မများ၏အောက်သို့ ရောက်နေသည်ကို တွေ့မြင်ရ၏။

လင်းဝါနှစ်ကောင်သည် တစ်ကောင်လျှင် ကြက်မတစ်ကောင်ချင်းအောက်သို့ ရောက်နေကြပြီး ကြက်မ၏ ဖင်စအိုရှိရာသို့ တဖြည်းဖြည်း ရွေ့သွားပြီးနောက် ကြက်မ၏ ဖင်စအိုအား ၎င်းတို့၏လျှာများဖြင့် တို့ထိနေသည်ကို တွေ့မြင်ရ၏။

ကြက်မမှာ ယားသဖြင့် ဖင်ကို ဟိုရွှေ့ဒီရွှေ့ လုပ်နေ၏။ ပါးစပ်မှလည်း 'ကွက်' 'ကွက်' 'ကွက်' ဖြင့်အော်နေပြီး နေရာရွှေ့ပြောင်းသွား၏။ ထိုအခါ ဖင်ကို တို့နေသော မြွေက နောက်မှလိုက်သွားပြီး ထပ်၍တို့နေပြန်၏။

ကြာသော် ကြက်မသည် မနေနိုင်တော့ဘဲ ဥကိုဥ၍ချလိုက်၏။ ထိုဥချလိုက်သော ကြက်ဥမှာ ကြမ်းပျဉ်ပေါ်သို့မကျဘဲ မြွေ၏ပါးစပ်ထဲသို့ ကျသွား၏။

မြွေသည် ကြက်ဥကိုမျိုချပြီးနောက် ပွင့်နေသော ကြက်၏ဖင်စအိုအနားသို့ ကပ်လျက် (လျှာ)ကြီးကို ကြက်မ၏ အတွင်းထိုးသွင်းလိုက်၏။

"ကရော့"

"အွတ်"

"ဖောက်"

"ဖောင်း"

ဖြောင့်လိုက်သည့်လက်၊ ထွန်းတောက်၏ လောက်စာလုံးသည် ကြက်မ၏ဖင်ကို မော့၍စုပ်နေသော လင်းဝါမြွေကြီး၏ဦးခေါင်းကို ဖောက်ထွက်သွား၏။

မြွေနှစ်ကောင်ကို နှစ်ချက်ပဲ ပစ်လိုက်ရသည်။ နှစ်ကောင်လုံး ဦးခေါင်းပါးပျဉ်းပေါက်ထွက်သွားပြီး ကြမ်းပျဉ်ပေါ်တွင် လူးလိမ့်နေ၏။ ထွန်းတောက်သည် တော်တော်လျင်သည်။ အနားတွင်ရှိသော ထင်းခုတ် ဓားမကိုယူပြီး မြွေနှစ်ကောင်၏ ခေါင်းများကို ဖြတ်တောက်ပြီး သတ်လိုက်လေ၏။

မြွေနှစ်ကောင်၏ တဝုန်းဝုန်းတွန့်လိမ်နေသော အသံနှင့်အတူ ကြက်တွေလန့်ပြီး အော်သံများမှာ ကျွန်တော်တို့ရပ်ကွက်တစ်ခုလုံး ဆူညံသွားတော့၏။

မြွေနှစ်ကောင်သေသွားပြီဖြစ်၍ဖြင့် ကျွန်တော်လည်း နှုတ်ဆက်ပြီး အိမ်သို့ ပြန်ခဲ့လေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၃]

❑

မြွေသားများကို မိမိတစ်ခါစားယူထားပြီး လမ်းထိပ်မှ အရက်ဆိုင်သို့ သွားရောင်းရာငွေ (၃၀,၀၀၀) ကျပ်ရသည်ဟု ကြားရ၏။

ညနေပိုင်းတွင် ငှက်ပျောပင်အောက်၌ ဘီယာနှင့် မြွေသားမြည်း၍ စားသောက်နေသည်ကို တွေ့မြင်ရ၏။

ထိုမြွေသားစားပြီးနောက်နေ့တွင် သတင်းစာများ၌ စီးပွားဖြစ် မွေးမြူရေးလုပ်ကိုင်စားသောက်သူများ ရပ်ကွက်ထဲတွင် မွေးမြူရေးမလုပ်ရဘဲ၊ မြို့ပြင်သို့ထွက်ပြီး မွေးမြူရေးလုပ်ရန်ပါလာရာ။

ထွန်းတောက်တစ်ယောက် တစ်ရပ်ကွက်လုံးက စာပစ်ခြင်းခံရခြင်း၊ ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့မှ လူထုအော်သံအခန်းတွင် ဖော်ပြခံရခြင်းတို့ကြောင့် မြို့နှင့် (၃) မိုင်ဝေးသော (ဆားတိုင်ကန်) ရွာဘက်သို့ ကြက်ခြံကို ပြောင်းရွှေ့သွားရလေတော့၏။

ထိုနေရာသို့ရောက်သော် ကြက်တွေပျောက်ကုန်၏။ နာ၍လည်း သေကုန်၏။ စီးပွားရေး ပျက်လာတော့သည်။ ငှက်ပျောပင်တွေခုတ်ပစ်ဖို့ ပြောတော့လည်း လင်မယားနှစ်ယောက်စလုံးက လက်မခံ။ ထားမြဲထား၏။



www.burmeseclassic.com

www.burmeseclassic.com



မြွေသားတွေစားပြီး ထွန်းတောက်တစ်ယောက် တရှောင်ရှောင်ဖြစ်လာပြီး ကျန်းမာရေးချို့တဲ့လာ၏။ တစ်နေ့တခြား ပိန်၍လာပြီး မြွေသားစားပြီး သုံးလအကြာတွင် ငှက်ဖျားလိုလို၊ ပန်းနာရင်ကျပ်လိုလို ဖြစ်လာပြီး ဆေးရုံတက်ရသည်။

ဆေးရုံပေါ်တွင် တစ်လကြာသောအခါ ငှက်ဖျားဆေးများ အစားလွန်ပြီး သေဆုံးသွားတော့သည်။ ယောက်ျားသေဆုံးသွားသောအခါ မိန်းမမှာ ကလေးနှစ်ယောက်ဖြင့် လုပ်ကိုင်မစားတတ်ဖြစ်နေလေရာ သူငယ်ချင်းလင်မယားနှစ်ယောက်ကို အိမ်ငှားထား၍ မိသားစုနှစ်စု အတူနေထိုင်ကြ၏။

ဈေးဖိုးကလေး ချောင်ချောင်ရရှိသော (နှစ်လုံး) ဒိုင်ကလေး (၁၀၀၀) ကွက်ဖွင့်၍ရောင်းရာ၊ သူငယ်ချင်း၏ယောက်ျားက ကူညီ၍ ရောင်းချပေးလေရာ ...

ကြိုးချင်ထားကြိုးချင်းညီ အိုးချင်းထားအိုးချင်းထိဆိုသကဲ့သို့ မယားရှိလင်နှင့် ဖောက်ပြားကြလေ၏။ မယားကြီးက သိရှိသောအခါ အိမ်ပေါ်မှဆင်းသွားရာ ထိုယောက်ျားအား ထွန်းတောက်၏ မိန်းမက အပိုင်သိမ်းလိုက်သည်။

တစ်နေ့တွင် ပတ်ဝန်းကျင်လူများ၏ သတင်းပေးချက်အရ ရဲမှဝင်ရောက်ဖမ်းရာနှစ်လုံးထီများ ရောင်းနေခိုက် နှစ်ယောက်စလုံးမိသွားပြီး အဖမ်းခံရ၏။

ထွန်းတောက်၏ မိန်းမသည် ထိုချဲထီကို မိမိတစ်ဦးတည်းသာ ရောင်းချပါကြောင်း ဝန်ခံသဖြင့် လင်ငယ် လွတ်သွား၏။

ရှေ့နေငှားပြီး တရားရင်ဆိုင်ရာတွင် ငွေများ အဘက်ဘက်မှ လှည့်ထွက်နေသဖြင့် အိမ်ကြီးကို ရောင်းချလိုက်ရတော့သည်။

အိမ်ကြီးသာ ပြုတ်သွားသည်။ အမှုက မပြီးသေး။ ဒီနေ့ထိ မပြီးသေး။

နောက်ရောက်လာသော အိမ်ရှင်များက အသီးများဝေဝေဆာဆာ သီးနေသော ငှက်ပျောပင်များကို ခုတ်ထွင်ရှင်းလင်းလိုက်လေတော့၏။

''ရှေးထုံးလည်းမပယ်နှင့်''

''ဈေးသုံးလည်း မလွယ်နှင့်''

ဟု ရှေးလူကြီးသူမတို့က မှတ်သားလောက်သော စကားပုံများထားခဲ့၏။ ကောသလအိပ်မက် တစ်ဆယ့်ခြောက်ချက်လည်း ထားခဲ့၏။

မယုံလို့မရ၊ လက်တွေ့ကြုံတွေ့နေကြရသည်။

ထွန်းတောက်သည် ကျွန်တော့်စကားကိုသာ နားထောင်ခဲ့မည်ဆိုလျှင် ဤသို့ ဖြစ်ကောင်းမှ ဖြစ်ပေလိမ့်မည်။

''ငှက်ပျောပင်စိုက်''



www.burmeseclassic.com

www.burmeseclassic.com



"မိလိုက်ဖသာ"

ဆိုသော ရှေးကပညာရှိများတားမြစ်ခဲ့သော စကားကို ယုံကြည်ခဲ့မည် ဆိုလျှင် ထွန်းတောက်တစ်ယောက် ဤသို့ ဖြစ်လာလိမ့်မည်မဟုတ်ဟု ထင်မြင်ယူဆမိပါသည်။ ။

စာဖတ်သူတို့ သတိတရားရရှိကြပါစေ။

သဗ္ဗေ၊ အနိစ္စ၊ သခါရ

**မကျေးညိုစိမ့်**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# [ ၁ ]

❑

အနော်ရထာလမ်းမကြီးပေါ်မှာ လူများ၊ ကားများ ပျားပန်းခပ်မျှ လှုပ်ရှားနေကြပြီး ဆူညံသောအသံမျိုးစုံသည် ခေတ်မီတိုက်သစ်ကြီးဖြစ်သော 'ပြည့်သူ့ဟစ်တိုင်' ဂျာနယ်တိုက်ရှိရာ ငါးထပ်ပေါ်သို့ပင် တက်လာ၏။

မနက်ခင်းလေပြည်နှင့်အတူ တိုက်ကြီး၏ မြောက်ဘက်တွင်ရှိနေသော ရန်ကုန်ဘူတာကြီးမှ ရထားများ၏ ဒီဇယ်စက်သံ၊ ဟွန်းသံများကိုလည်း ဖောက်ထွင်းကြားနေရ၏။

ပြည့်သူ့ဘက်မှ အမြဲတမ်းရပ်တည်သော 'ပြည့်သူ့ဟစ်တိုင်'ဂျာနယ်မှာ စောင်ရေများစွာရိုက်နှိပ်ရပြီး အောင်မြင်နေသော ဂျာနယ်ဖြစ်၏။ မကြာခင်သတင်းစာအဖြစ် ပြောင်းလဲထုတ်ဝေရန် သူတို့အယ်ဒီတာအဖွဲ့ တာစူနေချိန်။

ယနေ့ ဂျာနယ်ဖောင်ပိတ်ရက်မို့ တာဝန်ခံအယ်ဒီတာဖြစ်သော ဦးတင့်ထွန်းမနက်လင်းသည့်တိုင် အိမ်သို့မပြန်နိုင်သေးဘဲ ဂျာနယ်တိုက်မှာပင်အိပ်ပြီး အရေးပေါ်ဝင်လာမည့် အချုပ်ပိုသတင်း ရိုက်နှိပ်ရန်အတွက် တက်ကြွစွာ စောင့်ဆိုင်းနေခဲ့သည်။ အမြို့မြို့အနယ်နယ်မှာ ရှိကြသော သတင်းထောက်များထံမှ ထူးခြားသောသတင်းများဝင်လာလျှင် ဂျာနယ်အတွက် အားဆေးတိုက်ကျွေးသလိုရှိတတ်၏။



www.burmeseclassic.com

www.burmeseclassic.com


ထိုစဉ် ရုတ်တရက် သူ့ရှေ့အင်တာနက်ပေါ်မှ ပုံရိပ်တွေထင်လာ၏။ ကြောက်မက်ဖွယ်ရာ အသံဗလံများလည်း ပေါ်လာ၏။

"ဝိုး ..."

"ဂုန်း ..."

"ဒုန်း ... ဒုန်း ..."

"ခွမ်း ..."

"ချလွမ် ... ချလွမ် ..."

"ဂွမ်း ..."

လမ်းပေါ်တွင်ရပ်ထားသော ကိုယ်ပိုင်ကားမျိုးစုံမှ ရှေ့မှကားသည် တိုက်ခန်းတစ်ခုဆီကို ဦးတည်ဝင်ရောက်သွားပြီး တိုက်ခန်းရှေ့ရှိုးကေ့စ်မှန်တံခါးအား အရှိန်နှင့် ဝင်တိုက်လိုက်ခြင်းဖြစ်၏။

ထိုကားသည် ထိုမျှနှင့်မရပ်ဘဲ ပေါက်ထွက်သော မှန်ချပ်မှ အတွင်းသို့ဝင်သွားပြီး ထိုတိုက်ခန်း၏ အလယ်တိုင်လုံးတစ်လုံးနှင့် ဝင်တိုက်ပြီးမှ ရပ်တန့်သွားလေသည်။

"အလို ... ဘုရားရေ၊ မနက်အစောကြီး အရက်မူးပြီးမောင်းတဲ့ ယာဉ်မောင်းကြောင့် ကားတိုက်မှုတစ်ခုတော့ ပေါ်လာပြီ"

ဦးတင့်ထွန်းနှုတ်မှ ထိုသို့ရေရွတ်လိုက်စဉ် ကားတိုက်မှုမှာ ထိုမျှနှင့် ရပ်တန့်မသွား။ နောက်ထပ်ကားတစ်စင်းသည် ရှေ့မှကားထဲသို့ အရှိန်ပြင်းစွာဝင်လာပြီး စောစောကပေါက်ထွက်သွားသော မှန်ပြတင်းပေါက်ကြီး အတိုင်းထိုးကာ ရှေ့မှကားဖင်ပိုင်းကို ဝင်ဆောင့်ပြီး ရပ်တန့်သွားသည်။

"ဂူး ..."

"ဝေါ ... ဝရော ... ရော ..."

"ဒုန်း ..."

"ဂွမ်း ..."

"ဟာ ... နောက်တစ်စီးပါလား၊ ဘယ်လိုဖြစ်တာပါလိမ့်"

ဦးတင့်ထွန်းနှုတ်မှ အာမေဍိတ်သံဖြင့် ရေရွတ်လိုက်စဉ် နောက်မှ ကားတစ်စီးသည် ရှေ့ဦးတူစွာ ဝင်လာပြန်၏။

ထိုကားကိုမြင်တော့မှ မိန်းမောနေသောသူ့ကို ပုတ်နိုးလိုက်သလို နိုးထသွားတော့သည်။

"ဟင် ... ဒီကားက ငါ့ကားပဲ"


www.burmeseclassic.com

www.burmeseclassic.com


သူ၏ LAND CRUSER PRADO TZ ကိုမြင်လိုက်ရမှ ချောက်ချောက်ချားချား တုန်လှုပ်သွားခြင်းပင်။ သူ့ကားကို သူ လမ်းထိပ်တစ်နေရာတွင် ရပ်နားထားခဲ့စဉ်က အသေအချာ သော့ခတ်ထားခဲ့သည်။

ညပိုင်းကားရပ်နားရန် နေရာများတွင် ကားပိုင်ရှင်တို့၏ ကိုယ်ပိုင်ကားများ ညအချိန်ရပ်နားထားချိန်မို့ ကိုယ့်အလုပ်တိုက်ရှေ့မှာ ကိုယ့်ကားကို ရပ်နားထားချင်တိုင်း ရပ်နား၍မရ။ လမ်းမပေါ်ရှိ နေရာလွတ်တစ်ခုခုမှာ ဦးရာလူ ရပ်ရလေ့ရှိသည်။

ကားသူခိုးများရန်ကြောင့် ကားအစောင့်များကို ငွေပေး၍ လခစားအဖြစ် သူ့အပိုင်းနှင့်သူ ငှားရမ်းထားရလေ့ရှိ၏။ လမ်းပိုင်းတစ်ပိုင်းတွင် ကားအစောင့်ဒရဝမ်တစ်ဦးကျစီ။

သူ့ကားကို သူ့အလုပ်တိုက်ရှေ့ တစ်လမ်းကျော်မှာ ညဦးပိုင်းက ရပ်နားထားခဲ့ရခြင်းဖြစ်၏။ သတင်းသမား၊ ဂျာနယ်သမားဆိုတာက အရေးပေါ်အကြောင်းကိစ္စပေါ်လျှင် ချက်ချင်းထွက်ရသည်မို့ ကားအိပ်ခြင်ထောင်ပင် အုပ်ဆိုင်းခြုံလွှမ်းမထားခဲ့ချေ။ ခုတော့ ...

သူ၏ လင့်ခရူဇာပါရာဒိုတီဇက်သည် သူ့ရှေ့မှ ကားနှစ်စီးကဲ့သို့ အရှိန်နှင့်မောင်းထွက်ပြီး ရှေ့မှမောင်းဝင်တိုက်ခွဲသွားသော ကားနှစ်စီးကဲ့သို့ ထိုးဝင်ကာ ထိုကားနှစ်စီး၏ဖင်ပိုင်းကို ဝင်တိုက်ပြီး ရပ်တန့်သွားလေ၏။

"ဝုန်း ..."

"ဒိုင်း ..."

"ခွမ်း ..."

"သွားပါပြီကွာ။ သိန်းသုံးရာ့ငါးဆယ်"

သူ အထိတ်တလန့်နှင့် အော်လိုက်မိသည်။

ထိုကားကို သူသည် အမှန်တကယ်ပဲ ရောဝတီဘဏ်နှင့် ချိတ်ဆက်၍ PAING PAING AUTO မှ ဝယ်ယူခဲ့သည်မှာ မကြာခဲ့သေးချေ။ ထို့ကြောင့် သူဆုံးရှုံးသွားမည့် ငွေကြေးများအတွက် နှမြောတသစွာ အော်ဟစ်ညည်းတွားမိသည်။

ထိုသို့ ညည်းတွားခြင်းနှင့်အတူ သူထိုင်နေရာ ဆုံလည်ပေါ်မှ ရုတ်ခြည်းထရပ်လိုက်မိသည်။ သူ့ဘေးစားပွဲမှာ သူနှင့်အတူရှိနေသော လုပ်ဖော်ကိုင်ဖက် အယ်ဒီတာအဖွဲ့ဝင်ကလေးတွေကလည်း အံ့အားတသင့် သူ့ကိုလှမ်းကြည့်သည်။

"ဆရာ ... ဘယ်လိုဖြစ်တာလဲ၊ သတင်းဝင်ပုံကလည်း ထူးထူးခြားခြားကြီး"


www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ ... ငါ့ကားကို ငါ အသေအချာ လော့လုပ်ထားတာပဲ။ သော့တွေက စပယ်ရှယ်တွေချည်း။ မောင်းသူမပါဘဲ ဘယ်လိုမောင်းဝင်ပြီး ရှေ့ကားတွေကို ဝင်တိုက်ရတာလဲ။ စဉ်းစားမရအောင် ... ဟော နောက်ကတစ်စီး"

"ဝူး ... ဝူး ..."

"ဝေါ .."

"ဒုန်း ..."

"ဒုတ် ..."

"ဂွမ်း ..."

"ဟာ ... ဒီကားက အရှိန်ပိုပြင်းတယ်ဗျ။ LAND CRUSER VX LIMITED ကြီးကွ။ ကားတွေအားလုံး သွားပါပြီကွာ"

ဦးတင့်ထွန်း အော်ပြောရင်း ဂျာနယ်ရုံးခန်းမှ အပြေးတစ်ပိုင်းထွက်လာခဲ့သည်။

✿ ✿ ✿

[၂]

❑

ဦးတင့်ထွန်း ဂျာနယ်တိုက်ရုံးခန်းမှအထွက် အရေးပေါ်ဓာတ်လှေကားနှင့်ဆင်းရန် ဓာတ်လှေကားဝမှာ ရပ်လိုက်သည်။ သူ့တိုက်ရှိရာ အနော်ရထာတာဝါမှာ ၁၈ ထပ်ရှိ၍ ဂျာနယ်တိုက်ရုံးခန်း အယ်ဒီတာအဖွဲ့ကို ၉ ထပ်မှာ ဖွင့်လှစ်ထားခြင်းဖြစ်၏။ ဓာတ်လှေကားမှာ အပေါ်ထပ် ၁၈ ထပ်သို့ ရောက်နေကြောင်း ဓာတ်လှေကားမော်နီတာက ပြနေသည်။

သူ ၉ ထပ်အချက်ပြခလုတ်ကို လှမ်းနှိပ်ကာ ဓာတ်လှေကားပြန်ဆင်းအလာကို ဓာတ်လှေကားတံခါးဝမှာ စိတ်မရှည်နိုင်စွာနှင့်ရပ်စောင့်နေလိုက်သည်။

သည်အခိုက် သူ့ဘောင်းဘီအိတ်ထဲမှ ဆယ်လူလာ လက်ကိုင်ဖုန်းခါသံမြည်လာ၏။



www.burmeseclassic.com

www.burmeseclassic.com


"ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဘေးရန်ကာဆီးမည်"

"လူမွဲတွေက မနေ့ခေတ်မီ သူဌေးဖြစ်တော့မည်"

အချက်ပေးသံကို ကိုယ့်သင်္ကေတနှင့်ကိုယ် ထည့်ထားခြင်းမို့ လက်ကိုင်ဖုန်းကို ဘောင်းဘီအိတ်ထဲမှထုတ်၍ နားထောင်လိုက်သည်။

"ဟုတ်ကဲ့ ... ပြောပါ။ ကျွန်တော် ပြည်သူ့ဟာစ်တိုင် အယ်ဒီတာချုပ် ဦးတင့်ထွန်းပါ"

"ဩော် ... ဦးတင့်ထွန်း ... ဟား ... ဟား ..."

တစ်ဖက်မှ သူ့နာမည်ကိုရေရွတ်ပြီး သဘောကျစွာ ဟက်ဟက်ပက်ပက်ရယ်လိုက်သံမှာ သူ့ကို သရော်လှောင်ပြောင်နေသည့်နှယ်။

ထို့ကြောင့် သူ စိတ်မရှည်။

"ဘာလဲဗျာ့ ... ခင်ဗျား ဘာကိုရယ်နေတာလဲ"

"ရယ်တယ်ဆိုတာ သဘောကျလို့ပေါ့ဗျာ ... ဟား ဟား ဟား"

"ဒီမှာကိုယ့်လူ သဘောကျလို့ရယ်တယ်ဆိုတော့ ကျုပ်ကိုသဘောကျရင် ခင်ဗျားအိမ်ကိုခေါ်သွားပြီး ခင်ဗျားညီမနဲ့ကျုပ်ကို ပေးစားလိုက်ပါလား"

"ကျုပ်မှာ ညီမ မရှိဘူး။ အဒေါ်မုဆိုးမကြီးတော့ ရှိတယ်"

"အဲဒီကြီးဆိုရင် ကိုယ့်လူဘာသာကိုယ့်လူ ပြန်ယူလိုက်ပါလား"

"ဟား ... ဟား ... ဟား ... ခင်ဗျား တော်တော်စိတ်တိုနေတာပဲ။ ကျနော့တော့ ခင်ဗျားရဲ့ သိန်း ၃၅၀ တန် လင့်ခရူဇာပါရာဒိုဒ် တီဇက်ကြီး သုံးမရလောက်အောင် ပျက်စီးသွားတာကို ခင်ဗျားရဲ့ အင်တာနက်မှာ မြင်လိုက်ရလို့နဲ့တူတယ်။ ဟား ... ဟား ... ဟား ..."

"ဟင် ... ဟင် ... ခင်ဗျား ဒီလောက်တောင် သိနေပုံထောက်တော့ အဲဒီကိစ္စတွေဟာ ခင်ဗျားလက်ချက်တွေပေါ့ ဟုတ်လား"

"ကျုပ်လက်ချက်တော့ မဟုတ်ဘူး။ ဒါပေမဲ့ ကျုပ်အစီအမံနဲ့ ကျုပ်ခိုင်းစေတာတော့ ဟုတ်တယ်"

"ခင်ဗျားအစီအမံ၊ ခင်ဗျားစေခိုင်းတာ ... ဟုတ်လား"

"ဟုတ်သပေါ့ဗျာ ... သိပ်ဟုတ်"

"ခင်ဗျား ဘယ်လိုစီမံပြီး ဘယ်သူ့ကို ခိုင်းစေတာလဲ"

"ကျုပ်ရဲ့ ဂမ္ဘီရပညာနဲ့စီမံပြီး ခင်ဗျားတို့ကားတွေကို ပုဏ္ဏကတိုက်လိုက်တာပဲ"

"ဘာဗျာ့ ... ဘာ ... ဘာ ... ပုဏ္ဏကတိုက်လိုက်တာ ဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ပုဏ္ဏကတိုက်လိုက်တာ"

"ထွီ ... မဖြစ်နိုင်တာ။ ဒီခေတ်ကြီးထဲမှာ ခင်ဗျား သောက်ရူးလား"

"ကျုပ် ရူး,မရူး ခင်ဗျား အခင်းဖြစ်တဲ့နေရာကိုရောက်ရင် မျက်ဝါးထင်ထင် တွေ့ရပါလိမ့်မယ်။ ခုလိုခေတ်ကြီးထဲမှာ အီလက်ထရောနစ် သိပ္ပံပညာနဲ့ ဂမ္ဘီရ ပညာကို ပူးတွဲအသုံးချပြီး ကျုပ်စမ်းသပ်နေတာ။ ခု အောင်မြင်သွားပြီ။ အောင်မြင် သွားပြီ ... ဟား ... ဟား ... ဟား ..."

"အလကား ... ခွေးမသား ... သောက်ရူး"

ဦးတင့်ထွန်း တစ်ဖက်မှ ဖုန်းပြောသူကို ပြစ်ပြစ်နှစ်နှစ်၊ ပယ်ပယ်နယ်နယ် ဆဲပစ်လိုက်သည်။

ပြီးတော့ တစ်ဖက်မှ ဖုန်းပြောသူ၏ ဖုန်းနံပါတ်ကို မှတ်တမ်းခလုတ် မှာဖမ်းပြီး မှတ်ထားလိုက်သည်။

ဖုန်းကို ပိတ်ပစ်ကာ ဘောင်းဘီအိတ်ထဲ ပြန်ထည့်သည်။

ထိုစဉ် ဓာတ်လှေကား ကိုးထပ်သို့ရောက်လာပြီး အော်တိုတံခါးပွင့်သွား သဖြင့် ဓာတ်လှေကားထဲဝင်ကာ ဆင်းလာခဲ့သည်။

✿ ✿ ✿

[၃]

❑

ဦးတင့်ထွန်း မြေညီထပ်သို့အရောက် ဓာတ်လှေကားမှထွက်ပြီး တာဝါ၏ ခန်းမကိုဖြတ်ကာ တိုက်အပြင်ဘက် လမ်းမပေါ်ရှေးရှုလာခဲ့သည်။

အပြင်ဘက်တွင် အရုဏ်ဦးက မလင်းတလင်း။

သို့သော် ရန်ကုန်မြို့ကြီး၏ထုံးစံ လူသူတွေ၊ ကားတွေ စတင်လှုပ်ရှားနေ လေပြီ။ သူ၏ လင့်ခ်ရှုဗာပါရာဒိုက် ကွန်ဒိုမီနီယံအား ထိုးဖောက်ဝင်ရောက်ရ ရာကုန်တိုက်သို့ လမ်းတစ်လမ်းကျော်လောက် လျှောက်လှမ်းသွားရပေဦးမည်။

သူ ခပ်သွက်သွက်ပင် လျှောက်သည်။



www.burmeseclassic.com

www.burmeseclassic.com


"ဘုန်း ..."

"အင့် ..."

"အား ... အား ... အား ..."

သန်မာထွားကျိုင်းသော သူ၏ကိုယ်လုံးကြီးဖြင့် တစ်စုံတစ်ယောက်ကို ဝင်၍ တိုက်လိုက်မိပြီး ထိုတစ်စုံတစ်ယောက်မှာ လွင့်စဉ်ထွက်သွားပြီး တအားအား ပင် တသွားရသည်။ သူက အရင်က အားကစားသမားဖြစ်ခဲ့ဖူး၍ ကိုယ်လုံးကိုယ်ထည် ကလည်း တောင့်တင်းကြံ့ခိုင်သူဖြစ်ပေသည်။

လွင့်စဉ်ထွက်သွားသူကို သူ တစ်ချက်လှမ်းကြည့်လိုက်တော့ ဆံပင်ဖားလျား မုတ်ဆိတ်မွေးထူလပျစ်နှင့် ကုလားဘုန်းကြီးလိုလို ဖကီးယောဂကြီးလိုလို တောင်ဝှေးကြီးတစ်ချောင်းနှင့် ခွေလဲကျနေသော ကုလားအဘိုးကြီးကို တွေ့လိုက်ရသည်။

ပင်ကိုစိတ်ကောင်းရှိသောသူ စိတ်မကောင်းဖြစ်ကာ ထိုဖကီးအဘိုးကြီးကို သူ လှမ်းဆွဲပြီး ထူမပေးလိုက်ရသည်။

"ဆောရီး ... ဘာဘာကြီး၊ သိပ်နာသွားသလား။ ကျွန်တော် တောင်းပန်ပါတယ် ခင်ဗျား။ ကျွန်တော် အရေးတကြီးထွက်လာလို့ ဖြစ်ရတာပါ"

ဖကီးအဘိုးကြီးက အလိုက်သင့်ထရပ်ရင်း ခေါင်းကိုခါယမ်းကာ ပြန်ပြောသည်။

"ကိစ္စမရှိပါဘူး ... ဘေတား။ စိတ်ဒုက္ခရောက်နေတဲ့လူဟာ ဒီလိုချည်းပါပဲ။ စိတ်ကောင်းရှိတဲ့ ဘေတားကို မဟာပိန္နဲစောင့်ရှောက်ပါစေ။ မဟာပိန္နဲဘုရားကို အချိန်ရရင် ဝင်သွားပါ။ ပန်းဆိုးတန်းနဲ့ ဗန္ဓုလလမ်း ထောင့်မှာရှိတဲ့ မဟာပိန္နဲဘုရားကို သိတယ်မဟုတ်လား။ အဲဒီမှာ အုန်းသီးတစ်လုံးခွဲ၊ ငှက်ပျောသီးတစ်ဖီးနဲ့ ကန်တော့လိုက်"

"အေးဗျာ ... ဘာဘာကြီး၊ ကျွန်တော့်ကိုညွှန်ပြတာ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်က ဗုဒ္ဓဘာသာစစ်စစ်ပဲ။ ဗုဒ္ဓဘာသာမှ ထေရဝါဒဗုဒ္ဓဘာသာဗျ။ အရောအနှောနတ်တွေ သရဲတွေနဲ့ ပတ်သက်နေတဲ့ကောင် မဟုတ်ပေဘူး။ ဒါကြောင့် ဘာဘာကြီးပြောတဲ့ မဟာပိန္နဲကို မသွားနိုင်ဘူး"

"မဟာပိန္နဲကို သွားပြီး မကန်တော့ရင်လည်း ရပါတယ်။ အဲဒီ မဟာပိန္နဲဝင်းထဲမှာ ဘေတားကြီးတို့ ဗုဒ္ဓဘာသာ ဘုရားတစ်ဆူရှိတယ်။ အဲဒီဘုရားဟာ အရင်က ရှေးဟောင်းစေတီငုတ်တိုလေးတစ်ဆူကို ပြန်တည်ထားတာ။ အဲဒီဘုရားကိုသွားပြီး ကန်တော့လိုက်ပါ"

www.burmeseclassic.com



"ဒါဆိုရင်တော့ သွားကန်တော့လိုက်ပါ့မယ် . . . ဖကီးကြီး။ ဖကီးကြီး ခုလို အကြံဉာဏ်ပေးတာ ကျေးဇူးတင်ပါတယ်"

ဦးတင့်ထွန်းသည် ပြောရင်းက သူ့အိတ်ထဲမှ ငွေတစ်ထောင်တန်တစ်ရွက်ကိုထုတ်ပြီး ဖကီးကြီးအား ဆုချသလို ထုတ်၍ပေးသည်။

"ခုလို ခရီးကြုံခိုက် ကောင်းသောအကြံဉာဏ်ပေးတာကို ကျေးဇူးတင်တဲ့အနေနဲ့ ဒီငွေကို လက်ခံပါခင်ဗျာ"

ဆင်းရဲငတ်ပြတ်နေပုံရသော အိန္ဒိယယောဂီဖကီးကြီးက သူပေးသည့်ငွေကို လက်မခံသည့်အပြင် လက်ဖျားနှင့်ပင်မတို့ချေ။

"ဒီငွေကို ဘာဘာကြီး လက်မခံပါရစေနဲ့။ ပိုက်ဆံဆိုတာ သူတော်ကောင်းတွေကို ဖျက်ဆီးပစ်တတ်တဲ့ အဆိပ်တုံးတွေပဲကွယ့်"

အိန္ဒိယယောဂီဖကီးကြီးသည် ဦးတင့်ထွန်းအား ထိုသို့ နောက်ဆုံးပြောပြီး ဦးတင့်ထွန်းရှေ့မှနေ၍ သူ မျက်နှာမူရာအရပ်သို့ ပြန်ထွက်သွားလေသည်။

ဦးတင့်ထွန်းသည် ထိုထူးဆန်းသော အိန္ဒိယယောဂီဖကီးကြီးအား ဘာမှမပြောတော့ဘဲ သူ့လက်ထဲမှ ငွေတစ်ထောင်တန်ကို အပေါ်အင်္ကျီအိတ်ထဲပြန်ထည့်ကာ သူလည်း သူမျက်နှာမူထွက်လာရာအရပ်သို့ ထွက်လာခဲ့သည်။

✿ ✿ ✿

# [၄]

❑

ဦးတင့်ထွန်းသည် ဆက်လျှောက်လာရင်းက စဉ်းစားလာခဲ့သည်။
ဒီနေ့မနက် ဘာတွေဖြစ်နေရတာလဲ။
ဒီယောဂီဖကီးကြီးက ဘယ်ကဘယ်လို ရောက်လာရတာလဲ။
စဉ်းစားရတော့ တော်တော်ကြပ်နေသည်။
ပြီးတော့ . . .
သူ၏ လင့်ခရွှေဇာ ပါရာဒိုက်ကားကိစ္စ။



www.burmeseclassic.com

www.burmeseclassic.com


သို့နှင့် သူသည် သိပ်မဝေးသော ကုန်တိုက်ကြီးရှေ့သို့ ရောက်သွား၏။ ထိုကုန်တိုက်ကြီးရှေ့မှာတော့ ထူးထူးဆန်းဆန်းဖြစ်ရပ်တွေက သူ့ကို စောင့်စားလျက်နေလေတော့သည်။

အင်တာနက်ဖေ့စ်ဘုတ်မှာ သူမြင်တွေ့ရသည့်အတိုင်း။

ကုန်တိုက်ကြီး၏ ရှိုးကေ့စ်မှန်ချပ်ကြီးသည် ပေါက်ကွဲပြိုကျလျက်ရှိပြီး ကားငါးစီးခန့် အဆီအငေါ်မတည့်စွာ အတွင်းပိုင်းသို့ ဖောက်ဝင်လျက်ရှိပြီး တစ်စီးကိုတစ်စီး နောက်ပိုင်းမှ ဝင်၍ဝင်၍ ဆောင့်တိုက်ကာ အပျက်အစီးများစွာနှင့် ရပ်တန့်လျက်ရှိကြသည်။

ကုန်တိုက်ကြီး၏ရှေ့မှာ ရဲတွေ၊ လုံခြုံရေးတွေ ရောက်နေသလို အတွင်းဘက်မှာလည်း ရဲတွေရောက်နေသည်။ ကုန်တိုက်အပြင်ဘက်မှာ ရဲကားတစ်စီးနှင့် မီးသတ်ကားတစ်စီး။

ညဘက် ကားစောင့်ရသော လုံခြုံရေးကားဒရဝမ်အား တာဝန်ကျရဲက စစ်မေးလျက်ရှိသည်။

"ဒါတွေဖြစ်ပျက်နေတုန်း ခင်ဗျား ဘာလုပ်နေသလဲ"

"ကျွန်တော် ကားစောင့်လုံခြုံရေးကင်းတဲမှာ ရေနွေးကြမ်းသောက်နေပါတယ်ခင်ဗျာ့"

"အင်း ... ဆက်ပြောပါဦး"

"ပထမတော့ ကျွန်တော် ဘာမှမသိပါဘူး။ ရှေ့ဆုံးက ကားတစ်စီး တံခါးပိတ်သော့ခတ်လျက်နဲ့ ဂူးခနဲမောင်းထွက်သွားပြီး ကုန်တိုက်ရှိုးကေ့စ်မှန်တံခါးကြီးကို ဝုန်းခနဲဝင်တိုက်ပြီး ဖောက်ဝင်သွားပါတယ်"

"အဲဒီကားကို မောင်းတဲ့လူက ဘယ်သူလဲ"

"ဘယ်သူမောင်းသွားသဲလဲဆိုတာ မသိလိုက်ရဘဲ ဇဝေဇဝါဖြစ်နေတုန်း နောက်ထက်ကားတစ်စီးလည်း အဲဒီလို စက်ရှိန်ပြင်းပြင်းနဲ့ မောင်းထွက်သွားပြီး ရှေ့ကကားရဲ့ လမ်းကြောင်းအတိုင်း နောက်ကပါသွားလို့ လှမ်းကြည့်လိုက်မိတော့ ကားကိုမောင်းတဲ့လူ ပါမသွားဘူးဆိုတာ သိလိုက်ပါတယ်"

"ခင်ဗျား အရူးပဲ။ မောင်းတဲ့လူ ပါမသွားဘဲ ကားကစက်ရှိန်မြှင့်ပြီး ထွက်သွားပါ့မလားဗျာ"

"ဆရာတို့ အရူးလို့ ပြောရင်ခံရမှာပဲ။ ကျွန်တော်မြင်တာကတော့ အဲဒီအတိုင်းပဲ"

"ဒါဖြင့် နောက်ထပ်ကားတွေကကော ..."


www.burmeseclassic.com

www.burmeseclassic.com



"အဲ ... နောက်ထပ်ကားနှစ်စီးလည်း အဲဒီအတိုင်းပဲ။ အဲဒီကားနှစ်စီးကျတော့ မောင်းသူ လုံးဝမပါဘူးဆိုတာ သေချာသွားပြီဗျာ။ ကျွန်တော် ကားစောင့်လုံခြုံရေးလုပ်တာ ၁၀ နှစ်ရှိသွားပါပြီ။ ဒီအဖြစ်မျိုး တစ်ခါမှ မကြုံဖူးပါဘူးဗျာ။ ဆရာတို့ပြောသလို ကျွန်တော် ရူးချင်လာပြီဗျာ"

ဦးတင့်ထွန်းသည် ကားစောင့်လုံခြုံရေး ပြောဆိုနေသောစကားနှင့် ရဲများ၏စစ်ဆေးချက်ကို နားထောင်နေရင်း ဘာမျှဝင်မပြောသေးဘဲ အခြေအနေကို လေ့လာနေမိလေသည်။

ရဲအရာရှိက ကားစောင့်လုံခြုံရေးကို စစ်မေးပြီးနောက် ကုန်တိုက်အစောင့်လုံခြုံရေးများကို စစ်မေးနေပြန်သည်။

ညစောင့် လုံခြုံရေးများကလည်း ကားစောင့်လုံခြုံရေးလို ထွက်ဆိုနေကြပြန်သည်။

"ကျွန်တော်တို့ လုံခြုံရေးကျတဲ့ ကုန်တိုက်ရှေ့ဝင်ပေါက်မှာ တံခါးပိတ်ပြီး ထိုင်နေကြတုန်း ဟိုဘက်က မှန်တံခါးရှိုးကေ့စ်ကြီးဆီက ဂုန်းခနဲဆိုတဲ့ အသံကြီး ကြားရပြီးတဲ့နောက် မရှေးမနှောင်းပါပဲ။ ကားတွေ ဆက်တိုက်ဝင်လာပြီး အဲဒီ အလယ်တိုင်ကြီးနဲ့ ဝင်တိုက်ပြီး တစ်စီးနဲ့တစ်စီး ဝင်တိုက်ရပ်သွားကြတာပါပဲ"

"ကားတွေကို မောင်းလာတဲ့သူကိုကော တွေ့ကြသလား"

"မတွေ့ဘူးဗျာ့"

"ကားတွေတိုက်မိပြီး ရပ်သွားကြတဲ့နောက် ကားတံခါးဖွင့်ပြီး ဆင်းလာတဲ့သူ တစ်ယောက်ယောက်ကောဗျာ"

"တစ်ယောက်မှ မတွေ့ပါဘူးဗျာ"

"ဟူး ... တော်တော်ခက်တာပဲ။ သက္ကရာဇ် ၂၀၃၀ မှာ ဒီအမှုကြီးဟာ ပထမဆုံးနဲ့ အင်မတန်ထူးခြားတဲ့ အမှုကြီးပါပဲဗျာ။ ဟာ ... ဆရာ၊ ဆရာလည်း ဒီထူးခြားတဲ့အမှုကြီးကို သတင်းကြားတာနဲ့ သတင်းရေးဖို့ ကိုယ်တိုင်လိုက်လာတာလား"

ရဲအရာက လုံခြုံရေးများကို စစ်မေးနေရာက ပြည်သူ့ဟစ်တိုင် အယ်ဒီတာချုပ် ဦးတင့်ထွန်းအားမြင်သွားပြီး သတင်းကိစ္စနှင့် သိထားသူများပီပီ လှမ်း၍ မေးလိုက်သည်။

"သတင်းယူဖို့ ရောက်လာရတာ မဟုတ်ပါဘူးဗျာ။ အဲဒီလိုဖြစ်တဲ့ကားတွေထဲမှာ ကျွန်တော့်ကားပါ ပါသွားလို့ ရောက်လာရတာပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဆရာ့ကားပါ ပါတယ်ဟုတ်လား။ ဒါ့ထက် ဆရာ့ကားပါတယ်ဆိုတာ ဆရာ ဘယ်လိုလုပ်သိပြီး ရောက်လာတာလဲ"

"ပြောရရင်တော့ အင်မတန်ရှုပ်ထွေးတဲ့ ကိစ္စကြီးဗျာ။ ခင်ဗျားတို့ရဲ တွေ့ပဲ သေချာအောင် စုံစမ်းစစ်ဆေးကြပါဦး။ ပြီးတော့မှ ပြောရတာပေါ့ဗျာ"

ဦးတင့်ထွန်းက ရှုပ်ထွေးလှသော ထိုအမှုကိစ္စကြီးအား ရေရေရာရာ မသိရသေးဘဲ မပြောလိုသေးသဖြင့် မယုတ်မလွန် အဖြေပေးလိုက်ရသည်။

✿ ✿ ✿

[၅]

❑

ဦးတင့်ထွန်းမှာ သူ့ကားကိစ္စ ရဲများနှင့် ဆောင်ရွက်စရာရှိသမျှ ဆောင်ရွက်၍ပြီးစီးပြီးနောက် စိတ်ရှုပ်ရှုပ်နှင့် ဂျာနယ်တိုက်သို့ ပြန်လာခဲ့ချိန်မှာ မနက် ၁၀ နာရီခန့် ရှိချေပြီ။

ကားတွေကိစ္စ ဂျာနယ်တိုက်မှ သတင်းထောက်ကိုခေါ်ပြီး ဓာတ်ပုံရိုက်ရသည်။ ရဲစခန်းတွင် အမှုဖွင့်ရသည်။ ပြီးတော့ ပျက်စီးသွားသော ကားအတွက် ကားကိုဝပ်ရှော့မှာ အကြီးစားအရေးပေါ်ပြင်ဆင်ဖို့ သွားအပ်ရသည်။

ကားအာမခံထားသော်လည်း ထိုထူးဆန်းသော ဖြစ်ရပ်အတွက် ချက်ချင်း ကားအာမခံကြေးမရသေးဘဲ ငွေ ၁၀ သိန်းခန့် လောလောဆယ် အိတ်ထဲမှ စိုက်ထုတ်လိုက်ရပါသည်။

ဂျာနယ်တိုက်သို့ ပြန်ရောက်သည့်အခါ အနားမယူနိုင်သေးဘဲ ထူးဆန်းသော သူ့အမှုကိစ္စအတွက် သူ ဆောင်ရွက်စရာရှိသည်တို့ကို ဆက်၍ ဆောင်ရွက်ရတော့သည်။ လေ့လာစရာရှိသည်တို့ကို ဆက်၍လေ့လာရတော့သည်။

သူ ပထမဆုံးလေ့လာစူးစမ်းရသည်မှာ ပုဏ္ဏကတိုက်သည့်ကိစ္စဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူလို စာနယ်ဇင်းသမား ဂျာနယ်အယ်ဒီတာချုပ်အဖို့ ပုဏ္ဏကတိုက် သည့်ကိစ္စကို အင်တာနက်မှာပင် အလွယ်တကူပင် ရှာ၍ရခဲ့သည်။

လွန်ခဲ့သော ၂၀၀၆ ခုနှစ်က ကွာလတီ QUALITY ဦးမြင့်ထွန်း တာဝန်ခံ အယ်ဒီတာလုပ်၍ ထုတ်ဝေခဲ့သော သည်းထိတ်ရင်ဖို မဂ္ဂဇင်း အတွဲ ၂၊ အမှတ် ၉ တွင် ပါဝင်သော စာရေးဆရာလှမိုး (ပညာရေး) ဘာသာပြန်ခဲ့သော သည်းထိတ် ရင်ဖိုဆောင်းပါးမှာ ရှာတွေ့ခဲ့ခြင်းဖြစ်၏။

"ကျွန်တော်တို့ မြန်မာများက ပုဏ္ဏကတိုက်သည်ဟု ကင်ပွန်းတပ်ခဲ့ကြ ပါသည်။ ပုဏ္ဏကတိုက်မှုကို (POLTERGEIST) ပိုလ်တာဂျိုက်စ်ဟု ခေါ်ကြ၏။ အမှန်အားဖြင့် ထိုဝေါဟာရမှာ ဂျာမန်ဘာသာဝေါဟာရဖြစ်ပြီး ဆူညံသောဝိညာဉ် ဟု ဆိုပါသည်"

ဟု အစချီကာ ...

ပုဏ္ဏကတိုက်မှုများမှာ အားလုံး လက္ခဏာခြင်းရာ တူညီကြပါသည်။ ထို ဖြစ်ပွားသောအိမ်များ၌ နံရံများအားထုခြင်း၊ ရိုက်ခြင်း၊ တံခါးခေါက်သံများ အဆက် မပြတ်ကြားခြင်း၊ လေးသောအရာဝတ္ထုများ ပရိဘောဂများ ကြမ်းခင်းပေါ်သို့ လဲကျ လာသည့်အသံများ ကြားရခြင်း၊ ခုတင်၊ မွေ့ရာ၊ စောင်၊ ခေါင်းအုံး စသည်တို့ လွင့်စင်ကျသွားခြင်း၊ ခုတင်နှင့် စားပွဲ စသည်တို့အား တစ်စုံတစ်ဦးက ဆွဲယူသွားသကဲ့ သို့ ရွေ့လျားသွားခြင်း၊ ကျောက်ခဲနှင့်သဲများ ကျလာခြင်း၊ လူခေါ်ခေါင်းလောင်း များ အလိုအလျောက်မြည်ခြင်း၊ အဝတ်အစားများ မီးလောင်ခြင်းများဖြစ်သည်။

ထူးဆန်းသည်မှာ ကျလာသော ခဲများ၊ သဲများသည် အိမ်ရှိလူများအား လုံးဝ အန္တရာယ်ပြုခြင်း မရှိခြင်းပင်ဖြစ်သည်။ လူများကို ထိမှန်သောအခါတွင် အရှိန် ပြင်းထန်ခြင်းမရှိ။ ညင်ညင်သာသာ ထိမှန်သည်ဟုဆို၏။

ဤအဖြစ်အပျက်မျိုးကို အချို့ကမူ ကွယ်လွန်သွားသူတို့၏ ဝိညာဉ်က ခြောက်လှန့်ခြင်းဖြစ်သည်ဟု ယူဆကြ၏။ ဤကဲ့သို့ ပြုလုပ်သူ အထင်အရှား မရှိဘဲ ရုပ်ဝတ္ထုများ အလိုအလျောက် ဖြစ်ပျက်မှုများမှာ ကမ္ဘာ့နိုင်ငံအသီးသီးတွင် မကြာခဏ ဖြစ်ပွားလျက်ရှိသဖြင့် ထူးလျက်နှင့်မဆန်းဟု ခေါ်နိုင်သည့်ဖြစ်ရပ်ဖြစ် ပါသည်။

အချို့နိုင်ငံများတွင် အခင်းဖြစ်ရပ်များကို သတင်းစာကြီးများတွင် ဓာတ် သာဓက အထောက်အထားများနှင့် ရေးသားဖော်ပြခဲ့ကြပါသည်။ ထိုဖြစ်ရပ် များကို ကျွန်တော်တို့မြန်မာများက ပုဏ္ဏကတိုက်သည်ဟု ကင်ပွန်းတပ်ခဲ့ကြပါ သည်။ ပုဏ္ဏကတိုက်မှုကို POLTER GEIST ပိုလ်တာဂျိုက်စ်ဟု ခေါ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်အားဖြင့် ထိုဝေါဟာရမှာ ဂျာမန်ဘာသာဝေါဟာရဖြစ်ပြီး ဆူညံသောဝိညာဉ်ဟု ဆိုပါသည်။ မနောသုတေသီတို့က မူရင်းဖြစ်ရပ်ကို ဆိုက်ကိုဘားနာဆစ်ဟု ခေါ်ကြသည်။ ယင်းစကားလုံးကို (P.K) ပီကေဟု အတိုကောက်သတ်မှတ်ကြပြီး စိတ်စွမ်းအင်ထကြွမှုကြောင့် ဖြစ်ပွားရသောဖြစ်ရပ်ဆန်းဟု ယူဆကြပါသည်။

တစ်ဖန်ဆက်၍ သက်သေခံအထောက်အထားနှင့် ဤသို့ တင်ပြထားပါသည်။

ယခုရေးသားဖော်ပြသော အမေရိကန်ပြည်ထောင်စု အုတ်ကလန်မြို့ အမှတ်–၁၉၀၄ မရင်ကလင်လမ်းရှိ တရားရုံးများ သတင်းထောက်ကြီး ဂျော့ရှိလာ၏ရုံးခန်း ပုဏ္ဏကတိုက်မှုသည် ပုဏ္ဏကတိုက်မှုများသမိုင်းတွင် လူမနေသော ရုံးခန်းအတွင်း ပထမဆုံး ပုဏ္ဏကတိုက်မှုဖြစ်သည်ဟု အများက ယူဆခဲ့ကြသည်။

ရုံးခန်းမှာ စိတ်ပျက်စရာဖြစ်နေ၏။ ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲနေသော ဖိုင်တွဲများ၊ စာအုပ်များ၊ ဆေးလိပ်ပြာခွက်များ၊ တစ်စစီ ကွဲနေသည့် ရေဖန်တကောင်းနှင့် ဖန်ခွက်၊ လဲကျနေသော ပန်းအိုး၊ နံရံမှပြုတ်ကျနေသော ရှခင်းပန်းချီကားများကို တွေ့ရ၏။ ရဲအရာရှိနှင့် သုတေသီဖောဇယ်ဝုဒ်တို့ စစ်ဆေးကြည့်ရှုနေစဉ် မည်သည့်နေရာမှ လွင့်ထွက်လာသည်ဟု မပြောနိုင်သော ဆေးလိပ်ပြာခွက်တစ်ခွက်သည် ဦးခေါင်းများပေါ်မှ ဝဲပျံသွားခဲ့ပြီး စားပွဲရှေ့ကျသွားခဲ့သည်။

ရဲအရာရှိနှင့် သုတေသီဖောဇယ်ဝုဒ်တို့သည် အံ့သြစွာနှင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေစဉ် ရုံးခန်းတံခါးအား တစ်စုံတစ်ယောက်က ပြင်းပြင်းထန်ထန်ထုသံ၊ ခေါက်သံများ ထွက်လာသည်။ ရုံးခန်းအတွင်းရှိ သတင်းထောက်များနှင့် အမှုထမ်းများမှာ ထိတ်လန့်တုန်လှုပ်သည့် အမူအရာများနှင့် ပတ်ဝန်းကျင်ကို ကြည့်ရှုနေကြတော့၏။

တယ်လီဖုန်းခေါင်းလောင်းသံများ အလိုအလျောက် မြည်လာသည်။ ရုံးမှ တယ်လီဖုန်းများကို မည်သူမျှအသုံးမပြုဘဲ တယ်လီဖုန်းဆက်နေသကဲ့သို့ ဖြစ်လာသည်။ တယ်လီဖုန်းများ ထူးထူးဆန်းဆန်း ဖောက်ပြီးလာပြီးနောက် လျှပ်စစ်လက်နှိပ်စက်များ အသုံးမပြုရဘဲ ဖောက်လာသည်။ လက်နှိပ်စက်များမှ ကွိုင်စပရင်များအား တစ်စုံတစ်ယောက်က ထုရိုက်လုပ်သကဲ့သို့ ကြွတက်လာသည်။

နံရံကပ်ဗီရိုအတွင်းမှ ပြင်းထန်သောအသံ ထွက်ပေါ်လာပြီး ကော်ဖီမိုင်ဘူးကြီးတစ်ဘူးသည် ကြမ်းပြင်ပေါ်သို့ ကျကွဲသွားတော့သည်။ ဗီရိုအတွင်းမှ



www.burmeseclassic.com

www.burmeseclassic.com


ကော်ဖီပန်းကန်များ နို့မှုန့်ဘူးများ၊ သကြားပုလင်းများသည် တစ်ခုပြီးတစ်ခု ကြမ်းပြင်ပေါ်သို့ တစ်စုံတစ်ယောက်က ဆွဲယူလိုက်သကဲ့သို့ လွင့်စင်ကျလာသည်။

ရုံးခန်းအပြင်ဘက်ရှိ လူခေါ်ခေါင်းလောင်းသံများ အဆက်မပြတ် မြည်လာပြန်သည်။ လျှပ်စစ်လက်နှိပ်စက်တစ်လုံးမှ အဖုံးတစ်ခုသည် လေထဲသို့ မြောက်တက်လာသည်။ ကော်ဖီပန်းကန်တစ်လုံးသည်လည်း လွင့်တက်လာကာ ကြမ်းပြင်ပေါ်ကျ၍ အစိတ်စိတ်အမြွှာမြွှာ ကွဲသွားတော့သည်။

ရုံးခန်းထောင့်ရှိ စာပို့တိုက်များတွင် အသုံးပြုသော ချိန်ခွင်ငယ်ကလေးသည် စက္ကူတစ်ချပ်ကဲ့သို့ လွင့်ထွက်သွားပြီး နံရံကိုဝင်တိုက်ကာ ကြမ်းပြင်ပေါ်ပြန်ကျသွားပြန်သည်။ မီးချောင်းများ၊ မီးလုံးများ အလိုအလျောက်ဖွင့်ခြင်း၊ ပိတ်ခြင်းများ ဖြစ်လာပြန်သည်။ တစ်စုံတစ်ဦးကလည်း ရုံးခန်းနံရံကို တဒေါက်ဒေါက် ခေါက်လာသည်။ ခေါက်သည့်အသံမှာ တိုးတစ်လှည့်ကျယ်တစ်လှည့် ဖြစ်လာခဲ့၏။

ညှိခန်းထောင့်ရှိ သံခွေးခြေငယ်တစ်လုံးပေါ်တွင် တင်ထားသော ရွှံ့လုပ်ပန်းအိုးငယ်ကလေးအား တစ်စုံတစ်ယောက်သည် မ,ယူလိုက်ပြီး ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်တော့သည်။ ရဲအရာရှိကြီးများ ရောက်လာသောနေ့မှာ အကြမ်းဆုံးဖြစ်၏။ တယ်လီဖုန်းစကားပြောခွက်များ ကြိုးမှပြုတ်လာပြီး ကောင်တာကိုထိမှန်၍ ကြမ်းပေါ်သို့ ကျသွား၏။ လေခါးမီးလုံး ပြုတ်ကျခဲ့၍ မီးဆိုင်းများပါ ထူးထူးဆန်းဆန်း ပြုတ်ကျ၏။

ရုံးခန်းအတွင်းမှ ပစ္စည်းများရွှေ့ပြောင်းသံ၊ လူသံများကြားရ၏။ ဖယောင်းရည်ပုလင်းတစ်လုံးသည် ဗီရိုထဲမှလွင့်စင်၍ ဗီရိုနှင့် ရှစ်ပေအကွာကြမ်းပြင်သို့ ရောက်နေ၏။ ရေအေးစက်အတွင်း မည်သူမျှရှိမနေဘဲ အသံကျယ်လောင်စွာ မြည်လာပြီး ရေခွက်များ ကြမ်းပြင်ပေါ်သို့ ကျနေ၏။ ခုံများရွှေ့ပြောင်းလျက် တံခါးမကြီးပင် ဝက်အူပြုတ်ကျ၍ တံခါးရွက်ကြီး ပြုတ်ထွက်သွား၏။

ဤသည်မှာ ရုံးခန်းတစ်ခုအတွင်းမှ ထူးခြားဆန်းကြယ်သော ပုလ္တာဂက်တိုက်မှုကို မှတ်တမ်းပြုထားခြင်းပင် ဖြစ်လေသည်။

ပြည်သူ့ဟစ်တိုင် အယ်ဒီတာချုပ်ဦးတင့်ထွန်းသည် ဆောင်းပါးပါအချက်အလက်များကို ဖတ်ရှုပြီးနောက် အွေတွေးနက်ကာ ဆက်စပ်စဉ်းစားခြင်း ပြုလေပြီ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၅]

❑

လွန်ခဲ့သော တစ်ပတ်ခန့်က ထုတ်ဝေခဲ့သော သူ၏ ပြည်သူ့ဟစ်တိုင် ဂျာနယ်တွင် ဘိုးတော်လိမ်တစ်ယောက်အကြောင်း ဖော်ထုတ်ဖွင့်ချသော သတင်း တစ်ပုဒ် ပါခဲ့သည်။ ထိုဘိုးတော်သည် ဘိုးတော်အမည်ခံ ထောင်ထွက်လူလိမ် တစ်ဦးဖြစ်၏။ သူ့ကိုယ်သူ ဘိုးတော်ပုဏ္ဏကဟု အမည်ပေးထားသည်။

ထောင်ထဲမှာ လိမ်လည်မှုနှင့် ထောင်ကျနေစဉ် အတတ်မျိုးစုံ တတ် ကျွမ်း၍ လူပေါင်းစုံနှင့် ထိတွေ့ပေါင်းမိသော ထိုဘိုးတော်လိမ်သည် ဂမ္ဘီရပညာတွင် အထက်လမ်းမဟုတ်ဘဲ အောက်လမ်းဖြစ်သော အောက်လမ်းဆရာတစ်ဦးနှင့် ပေါင်းမိကာ ပညာရပ်အချို့ရရှိခဲ့ကာ ဒီတစ်ခေါက် ထောင်မှလွတ်လာတော့ ဂိုဏ်း ဆရာကြီးယောင်ဆောင်ပြီး စီးပွားရှာတော့သည်။

သူ့ကိုယ်သူလည်း အများတကာက ကြောက်ရွံ့ရှိသေစေရန် ဘိုးတော် ပုဏ္ဏကဟု အမည်နာမခေါ်တွင်စေခဲ့သည်။

ပုဏ္ဏကဆိုတာက ဘီလူးမင်းဖြစ်သည်။ ဘုရားအလောင်း ဝိဓူရဇာတ် တော်ထဲတွင် ဘုရားအလောင်းတော် ဝိဓူရအမတ်ကြီးအား တောင်စဉ်ခုနှစ်ထပ် မြင်းနှင့်စိုင်းကာ သေကြောင်းကြံခဲ့သူဖြစ်၏။

ဖြစ်ရပ်က ဩချစရာ။ နဂါးမင်းသမီးတော်က 'ဣရာနသီ'။ မင်းသမီး ချောချောအလှလေးကို ရလိုသဖြင့် ပြဟ္မာဒတ်မင်းနှင့် ကြွေအံလောင်းကစားမှုကို

www.burmeseclassic.com



ပြုပြီး လိမ်လည်အနိုင်ရအောင်ကြံဆောင်၍ ဝိဓူရအမတ်ကြီးအား သေကြောင်း ကြံစည်ခဲ့ဖူးသူ။ ဘုရားအလောင်းတော်ဇာတ်မှာပင် ပုဏ္ဏကဘီလူးသည် လောင်းကစား ကျူးသူ။ မိန်းမအချောအလှကို ဦးစားပေးမက်မောသူ။ ခက်ထန်ကြမ်းကြုတ်သူ။ အမျက်စောင်မာန်ကြီးသူ။

ယခု ဘိုးတော်ပုဏ္ဏကသည်လည်း ထိုအမည်ကိုခံ၍ ထိုနည်းနှင့်မခြား သူ့အောက်လမ်းပညာ မလောက်လေးမလောက်စားနှင့် လူတွေ အထင်ကြီးအောင် လုပ်ပြီး စီးပွားရေးလမ်းကြောင်းထွင်နေသူ။ စီးပွားရေးလမ်းကြောင်း ထွင်ရုံမျှ မက၊ မိန်းမကိစ္စကလည်း ရှုပ်လိုက်သေးသည်။

ထုံကူးသည်ဆိုကာ မိန်းကလေးများနှင့် ..... သည်။ ယုံကြည်အားထား သည့်လူတွေအပေါ် စားပေါက်အမျိုးမျိုးထွင်ကာ ကြီးပွားချမ်းသာလာသည်။ အဖိုးတန်ကားတွေစီး၊ ခြံတွေဝယ်၊ တိုက်တွေဆောက်၍ မယားအငယ်အနှောင်းတွေ ဖြင့် ရှေးခေတ်ပဒေသရာဇ်ဘုရင်တစ်ပါး မိဖုရားများသလို နာမည်ကြီးလာသည်။

ထိုသို့ မဟုတ်တယုတ် ဘာသာရေးအရေခြုံ အောက်လမ်းသွား ဂိုဏ်း… အမည်ခံ ဘိုးတော်ပုဏ္ဏက၏ဇာတ်မြစ်ကို ဦးတင့်ထွန်းတို့၏ ပြည်သူ့ဟစ်တိုင်ဂျာနယ် က အကြေးခွံလှန်သလို အတွင်းနှိုက်ပြီး တစ်တစ်ခွခွ ရေးသားဖော်ပြခဲ့သည်။

ထိုဘိုးတော်ပုဏ္ဏကလည်း မခံ။ ဦးတင့်ထွန်းတို့ ဂျာနယ်တိုက်ကို အမျိုးမျိုး ခြိမ်းခြောက်လာသည်။ သွယ်ဝိုက်၍တစ်မျိုး၊ ထင်ထင်ပေါ်ပေါ်နှင့်တစ်နည်း။

ခုတော့ သူ၏ အောက်လမ်းပယောဂနည်းဖြင့် ပုဏ္ဏကတိုက်လေပြီ။ အယ်ဒီတာချုပ် ဦးတင့်ထွန်း ဆက်စပ်တွေးယူခြင်းဖြင့် အဖြေမှန်ကို ထုတ်မိသွား လေပြီ။ ယင်းကြောင့် ရဲစခန်းသို့ ဖုန်းလှမ်းဆက်သည်။ ရဲမှူး ဦးစောဝင်းအား အဖြစ်သနစ်တွေကို ဖွင့်ဟပြောပြပြီး ဘိုးတော်ပုဏ္ဏက အယောင်ဆောင်ဓာတ်စခန်း ဓာတ်နန်းကြီးဖွင့်ထားရာ ပန်းဆိုးတန်းရုံးခန်းမှာ ဆုံကြရန် ချိန်းဆိုလိုက်သည်။

ဘိုးတော်ပုဏ္ဏက၏ ဓာတ်စခန်းမှာ မဟာပိန္နဲဘုရားကျောင်းဝင်း အနီးမှာ ဖြစ်၍ ဦးတင့်ထွန်း ဂျာနယ်တိုက်မှ ကားတစ်စီးနှင့် ချက်ချင်းအရောက်လာနိုင် သည်။ သူရောက်သွားတော့ ဘိုးတော်ပုဏ္ဏကကို အဆင်သင့်ပင် သူ့ဓာတ်စခန်း တွင် သူ့မိဖုရားလေးတွေနှင့် တွေ့လိုက်ရသည်။

"ကိုယ့်လူ ... အယ်ဒီတာမင်းကြီး ရောက်လာလိမ့်မယ်လို့ ထင်ပြီးသား ပဲ။ ဟား ... ဟား ... ဟား ..."

ဦးတင့်ထွန်းအဖြေကား လက်သီးချက်ပြင်းပြင်းပင် ...

"ခွပ်"

"ဝုန်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ကလောင်သမားပေမယ့် လက်သီးချက်ပြင်းတယ်ဆိုတာကို ယုံပြီလား ဘိုးတော်လူလိမ် ထောင်ထွက်ကြီးရဲ့။ မင်းရဲ့ အဲဒီရယ်မောသံကြီးရယ်၊ မင်းရဲ့ စကားသံတွေကို ငါတို့က မင်းလိုပဲ အင်တာနက်အသုံးပြုပြီး လက်ဆုပ်လက်ကိုင် ဖမ်းထားပြီးသားကွ"

"ဩော် ... မင်းက ဒီလိုလား။ ဟား ... ဟား ... ဟား ... ဒါပေမဲ့ မင်းက ငါ့ပိုင်နက်ထဲကို ရောက်လာတဲ့ဟာပဲ။ ကဲ ... ငါ့ရဲ့ အစောင့်အရှောက်တွေ ကောင့်ကို သုတ်သင်ပစ်ဖို့ အမိဖမ်းကြစမ်း။ ငါ့လက်ချက်နဲ့ မကြာခင် သေစေရမယ် ကွ ... ဟား ... ဟား ..."

"မောင်တော်ဘုရားရဲ့ပိုင်နက်မှာ လာပြီးစော်ကားတဲ့ ရန်သူတော်ကို အပြတ်သာ စီရင်ပါ .. မောင်တော်ဘုရား"

"ဟုတ်ပါတယ် ... မောင်တော်၊ အရှင်မထားပါနဲ့"

ဘိုးတော်ပုဏ္ဏက၏ အငယ်အနှောင်း မိဖုရားလေးတွေက ပါဝင်ပြီး တိုက်တွန်းနေစဉ် ဘိုးတော်ပုဏ္ဏက၏ အစောင့်အရှောက်ဖြစ်ဟန်ရှိသော ရှမ်းဘောင်း ကိုအနက်ဝတ် သိုင်းသမားနှစ်ယောက် ပြေးဝင်လာကာ ဦးတင့်ထွန်းကို တိုက်ခိုက် တော့သည်။ ဦးတင့်ထွန်းကလည်း အားကစားသမား၊ သိုင်းပညာရှင်ဖြစ်၍ ပြန်လည် တိုက်ခိုက်မှုကြောင့် ဘိုးတော်ပုဏ္ဏက ခဏတ်စခန်းမှာ လျှောင်လှုပ်သလို သောသော ညံ့ သိမ့်သိမ့်တုန်သွားသည်။

"ဗိုး ..."

"ဝုစ် ..."

"ဒုတ် ..."

"ခွပ် ..."

"ဖြောင်း ..."

"ဟေ့ကောင်တွေ ... အားလုံး မလှုပ်ကြနဲ့။ ငါတို့ ရဲတွေ။ မင်းတို့ ကိုဖမ်းဖို့ စောင့်ကြည့်နေတာ။ တစ်ယောက်မှ ထွက်မပြေးကြနဲ့"

ရဲမှူးဦးစောဝင်းနှင့် ရဲအဖွဲ့သားတွေ အချိန်မီ ဦးတင့်ထွန်းနှင့် စီစဉ် ထားသည့်အတိုင်း လက်နက်ကိုယ်စီ အသင့်ချိန်ရွယ်၍ ရောက်လာသဖြင့် ဘိုးတော် ပုဏ္ဏကနှင့်အဖွဲ့မှာ ဆက်လက်မလှုပ်သာဘဲ အဖမ်းခံလိုက်ရတော့သည်။

ကျော်မင်းနိုင်

ခရစ်သက္ကရာဇ် ၂၀၃၀-ခုနှစ်သို့ ကြိုတင်ခံစား ရေးဖွဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

## ထူးဆန်းသောဘုန်းကြီးအိုတစ်ပါး

❑

အခါတစ်ပါး၌ ကျွန်ုပ်သည် ထူးဆန်းသောဘုန်းကြီးအိုတစ်ပါးနှင့် ကျွန်ုပ်ဇာတိရပ်ရွာဖြစ်သည့် ပဲခူးရိုးမတောင်ခြေရွာတစ်ရွာတွင် မျှော်လင့်မထားဘဲ တွေ့ဆုံလိုက်ရသည်။ ထိုစဉ်က ဘုန်းကြီးအိုသည် ကျောင်းဝင်းထဲရှိ အမှိုက်သရိုက်များအား တံမြက်စည်းတစ်ချောင်းဖြင့် လှဲကျင်းနေစဉ် ကီစ္စတစ်ခုနှင့် ဘုန်းကြီးကျောင်းသို့ ရောက်လာသည့် ကျွန်ုပ်နှင့် တွေ့ဆုံရခြင်းပင် ဖြစ်ချေ၏။ တရားမှတ်ရင်း စိန်ပြေနပြေ တံမြက်စည်းလှဲနေသည့် ဘုန်းကြီးအို၏ ဘယ်ဘက်လက်မောင်းတွင် တစ်လက်မခွဲခန့် အသားဘုကြီးတစ်ခုအား ထင်းထင်းကြီးတွေ့လိုက်ရသဖြင့် ကျွန်ုပ်မှာ သိလိုစိတ်ကို တားဆီးခြင်းငှာ မစွမ်းသာသည်နှင့် စပ်စုစကားဆိုလိုက်မိ၏။

"ဘုန်းဘုန်း လက်မောင်းက ဘုကြီးဟာ ဘာဖြစ်တာလဲ ဘုရား၊ အနာယင်းနေလို့လား"

ကျွန်ုပ် အမေးကြောင့် ဘုန်းကြီးအိုသည် သူ့လက်မောင်းကို ငုံ့ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ဒါလား၊ အင်း ဒါကတော့ ဘုန်းကြီးငယ်ငယ်က လက်မောင်းထဲကိုခွဲပြီးထည့်ထားတဲ့ ဝက်မာန်စွယ်ပေါ့။ ကိုယ်နဲ့မကွာရှိစေဖို့ တစ်ခါတည်း အသားထဲ ထိုးစိုက်ထည့်ပြီး ချုပ်ထားလိုက်တာ။ အင်း ... ပြောရရင်တော့ အဆန်းသား ဒကာကြီးရဲ့။ ဒီဝက်မာန်စွယ်က အသားထဲမှာ တစ်နေရာတည်းမနေဘူး။ တစ်နေ့ နည်းနည်းတော့ ရွေ့ရွေ့နေတတ်တာကလား။ တစ်ခါတစ်လေ ကျောကုန်း၊ တစ်ခါတစ်ခါတော့လည်း ရင်ဘတ်တွေဘက် အသက်ရှိနေသလို ရွေ့သွားတာပါပဲကွယ်"

ဘုန်းကြီးအိုစကားကြောင့် ကျွန်ုပ် များစွာအံ့ဩသွားရသည်။

"ဟင် ... ဒီလိုဆို ဒီဝက်မာန်စွယ်က ဒီလောက်တောင်ပဲ စွမ်းရသလား ဘဘုန်းရဲ့"

ဘုန်းကြီးအိုအားကြည့်ကာ တအံ့တဩမှင်တက်မိနေသည့် ကျွန်ုပ်အား ဘဘုန်းသည် ပြုံး၍ကြည့်ရင်း သူ့စကားစကို ဆက်လိုက်ပြန်သည်။

"အိမ်း ... ဒီထက် ဘယ်ကပါ့မလဲ ဒကာရယ်၊ ဒီမာန်စွယ် ဘယ်လိုရလာတယ်။ ဘယ်လို တုတ်ပြီး၊ ဓားပြီး၊ သေနတ်ပြီးတယ်ဆိုတာသာ ဒကာကြီးကြားရရင် ယုံနိုင်မှာတောင် မဟုတ်ဘူးလေ။ ဘဘုန်းအနေနဲ့ ကိုယ်တိုင်ကိုယ်ကျကြုံဖူးလိုက်ရလို့သာ ဒီမာန်စွယ်ဆိုတဲ့ သိဒ္ဓိအစွမ်းကို ယုံလိုက်ရတော့တယ်။ အဲသည်တုန်းကများ ဒီဝက်မာန်စွယ်သတင်းကလည်း ဘုန်းကြီးတို့ရွာနဲ့ တစ်နယ်လုံးမှာ ဟိုးလေးတကြော်ကို ဖြစ်လို့။ ဘဘုန်းထံတောင်းဝယ်ဖို့ လာလိုက်ကြတဲ့သူတွေဆိုတာ ဒင်းကြမ်းကို ပြည့်လို့ပဲပေါ့။

အင်း ... ဝက်မာန်စွယ်ရဲ့ တန်ခိုးသိဒ္ဓိက မျက်မြင်ကိုယ်တွေ့ဆိုတော့ ဘုန်းကြီးလည်း ဘယ်သူလာဝယ်ဝယ် မရောင်းလိုက်တော့ဘူး။ အားလုံးကို ငြင်းလွှတ်လိုက်ရတယ်။ ငွေဆိုတာ အသက်နဲ့ယှဉ်လိုက်ရင် ဘာမှမပြောပလောက်တော့ဘူး မဟုတ်လား"

ကျွန်ုပ်သည် ဘဘုန်း၏ ဝက်မာန်စွယ်အပေါ် ညွှန်းဆိုပေသည့်စကားကြောင့် အလွန်တရာ စိတ်ဝင်စားလာသည်နှင့် သိလိုစိတ်ပြင်းပြစွာဖြင့် ဘဘုန်းအား မဆိုင်းမတွပင်။ အမောတကော မေးလိုက်မိသည်။

"ဟာ ... ဘဘုန်းစကားကို ကြားရတာနဲ့တင် တပည့်တော် အရမ်းကို စိတ်ဝင်စားသွားပြီ။ ဘဘုန်း ... ဒီဝက်မာန်စွယ်ကို ဘယ်လိုရခဲ့တယ်၊ ရပြီးတော့ ဘယ်လိုထူးထူးဆန်းဆန်း ကြုံတွေ့ခဲ့ရတယ်ဆိုတာ တပည့်တော် သိချင်လှလို့ ဖာတ်လမ်းလေးနဲ့ ပြောပြပေး ဘဘုန်း"



www.burmeseclassic.com

www.burmeseclassic.com


စူးစမ်းလိုစိတ်၊ သိလိုစိတ်တို့ ထက်သန်နေသည့် ကျွန်ုပ်စကားကြောင့် ဘုန်းကြီးအိုသည် လှဲလက်စအမှိုက်တို့ကို လက်စသတ်လိုက်သည်။

"အိမ်း ... ဒကာကြီးက အရမ်းကိုသိချင်နေမှတော့ ပြောပြရတာပေါ့ကွယ်။ လာ ... လာဟိုရှေ့ခရေပင်အောက်က ကွပ်ပျစ်မှာထိုင်ရင်း ဘုန်းကြီး ပြောပြမယ့်ဇာတ်လမ်းကို နားထောင်ပေါ့ကွယ်"

ဘုန်းကြီးအိုသည် ကျွန်ုပ်အား ခပ်လှမ်းလှမ်းရှိ ခရေပင်ရိပ်အောက်တွင် ထိုးထားသည့် ကွပ်ပျစ်ဆီသို့ ခေါ်ဆောင်လာပြီး ကွပ်ပျစ်ပေါ်တွင် နှစ်ယောက်သား ထိုင်လိုက်ကြသည်။

"အင်း ... အဲဒီတုန်းက ဘုန်းကြီးအသက်က ဘာရှိဦးမလဲ။ ရှိလှ (၁၀) နှစ်သားသာသာလောက်တုန်းကပေါ့ကွယ်။ အဲ ... တစ်နေ့တော့ ဘုန်းကြီးတို့ ညီအစ်ကိုသုံးယောက် ခွေးလေးကိုယ်စီနဲ့ ရိုးမတောထဲကို ငှက်ပစ်ထွက်ရင်း မမျှော်လင့်ဘဲ ဒီဝက်မာန်စွယ်အကျိုးတစ်ချောင်းကို ရလိုက်တာကလား။ အင်း ... အဲဒီကစပြီး ဒီဇာတ်လမ်းဖြစ်လာတာကိုးကွဲ့။

✿ ✿ ✿

[၂]

## မမျှော်လင့်ဘဲရလိုက်သည့် ဝက်မာန်စွယ်တစ်ချောင်း

❑

"ဖိုးသိရေ ... မင်းလေးခွနဲ့ ပစ်သတ်ထားတဲ့ ဒီဘုတ်ကောင် (ငှက်)ကို ဒီနေရာမှာပဲ မီးကင်စားလိုက်ကြရအောင်။ ကဲ ... ငါ့ညီ အငယ်ဆုံးဖိုးနီက ထင်းခြောက်တွေကောက်စု။ ဖိုးသိကတော့ ငှက်မွေးနုတ်ပေါ့ကွာ။ ငါက ဖိုခနောက် (မီးဖို)လုပ်ဖို့ ကျောက်တုံးကြီးကြီးတွေ လိုက်ရှာစုလိုက်ဦးမယ်"

ညီအစ်ကိုသုံးယောက်တို့သည် အသီးသီး မိမိတို့ တာဝန်ကိုယ်စီ ယူကြပြီး၊ လျှင် တစ်ခုသောသစ်ငုတ်တိုအနီးတွင် နေရာယူလိုက်ကြ၏။


www.burmeseclassic.com

www.burmeseclassic.com



ဖိုခနောက်ထဲသို့ ထင်းခြောက်နှင့် သစ်ရွက်ခြောက်တို့အား စုပုံပြီးလျှင် အစ်ကိုကြီးဖြစ်သူ ဖိုးကြည်သည် အိတ်ကပ်ထဲအသင့်ပါလာသည့် ကြေးမာတ်မီးခြစ် (မာတ်ဆီ၊ ဝါဂွမ်းနှင့် မီးခြစ်ကျောက်တို့ဖြင့်ထည့်ရသည့် မီးခြစ်)ဖြင့် ထင်းခြောက်၊ သစ်ရွက်ခြောက်တို့ကို မီးရှို့ကာ မီးစတင်မွေးလိုက်၏။

"ဝုန်း ... ဖုတ် ... ဖုတ် ... ဖုတ် ... ဟုန်း"

သစ်ရွက်ခြောက်တို့သည် မီးစတင်မွှေးစတွင် တောက်လောင်သကဲ့သို့ ရှိသော်လည်း ချက်ချင်းမှာပင် အရှိန်အဟုန်ဖြင့် တက်လာသည့် မီးညွှန့်များမှာ ဟုန်းခနဲ ငြိမ်းသွားပါတော့သည်။

"အလို ... ဒီမီးက ဘာဖြစ်တာလဲ၊ မွှေးလို့ကို မရဘူး။ လေမတိုက် ဘာမတိုက်နဲ့ ငြိမ်းပဲငြိမ်းနေတယ်။ မှန်းစမ်း ... တစ်နေရာရွှေ့ပြီး မီးမွှေးလိုက်ရအောင်။ ဖိုးသီရေ ... ကျောက်တုံးတွေကို လေကွယ်ရာဘက် ဟိုသစ်ငုတ်တိုနား ကို ရွှေ့ယူလာခဲ့ဟေ့။ သစ်ငုတ်တိုက ဆွေးတောင်ဆွေးနေပြီ။ တို့ ထင်းခြောက်တွေ သစ်ရွက်တွေနဲ့ ပေါင်းပြီးမွှေးရင် မီးစွဲတန်ကောင်းရဲ့"

အစ်ကိုကြီးဖြစ်သူ ဖိုးကြည်စကားအဆုံးတွင် ဖိုးသီနှင့် ဖိုးနီတို့သည် အနီ ဖိုခနောက်ကျောက်တုံးသုံးတုံးတို့အား သစ်ငုတ်တိုအနီးသို့ မ,ရွှေ့လိုက်ကြ၏။

ဖိုးသီကတော့ အမွှေးနုတ်ပြီးဖြစ်သည့် ဘုတ်ငှက်ကောင်၏ ခြေထောက်နှစ်ဖက်အား တွဲလောင်းဆွဲလျက် မီးကင်စားဖို့ စိတ်စောနေပေပြီ။

ကျောက်တုံးဖိုခနောက် အဆင်သင့်ဖြစ်ပြီမို့ ဖိုးကြည်သည် နောက်တစ်ကြိမ် မီးမွှေးဖို့ ကြိုးစားလိုက်ပြန်သည်။ ဖိုးကြည် မွှေးလိုက်သည့်မီးညွှန့်သည် အတန်အသင့် တောက်လောင်နေရာမှ မီးညွှန့်တန်းသည် အနီးရှိသစ်ငုတ်တိုဘက်မှ ပါးစပ်ကြီးကြီးနှင့် စုပ်မြိုလိုက်သည့်နှယ် ဟုန်းဆို ငြိမ်းသွားပြန်သည်။

ထူးခြားသည့် သည်အဖြစ်ကိုကြည့်ပြီး ဖိုးသီတို့ညီအစ်ကိုသုံးယောက်သည် ဝေခွဲမရ၊ အဖြေရှာမရသည့်မျက်နှာဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်း အံ့သြနေမိကြသည်။

ညီအစ်ကိုသုံးယောက်ထဲတွင် အထက်မြက်ဆုံး၊ အစပ်စုဆုံး၊ စူးစမ်းချင်စိတ်အရှိဆုံး ဖိုးသီကတော့ သစ်ငုတ်တိုဘက်သို့ ထူးဆန်းစွာရွှေ့လျားပြီးမှ ငြိမ်းသွားသည့် မီးညွှန့်ကိုကြည့်ကာ တစ်စုံတစ်ရာကို တွေးနေလိုက်သည်။

"ဖိုးကြည် ... ဒါ တစ်ခုခုတော့ တစ်ခုခုပဲ။ ဒီနားမှာ မီးမကူးနိုင်တဲ့ ပစ္စည်းတစ်ခုခုရှိနေမှာသေချာတယ်။ မှန်းစမ်း ... ငါ ဒီသစ်ငုတ်တိုကို သိပ်သင်္ကာ ဘူး။ သစ်ငုတ်တိုထဲမှာ ဘာရှိမလဲဆိုတာ ငါ့ဓားချွန်နဲ့ ထိုးဆွကြည့်လိုက်ဦးမှ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့်ပင် ဖိုးသီသည် အသင့်ပါလာသည့် ဓားချွန်ကို ထုတ်ကာ မီးညွှန့်လာရာ သစ်ငုတ်တိုပေါ်မှ ပုရစ်တွင်းပေါက်သာသာခန့်ရှိသော အပေါက်ကလေးထဲသို့ ဓားဦးဖြင့် ထိုးကလော်ကြည့်လိုက်၏။

'ဒုတ်ခနဲ' ဓားဦးချွန်၊နှင့် ထိတွေ့လိုက်သည့်အသံနှင့်အတူ ဖိုးသီ၏အာရုံတွင် မာကျောကျောအရာနှင့် ထိရှသွားကြောင်း ခံစားလိုက်ရ၏။ ဖိုးသီသည် ဓားဦးဖြင့် ထိတွေ့သွားသည့်အရာအား စိတ်အားထက်သန်စွာ ထိုးကလော်ထုတ်လိုက်၏။ ဆင်စွယ်ရောင်လိုလို၊ ဝါကျင်ကျင် ကောက်ကွေးကွေးအရာတစ်ခုသည် ဖိုးသီ ဓားဖြင့်ကလော်လိုက်သည်နှင့် မြေကြီးပေါ်သို့ ဘုတ်ခနဲထွက်ကျလာပါ၏။

"ဟာ ... ဒါ ... ဒါ ... ဝက်စွယ်ပိတ်ပါလား။ ဒါ ငါနဲ့ထိုက်လို့ ငါရလိုက်တာ။ ငါနဲ့ ဆိုင်လို့ ငါပဲ သိမ်းထားလိုက်မယ်နော်"

ဖိုးသီသည် အစ်ကိုဖြစ်သူ ဖိုးကြည်နှင့် ညီဖြစ်သူဖိုးနီဘက်သို့ကြည့်ရင်း မျောက်ရှေ့တစ်ပဲသားရသည့်ပမာ ကလေးပီပီ ဝမ်းသာအားရ ပြောချလိုက်သည်။

"အေးပါ ... ငါ့ညီရာ၊ ဒီဝက်စွယ်က ငါတို့အတွက် ဘာအသုံးကျတာလိုက်လို့။ မင်းက စပ်စပ်စုစု ဆေလူကောင်ဆိုတော့ မင်းပဲယူပါ။ ဒါထက် ဒီငှက်ကို ကင်စားဖို့ လုပ်ကြဦး။ အင်း ... ဒီဝက်စွယ်ကြောင့် မီးမကူးတာဖြစ်မယ်။ ဒီတော့ ဖိုးသီ၊ မင်းဝေးဝေးမှာသွားနေ။ ငါနဲ့ ဖိုးနီပဲ ဒီနေရာမှာ မီးမွှေးပြီး ဒီငှက်ကို မီးကင်လိုက်တော့မယ်။ အေး ... မင်းက ဝက်စွယ်ကိုရတဲ့ကောင်ဆိုတော့ ငှက်သားကျက်လာရင် လျှော့စားပေါ့ကွာ။ ဟား ... ဟား ... လာ ... ဖိုးနီ၊ မီးထပ်မွှေးပြီး ငှက်ကင်လိုက်ကြရအောင်"

ဖိုးသီတို့ညီအစ်ကိုသုံးယောက်သည် တစ်ဦးနှင့်တစ်ဦး (၂)နှစ်ကြီး (၂) နှစ်ငယ်မို့ သူငယ်ချင်းပေါင်း ပေါင်းကာ မင်းနှင့်ငါ အဖြစ်သာ ခေါ်ကြ၊ ပြောကြလေခြင်း ဖြစ်သည်။ ဖိုးသီ ဝက်စွယ်ရခဲ့သည့် သစ်ငုတ်တိုမှာ လူတစ်ရပ်မျှရှိသည့် သစ်ဆွေးငုတ်တိုဖြစ်၍ ဖိုးကြည်သည် ထိုသစ်ငုတ်တိုမှာပင် ဖိုခနောက်ကို မရွှေ့ချေတော့ဘဲ မီးမွှေးလိုက်လေသည်။ သည့်အခါမှာတော့ လျှောလျှောရှူရှူပင် မီးစွဲလာသည်နှင့် ညီအစ်ကိုသုံးယောက်တို့သည် တောရွာသားတို့၏ဓလေ့အတိုင်း တစ်လှည့်စီ ပြီးစလွယ်ပင် ထိုငှက်ကင်သားအား ကိုက်ဖဲ့စားသောက်လိုက်ကြ၏။

ငှက်ကင်သားစားပြီးကြသည်နှင့် ညီအစ်ကိုသုံးယောက်တို့သည် ပဲခူးရိုးမတောတစ်လျှောက် လေးခွကိုယ်စီဖြင့် ငှက်ပစ်ဆက်ထွက်ရင်း နေညိုချိန်ရောက်ပြီမို့ ရွာဘက်သို့ ဦးလှည့်လာကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသီတို့ ညီအစ်ကိုသုံးယောက် တောတွင်းတစ်နေရာတွင် ဝက်စွယ်ခေါင်းပိတ်ရလိုက်သည့်သတင်းသည် စပ်စုတတ်၊ အကြွားလွန်တတ်သည့် ဖိုးသီကြောင့် တစ်ရွာလုံးနီးပါး သိရှိသွားလေတော့၏။ အမှန်တော့ ဖိုးသီတို့ညီအစ်ကိုတွေမှာ ကလေးများဖြစ်ချေ၍ ထိုဝက်စွယ်ခေါင်းပိတ်၏ တန်ဖိုးအနှုန်းအပေါ် သိနားလည်ခြင်းမရှိကြချေ။

အနှီ ဝက်စွယ်ကိုရပြီးသည့်နောက် ဖိုးသီသည် ထိုအရာအား သူ့မိခင်ချုပ်ပေးလိုက်သည့် အိတ်ရှုံ့ကလေးထဲတွင်ထည့်ကာ ကျစ်ထားသည့်အပ်ချည်ကြိုးဖြင့် လည်ပင်းတွင် အမြတ်တနိုးဆွဲထားတတ်လေသည်။ ဂေါ်လီပစ်တမ်းကစားရင်း လိုက်တမ်းပြေးတမ်းကစားရင်းပင် ဖိုးသီသည် ထိုဝက်စွယ်ခေါင်းပိတ်အား သူငယ်ချင်းများကို ကြွားဝါပြနေတတ်သည်။

သည်အခါမှစ၍ ဖိုးသီတွင် ဝက်စွယ်ခေါင်းပိတ်ရှိနေကြောင်း မောင်းကြေးနင်းမထုရလေဘဲ တစ်ရွာလုံးသို့ ပျံ့နှံ့ချေတော့သည်။

✿ ✿ ✿

[၃]

## တုတ်ပြိုးခြင်း

❑

တစ်နေ့တွင် ဖြစ်သည်။ ဖိုးသီတို့ ညီအစ်ကိုသုံးယောက်က တစ်ဖက်၊ ရွာရှိ ကလေးသုံးလေးယောက်တို့က တစ်ဖက် လောက်စာလုံး ခေါင်းပုံဖြိုတမ်းကစားရင်း အငြင်းအခုံဖြစ်ကာ ရန်ဖြစ်ကြလေ၏။ ထိုအငြင်းအခုံရန်ပွဲကြောင့် တစ်ဖက်မှ ကလေးတို့သည် ဖိုးသီတို့နိုင်ထားသည့် လောက်စာလုံးများကို မတရားသိမ်းပိုက်ကာ လွယ်အိတ်ထဲသို့ မပြောမဆိုကောက်ထည့်လိုက်ကြ၏။

"ဟေ့ကောင်တွေ ... ဒါ ... ငါတို့ နိုင်ထားတဲ့လောက်စာလုံးတွေကွ။ မင်းတို့ ဘာဖြစ်လို့ လွယ်အိတ်ထဲ ကောက်ထည့်လိုက်တာလဲ ပြန်ပေး



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် ... ဘာလို့ ပြန်ပေးရမှာလဲ။ မင်းက စည်ကျော် (စည်နိုး) ပြီး ဒိုးပစ်လိုက်တာ ငါတို့ မြင်သားပဲ။ ပြန်မပေးနိုင်ဘူး"

ဤသို့ဖြင့် တစ်ဖက်နှင့်တစ်ဖက် စကားများကြရင်း ကိုယ်ထိလက်ရောက် ဆိုသလို ခဲလုံးများ၊ တုတ်များပါလာကြတော့သည်။ တစ်ဖက်ကလေးများ ပစ် ပေါက်လိုက်သည့် ခဲလုံးများကြောင့် ဖိုးကြည်နှင့် ဖိုးနီတို့မှာ ကွဲသူကွဲ၊ ပြဲသူပြဲ၊ ဖူးယောင်သူက ဖူးယောင်ကြသလို တစ်ဖက်ကလေးများသည်လည်း ၎င်းတို့နှယ် ကွဲပြဲဖူးယောင်ကြကုန်၏။

ထူးဆန်းသည်မှာ ညီအစ်ကိုသုံးယောက်ထဲတွင် သတ္တိအရှိဆုံး၊ ပြန်ခံအချ ဆုံး ဖိုးသီသည် တစ်ဖက်ကလေးများ၏ ခဲနှင့်ပစ်ပေါက်မှု၊ အနီးကပ် တုတ်နှင့် ရိုက်နှက်မှုတို့ကို အများဆုံးခံခဲ့ရပါသော်လည်း အနည်းငယ်မျှ ဖူးယောင်ကွဲပြဲခြင်း မရှိခဲ့ပါချေ။

ထိုအချိန်မှစ၍ ဖိုးသီ၏ သတင်းသည် လေပင့်သည့်တောမီးပမာ တစ် ရွာလုံး ဟိုးဟိုးကျော်မျှ ပျံ့နှံ့လေတော့၏။

ဖိုးသီတို့ ရန်ဖြစ်ကြသည့်သတင်းကြားအပြီး ငွေးငါးရက်ခန့်တွင် ဖိုးသီ တို့အိမ်သို့ တစ်ဖက်ရွာရှိ မုဆိုးကြီး ဦးမွန်ထော်ဆိုသူတစ်ယောက် ပေါက်ချလာ သည်။

မုဆိုးကြီးသည် ခရီးရောက်မဆိုက်မှာပင် ...

"အိမ်း ... ဦးလူမောင်၊ ခင်ဗျား သား သတင်းကတော့ ရပ်တကာ ရွာ အနှံ့ကြားနေရလို့ ကျုပ် လာခဲ့ရတာပါ။ ခင်ဗျား သားမှာ အဆောင်ကောင်းကောင်း ရှိလို့ ရန်ဖြစ်ရင်း ရိုက်နှက်ပစ်ပေါက်ခံရတာတောင် ဘာဒဏ်ရာမှမရဘူးဆိုတာ ကျုပ် သိခဲ့ရတယ်။ ဝက်စွယ်ခေါင်းပိတ်ဆိုလား သူ့မှာ ဆောင်ထားတယ်လို့ ကြား တယ်။ မှန်းစမ်း ... ကျုပ်ကြည့်ရအောင်"

ဦးလူမောင်သည် ရိုးသားသည့် တောသူတောင်သားတစ်ဦးပီပီ မုဆိုးကြီး ဦးမွန်ထော် စကားအဆုံးတွင် သားဖြစ်သူ ဖိုးသီ၏ လည်ပင်းတွင် တွဲလောင်းဆွဲ ထားသည့် အိတ်ရှုံ့ကလေးအား ဖြုတ်ယူလိုက်သည်။ ပြီးလျှင် အိတ်ရှုံ့ထဲမှ ဝက် စွယ်ပိတ်အား မုဆိုးကြီးကိုထုတ်ပြလိုက်လေသည်။ မုဆိုးကြီးသည် အိတ်ရှုံ့ကလေး ထဲမှ ဝက်စွယ်ပိတ်အား ဖင်ပြန်ခေါင်းပြန် စစ်ဆေးကြည့်ရင်း ...

"အင်း ... ဒီဝက်စွယ်ခေါင်းပိတ်ဟာ ဝက်မာန်စွယ်ပဲ ဖြစ်ရမယ်။ ကောင် လေး ...ဲ ... ဘယ်သူတဲ့"

"ဖိုးသီပါ"



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကြီး ဦးမွန်ထော်စကားအား အနီးတွင် တွေငေးငေးလေး ထိုင်နေသည့် ဖိုးသီက သွက်သွက်ကလေး ဖြေလိုက်သည်။

"အေး ... အေး ... လူလေးမောင်ဖိုးသီတို့ ရထားတဲ့ ဒီဝက်မာန်စွယ်ဟာ ဟိုတောစပ်နားမှာရှိတဲ့ သစ်ဆိမ့်ပင်ငုတ်တိုထဲကရတာမဟုတ်လား ... လူလေးရဲ့။ ဟို မြို့ထဲက အမြှုတေမုဆိုးတွေ ဝယ်ခိုင်းလို့ အဘရောက်လာတာပါ။ ကဲ ... ဦးလူမောင် ဒီဝက်မာန်စွယ်ကို ကျုပ်ကို ရောင်းပါလား။ နှစ်သောင်းပေးမယ်ဗျာ"

ထိုခေတ်အခါက တစ်သိန်းဆုပေါက်လျှင်ပင် တကယ့်သူဌေးကြီးဘွဲ့ထူးကို ခံယူနိုင်သည်မို့ မုဆိုးကြီးပေးသည့် အဆိုပါငွေနှစ်သောင်းသည် တန်ဖိုးအားဖြင့် မနည်းလှချေ။

"အင်း ... ကျွန်တော့်သားက သူ့ဝက်စွယ်ကို တသသနဲ့ တစ်အားကိုတန်ဖိုးထားတာကလား မုဆိုးကြီးရယ်။ သားသဘောပဲ၊ သားကို မေးကြည့်လေ"

ဖခင်ကြီး စကားကြောင့် ဖိုးသီသည် မုဆိုးကြီးလက်ပေါ်ရှိ သူ့ ဝက်စွယ်ခေါင်းပိတ်အား ကလေးပီပီ ဆတ်ခနဲ ဆွဲယူလိုက်သည်။

"ဟင့်အင်း ... ဟင့်အင်း ... သားမရောင်းဘူး၊ ဒီဝက်စွယ် သားမှာရှိပြီးကတည်းက သားကို ဘယ်သူမှ ရန်မဖြစ်ရဲကြတော့ဘူး။ သား မရောင်းနိုင်ဘူးနော် ... အဘ"

ဖိုးသီသည် သူ့ဝက်စွယ်ခေါင်းပိတ်အား *တစ်စုံတစ်ယောက်က လုယူသွားမှာစိုးသည့်အလား လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း အကြောက်အကန်ငြင်းလိုက်သည်။

"အင်းပါ ... ငါ့တူက မရောင်းဘူးဆိုတော့လည်း ဘာတတ်နိုင်မှာလဲကွယ်။ အမှန်တော့ ဒီဝက်မာန်စွယ်ဟာ အဘနဲ့လည်း တစ်ဝက်ဆိုင်တယ်ကွဲ့။ ဒီဝက်မာန်စွယ်ရဲ့ မူလပိုင်ရှင် ဝက်ခါးပတ်ကျားကို အဘတို့ အသက်နဲ့လဲပြီး လိုက်ပစ်ခဲ့ရတယ်လေ။ အဘနဲ့အတူ အဘတို့ရွာက ဆယ်အိမ်ခေါင်း ကိုမြသာတို့ တောလည်ရင်း လိုက်ပစ်ခဲ့ကြတယ်ပေါ့။ ခု ... လူလေးတို့ရတဲ့ သစ်ငုတ်တိုရှေ့မှာပေါ့ကွယ်။ ခါးပတ်ကျား ဝက်တောင်းကြီးက အဘတို့ကို ပက်ထည့်လိုက်တာ။ အဲဒီသစ်ငုတ်တိုကြီး ကယ်ပေလို့သာပေါ့။ အင်း ... ကိုမြသာ သက်သေရှိပါတယ်လေ။ အဲဒီတုန်းက ခွေးပြေးဝက်ပြေး ပြေးခဲ့ရလို့ ဒီဝက်မာန်စွယ်ဟာ သစ်ငုတ်တိုမှာ စိုက်ဝင်သွားတယ်လို့ အဘတို့ တွေးမထားမိကြတာ၊ အဘတို့ အမှားပေါ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



အဘမုဆိုးကြီး ဦးမွန်ထော် ရှင်းပြသည့်စကားကို ကြားလိုက်ရသဖြင့် နဂိုကပင် စပ်စပ်စုစု စူးစမ်းချင်တတ်သည့် ဖိုးသီကလေး နားရွက်ထောင်ကာ စိတ်ဝင်စားလာသည်။

"ဟင် ... အဘာ ဒါဆိုရင် သားတို့ရခဲ့တာ အဘတို့ လိုက်ပစ်တဲ့ ဝက်ခါးပတ်ကျားရဲ့ မာန်စွယ်ပေါ့နော်။ ဟုတ်လား ... အဘ၊ ဝက်မာန်စွယ်ဆိုတာ ဘာကို ပြောတာလဲဟင်။ ပြောပြပါလား ... အဘ"

မုဆိုးကြီးဦးမွန်ထော်သည် သောက်လက်စ မီးငြိမ်းသွားသည့် ဆေးတံအား ခတ်မီးခြစ်ဖြင့် မီးညှိလိုက်သည်။ အိမ်ရှင်ဦးလူမောင်နှင့်အတူ ဇနီးဖြစ်သူ ဒေါ်နှင်းမယ်နှင့် သားသုံးယောက်တို့မှာ မုဆိုးကြီးပြောပြလာမည့်စကားအပေါ် စိတ်ဝင်တစား ငံ့လင့်နေလိုက်ကြသည်။

"အင်း ... ပြောရမှာ နည်းနည်းတော့ရှည်တယ်။ ဟိုးလွန်ခဲ့တဲ့ တစ်နှစ်ကျော်ကျော် အဘတို့ ရိုးမတောထဲမှာ အမဲလိုက်ထွက်စဉ်တုန်းကပေါ့ကွယ်"

✿ ✿ ✿

[၄]

## မုဆိုးကြီးဦးမွန်ထော်နှင့် တောရဲမာယာဝက်ပါ

❑

မုဆိုးကြီး ဦးမွန်ထော်နှင့် ဆယ်အိမ်ခေါင်းဦးမြသာတို့သည် ထူးဆန်းပြီး အစွမ်းထက်သည့် ဝက်ခါးပတ်ကျားတစ်ကောင် ရိုးမတောထဲတွင် ကျက်စားနေသည် ဆိုသောသတင်းကြောင့် နေပြောက်မထိုးနိုင်အောင် တောထူသည့် အနီတောကြီး မျက်မည်းထဲသို့ စိတ်အားထက်သန်စွာဖြင့် ထွက်လာခဲ့ကြသည်။

"မုဆိုးကြီးရဲ့ ... ခင်ဗျား ဝက်ခါးပတ်ကျားက ဒီတောထဲမှာ တကယ် ကော ရှိရဲ့လားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အို . . . ရှိပြီလား ကိုမြသာရယ်။ အမဲလိုက်၊ တောတက်တဲ့ မုဆိုးလေး တွေဆို ခဏခဏတွေ့ကြတယ်လို့ ပြောပါပကောလား။ ကျုပ်တောင် တောတိုးရင်း ရိပ်ခနဲ ရိပ်ခနဲတော့ တွေ့ဖူးလိုက်သေးတာပဲ။ ဒီကောင်က ကိုးတောင်ကျား၊ ကိုး တောင်မကတဲ့ မိကျောင်းတွေလို လူယောင်ဖန်ဆင်းတတ်တယ်လို့ ပြောကြတာ ကျုပ် ကြားဖူးတယ်။ သူ့မှာန်စွယ်သာရလို့ကတော့ဗျာ ကျုပ်တို့ သူဌေးဖြစ်ပြီ"

ဦးမြသာ၏ အမေးကို မုဆိုးကြီးက အားတက်သရောရှင်းပြရင်း နှစ်ယောက် သားမှာ ရှေ့ရှိတောမြက်ရိုင်းရှည်နှင့် ဆူးရစ်ချုံ ထူလပိန်းတို့အား ခုတ်ထွင်ရှင်း လင်းကာ လမ်းစရှာတောတိုးလိုက်ကြ၏။ တောကြီးမှာ သစ်ကြီးဝါးကြီးနှင့် ချုံနွယ် ပိတ်ပေါင်းတို့ဖြင့် သိပ်သည်းစွာ ထူထပ်နေရကား မုဆိုးကြီးနှင့် ဦးမြသာတို့သည် လမ်းမရှိ ပန်းမရှိသည့် တောတွင်းသို့ ခက်ခဲပင်ပန်းလှစွာ တစစဖြင့် ချဉ်းနင်းဝင် ရောက်လာကြသည်။ တောအတွေ့အကြုံနုနယ်သေးသူ ကိုမြသာအဖို့ ရှေ့တူရှုသို့ ဆက်လျှောက်ရင်း သူ သိလိုသောအချက်တို့ကို ထပ်မံမေးမြန်းလိုက်သည်။

"ဒါထက် ဒီလောက်အစွမ်းထက်တဲ့အကောင်ကို ကျုပ်တို့ ဘယ်လိုပစ်ရမှာ တုန်း မုဆိုးကြီးရဲ့"

"ဒီအတွက်တော့ မပူပါနဲ့ ကိုမြသာ၊ ခင်ဗျား ကိုင်ထားတဲ့ တူမီးသေနတ် မှာရော၊ ကျုပ် ကိုင်လာတဲ့အဆိပ်လူးမြားတပ်ဒူးလေးမှာပါ။ ဂါထာမန္တာန်တွေနဲ့ အင်း စမတွေ ကျုပ် စီရင်ထားပြီးသားပါ။ ကျုပ် ဒူးလေးမြားတွေမှာဆိုရင် 'ထိသေ' အဆိပ်လူးထားလေတော့ ပစ်ချက်သာမလွဲစေနဲ့ ဒုတ်ခနဲကို ဒီကောင် ဇီဝိန်ချုပ် သွားစေရမယ်"

ကိုမြသာသည် ယုံကြည်ချက်အပြည့်ဖြင့် ပြောလာသည့်မုဆိုးကြီးစကား ကြောင့် အားတက်သလို ရှိလာသည်နှင့် . . .

"ဟုတ်ပါ့ဗျာ . . . မုဆိုးကြီးအစွမ်းကိုယုံလို့၊ ခုလို ကျုပ်လိုက်လာခဲ့တာ ပေါ့။ ဒါနဲ့ . . . နေပါဦး၊ ဒီကောင့်ကို ဒီတောထဲမှာ ဘယ်လိုရှာကြမှာလဲ မုဆိုး ကြီးရယ်"

ကိုမြသာ အမေးစကားကြောင့် မုဆိုးကြီးသည် ဝါးလက်စ ကွမ်းတံတွေး တို့ကို ပျစ်ခနဲထွေးထုတ်ပြီး ကိုမြသာအား သူ့အနီးသို့ အလျင်အမြန်ဆွဲခေါ်လိုက် သည်။

"ကိုမြသာ ရှေ့မတိုးနဲ့ဦး၊ ကျုပ် နားထဲမှာ ကျုပ်တို့နောက်က တစ်ခုခု ပြောနဲ့ လိုက်လာတဲ့အသံလိုလို ကြားနေရတယ်။ ကေန္တ တောကြီးမြွေဟောက် လား၊ ငန်းစောင်းလား၊ စပါးကြီးလားပဲ။ အဲ . . . ခင်ဗျားကို ကျုပ် သတိပေးဖို့ မေ့



www.burmeseclassic.com

www.burmeseclassic.com



ခနတာ တစ်ခုရှိတယ်။ တောထဲမှာ စပါးကြီးညို့တာကို သိသိချင်း 'ဥုံမ် . . . စပါးကြီး၊ ဥုံမ် . . . စပါးကြီး၊ ဥုံမ် . . . စပါးကြီး'လို့ သုံးခါရွတ်ပြီး တန်ပြန်လိုက်ရတယ်။ စပါးကြီးဆိုတဲ့ကောင်ဟာ ဂမ္ဘီရမြွေတစ်မျိုးပဲမို့လား။ ကျုပ်တို့ခြေရာတွေကို သူ့ ညို့ထောက်နဲ့ ညို့ပြီးတာနဲ့ ပွဲပြတ်ပြီမှတ်ပေတော့'။ အင်း . . . ပြောရင်းဆိုရင်း ကျုပ်ခေါင်းတွေ ရီဝေဝေမူးနောက်နောက်တောင် ဖြစ်ချင်လာပြီ။ ကဲ . . . ဥုံစပါးကြီးလို့ မြန်မြန်ရွတ်ပေတော့ ကိုမြသာရေ။ ကျုပ်လည်း ရွတ်မယ်"

"ဥုံမ် . . . စပါးကြီး"

"ဥုံမ် . . . စပါးကြီး"

"ဥုံမ် . . . စပါးကြီး"

မုဆိုးကြီးနှင့် ကိုမြသာတို့သည် မုဆိုးကြီး သတိပေးစကားပြောပြီးသည်နှင့် အလျင်အမြန်ပင် 'ဥုံမ် . . . စပါးကြီး' ဆိုသည့် တန်ပြန်ဂါထာတစ်ပုဒ်အား သုံးကြိမ်သုံးလီ၊ တောလုံးဟိန်းမျှ ဟစ်အော်ကာ ပြိုင်တူရွတ်ဆိုလိုက်ကြသည်။ ရွတ်ဆိုလိုက်သည့်ဂါထာနှင့် တစ်ဆက်တည်းမှာပင် သူတို့နှစ်ဦးသည် နောက်သို့ ပြိုင်တူလှည့်ကြည့်မိလျက်သား ဖြစ်သွားကြသည်။

"အလိုလေး . . . စပါးကြီးကောင်ကြီး လိုက်လာပြီ . . . ကိုမြသာရေ ခင်ဗျားခေါင်း . . . ခေါင်းပေါင်းကို အမြန်ချွတ်။ တုတ်နဲ့ပတ်ပြီး ဒီကောင်ရှေ့ ပစ်သာချလိုက်တော့"

မုဆိုးကြီး၏ တုန်ယင်ချောက်ချားသည့်အသံနှင့်အတူ ယောင်ခြောက်ခယ်ဖြစ်နေသည့် ဦးမြသာသည် ခေါင်းထက်တွင် ပေါင်းထားသည့်တဘက်အား အလျင်အမြန်ဆွဲချွတ်ပြီးလျှင် အနီးရှိ တုတ်ချောင်းတစ်ချောင်းနှင့်ပတ်ကာ စပါးကြီးလာရာလမ်းပေါ်သို့ ကတုန်ကယင်စိတ်ဖြင့် ပစ်ချလိုက်သည်။ မုဆိုးကြီး ဦးမွန်ထော်သည်လည်း ဦးမြသာနည်းတူ ၎င်းတဘက်အား တုတ်နှင့်ပတ် အလျင်အမြန်ပစ်ချလိုက်သည်။

"ကဲ . . . တန်းတန်းသာ ရှေ့ကိုပြေးပေတော့ ကိုမြသာရေ"

နှစ်ဦးသားမှာ မိမိတို့တဘက်အား ကိုယ်စီကိုယ်င ပစ်ချပြီးသည်နှင့် ရှေ့သို့ သုတ်ခြေတင်ပြေးလာတော့၏။ စပါးကြီးမြွေကြီးနှင့် ခပ်လှမ်းလှမ်းကို ရောက်တော့မှ ဟောဟဲဆိုက်ကာ နှစ်ဦးသားပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

"လား . . . လား . . ."

မြွေကြီးမှာ ၎င်းတို့ပစ်ချထားသည့် တဘက်ထုပ်အား အစာအမှတ်ဖြင့်ကော်ဖိတ်ပြီးနေသည်အား တုန်လှုပ်ချောက်ချားဖွယ် မြင်လိုက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟူး . . . ကံကောင်းလို့သာပေါ့ဗျာ။ ကျုပ် အသိမြန်ပေလို့ပေါ့။ အဲ . . . တောထဲတောင်ထဲကိုလာရင် ကျုပ်တို့အဖို့ အမြဲသတိရှိနေရမယ် ကိုမြသာရဲ့။ စပါးကြီးကောင်တွေဟာ လူနဲ့သားကောင်ကို သူ့ညို့ထောက်နဲ့ ညို့ထားရင် ကျွဲရိုင်းတစ်ကောင်၊ ကျားတစ်ကောင်၊ တောဝက်တစ်ကောင်လို သွေးဆိုးတဲ့ကောင်တွေကိုတောင် ယုန်သူငယ်လိုဖြစ်သွားအောင် ညို့တတ်ကြတာကလား။ သတိမမူမိကြတဲ့လူတွေတောင် အညို့ခံရသေးတာပဲ။ ညို့ထောက်နဲ့ညို့ထားရင် ဘာလို့ရုန်းထွက်လို့မရတာလည်းဆိုတာ ကျုပ်ဖြင့် ခုချိန်ထိ စဉ်းစားလို့ကို မရသေးဘူး"

ဟောဟဲလိုက်ရင်း ရှင်းပြနေသည့် မုဆိုးကြီး၏စကားကြောင့် ဦးမြသာသည် စပါးကြီးကောင်နှင့် တော့တော့ဆိုင်ဆိုင်တွေ့လာရပြီမို့ ဒူးတဆတ်ဆတ်တုန်ရင်း နားထောင်နေမိသည်။

"ကဲ . . . ကဲ . . . အမှောင်ထုကလည်း တစစနဲ့ သိပ်သည်းမည်းမှောင်လာပြီ။ ကျုပ်တို့ ဝက်ခါးပတ်ကျားလာတတ်တဲ့ ဇီးဖြူဖန်ခါးနဲ့ ဝါးပိုးဝါးရုံတွေနားမှာရှိတဲ့ သစ်ပင်ကြီးဆီကို သွားမယ်။ ပြီးရင် လင့်စင်ထိုးဖို့ စီစဉ်လိုက်ကြရအောင်"

ပြောပြောဆိုဆိုဖြင့် မုဆိုးကြီးသည် ရှေ့သို့ဆက်လျှောက်ရင်း လင့်စင်ထိုးနိုင်မည့်နေရာတို့အား ကျီးကန်းတောင်းမှောက် ရှာဖွေနေလိုက်သည်။ တစ်နေရာမှာတော့ မုဆိုးကြီးလိုချင်သည့် နေရာတစ်ခုအား ကံအားလျော်စွာ တွေ့ရှိလိုက်သည်။

"အာ . . . တိုင်းယက်တဲ့ပက္ကလာ မိုးရွာတာနဲ့အသင့်" ဆိုသလိုပဲဟေ့။ ကျုပ် ရှာနေတာ တွေ့ပြီဗျို့။ ဟော . . . ဟိုမှာ ဖန်ခါးပင်ကြီးတစ်ပင်တွေ့လား . . . ကိုမြသာ။ ဖန်ခါးပင်အောက်က ဆင်ခြေလျှောမှာ ဝါးရုံတစ်ရုံလေ။ ကျုပ်တို့ နားနေဖို့ ပျဉ်းကတိုးပင်ကြီးကလည်း ဆင်ခြေလျှောနားမှာ အဆင်သင့်ပဲ။ ကဲ . . . ဘာဘာညာညာ စဉ်းစားမနေနဲ့။ ဒီပျဉ်းကတိုးပင်ပေါ်သာ တက်လိုက်ကြစို့"

မုဆိုးကြီးစကားအဆုံးတွင် နှစ်ယောက်သား ပျဉ်းကတိုးပင်ပေါ်သို့ အကိုင်းအခက်တို့ကို ဖက်တွယ်ကာ တက်လိုက်ကြသည်။

နှစ်ဦးသား ပျဉ်းကတိုးပင်ပေါ်တက်အပြီး သစ်ကိုင်းသစ်ခက်တို့ဖြင့် မြေကြီးမှ ကာ လင့်စင်တစ်ခုအား ဖြစ်သလိုပင် အမြန်ဆောက်လိုက်ကြသည်။ အခင်းကိုတော့ ဂွဆုံကြားမှာပင် အသင့်ပါလာသော စည့်ကြိုးဖြင့် သစ်ကိုင်းတို့ကို ချည်တုပ်ကာ လျှင် ခိုင်ခိုင်ခံ့ခံ့ ခင်းလိုက်ကြသည်။ လင့်စင်ဆောက်ပြီး တအောင့်လောက် အကြာမှာတော့ အမှောင်ထုကြီးသည် ငိုက်မြည်းနေရာမှ အိပ်မောကျသွားသည့်နှယ် အမှောင်ကမ္ဘာလာအလား အုပ်မိုးလိုက်ချေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျစ် ကျစ် ကျစ် ကျစ် ... ကျီ ကျီ ... ကျား ကျား ..."

အိပ်တန်းတက်ငှက်တို့၏ အချင်းချင်းနေရာလုရာမှ ထိုးဆိတ်နေကြသံ။

"ဂစ် ... ဂစ် ... ဂစ် ... ဖလူး ... ဖလူး ... ဖလပ် ... ဖလပ်"

လင်ကောင်ပိုးညဥ့်ငှက်တို့၏ အထိတ်တလန့် အော်မြည်သံနှင့်အတူ။ တောင်ပံတဖျပ်ဖျပ်ခတ်ကာ ကမူးရှူးထိုး ထပျံနေကြသံ။

"ဖောက် ... ဖောက် ... ဖောက် ... ဂလောက် ... ဂလောက်"

"အီညီး ... အီညီး ... အစ် ... အစ်"

မိမိတို့ စခန်းချရာ ပျဉ်းကတိုး အကိုင်းအခက်တွေကြားမှ လင်းနို့၊ လင်းဆွဲနှင့် ခွေးခေါင်းနှင့်တူသည့် လင်းဝက်ငှက်တို့၏ ဖောက်ထိုးဆွဲကာ တောင်ပံခတ်ညည်းသံပေးလိုက်သည့် ချောက်ချားဖွယ်အသံတို့ကြောင့် တောအတွေ့အကြုံနုနယ်သေးသည့် ဦးမြသာသည် ထိတ်လန့်တုန်လှုပ်ကာ ခေါင်းနားပန်းပင် ကြီးသွားရသည်။ ထိုစဉ် လေမတိုက်၊ မိုးမရွာပါဘဲလျက် တောတစ်ခွင်လုံးသည် လှုတ္တိုက်လှုပ်လိုက်သည့်အလား တသိမ့်သိမ့်တုန်ကာ တရှေ့ညည်းသံအလား မြည်ဟည်းလာပါသည်။

"ဦး ... ဦးမွန်ထော် ... ဘာသံတွေလဲဗျ။ ဒီအသံတွေက ကျုပ် ... ကျုပ်တို့ ပတ်ပတ်လည်မှာ ဝိုင်းနေပြီ။ ကျုပ် ကြောက်တောင်လာပြီဗျ"

"ရှူး ... တိုးတိုးပြောဗျ။ တောနက်ထဲမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့အတိုင်းပါ တောခြောက်သံတွေပဲ။ လမ်းမှာ ကျုပ်တို့လာတုန်းက ခင်ဗျားသာ သတိမထားမိတာ ကျုပ်တို့တောမှောက်တာ ခံလိုက်ရသေးတယ်။ ခင်ဗျား ကြောက်မှာစိုးလို့ ကျုပ်မပြောဘဲနေတာ။ ကျုပ်တို့ တောမှောက်ခံရပြီး လာနေကျလမ်းမဟုတ်တဲ့နေရာကို ခုလိုရောက်လာတာပဲ။ တောက ကြမ်းသလားမမေးနဲ့။ ခုလို တောခြောက်တာဟာ ကျုပ်တို့ လူလိုအသိဉာဏ်ကြီးတဲ့ ဂမ္ဘီရမြွေတွေ၊ လူယောင်ဖန်ဆင်းနိုင်တဲ့ ကိုးတောင်ကျားတွေ၊ သမန်းကျားတွေ၊ သင်းခွေချပ်တွေ၊ ဆင်ရိုင်းကြီးတွေ အချင်းချင်း ဗိုလ်လုသတ်ဖြတ်ပြီး အစိမ်းသေ သေသွားကြတယ်မို့လား။ အဲဒီအခါ သူတို့ဝိညာဉ်တွေဟာ အစိမ်းသရဲအဖြစ် ဂျုပ်တို့လူတွေလို နာနာဘာဝအဖြစ်နဲ့ ခြောက်လှန့်နေကြတာပေါ့"

မုဆိုးကြီးရှင်းပြသည့် တိုးညှင်းညှင်းစကားသံကြောင့် ဦးမြသာသည် 'လာမိတာ မှားလေခြင်း' ဟူသည့် နောင်တတရားနှင့်ယှဉ်ကာ နေစရာမရှိလောက်အောင် ကြောက်လန့်နေပါတော့သည်။

တောကြီးမာယာကတော့ မည်းမှောင်နေသည့် ညဥ့်ကမ္ဘာထဲ ချောက်ချားဖွယ်အတိဖြင့် ဝတ္တရားမပျက် ခြောက်လှန့်နေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



ဆယ်အိမ်မှူး ဦးမြသာမှာ 'ဝက်ခါးပတ်ကျား မာန်စွယ်'ဆိုသည့် လောဘ မက်လုံးကြောင့်သာ လာခဲ့ရပေမယ့် လင့်စင်ထက်တွင် မရှုသာမရှုက်သာ ဆောင့် ကြောင့်ထိုင်ရင်း ဒူးတဆတ်ဆတ်တုန်ကာ တုန်လှုပ်ချောက်ချားနေပေသည်။ သူ့ အနေနှင့် မွေးဖွားခါနီး ဖနီးသည် ထွေးမြအတွက် မီးဖွားစရိတ်လို၍သာ မျက်စိ မှိတ်လိုက်လာရခြင်း ဖြစ်သည်။ အခုလို ထိတ်လန့်တုန်လှုပ်စရာနှင့် ကြုံလာရ မည်ဆိုပါက လိုက်ဖြစ်ဖို့ စိတ်ကူးမျှပင် ထည့်မည်မဟုတ်ချေ။ မာယာများသည့် တောဂနိုင်မြိုင်ကြီးအပေါ် အထင်သေးမိသည့်အတွက် နောင်တအခါခါရနေမိ သည်။

မုဆိုးကြီး ဦးမွန်ထော်တို့သည် လင့်စင်ပေါ်သို့မတက်မီ လင်စင့်အောက် ဖက်တွင် ထင်းခြောက်တုံးများကိုချကာ မီးပုံကြီးတစ်ပုံ ဖိုထားလိုက်ကြသည်။ မီးညွန့်အရှိန်ရလာသည်နှင့်အမျှ အသင့်ခုတ်ပိုင်းထားသည့် ဝါးပိုးဝါးပိုင်းတို့ကို မီးပုံ နံဘေးပတ်ပတ်လည်တွင် အစီအရီချထား ရံထားပြီးလျှင် လင့်စင်ပေါ်တွင် နေရာ ယူလိုက်ကြ၏။ မီးညွန့်မီးလျှံ တညီးညီးဖြင့် အရှိန်ရလာသည့် မီးပုံကြီးကြောင့် သားရဲတိရစ္ဆာန်တို့မှာ အနားသို့ပင် မသီဝံ့ကြသလို မီးတောက်မီးလျှံများ ကူးစက် လာသည့်အတွက် ဝါးပိုးဝါးတို့၏ ပေါက်ကွဲမြည်ဟည်းသံတို့သည် 'ညတိုက်ပွဲမှ သေနတ်ပစ်သံ'လို တဒိုင်းဒိုင်း၊ တဖြောင်းဖြောင်း၊ တဘောင်းဘောင်းဖြင့် ကြောက် ခမန်းလိလိ ထွက်ပေါ်လာပါတော့သည်။ ဩော် ... တိတ်ဆိတ်သော ညဥ့်ယံမှ တိုက်ပွဲခေါ်သံတွေပါတကား။

ညဥ့်အစဦးမှာတော့ မီးတောက်မီးလျှံတို့၏ အလျှံငြီးငြီးတောက်လော နေသည့်အရှိန်ဖြင့်လည်းကောင်း၊ ဝါးပိုးဝါးဆစ်တို့၏ ပေါက်ကွဲသံတို့ကြောင့်လည်း ကောင်း၊ သားရဲကောင်တို့သည် အနားသို့ပင် မကပ်ဝံ့ချေဘဲ လင့်စင်ထက်မှ လူသားနှစ်ဦးတို့မှာ သက်သောင့်သက်သာ အနားယူနိုင်ကြပေသေးသည်။

ညဥ့်နက်လာသည်နှင့်အမျှ မီးညွန့်မီးရှိန်တို့ ကျဆင်းလာချေသည်။ မယ ရာ ညဥ့်ကမ္ဘာသည်လည်း အနက်ရောင်လွှင်ပြင်ကို ထပ်ခါတလဲလဲ ဆေးရော ကဲသည့် ပန်းချီကားတစ်ချပ်နှယ် အိုမင်းရင့်ရော်လာသည်။

သည်သို့ဖြင့် သူတို့ပတ်ဝန်းကျင်ဝယ် သားရဲကောင်တို့အချင်းချင်း အ လိုက်သံ၊ တိုက်ခိုက်ကုပ်ဖွဲ့သံတို့ဖြင့် ငရဲပွက်သည့်ပမာ ဆူညံလာသည်။

တစ်ချိန်တွင် အလွန်တရာကြီးမားလှသည့် တောကြီးမြွေဟောက် ကောင်နှင့် ကိုးတောင်ကျားတစ်ကောင်တို့၏ အသက်လုပွဲတစ်ခုအား မှုန်ဝါး မီးဖို၏ အလင်းသဲ့သဲ့အောက်တွင် ကြောက်ခမန်းလိလိ မြင်တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



လူ့အရပ် လက်ခုပ်တစ်ဖောင်သာသာခန့် အမြီးထောက်ကာ မတ်ထောင်နေသည့် မြွေကြီးသည် ခုန်အုပ်ရန် တာစူနေသည့်ကျားကြီးအား ကိစ္စတုံးပေါက်သတ်ရန် ဒေါသခိုးဝေနေသည့် မျက်လုံးရဲကြီးဖြင့် စိုက်ကြည့်ရင်း အကွက်ချောင်းနေပေသည်။

သူတို့နှစ်ကောင်သားသည် တစ်ကွက်မှားသော ကျားအဖြစ် မခံရစေရန် မိမိတို့ ကျွမ်းကျင်သည့် တိုက်ကွက်အနေအထားမျိုးဖြင့် တစ်ကောင့် တစ်ကောင် အလစ်ချောင်းရင်း မာန်စောင်နေကြသည်။

"ရှီး ... ရှီး ... ရှီး"

"ဂရား ... ဂရား ... ဂရား"

တောကြီးမြွေဟောက်ကြီးသည် ဒေါသအခိုးအလျှံ ဝင်းဝင်းတောက်သည့် မျက်လုံးရဲကြီးဖြင့် လျှာနှစ်ခွကို ထုတ်ချည်သွင်းချည် ပြူတစ် ပြူတစ်လုပ်ရင်း ကျားကြီးကို ကိုက်ပေါက်သတ်ရန် အသင့်အနေအထားနှင့်ရှိနေသလို ကျားကြီးမှာလည်း မြေတွင်ဝပ်တွားရင်း မြွေကြီး၏ ပါးပျဉ်းခွက်ကိုခဲရန် အကွက်ကောင်းကို ချောင်းနေချေပြီ။

မုဆိုးကြီး ဦးမွန်ထော်တို့သည် ထိုသားရဲနှစ်ကောင်တို့၏ တိုက်ပွဲအား စိတ်ဝင်တစားကြည့်ရင်း အသက်ရှူဖို့ပင် သတိမရနိုင်လောက်အောင် မှင်တက်မိနေကြသည်။

သူတို့အဖို့ ထိုကိုးတောင်ကျားကြီးအား ပစ်ချင်သော်လည်း လာရင်းကိစ္စဖြစ်သည့် ခါးပတ်ကျား ဝက်တောင်းကြီးကို လက်လွှတ်လိုက်ရမည်စိုး၍ ပစ်ချင်စိတ်တို့အား ဖွတ်နှစ်ချိုးနှိမ်ထားလိုက်ရသည်။ ထောင်ကိုမြင် ရာစွန့်ရမည်မဟုတ်ပါလား။

ကျားဆိုးကြီးနှင့် တောကြီးမြွေဟောက်တို့ မာန်စောင်နေကြစဉ် ကျားကြီးသည် 'တစ်ကွက်မှားသောကျား' စာဆိုအတိုင်း စိတ်မရှည်တော့သည်နှင့် တောကြီးမြွေဟောက်ထံသို့ ဒေါသတကြီး ခုန်အုပ်လိုက်စဉ် ရှေ့ရှိ သစ်ခြောက်ကိုင်းတစ်ကိုင်းနှင့် ခလုတ်တိုက်မိ ချိတ်မိချေ၍ မြွေကြီးထံသို့ မရောက်နိုင်ဘဲ ဟန်ချက်ပျက်ကာ ခွေးကျ ကျသွားတော့သည်။

ထိုစဉ် တောကြီးမြွေဟောက်ကြီးသည် ဂလန်ဂလားနှင့် ပိုးစိုးပက်စက်လဲကျနေသည့် ကျားကြီး၏ ကုပ်ပိုးပေါ်သို့ ယင်ကောင်ပင်မလွတ်နိုင်သည့် လေ၏ လျှင်မြန်သောအရှိန်အဟုန်မျိုးဖြင့် ဒုတ်ခနဲ ပေါက်ချလိုက်သည်။ တောကြီးမြွေဟောက်၏ ပြင်းလှသည့်အဆိပ်ကြောင့် ကျားကောင်ကြီးသည် 'ဂရား ... ဂရား ...



www.burmeseclassic.com

www.burmeseclassic.com



ဂရား ...အီး ...အူး ...အူး''ဟူသော သေငယ်ဖောအသံတို့ဖြင့် တောလုံး ဟိန်းမျှ ဟစ်အော်ရင်း ကမူးရှူးထိုး ခြေဦးတည့်ရာသို့ ဆောက်တည်ရာမရ ပြေး ထွက်သွားလေတော့သည်။

စောစောပိုင်းက တို့ထိတို့ထိဖြင့် တကျိုကျို တတျာတျာ နေရာလုထိုး ဆိတ်နေကြသည့် ငှက်တို့၏ မြည်သံ။ ချေ၊ စိုင်၊ ဆတ်တို့၏ ဟောက်သံ၊ တစ်သံ တို့သည်လည်း တဒင်္ဂအတွင်းငြိမ်သက်ကာ တစ်တောလုံး တစ်တောင်လုံး အသက် ကင်းမဲ့နေသည့်အလား တိတ်ဆိတ်သွားတော့၏။

''အင်း ...မြွေထဲမှာ အင်မတန်အဆိပ်ပြင်းတဲ့ တောကြီးမြွေဟောက်ရဲ့ အဆိပ်မိမှတော့ ဒီကျားကောင်ကြီး သိပ်ကြာကြာမနေရတော့ဘူး။ တစ်ချိုချိုမှာ အသက်ထွက် ကိစ္စချောတော့မယ်''

မုဆိုးကြီး ဦးမွန်ထော်က ထိုသတ္တဝါနှစ်ကောင်၏ အသက်လုပွဲအား အပြီးတိုင် ရင်တမိုမိုဖြင့် စောင့်ကြည့်အပြီးမှာ ဤသို့ မှတ်ချက်ပေးလိုက်သည်။

''မုဆိုးကြီးရယ် ...ဒီလိုဆိုတော့ ကျုပ်တို့ နောက်နေ့တွေမှာ ဒီကျား သေကို လိုက်ရှာကြရင်တွေ့လိမ့်မယ်ထင်တယ်နော်''

''အင်းပေါ့လေ ...ငါးမရလည်း ရေချိုးပြန်တာပေါ့ဆိုသလို ဝက်တောင် ကြီးကိုမရမှတော့ ကျားသေကို အရှာထွက်ကြတာပေါ့ဗျာ။ ဝက်မာန်စွယ်လောက် ဈေးကောင်းမရပေမယ့် ကျားရိုး၊ ကျားစွယ်၊ ကျားသားရေဈေးကလည်း မက် လောက်စရာပဲ မဟုတ်ဘူးလား''

သို့ကလို မုဆိုးကြီးနှစ်ယောက်တို့သည် စိတ်ကူးဖဲရိုက်ကြရင်း လင့်စင် ထက်တွင် အညောင်းဆန့်ကာလှဲလိုက်ကြသည်။ စောစောပိုင်းက စားထားသည့် ထမင်းကြမ်းနှင့် ဆတ်သားခြောက်ဖုတ်တို့တန်ခိုးကြောင့် ထမင်းဆိပ်တက်ကာ မှေးခနဲ အိပ်မောကျသွားကြသည်။ မဖြစ်ညစ်ကျယ်သာနေသည့် လရောင်ရိပ်က သစ်ရွက်ကြို သစ်ရွက်ကြားမှ ယိုဖိတ်ပြီးသကာလ အိပ်မောကျနေသူနှစ်ဦး၏ ကိုယ်ပေါ်သို့ တို့ကနန်း ဆိတ်ကနန်း ဖျိုးဖျစွာ ဖြာကျနေပေသည်။

မည်မျှလောက်ကြာကြာ အိပ်မောကျသွားသည်ဟု မဆိုနိုင်။

''ဗျို့ ...ဦးမြသာ ...ဦးမြသာ၊ ခင်ဗျား မိန်းမ ဗိုက်နာနေတယ်။ ကလေး မမွေးနိုင်။ ရွာပြန်လိုက်ခဲ့ဖို့ ကျုပ်ကို အခေါ်လွှတ်လိုက်တယ်ဗျ။ လင့်စင်ပေါ်က မြန်မြန်ဆင်းပြီး ကျုပ်နဲ့သာ လိုက်ခဲ့ပေတော့''

လင်စင့်အောက်မှ အသံညကြီးဖြင့် မိမိနာမည်အား ခေါ်သံကြားလိုက် ရ၍ ဆတ်ခနဲနိုးလာသည့် ဦးမြသာသည် လင်စင့်ထက် အိပ်စက်နေရာမှ ငေါက်



www.burmeseclassic.com

www.burmeseclassic.com


ခနဲ ထထိုင်မိလျက်သား ဖြစ်သွားသည်။ သတိကြီးစွာဖြင့် အိပ်စက်နေသည့် မုဆိုးကြီးမှာလည်း လင့်စင်အောက်မှ ချောက်ချားဖွယ်အော်သံကြောင့် ဦးမြသာနည်းတူ နိုးလာသည်။

"ဗျာ . . . ကျုပ် . . . ကျုပ်မိန်းမ မီးမဖွားနိုင်လို့ လာခေါ်တယ် ဟုတ်လား။ အဲ . . . ကျုပ် . . . ကျုပ် . . . ဆင်း . . . ဆင်းလာခဲ့ပါ့မယ်"

ဦးမြသာသည် မယားဇောဖြင့် ထိုင်နေရာမှ ထရပ်ပြီးလျှင် လင့်စက်ပေါက်မှဆင်းရန် ဟန်ပြင်လိုက်သည်။

"ဟေ့လူ . . . ခင်ဗျား ရူးနေလား။ မဆင်းနဲ့ . . . မဆင်းနဲ့၊ ဒါ သွေးရိုးသားရိုး မဟုတ်ဘူး။ ခင်ဗျားကို လာခေါ်တာ၊ လူစစ်စစ် မဖြစ်နိုင်ဘူး။ နာနာဘာဝ မကောင်းဆိုးဝါးတွေ လူယောင်ဖန်ဆင်းပြီး လာခေါ်တာနေမှာ။ လုံးဝ မဆင်းနဲ့။ အဲဒီနာနာဘာဝကောင်က ခင်ဗျားဆင်းတာနဲ့ ခင်ဗျားကို ကုပ်ချိုးသတ်ပြီး ခင်ဗျား အသက်ကို နုတ်ယူသွားလိမ့်မယ်"

မုဆိုးကြီး ဦးမွန်ထော်သည် အတက်အဆင်းအတွက် ဖန်တီးထားသည့် နွယ်ကြိုးကိုကိုင်ကာ ဆင်းရန်ဟန်ပြင်နေသည့် ဦးမြသာ၏ လက်နှစ်ဖက်အား အားကုန်ဆွဲထားရင်း နှုတ်မှလည်း တတွတ်တွတ်သတိပေးရင်း ဟန့်တားလိုက်ရသည်။

"လာပါဗျ . . . ဦးမြသာ။ မြန်မြန်ဆင်းလာခဲ့စမ်းပါဗျ။ ခင်ဗျား မိန်းမ အသက်ထွက်တော့မယ်"

ဦးမြသာသည် မုဆိုးကြီး တားနေ၊ ဆွဲထားနေလျက်မှာပင် မယားဇော၊ သားဇောတို့ကြောင့် ဖွတ်အတင်းရုန်းကန်ရင်း ဆင်းဖို့အရှိန်ယူနေပေသေးသည်။

"ဟေ့လူ . . . ကျုပ်စကားကို နားထောင်စမ်း။ ဒီတော ဒီတောင် ဒီလင့်စင်ပေါ် ကျုပ်တို့ ရောက်နေတာ ဘယ်သူမှမသိဘူး။ ဒါ နာနာဘာဝ သရဲတစ္ဆေတွေ အယောင်ဆောင်လာတာ။ မယုံရင် အောက်ကိုငုံ့ကြည့်လိုက်။ ပြီးတော့ . . . မြန်မြန်သေးပန်းချလိုက်။ ကျုပ်လည်း ခုပဲ ပန်းချလိုက်မယ်"

မုဆိုးကြီးသည် ပြောတွင်ဆိုတွင်မှာပင် ပုဆိုးကိုလှန်ကာ သေးပန်းချလိုက်သည်။ ဦးမြသာမှာလည်း မုဆိုးကြီးခိုင်းစေသည့်အတိုင်း လင်စင့်အောက်သို့ တဖြန်းဖြန်းမြည်အောင် ပန်းချလိုက်သည်။

မုဆိုးကြီးတို့နှစ်ဦးအား မော့ကြည့်နေသည့် ထိုလူစိမ်းသည် သူတို့ ပေါက်ချလိုက်သည့် သေးရည်များကြားမှ မျက်ထောက်နီကြီးဖြင့် ဒေါသတကြီး မော့ကြည့်လိုက်သည်။ အောက်သို့ မဝံ့မရဲစိတ်ဖြင့် ငုံ့ကြည့်လိုက်သည့် ဦးမြသာမှာ


www.burmeseclassic.com

www.burmeseclassic.com



တော့ ဟောက်ပက်ပက်မျက်ခွက်ထဲမှ အဆမတန် ပြူးထွက်နေသည့် နီကျင်ကျင်မျက်လုံး။ သေပြီးစ အစိမ်းသေလို ဖြူဖတ်ဖတ်အသားအရေ။ မျက်နှာသေဖြင့်စိုက်ကြည့်နေသည့် ထိုအယောင်ဆောင်လူစိမ်းကြောင့် ကြောက်ဒူးတို့ တဆတ်ဆတ်တုန်ကာ ဝမ်းတွင်းကလီစာနှင့် ကျောပြင်တစ်ခုလုံး စိမ့်ခနဲနေအောင် အေးစက်လာသည်။ ထိုလူစိမ်းကောင်ကြီးသည် စူးစူးရဲရဲကြည့်နေရာမှ ကြောက်စရာအသံနက်ကြီးဖြင့် အော်ရယ်လိုက်ပြန်သည်။

"ဟား ... ဟား ... ဟား ... ဟား ... ဟီး ... ဟီး ... ဟီး"

ကြောက်စရာ့အသွင်သဏ္ဍာန်။ ပဲ့တင်ထပ်မျှ အော်ရယ်သံတို့ကြောင့် ထိုအချိန်က လင့်စင်ထက်တွင် ဆောင့်ကြောင့်ထိုင်ရင်း ဒူးတဆတ်ဆတ်တုန်နေသည့် ကိုမြသာအဖို့ နေစရာပင် မရှိနိုင်တော့ပြီ။ လျှပ်စီးလက်တမျှ ဖြစ်ပျက်လိုက်သည့် ထိုတဒင်္ဂခဏငယ်အချိန်အတွင်း မုဆိုးကြီးသည် တွေဝေမနေချေတော့ဘဲ မိမိအိပ်ရာနံဘေးတွင် အသင့်ကျည်ထိုးထားသည့် တူမီးသေနတ်ကို ဆွဲယူကာ မျက်ထောင့်နီဖြင့် မော့ကြည့်နေသည့် အနီလူစိမ်းကောင်ကြီးအား လျှပ်တပြက်အတွင်း ပစ်ခတ်လိုက်လေတော့သည်။

"ဒိုင်း"

လူယောင်ဆောင်ထားသည့် ထိုနာနာဘာဝအစိမ်းကောင်ကြီးသည် သည်တော့မှပင် မူလသဏ္ဍာန်သို့ ကူးပြောင်းကာ တစ်ဖက်တောစပ်ထဲသို့ ပြေးဝင်လေတော့သည်။

"ဟာ ... ဟင် ... ဒါ ... ဒါ ... လူယောင်ဆောင်ထားတဲ့ ဝက်ခါးပတ်ကျားကြီးပါလား"

"ဟင်း"

မုဆိုးကြီး၏ လက်ချက်ဖြင့် လူတစ်ဖြစ်လဲ ဝက်ခါးပတ်ကျားကြီးအား မျက်ဝါးထင်ထင်မြင်လိုက်ရသည့် ဦးမြသာမှာ သည်တော့မှ မုဆိုးကြီးသတိပေးစကားမှန်လေခြင်းဟူသော အတွေးဖြင့် 'ဟင်းခနဲ' သက်ပြင်းချလိုက်နိုင်တော့သည်။ နှုတ်မှလည်း 'အင်း ... မုဆိုးကြီး အမြော်အမြင်ကြီးပေလို့ပေါ့ဗျာ။ နောက်မို့ဆို ကျုပ်လည်း လင့်စင်အောက်မှာ အသက်ပျောက်နေလောက်ရောပေါ့။ ကျေးဇူးကြီးလှပါပေတယ် မုဆိုးကြီးရယ်'ဟု ဆိုကာ မုဆိုးကြီး၏ လက်နှစ်ဖက်ကို ဖျစ်ညှစ်ရင်း ကျေးဇူးစကား ဆိုနေပေတော့၏။

"ဒါကြောင့် ကျုပ် အခါခါ သတိပေးရတာပေါ့ ကိုမြသာရယ်။ တောထဲမှာ လင့်စင်ထိုးအိပ်ရင် ဒီလိုတ္ကေ့လှုပ်ချောက်ချားစရာတွေ ကြုံရတတ်လွန်းလို့



www.burmeseclassic.com

www.burmeseclassic.com


ကျုပ်အဖို့ ရှိုးတောင်နေပြီ။ ကဲ . . . ကဲ . . . စိတ်ချလက်ချသာ အိပ်ပေတော့ ကိုမြသာ။ ပွဲပြီး မီးငြိမ်းဆိုသလို ဘာအန္တရာယ်မှ မရှိလောက်တော့ဘူး။ အင်း . . . မိုးလင်းမှပဲ ကျုပ်တို့ ဒီလင့်စင်ပေါ်က ဆင်းကြတာပေါ့''

သည်သို့ဖြင့် မုဆိုးကြီးတို့သည် ချောက်ချားတုန်ရီဖွယ် ညဥ့်တစ်ညဥ့်အား လင့်စင်ထက်မှာပင် ကုန်ဆုံးစေလိုက်သည်။

✿ ✿ ✿

# [၅]

## ဝက်တောင်းကြီးနှင့် ဘတစ်ပြန် ကျားတစ်ပြန်

❑

ကျေးငှက်တို့၏ တကျီကျီ တတျာတျာတေးသံသာနှင့်အတူ မုဆိုးကြီးဦးမွန်ထော်နှင့် ဦးမြသာတို့သည် လင့်စင်ထက်မှ နိုးထလာကြသည်။ သို့နှင့် . . . သူတို့နှစ်ဦးသည် ထွန်းသစ်စရောင်နီဦး၏ မပီဝိုးတဝါးအလင်းဖျော့ဖျော့မှာပင် လင့်စင်ပေါ်မှဆင်းကာ ခရီးဆက်ကြပြန်သည်။ တစ်တောဝင် တစ်တောင်တက်ဖြင့် သူတို့နှစ်ဦးသည် ဝက်ခါးပတ်ကျားကြီးအား သည်းကြီးမည်းကြီး ရှာဖွေကြတော့သည်။

တစ်ချိန်တွင် သူတို့နှစ်ဦးသည် တောတိုးကြရင်း ဆူးချုံတစ်ချုံရှေ့ ဖြတ်သွားသည့် အနီဝက်ခါးပတ်ကျားကြီးအား ရိပ်ခနဲ တွေ့လိုက်ကြသည်။

''ဟာ . . . ဟိုရှေ့မှာ ဝက်ခါးပတ်ကျားကြီးဟ။ ကဲ . . . ကိုမြသာ ခင်ဗျားက ဘယ်ဘက်ကပန်းတက် ကျုပ် ညာဘက်ခြမ်းက လိုက်မယ်''

လျှပ်တပြက်အတွင်း မြင်လိုက်ရသည့် ဝက်ခါးပတ်ကျားနောက်သို့ မုဆိုးနှစ်ယောက်တို့သည် သည်းကြီးမည်းကြီး လုစုခွဲကာ လိုက်ကြလေ၏။ အနီ ဝက်ခါးပတ်ကျားကြီးသည် ရှည်လျားလှစွာသော ခါးတံရှည်ကြီးကိုသွဲ့ကာနွဲ့ကာ ပျောက်

www.burmeseclassic.com



လှမ်းရင်း ကွန်ခြေကြီးတစ်ခွဲသားဖြင့် ရှေ့တူရူရှိ တောချုံတစ်ခုထဲသို့ တိုးဝင်ရန် ဟန်ပြင်နေသည်။

"ပစ် . . . ပစ်တော့ ကိုမြသာရေ့၊ ကျုပ်လည်း ဒီကောင့်ကို ဒူးလေးနဲ့ ကူပစ်မယ်"

မုဆိုးကြီးသည် ဦးမြသာအား လေသံသဲ့သဲ့မျှ သတိပေးပြီးလျှင် ဒူးလေးမောင်းကိုတင်ကာ ဝက်တောင်းကြီးဆီသို့ ပစ်လွှတ်လိုက်သည်။

ဒူးလေးမှ ပစ်လွှတ်လိုက်သည့် မြားတံ၏ စိုက်ဝင်သည့်အသံနှင့်အတူ တူမီးသေနတ်ပြောင်းမှထွက်လာသည့် 'ဒိုင်း'ဆိုသောအသံတို့သည် ဝက်ခါးပတ်ကျားပေါ်မှ ဗိုးခနဲ၊ ဖွစ်ခနဲ ပလူပျံသလို ဖြတ်သန်းသွားလေ၏။ မြားတံမှာကား အနီးဝက်တောင်းကြီးကို မထိချေဘဲ ဆန်းကြယ်လှစွာ ကွေ့ဝိုက်ပြီးသကာလ အနီးရှိ တာမလန်းပင်စည်သို့ စိုက်ဝင်သွားလေ၏။

လက်စလက်နကောင်းသူ နှစ်ဦးပင်ဖြစ်သော်ငြား သူတို့နှစ်ဦး ပစ်လွှတ်လိုက်သည့်ပစ်ချက်မှာ ထူးဆန်းအံ့ဩဖွယ်ကောင်းလောက်အောင် ဝက်ခါးပတ်ကျားဆီသို့ မရောက်ချေဘဲ ကွေ့ပတ်လွဲချော်ခြင်းနှင့်သာ အဆုံးသတ်သွားရတော့သည်။

ဝက်ခါးပတ်ကျားကြီးသည် အသံလာရာသို့ ဒေါသတကြီးဖြင့် တစ်ပတ်လှည့်ပြီးလျှင် မုဆိုးကြီးတို့ထံသို့ ဝါးလုံးထိုးပြေးဝင်လာကာ မီးခိုးကြွက်လျှောက်လိုက်လေတော့သည်။

"ပြေး . . . ပြေး . . . ကိုမြသာရေ ရှေ့က သစ်ငုတ်တိုကိုကွယ်ပြီး လှဲ . . . လှဲချလိုက်။ မုဆိုးကြီး ဦးမွန်ထော်က အလျင်စလိုသတိပေးရင်း နီးရာချုံတစ်ခုထဲသို့ ဒိုက်ထိုးအိပ်လိုက်ရသည်။ ဒေါမာန်ကြီးသည့် ဝက်ခါးပတ်ကျားသည် သေနတ်မီးခိုးလာရာလမ်းကြောင်းအတိုင်း ဝက်ခေါင်းထိုးပြေး ဝင်လာရကား သူ့ရှေ့ရှိ သစ်ငုတ်တိုအား အရှိန်လွန်ကာ ဝင်ပက်မိလေတော့၏။ ရှိသမျှ အားအင်နှင့် ဒေါသမာန်တို့ကို အစွမ်းကုန် ထုတ်သုံးလိုက်ရသည့် ဝက်တောင်းခါးပတ်ကျားကြီးသည် နှုတ်သီးနှင့် သစ်ငုတ်တိုတို့ ဆောင့်မိသည့်အရှိန်ကြောင့် မိုက်ခနဲဖြစ်ကာ တဒင်္ဂမျှ နဝေတိမ်တောင် ငေးကြောင်ကြောင်ဖြစ်နေပါသေးသည်။ အနီးဝက်တောင်းကြီးသည် အစွယ်ကျိုးသည့်ဒဏ်ရာဖြင့် မခံမရပ်နိုင်အောင် နာကျင်ခြင်း၊ ဦးခေါင်းတစ်ခုလုံး သွက်သွက်ခါ ချာချာလည်နေခြင်းတို့ကြောင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ကာ ရန်သူကိုပင် သတိမရချေတော့ဘဲ နီးစပ်ရာတောချုံတစ်ခုထဲသို့ ဒရောသောပါး ပြေးဝင်ပျောက်ကွယ်သွားပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com


ဝက်တောင်းကြီး မိမိတို့ထံပါးမှ ပြေးထွက်ပျောက်ကွယ်သွားတော့မှပင် မုဆိုးကြီးနှင့် ဦးမြသာတို့သည် မိမိတို့လှဲနေရာမှ ဖုတ်ဖတ်ခါကာ လူးလဲထလာလိုက်ကြသည်။

သည်သို့ဖြင့် နှစ်ဦးသား တောကြီးမျက်မည်းထဲသို့ စမ်းတဝါးဝါးလျှောက်သွားကြရင်း ကံအားလျော်စွာ မုဆိုးကြီးတို့သည် ယမန်နေ့ညက မြွေပေါက်ခံရ၍ မချိမဆန့်သေဆုံးနေသည့် ကျားသေကောင်အား ချုံပုတ်တစ်ခုထဲတွင် တွေ့ရှိလိုက်ရသည်။ သို့နှင့် ကျားသေကောင်အား နှစ်ယောက်သား တစ်ယောက်တစ်လှည့်စီ မနိုင်မနင်း ထမ်းပြန်လာခြင်းဖြင့် မုဆိုးကြီးတို့၏ အမဲလိုက်ခရီးကြမ်းမှာ တစ်ခန်းရပ်လေတော့၏။

"အင်း ... ကိုမြသာရေ၊ ဝက်ခါးပတ်ကျားကို မရလိုက်ပေမယ့် ဒီကိုးတောင်ပြည့် ကျားသေနဲ့ ဝမ်းချပေးလိုက်တဲ့။ ချိုကျိုးနားရွက်ပဲ့တွေ ပဲပေးနေတတ်တဲ့ တောစောင့်နတ်၊ တောင်စောင့်နတ်တွေကိုတော့ ကျေးဇူးတင်ရမလိုတောင် ဖြစ်နေပြီဗျ။ ဟား ... ဟား ..."

"ကဲ ... လူလေးရေ၊ အဘတို့အဖြစ်ကတော့ ဒါပါပဲကွယ်။ လူလေးတို့ရလာခဲ့တဲ့ ဝက်မာန်စွယ်ခေါင်းပိတ်ဆိုတာ အဘတို့ နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ပစ်ခတ်ခဲ့တဲ့ ဝက်ခါးပတ်ကျားရဲ့ မာန်စွယ်တစ်ချောင်းပဲ ဖြစ်မယ်ထင်တယ်။ အဘတို့နဲ့ မထိုက်လို့ လူလေးတို့ရလိုက်တာ အဘ ကျေနပ်ပါတယ်။ ပုံမှန်ပစ်ခတ်ပြီးမှ ရလာတာမျိုး မဟုတ်ဘဲ ဒေါသမာန်ရစ်ပြီး သူ့သေကိုယ်သေ တိုက်ရင်းခိုက်ရင်း စိုက်ဝင်ခဲ့တဲ့ ဒီမာန်စွယ်ကမှ တစ်ကယ့်သိဒ္ဓိဝင်ပြီး ဆေးဖြစ်တာကလား။ အင်း ... ဒါနဲ့ စကားမစပ် လူလေးတို့ရောင်းချင်တဲ့ စိတ်ဆန္ဒပေါ်လာရင် အဘနဲ့ ဆက်သွယ်ဖို့ မမေ့ပါနဲ့ကွယ်"

မုဆိုးကြီး ဦးမွန်ထော်သည် ဖိုးသီတို့အား တောတွင်းဆန်းကြယ် ကိုယ်တွေ့ဇာတ်လမ်းအား အဆုံးသတ်အပြီးတွင် ဖိုးသီတို့ မိသားစုအား နှုတ်ဆက်ပြီး ပြန်သွားလေတော့သည်။

ဖိုးသီတို့ ညီအစ်ကိုသုံးယောက်မှာသာ မုဆိုးကြီး၏ ဆန်းကြယ်သောဇာတ်လမ်းအား နားထောင်ရင်း ပါးစပ်ဟောင်းလောင်းဖြင့် ကျန်ရစ်ခဲ့ကြသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၆]

## ဓားပြီးခြင်း

❑

ဖိုးသီတို့ထံသို့ မုဆိုးကြီးဦးမွန်ထော်ရောက်လာပြီးသည့်နောက် (၁၀) ရက်ခန့် လွန်မြောက်သည့် ညတစ်ညတွင် ဖိုးသီတို့အိမ်ပေါ်သို့ လူစိမ်းနှစ်ဦးတို့သည် တိတ်တဆိတ် ဝင်ရောက်လာကြပေ၏။ ထိုလူစိမ်းနှစ်ဦးတို့သည် အိပ်မောကျနေသည့် ဖိုးသီအနီးသို့ သူခိုးချောင်း ချောင်းကာ ခြေဖွဖွနင်းလျက် ဝင်ရောက်လာကြခြင်းဖြစ်၏။

ထိုသူနှစ်ဦးအနက်မှ တစ်ဦးသည် မီးအုပ်ဆောင်းကို ကိုင်လျက်။ ကျန်တစ်ဦးမှာကား ဓားအိမ်မဲ့ ဓားရှည်တစ်ချောင်းကို အသင့်အနေအထားဖြင့်ကိုင်လျက် ဖိုးသီအနီးသို့ တရွေ့ရွေ့လျှောက်လာကြသည်။

မီးအုပ်ဆောင်းကိုင်ထားသူသည် ဖိုးသီးအနီးသို့ရောက်သည်နှင့် ၎င်းကိုင်ဆောင်ထားသည့် မီးအုပ်ဆောင်းသည် တစ်စုံတစ်ခုက စုပ်မြိုလိုက်သည့်နှယ် ဟုန်းခနဲ ငြိမ်းအေးတော့၏။ မျှော်လင့်မထားဘဲ မီးငြိမ်းသွားသည့်အတွက် ဓားရှည်ကိုင်ထားသူသည် အမှောင်ထဲတွင် ရမ်းသမ်းကာ အိပ်ပျော်နေရှာသည့် ဖိုးသီ



www.burmeseclassic.com

www.burmeseclassic.com



အား ဓားရှည်ဖြင့် ဓားလွယ်ခုတ် ခုတ်ချလိုက်လေသည်။ ခုတ်ချလိုက်သည့် ဓားချက်သည် ဖိုးသီအပေါ်သို့ ဟန်ချက်မလွဲချောဘဲ ဒက်ထိကျလာသော်လည်း ရာဘာတုံးကိုခုတ်မိသည့်ပမာ ဖိုးသီကိုယ်ပေါ်မှ အဆန်းတကြယ် ခုန်ထွက်လာပါသည်။

ထိုဓားချက်သည် ဖိုးသီကိုယ်ပေါ်မှ ခုန်ထွက်အပြီးတွင် ဓားခုတ်သူထိုလူစိမ်း၏ နဖူးတည့်တည့်သို့ ဝင်ဆောင့်လေ၏။

"အား ... အောင်မယ်လေး ငါ့ပြန်ထိပဟော့"

ဓားချက်မှ ပြန်ကန်ထွက်သည့်အသံ၊ လူစိမ်းပါးစပ်မှ ထိတ်လန့်တကြား အော်လိုက်သည့်အသံကြောင့် အိပ်မောကျနေသည့် ဖိုးသီ လန့်နိုးလာသည်။

သူသည် အမှောင်ထုထဲတွင် ရိပ်ခနဲမြင်လိုက်ရသည့် လူစိမ်းနှစ်ဦးကို မထင်မှတ်ဘဲ တွေ့လိုက်ရသည့်အတွက် အလန့်တကြား ထအော်မိလိုက်သည်။

"သူခိုး ... သူခိုးဗျို့"

ဖိုးသီသည် မိမိအပေါ်ကျလာသည့် ဓားချက်ကြောင့် အိပ်မှုန်စုန်မွှားဖြင့် ကောက်ကာငင်ကာ ကုန်းရုန်းအော်လိုက်သဖြင့် ဝက်မာန်စွယ်အား လာခိုးပုံရသည့် လူစိမ်းနှစ်ဦးတို့သည် အိမ်အောက်သို့ ဒရောသောပါး ဆင်းပြေးကြလေ၏။

ထိုလူစိမ်း သူခိုးတို့လာသည့်ညမှစ၍ ဖိုးသီအတွက် အမြတ်တစ်ခုတော့ ရလိုက်ပါသည်။ ဖိုးသီအဖို့ အနှီဝက်မာန်စွယ်ရှိနေသမျှ ကာလပတ်လုံး 'ဓားပြီးခြင်း' ဆိုသည့်အချက်ပင် ဖြစ်ချေတော့သည်။

ဤသို့ဖြင့် နှစ်များစွာကြာလာသည်နှင့်အမျှ ဖိုးသီ၏ ငယ်စဉ်ကလေးဘဝ နေ့ရက်တို့သည် ရင့်မှည့်လာသည့် သစ်သီးတစ်လုံးပမာ တဖြည်းဖြည်းကြီးပြင်းလာရကား ယခုဆိုလျှင် ဖိုးသီသည် ကြီးကောင်ဝင်လူပျိုဖားဖားအရွယ်သို့ပင် ရောက်ရှိခဲ့လေပြီ။

လူပျိုပေါက်စ ဖိုးသီသည်လည်း သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ဆိုသလို အချစ်ဆိုသည့်အရာအပေါ် စိတ်ကစားတတ်၊ ရည်းစားထားတတ်ပေပြီ။ သို့ဖြင့် ပဲခူးရိုးမတောင်ခြေရွာရှိ သူကြီးဦးထွန်းပေါ်၏ သမီးထွေးလေး နှင်းနုနှင့် လူငယ်တို့ဘာသာဘာဝ ရည်ငံမိကြလေ၏။

နှင်းနု၏အထက်တွင် အစ်ကိုစိုးသွင်ဆိုသူရှိလေ၍ သူကြီးသမီးနှင့် သာမန်ဆင်းရဲသားတို့၏ ဓာတ်လမ်းအတိုင်း အစ်ကိုဖြစ်သူသည် ဖိုးသီနှင့်နှင်းနုတို့အား လားလားမျှသဘောမတူနိုင်။ သူ့အတွက်ကြောင့် အမြဲလိုလို ကဖျက်,ယဖျက် အနှောင့်အယှက်ပေးတတ်လေ၏။ သုံးနှစ်သုံးမိုးမက ချစ်လာကြသူများဖြစ်၍ ဖိုးသီနှင့်နှင်းနုတို့ချစ်သူနှစ်ဦးသည် ရသည့်အချိန်ကလေးတွင် ခိုးကြောင်ခိုးဝှက်တွေ့ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖူးစာမင်ရည်ပဲ ကျဲနေရေ့သလား။ ဖိုးသီတို့နှစ်ဦးသား၏ ချစ်ကြမ္မာသည် ပင်လျှင် ကံခေလေရေ့သလား မဆိုနိုင်။ တစ်ည . . . နှင်းနုနှင့်ဖိုးသီ နှင်းနုအိမ် ရှေ့ရှိ သစ်တိုပင်အောက် ကွပ်ပျစ်ပေါ်တွင် ချိန်းတွေ့ရင်း ချစ်စကားဆိုနေကြတုန်း ဖြုန်းဆို နှင်းနုတို့ အိမ်ပေါ်မှ သူကြီးဦးထွန်းပေါ်နှင့် သားဖြစ်သူစိုးသွင်တို့ ဓားရှည် ကိုယ်စီဖြင့် အိမ်ရှေ့တံခါးမကြီးပေါ်မှ ဝုန်းခနဲဆင်းလာလိုက်ကြသည်။

"သူခိုး . . . သူခိုးဗျို့ လာကြပါဦး . . . ကျုပ်တို့ခြံဝင်းထဲ သူခိုးကပ်နေပြီ ဖမ်းကြ ဆီးကြပေ့"

စိုးသွင်သည် ဖိုးသီမှန်း ဒက်ထိသိလျက်ပင် ဖြစ်သော်လည်း ဝိနည်းရှောင် စကားဖြင့် ဖိုးသီအား ထောင်ချောက်ဆင်လိုက်သည်။

"အမလေး . . . ကိုယ်ကျိုးနည်းပေါ့ ကိုဖိုးသီရေ၊ အစ်ကိုတော့ လုပ်ချ လိုက်ပြီ။ ဒါ . . . ကိုဖိုးသီကို အသေသတ်ဖို့ တမင်သက်သက်အကွက်ဆင်လိုက် တာ။ လွတ်အောင်သာ ပြေးပေတော့ ကိုဖိုးသီ"

အစ်ကိုဖြစ်သူ၏ အော်ကြီးဟစ်ကျယ်အသံကြောင့် နှင်းနုသည် ခြေမကိုင် မိ လက်မကိုင်မိဖြင့် ကွပ်ပျစ်ပေါ်တွင် အတူယှဉ်တွဲထိုင်နေသည့် ဖိုးသီအား အလျင် စလို သတိပေးစကားပြောရင်း တွန်းထိုးလွှတ်လိုက်သည်။

အဖြစ်အပျက်က မျှော်လင့်မထားသည့် အချိန်အတွင်း ဖြစ်ပျက်လိုက် သည်မို့ ဖိုးသီမှာလည်း နှင်းနုလို ခြေမကိုင်မိလက်မကိုင်မိဖြစ်ကာ ယောင်ခြောက် ဆယ်ဖြစ်နေပါသေးသည်။

အိမ်တံခါးမကြီးနှင့် ကွပ်ပျစ်မှာ မဝေးလှရကား အခိုက်အတန့်အချိန် အတွင်း သူကြီးတို့သားအဖသည် ဖိုးသီတို့ရှေ့သို့ ရောက်ရှိလာကြ၏။

"ဟို . . . အမိုက်မ၊ နင် ဝေးဝေးဖယ်စမ်း၊ ဒီကောင့်ကို ငါ သတ်မယ်။ ဒီကောင်က ရာရာစစအတင့်ရဲပြီး ငါ့ခြံဝင်းထဲ ဝင်ဝံ့တဲ့ကောင်။ ဟဲ့ . . . ခွေးသူ တောင်းစား၊ ကိုယ်နဲ့တန်ရာ တန်ရာပဲ စဉ်းစား၊ ကဲ . . . ပြောနေတာ ကြာပါတယ်။ မင်း သေပေတော့"

သူကြီးသားစိုးသွင်သည် ညီမဖြစ်သူအား ဘေးသို့ရောက်အောင် တွန်းဖယ် ပြီးလျှင် ဖိုးသီဆီသို့ ကမူးရှူးထိုးပြေးဝင်ကာ ဓားရှည်ဖြင့် အချက်ပေါင်းများစွာ ခုတ်လေတော့သည်။

စိုးသွင်၏ ဟစ်အော်အကူအညီတောင်းလိုက်သည့်အသံကြောင့် အိမ်နီး ချင်းရွာသားတချို့တို့သည် ရဂှာ တုတ်၊ ဓား တို့ကို ဆွဲလာကြကာ မကြာမီအချိန် အတွင်း ရောက်ရှိလာပြီးလျှင် ဖိုးသီအား ဝိုင်းရံထားလိုက်ကြ၏။ ထူးခြားဆန်း ကြယ်လှပေစွ။



www.burmeseclassic.com

www.burmeseclassic.com



စိုးသွင် ခုတ်လိုက်သည့်ဓားချက်သည် ဖိုးသီ၏ ဦးခေါင်း၊ လည်တိုင်၊ ပခုံး၊ လက်မောင်း၊ လက်ပြင်တို့ကို အချက်ပေါင်းမြောက်မြားစွာ ထိမိ၊ ခုတ်မိသော်လည်း သားရေတုံး၊ ရာဘာတုံးတို့ကို ခုတ်လိုက်သည့်နှယ် ဖိုးသီကိုယ်ပေါ်မှ ငှက်များ ပျံတက်သွားသလို ရှန်းကြွကန်ထွက်လာကြသည်။ ဖိုးသီသည် တစ်စစနှင့် သူ့ထံသို့ တိုးဝင်လာကြသည့် လူအုပ်ကြောင့် ပြေးလမ်းရှာကာ မိမိအိမ်ရှိရာသို့ ဝက်ခေါင်း ထိုး၊ အသက်လုပြေးလိုက်ရတော့သည်။ အများနှင့်တစ်ယောက်ပင် ဖြစ်ပါသော်လည်း ရွာသားတချို့ ရိုက်နှက်လိုက်သည့် တုတ်ချက်၊ ဓားချက်တို့မှာ ဖိုးသီအပေါ် ကျလာလင့်ကစား၊ ဖိုးသီအဖို့ ကွဲရှနာကျင်ခြင်းမဖြစ်ချေဘဲ ပန်းနှင့်ပေါက်သည် သို့သာ ရှိချေတော့သည်။

ပြေးရင်းလွှားရင်းနှင့်ပင် ဖိုးသီသည် ကိုယ်နှင့်မကွာ ဆောင်ထားသည့် သိဒ္ဓိဝင် ဝက်မာန်စွယ်တန်ခိုးစွမ်းအားအပေါ် စဉ်းစားမိရင်း အံ့ဩခြင်းမကာ အံ့ဩမိလိုက်ပေသေးသည်။

"အင်း . . . ငါ ငယ်ငယ်၊ ဟိုး ကလေးဘဝကတည်းက ထူးဆန်းလှချေရဲ့။ လှပါပေရဲ့ဆိုပြီး ငါ့ ကိုယ်နဲ့မကွာ ဆောင်ထားတဲ့ ဒီဝက်မာန်စွယ်ဟာ ခုတော့ ငါ့အသက်ကို ကယ်လိုက်ပါပကောလား"

✿ ✿ ✿

[၇]

## သေနတ်ပြိုးခြင်း

❑

ဒုတိယကမ္ဘာစစ်မီးကြီး မြန်မာပြည်တွင်းသို့ ကူးစက်လာချိန်။ မျက်နှာဖြူ အင်္ဂလိပ်နှင့် ဂျပန်ပုတို့ မြန်မာ့မြေပေါ် လိုက်တမ်းစစ်ကစားရင်း စားခွက်လု၊ စားမာန်ခုတ်နေကြချိန်။

နယ်ချဲ့အင်္ဂလိပ်တို့ ကုပ်သွေးစုပ် ခြယ်လှယ်နေကြသလို ဖက်ဆစ်ဂျပန် တို့သည်လည်း မြန်မာပြည်တနံတလျား လုယက်၊ တိုက်ခိုက်၊ ခြေရှုပ်နေကြချိန်



www.burmeseclassic.com

www.burmeseclassic.com



တွင် မျိုးချစ်ဗမာ့တပ်မတော် ဘီဒီအေ၊ ဘီအိုင်အေမှ မျိုးချစ်တပ်ဖွဲ့တစ်ဖွဲ့သည် ဖိုးသီတို့ တောင်ခြေရွာကလေးသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကြသည်။

မျိုးချစ်တပ်သားတို့သည် မြန်မာ့မြေပေါ် ကျူးကျော်စော်ကားနေကြသည့် အင်္ဂလိပ်နှင့် ဂျပန်တို့အား ပျောက်ကျားစနစ်ဖြင့် တိုက်ခိုက်ရန်။ တပ်သားသစ်များ စုဆောင်းရန် ရောက်လာကြခြင်းဖြစ်၏။ သည့်တွင် မျိုးချစ်စိတ်ထက်သန်သည့် ဖိုးသီတို့လို လူငယ်တစ်စုနှင့် ချိတ်ဆက်မိကြတော့၏။ သို့နှင့် ... ဖိုးကြည်၊ ဖိုးသီ၊ ဖိုးနီတို့ ညီအစ်ကိုသုံးယောက်နှင့်အတူ မျိုးချစ်လူငယ်အချို့တို့သည် မျိုးချစ်ရဲဘော်တို့အပြန်တွင် သူတို့နှင့်အတူ အထုပ်အပိုးကိုယ်စီနှင့် လိုက်ပါသွားလေတော့သည်။

ဖိုးသီတို့အပါအဝင် မျိုးချစ်တပ်သားတစ်စုတို့သည် ကနဦးတွင် အင်္ဂလိပ်နယ်ချဲ့တို့အား ရိုးမတောင်ခြေကို ဗဟိုပြုကာ ရရာတုတ်ဓားတို့ဖြင့် ချုံခိုတိုက်ကြသလို ရွာအဝင်လမ်းတစ်လျှောက် ရင်ဆိုင်တွေ့သည့်အခါ လက်ဦးမှုယူရင်း ရှုပ်ရှုပ်ရှံရှံ တိုက်ခိုက်လိုက်ကြသည်။

တစ်ညတွင် ဖိုးသီတို့ ညီအစ်ကိုသုံးယောက်နှင့်အတူ ပြောက်ကျားရဲဘော်တစ်စုတို့သည် အင်္ဂလိပ်တို့ စစ်စခန်းချထားသည့် ဗိုလ်တဲတစ်ခုကို ဝင်စီးလိုက်ကြသည်။ ဗိုလ်တဲရှေ့တွင် ကင်းစောင့်ရင်း ငိုက်မြည်းနေသည့် အင်္ဂလိပ်စစ်သားတစ်ယောက်ထံသို့ အနီးကပ်တိတ်တဆိတ်ဝင်ရောက်ပြီးသည်နှင့် ဖိုးသီသည် ထိုစစ်သားအား တိုက်ပွဲဝင် ဓားဖြင့် ပိုင်းချလိုက်သည်။

"ဗိုး ... ဒုတ်"

"အား ... အိုးမိုင်ဂေါ့ဒ် ... အိုး ... ဗလယ်ဒီဖူး"

အင်္ဂလိပ်စစ်သားအား ဓားနှင့်ခုတ်ပိုင်းပြီးသည်နှင့် ထိုစစ်သား၏ သေငယ်ဇော အော်သံကြောင့် အနီးရှိ အင်္ဂလိပ်စစ်သားနှစ်ဦးတို့သည် ဖိုးသီအား သေနတ်များဖြင့် ပိုင်းပစ်ပါတော့သည်။

"ဒိုင်း ... ဒိုင်း ... ဒိုင်း ... ရှိုး ... ရှိုး ... ဖောက် ... ဖောက် ... ဖောက် ..."

သေနတ်ပစ်ချက်များစွာမှ တချို့သောကျည်ဆန်တို့သည် ပေါက်ပေါက်ဖောက်နေသည့်အလား ဖိုးသီခန္ဓာအနှံ့ ကျရောက်ထိမှန်လာကြသလို လွဲချော်သွားသည့် ကျည်ဆန်များမှာလည်း ဖိုးသီ၏ နံဘေးတွင် ရှေ့နောက်ဝဲယာ အနှံ့အပြား ပလူပျံနေကြချေသည်။

အလစ်အငိုက်မိသွားသည့် အင်္ဂလိပ်တို့သည် ဗိုလ်တဲဝမှ အလုံးအရင်းဖြင့် ထွက်ချလာကာ ဖိုးသီနောက်မှ လိုက်ပါလာသည့် တော်လှန်ရေးတပ်သားများထံသို့



www.burmeseclassic.com

www.burmeseclassic.com



သေနတ်များဖြင့် တရစပ်လက်ယှက်ထိုး ပစ်ခတ်နေကြသည်။ သေနတ်သာမက လက်ပစ်ဗုံးဖြင့်ပင် ပစ်ချနေချေပြီ။

"ဒိုင်း . . . ဒိုင်း . . . ဒိုင်း"

"ဗုန်း . . . ဗုန်း . . . ဗုန်း . . . ဗုန်း . . . ဖောင်း . . . ဖောင်း"

ဖိုးသီသည် ဝက်မာန်စွယ်အစွမ်းသတ္တိကို သိထားပြီးဖြစ်၍လည်းကောင်း၊ ပင်ကိုဗီဇကလည်း သူရသတ္တိဖြင့် ပြည့်စုံပြီးဖြစ်၍လည်းကောင်း၊ တဖွတ်ထိုး ကျား ထိုးတက်ကာ နယ်ချဲ့အင်္ဂလိပ်တို့အား ဦးလည်မသုန် ထိုးခုတ်လေတော့သည်။

"ကျား . . . ကျား . . . ကျား ဘသားဟေ့။ တို့ဗမာတဲ့ကွ။ သတ္တိရှိရင် မင်းတို့ တစ်တပ်လုံးနဲ့ ငါ တစ်ယောက်တည်း ခံချမယ်ဟေ့"

ကိုယ့်အမျိုးထိက ဆတ်ဆတ်ထိမခံတတ်သည့် ဖိုးသီသည် ရဲသွေးရဲမာန် တို့ ဆူဝေတက်ကြွလာကာ သည်သို့ ကြွေးကြော်ဥဒါန်းကျူးရင့်ရင်း ရှေ့တိုးဝင် လာသည့် အင်္ဂလိပ်စစ်သားတို့၏ ဦးခေါင်းတို့အား တစ်ဦးချင်းစီ လက်သုံးတော် ဓားရှည်ဖြင့် မနားတမ်းဖြတ်ပစ်နေပေသည်။ ဓားရှည်ကို ကျစ်ကျစ်ပါအောင် ဆုပ် ကိုင်ထားသည့် သူ့လက်ချောင်းများအတွင်းမှာတော့ ကုပ်သွေးစုပ်နေကျ အင်္ဂလိပ် တို့၏ ညိုညစ်ညစ်သွေးစေး၊ သွေးစက်တို့ဖြင့် စေးထန်းစွန်းထင်းနေလေပြီ တကား။

အင်္ဂလိပ်တို့သည် မီးမကူး ကျည်မထိ၊ သေနတ်ပြီးသည့်ဖိုးသီကို၊ အံ့ဩ တကြီး ထိတ်လန့်တကြားကြည့်ရင်း မှင်တက်မိသူမိ၊ ပြေးသူကပြေးနှင့် ဝရုန်း သုန်းကားဖြစ်နေလိုက်ကြသည်။ အင်္ဂလိပ်တို့အဖို့ 'ကမ္ဘာပျက်ကပ်'ဆိုက်ကာ ကာလနာ တိုက်နေကြချေပြီ။

ထိုညက လျှပ်တပြက်တိုက်ပွဲတွင် မိမိတို့ဘက်မှ အသာစီးဖြင့် အနိုင် ရသော်လည်း ဖိုးသီ ဝမ်းမသာနိုင်။ မျိုးချစ်ရဲဘော် လေးငါးယောက်နှင့်အတူ မိမိ အချစ်ဆုံးညီဖြစ်သူ ဖိုးနီသည် ထိုတိုက်ပွဲတွင် တိုင်းပြည်အတွက် အသက်ပေး သွားရှာသည့်အတွက် ဖိုးသီမှာ တောက်တခေါက်ခေါက်နှင့် ကြေကွဲဆို့နင့်စွာ ပြောက်ကျားစခန်းဆီသို့ ပြန်လာခဲ့ရတော့၏။

တိုက်ပွဲတစ်လျှောက်လုံး ရှပ်ရှပ်ချွံချွံ ဦးဆောင်တိုက်နေပါသော်လည်း ဖိုးသီကိုယ်ပေါ်သို့ ကျည်တစ်ပေါက်ကလေးမှ မထိုးဖောက်နိုင်သည့်အတွက် မျက်ဝါး ထင်ထင် မြင်လိုက်ရသည့်မျိုးချစ်တပ်သားတို့သည် ဖိုးသီကိုကြည့်ကာ တုန်လှုပ် အံ့ဩနေကြသည်။

"အံ့ပါရဲ့ . . . ဖိုးသီရယ်၊ မိုးသီးမိုးပေါက်တွေ ရွာချနေသလို ဒီလောက် မနားတမ်းပစ်နေတဲ့ ကျည်ဆန်တွေဟာ မင်းရှေ့ရောက်လာရင်ပဲ ပန်းနဲ့ပေါက်သလို



www.burmeseclassic.com

www.burmeseclassic.com


ပျော့ခွေကျနေတာ မြင်ရတော့ အင်း ... ကြည့်ရင်း ကြည့်ရင်း ငါတော့ အံ့ဩလှ သကွာ။ ဘာလဲ ... မင်းမှာ ကျည်ပြီးတဲ့ ပြီးဆေးအစီအရင်တွေ ရှိနေလို့လား"

အပြန်ခရီးတစ်လျှောက် တော်လှန်ရေး ရဲဘော်တစ်ဦး၏ အမေးကို နား ထောင်ရင်း ဖိုးသီသည် မည်သို့မျှ မတုံ့ပြန်ချေဘဲ ပြုံးရုံသာပြုံးပြလိုက်ရသည်။

ထိုရဲဘော်၏ ရင်ထဲမှာတော့ ...

"အင်း ... ဒီကောင် ဖိုးသီမှာ အဆောင်ကောင်းကောင်းပဲ ရှိလို့လား။ ကံထူးတဲ့ လူထူးလူဆန်းပေပဲလား"

အမှန်ပင် ...

"ရဲဘော် ... ရဲသော်မသေ၊ သေသော်ငရဲမလား"

ဆိုသည့် မိမိတို့ တပ်မတော်ရဲ့ ဆောင်ပုဒ်ပေပဲလားဆိုတာကိုတော့ ထိုရဲဘော်မှာ အဖြေရှာနိုင်ခြင်းမရှိခဲ့ပါချေ။

သည်လိုနှင့်ပင် အင်္ဂလိပ်အပြေး ဂျပန်အဝင်၊ ဂျပန်တစ်ခေတ်သို့ ရောက် လာခဲ့ချေပြီ။ အင်္ဂလိပ်တို့နှင့်တိုက်ကြစဉ် လက်ယဉ်နေပြီဖြစ်သည့် ဖိုးသီသည် တစ်ညတွင် ဂျပန်ကင်ပေတိုင်တို့ ရုံးစိုက်ထားသည့် ယခင်သူကြီးအိမ်ဟောင်းရှိရာ သို့ တော်လှန်ရေးတပ်သားတစ်စုတို့နှင့်အတူ ခရောတက် (မီကျောင်းတွား) တက် ကာ ဂျပန်တို့ စည်းရိုးကာထားသည့် ဝါးခြံစည်းရိုးအနီးသို့ တိတ်တဆိတ် ချဉ်းကပ် လာကြသည်။

"သွေးသောက်ရဲဘော်တို့ ... ဒီဂျပန်ငပုတွေကို ကျုပ်တစ်ယောက်တည်း ဝင်ချမယ်။ ကျုပ် ခုတ်ထစ်လို့ မနိုင်တော့မှ ရဲဘော်တို့ သတိနဲ့ စစ်ကူလာပေး ကြ၊ ဒီကောင်တွေဟာ ကျုပ်အဖေ၊ အမေနဲ့ ဒဏ်ရာရထားတဲ့ ကျုပ်အစ်ကို၊ ကိုဖိုးကြည်တို့ကို ကျုပ် သတင်းမေးမရတာနဲ့ ထိပ်တုံးခတ်ပြီး ညှဉ်းဆဲနှိပ်စက် ထားတယ်။ ကျုပ်အဖို့တော့ ကမ္ဘာကြေသော်လည်း ဥဒါန်းမကြေနိုင်ဘူး။ ကျုပ် ဒီကောင်တွေကို ကလဲ့စားချေရမှ ကျေနပ်နိုင်မယ်။ ကဲ ... ကျုပ် သွားပြီ"

"အဲ ... အဲ ... ကိုဖိုးသီ၊ သတိလည်း ထားသွားဦး။ မောင်ရင်က တုတ်ပြီး ဓားပြီး သေနတ်ပြီးတယ်ဆိုပေမယ့် အဖမ်းအဆီးခံရလို့ တစ်နည်းနည်းနဲ့ သတ်ပစ် လိုက်မှ ခင်ဗျား သေသွားနိုင်တယ်"

ဖိုးသီသည် တော်လှန်ရေးရဲဘော်တစ်ဦး၏ တီးတိုးလေသံဖြင့် စိုးရိမ်တကြီး သတိပေးစကားအား ပြန်လည်ချေပခြင်း မပြုချေတော့ဘဲ သူကြီးအိမ်ဝိုင်းအတွင်း အရက်ဝိုင်းဖွဲ့ကာ အော်ဟစ်ဆူညံရင်း အောင်ပွဲခံနေသည့် အရိုင်းကောင်ဂျပန်စစ်သား များရှိရာသို့ အမှောင်ရိပ်ကို အကာအကွယ်ယူပြီးသကာလ ဝင်ရောက်ချောက်ကွယ်


www.burmeseclassic.com

www.burmeseclassic.com



သွားတော့သည်။ မျိုးချစ်တပ်သားတို့သည် ဂျပန်တို့ စစ်စခန်းချရာ အိမ်ရှေ့ရှိ သရက်ပင်အောက်တွင် ပုန်းခိုရင်း ရင်တမမဖြင့် နားစွင့်နေလိုက်ကြသည်။

မကြာလိုက်ပါချေ။

"ခွေးမသား ... မျိုးမစစ်ငပုကောင်တွေ သေပေတော့၊ ကဲကွာ ... ကဲကွာ ..."

"အား ... ခူးယား ... ခူးယား ... ဘိဂုမာ ... အင့် ... အွန့်"

"စွပ်"

ဖိုးသီ၏ နာကျည်းခက်ထန်စွာ ကြုံးဝါးလိုက်သည့်အသံ ...။

BURMESE CLASSIC

အရှိန်အဟုန်ပြင်းစွာ ခုတ်ပိုင်းထိုးစွပ်လိုက်သည့်အသံ ...။

ဂျပန်ကင်ပေတိုင်တို့ထံမှ ထိတ်လန့်တကြား ကြောက်ကြီးတင်င ထွက်ပေါ်လာသည့် မရဏအော်သံတို့ကြောင့် မျိုးချစ်ရဲဘော်တစ်ခုတို့သည် တုတ်၊ ဓား၊ ရိုင်ဖယ်သေနတ်များဆွဲကာ တိုက်ပွဲရှိရာသို့ ဒရောသောပါး ပြေးထွက်သွားကြသည်။ တွေ့လိုက်ရသည့်မြင်ကွင်းကတော့ ကြောက်ခမန်းလိလိ သွေးပျက်ချောက်ချား ဖွယ်ပါတကား။ ဂျပန်ငပုတို့ ကမ္ဘာပျက်ချေပြီ။

ဖိုးသီသည် ဂျပန်စစ်သားတို့၏ ဦးခေါင်း၊ ခြေလက်၊ ကျောကုန်းနှင့် ရင်ဘတ်တို့အား လက်လှမ်းမီရာ သူ၏ လက်သုံးတော်ဓားရှည်ဖြင့် အငြိုးတကြီး ခုတ်ပိုင်းရင်း သရဲမရဲ (သားရဲမင်းရဲ) စီးသလို အော်ဟစ်နေပေသည်။

ထိုညက ဂျပန်တို့သည် အင်္ဂလိပ်တို့နှင့် တိုက်ပွဲအပြီး အောင်ပွဲခံနေစဉ် ဖြစ်၍ လူစုံတက်စုံရှိနေကြသည်။ ဂျပန်အယောက် (၅၀)ခန့်တို့သည် ဒေါသတကြီး ခုတ်ပိုင်းနေသည့် ဖိုးသီအနီးသို့ မကပ်ဝံ့သော်လည်း အမှောင်ရိပ်ကို အကာ အကွယ်ပြုရင်း ထောင့်ပေါင်းစုံမှ အမိအရပစ်ခတ်နေကြသည်။ တိုက်ပွဲမှာ တစ်ဖက်သတ်ဆန်လာပြီမို့ ကြာလာလျှင် လက်ပန်းကျကာ ဖိုးသီအဖမ်းခံရပေတော့မည်။

ထိုအချက်ကို ရိပ်စားမိသည့် မျိုးချစ်တပ်သားတို့သည် မနေသာတော့ပြီမို့ အသက်စွန့်ကာ ဂျပန်ငပုတို့ထံသို့ လျားထိုးတက်ပြီးလျှင် အသေခံတိုက်ပွဲဝင်လိုက်ကြတော့၏။

လက်နက်နှင့် အင်အားမမျှရကား မျိုးချစ်တပ်သားတို့သည် ဂျပန်လေး ငါးဦးခန့်ကိုသာ အမှည့်ခြွေ အသေနှံ့လိုက်နိုင်သော်လည်း အဆမျှားစွာသော ဂျပန်စစ်သားတို့၏ လက်ယှက်ထိုး မနားတမ်းပစ်ခတ်မှုကြောင့် ကံဆိုးလှသည့်မျိုးချစ်ရဲဘော် (၁၀)ယောက်ခန့် ထိုတိုက်ပွဲတွင် ကျဆုံးရရှာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသီအနေနှင့် သည်သို့ အောင်ပွဲခံလိုက်ရသည့်ညတွင် ဂျပန်စစ်သား အယောက် (၂၀)ကျော်၏ အသက်ဝိညာဉ်တို့အား နုတ်ယူလိုက်ရသည့်အတွက် ထူးကဲသည့် ဇာတိအဟုန်ဖြင့် ဤသို့ကျူးဝါးလိုက်သည်။

"ငါ့အမျိုးဘာသာ သာသနာအတွက် မင်းတို့ကို ကောင်းကောင်းကြီး လက်စားချေလိုက်ရပြီဟေ့။ ဂျပန်ငပုကောင်တို့ရေ ..."

ထိုညက ဂျပန်ငပုတို့ကို အနိုင်ယူလိုက်သည့် ဖိုးသီသည် ခေါင်းပြတ်၊ လက်ပြတ်၊ ရင်ဘတ်ဟောင်းလောင်းနှင့် သေနေကြသည့် ဂျပန်ကင်ပေတိုင်တို့၏ အလောင်းကောင်များနှင့်အတူ နိုင်ငံအတွက် အသက်ပေးလိုက်ရသည့် မျိုးချစ် တပ်သားတို့၏ ဝိညာဉ်မဲ့ခန္ဓာများကြားမှ ကျော်ဖြတ်ကာ လက်ခမောင်းခတ် ကြွေး ကြော်ရင်း မိမိတို့တပ်စခန်းရှိရာ ရိုးမတောင်ခြေသို့ စစ်သွေးစစ်မာန်အပြည့်ဖြင့် လျှောက်လှမ်းလာခဲ့ပါတော့သတည်း။

BURMESE CLASSIC

✿ ✿ ✿

[ ၈ ]

# ထိုက်သူပန် မထိုက်သူပြန်

❏

ကျွန်ုပ်သည် အံ့သြဆန်းကြယ်လှစွာသော ကိုယ်တွေ့အဖြစ်အပျက်တစ်ခု အား စီကာပတ်ကုံး ပြောပြနေပေသည့် ဘုန်းကြီးအို၏ စကားအဆုံးတွင် ဖော်ပြ နိုင်စွမ်းမရှိသည့် ခံစားချက်နှင့်အတူ သက်ပြင်းရှည်တစ်ခုအား 'ဟင်းခနဲ'ချလိုက် မိသည်။

"အင်း ... ဘဘုန်းရဲ့၊ မျိုးချစ်စိတ်အပြည့်နဲ့ တိုက်ပွဲဝင်ခဲ့တဲ့ ဒီဖြစ်ရပ် မှန် ဇာတ်လမ်းတစ်ပုဒ်ဟာ ဆန်းကြယ်လွန်းလို့ တပည့်တော်အနေနဲ့ ယုံရမှာ တောင် ခပ်ခက်ခက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မယုံမရှိနဲ့ ဒကာကြီး ညိုမောင်ရေ့။ ဒီဘဘုန်းရဲ့ တကယ့်ကိုယ်တွေ့ ဝက်ခါးပတ်ကျား မာန်စွယ်ရဲ့အစွမ်းကြောင့် ဘဘုန်း လူဝတ်နဲ့တုန်းက ဘဘုန်းကို အမျိုးမျိုးလုပ်ကြတာ ခံရပုံတွေသာ ဘဘုန်းပြောပြရင် လုံးချင်းဝတ္ထု နှစ်အုပ်၊ သုံးအုပ်လောက် ရှိပါလိမ့်မယ်။ ဟော ... ပြောရင်းဆိုရင်း ဘဘုန်းလက်မောင်းကို ကြည့်လိုက်စမ်း။ စောစောတုန်းက ဘဘုန်းရဲ့ ဝက်မာန်စွယ်ဟာ လက်မောင်းမှာ ရှိတယ်နော်။ အခု ဘယ်ရောက်သွားလဲ။ ရှာကြည့်ပါဦး ... ဒကာကြီး"

ကျွန်ုပ်သည် ဘဘုန်း၏ စကားကြောင့် သူ့ဝက်မာန်စွယ်မြှုပ်နှံထားရာ လက်မောင်းဆီသို့ ဖျပ်ခနဲအကြည့်ရောက်သွားသည်။ အို .. ဆန်းကြယ်လှပေစွ။

ကျွန်ုပ် ရှာဖွေကြည့်မိလေမှ ဘဘုန်း၏ ဝက်မာန်စွယ်ဘုလုံးလေးသည် သူ့လက်မောင်းရင်းတွင် မရှိချေတော့ဘဲ ကျောကုန်းဘက်ဆီသို့ ရွှေ့သွားကြောင်း အံ့တသြတွေ့လိုက်ရတော့သည်။

"လား ... လား ... ဘဘုန်း ဝက်မာန်စွယ်ဟာ တကယ့်သက်ရှိတွေလို ရွှေ့လျားသွားတာ တွေ့လိုက်ရလို့ တပည့်တော် ယုံပါပြီတဲ့ဗျာ။ အင်း ... လောကမှာ ကိုယ် ဉာဏ်မမီလောက်အောင် ဆန်းကြယ်တဲ့အရာတွေ ရှိနေပါလား ဆိုတာ ပြောမယုံ ကြုံဖူးမှသိလိုက်ရလို့ တပည့်တော် အကြွင်းမဲ့ယုံပါပြီ ဘုရား"

ကျွန်ုပ်သည် ဘဘုန်းရှေ့မြေပြင်ပေါ်သို့ ဝပ်တွားချကာ ဘဘုန်းအား ဦးချကန်တော့ပြီး ဘဘုန်းထံပါးမှ ထွက်ခွာလာခဲ့တော့သည်။ 'ဘဝသံသရာ၊ ရှည်လျားမထွေပြား၊ တစ်သွားထဲသွားကြတာ'ဆိုသည့် ဘဝသံသရာသီချင်းလို ကံကြမ္မာအလှည့်အပြောင်းကြောင့် ကျွန်ုပ်သည် တပ်မတော် (ကြည်း) သို့ ဝင်ရောက်ရန်အကြောင်းဖန်လာပါသည်။ သို့ဖြင့် တစ်နေ့တွင် ဘဘုန်းထံကျန်နေသေးသည့် မာန်စွယ်တစ်ပိုင်းအား ဘဘုန်းထံ အလှူခံရန် ထွက်ခဲ့မိပါသည်။ တစ်ချိန်က ကျွန်ုပ် ရောက်သွားသလိုပင် ဘဘုန်းသည် ခရေပင်ရိပ်အောက်မှာ တံမြက်လှဲနေသည်နှင့် အခန့်သင့်ပင် တွေ့ဆုံလိုက်ရသည်။

ကျွန်ုပ်သည် ပါလာသည့် လှူဖွယ်ဝတ္ထုတို့အား ခရေပင်အောက်ရှိ ကွပ်ပျစ်ပေါ်မှာပင် ကပ်လှူလိုက်ရင်း လက်အုပ်မိုးလျက် လျှောက်ထားလိုက်သည်။

"ဘဘုန်းခင်ဗျား ... တပည့်တော် တပ်ထဲဝင်တော့မှာမို့ တစ်ခါက ဘဘုန်းပြောထားတဲ့ ဝက်မာန်စွယ်တစ်ပိုင်းကို တပည့်တော်ကို စွန့်ကြဲတော်မူပါ ဘုရား"

ဘဘုန်းသည် ကျွန်ုပ်စကားကြောင့် တွန့်ခနဲဖြစ်သွားပြီးလျှင် ကွက်ခနဲမျက်နှာတစ်ချက် ပျက်သွားသည်။ "အိမ်း ... အလာကောင်းပေမယ့် အခါနှောင်း



www.burmeseclassic.com

www.burmeseclassic.com


သွားပြီဒကာ။ တစ်လောက ဘဘုန်း သားတော်မောင်တစ်ယောက်ပေါ့။ ယိုးဒယား မှာ အလုပ်သွားလုပ်မယ်ဆိုပြီး သိဒ္ဓိအဆောင်အဖြစ်နဲ့ ဘဘုန်းဆီက တောင်းယူ သွားပြီ။ အင်း ... တွေးကြည့်ရင် ဒီလိုတုတ်ပြီး မားပြီး သေနတ်ပီးတဲ့ သိဒ္ဓိအဆောင် ဆိုတာ အကောင်းဘက်ကကြည့်ပြီး ရည်ရွယ်ချက်ကောင်းကောင်းနဲ့ ဘုန်းကြီးတို့ တော်လှန်ရေးရဲဘော်တွေကို နိုင်ငံအတွက် အကျိုးရှိရှိ အသုံးချတတ်ရင် အစွမ်း ထက်တယ်။ သိဒ္ဓိမြောက်တယ်လို့ပဲ ဘုန်းကြီးမြင်တယ်။

ဘုန်းကြီးလည်း ကြားဖူးပါတယ်။ လောဘ ဒေါသတွေ ဖုံးလွှမ်းနေတဲ့ လူယုတ်မာလက်ထဲကို ရောက်သွားရင်သွားပြီ။ ဒီအဆောင်နောက်ကို ငွေသိန်း ပေါင်းများစွာ အကုန်ခံပြီး လိုက်နေကြတဲ့သူတွေ ရှိတယ်။ နောက်ဆုံးတော့ အသက် ပဲ အသေခံလိုက်ရတာပဲ မဟုတ်လား။ ဒါကြောင့် ဟိုတုန်းကတည်းက ဘယ် လောက် ငွေပုံပေးပေး၊ ဘုန်းကြီးမရောင်းခဲ့ဘူး။ ဒီဝက်မာန်စွယ်ဟာ ဘယ်လို စွမ်းစွမ်း၊ ရေနစ်အသတ်ခံရရင်ဖြစ်ဖြစ်၊ အိတ်စွပ်ပြီးအသတ်ခံရရင်ဖြစ်ဖြစ် နောက် ဆုံး တစ်နေ့မှာ ဒီဝက်မာန်စွယ်ကြောင့် တုတ်ပြီး မားပြီး သေနတ်ပြီးပေမယ့် ရေ မပြီးဘူး၊ လေမပြီးဘူး မဟုတ်လား ဒကာကြီးရဲ့ ... ဟား ... ဟား ... လူ့ အသက်ထက် ဘယ်ဥစ္စာ၊ ဘယ်ဟာက တန်ဖိုးရှိဦးမှာလည်း ဒကာရယ်။ အင်း ... ကိုယ်နဲ့မထိုက်လို့ မရလိုက်တာပဲမှတ်ပြီး တရားနဲ့သာဖြေလိုက်ပါတော့ ဒကာ ဟင်း ...''

ဘဘုန်း၏ သက်မချကာ မသက်မသာပြောလာသည့် စကားကြောင့် မျှော်လင့်တကြီးဖြင့် အမောတကော ရောက်လာသည့် ကျွန်ုပ်မှာ နွမ်းလျလိုက် မောရချေပြီ။

သို့ဖြင့် ကျွန်ုပ်သည် စိတ်လက်မသာမယာဖြင့် အလွှာပသလ္လာပ ပြောကြ ဆိုကြရင်း နေညိုသည်နှင့် နောက်ကြောင်းပြန်ခဲ့ရပါတော့သည်။

''ဩော် ... သိဒ္ဓိအဆောင်၊ ဝိယဆေး၊ ပြီးဆေးတို့ဆိုတာ ကိုယ်နဲ့ထိုက် မှ ရတာပါကလား''

ညိုရောင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

မရပ်မနားပြေးခဲ့သည်။

သူ့ခြေအစုံသည် စစ်မြေကိုကျော၍ခိုင်း၍ အတွဲ့အဆိုင်း၊ အတန့်အနား မရှိဘဲ တောက်လျှောက်ကြီးပြေးခဲ့ပြီးပြီ။ သူ့ခန္ဓာတစ်ခုလုံး၌ စုဖွဲ့တပ်ဆင်ထားသည့် နာနိုနန်းကြိုးမျှင်များမှတစ်ဆင့် "HRP.110 C" မော်တာကလေးများစွာမှ ထုတ်လွှတ်ပေးနေသော လျှပ်စစ်လျှပ်အားက တဖျပ်ဖျပ် တလက်လက် တောက်စားစီးကူးနေဆဲ။

သူ့ရှပ်သွင်၊ သူ့ခန္ဓာတစ်ခြမ်း၌ မူလက တပ်ဆင်တည်ဆောက်ပေးထားသည့် အင်္ဂါအစိတ်အပိုင်းအချို့တို့မှာ ရန်သူ၏ဒုံးကျည်သင့်လျက် တစ်စစီတစ်ပိုင်းစီ အစိတ်စိတ် အမြွှာမြွှာ လွင့်စဉ်ပြုတ်ကျသွား၍ အာကာသ ဟင်းလင်းပြင်ကျယ်ကြီး အထဲ၌ ပရမာအနုမြူအမှုန်အစကလေးများအဖြစ် ကြေပြုန်းပျက်သုဉ်းသွားနေသည်တို့ကို သူ၏စွမ်းအားမြင့် အမြင်အာရုံခံကင်မရာများမှ ဘာသာမြင်ခဲ့မိပြီးဖြစ်၏။

အနားစများ ဖွာလန်ထွေးယှက်၍ ကွေးလိမ်နေသည့် လျှပ်မျှင်နန်းကြိုးများမှလည်း စိမ်းဖန့်ဝင်းပြက် လျှပ်စီးကြောင်းတွေ၊ လျှပ်ရောင်တွေ ဖြိုးခနဲဖျင်းခနဲ တောက်လက်နေဆဲ။ သတ္တုကိုလောင်ကျွမ်းသည့် ညှော်နံ့က မခံမရပ်နိုင်ဖွယ် ပြင်းထန်စူးရှ ဆို့ပိတ်မွန်းကြပ်။



www.burmeseclassic.com

www.burmeseclassic.com



စစ်မြေ။ သူကျောခိုင်းဆန့်ကျင် ပြေးထွက်ဖယ်ခွာခဲ့ရာဒေသ၌ အကြွင်းမဲ့ ပျက်သုဉ်းမှုဆီသို့ ရှေးရှုဦးတည်နေသော စစ်မြေအရပ်ရှိသည်။

ကမ္ဘာမြေ၏ ဒုတိယအရံဂြိုဟ်အဖြစ် လူသားတို့က မိမိတို့ဘာသာ သတ်မှတ်သိမ်းပိုက်ခဲ့သည့် လကမ္ဘာနယ်မြေကြီး ...။ ၂၁၂၉ ခုနှစ်၌ နောက်ဆုံးအကြိမ်ဆင်နွှဲခဲ့သည့် စတုတ္ထမြောက်အင်္ဂါဂြိုဟ်သိမ်းပိုက်ရေး စစ်ပွဲကြီး၏ အောင်ပွဲခံကမ္ဘာမြေသားများအတွက် 'ရဲသွေးဆုလာဘ်'အဖြစ် သိမ်းပိုက်နိုင်ခဲ့သော အင်္ဂါဂြိုဟ်ကြီးဧရိယာမှ တစ်ဝက်သာသာ မိမိတို့ပိုင်နက်နယ်မြေများ။

ထိုထို မိမိတို့ပိုင်နက်နယ်မြေများကို ကျူးကျူးကျော်ကျော်စစ်ပြုလာသော ပဝတ္တိဂြိုဟ်သား ရန်သူတို့အား အကြိတ်အနယ်ရင်ဆိုင်ယှဉ်ပြိုင်၍ ခုခံတိုက်ထုတ်နေရသည့် အာကာသတွင်း ရောမကြီးကျယ်လှစွာ မဟာစစ်ပွဲကြီးက ထိုစစ်မြေအရပ်၌ တည်ရှိ၍နေသည်။

ပြင်းထန်လွန်းသည့် ထိမှန်ပေါက်ကွဲသံများ၊ တစ်စစီကြေပြုန်း ပျက်လွင့်သွားသည့် နောက်ဆက်တွဲအသံများ၊ မီးတောက်မီးလျှံများ၊ မျက်စိကျိန်းမတတ် ဖြာလျှံလင်းလက် အလင်းတန်းများ၊ အကြွင်းမဲ့ပျက်သုဉ်းမှုစီးမိုးသော မရဏခေါ်သံများက အုတ်အုတ်ကျက်ကျက်၊ ထွေးထွေးရှုပ်ရှုပ်။

အာကာသဟင်းလင်းပြင်သုံး စစ်ဘက်ဆိုင်ရာလေယာဉ်များ၊ ဂြိုဟ်တုများ၊ ချူကလီးယားဒုံးယာဉ်များ၊ လေဆာရောင်ခြည်သုံး မောင်းသူမဲ့ မြန်နှုန်းမြင့်ချေမှုန်းရေးတိုက်လေယာဉ်များ၊ ကမ္ဘာ့သတင်းနှင့်ရုပ်မြင် သံကြားလောကမှ စစ်ပွဲသတင်းယူနေသည့် အဝါရောင်သတင်းယာဉ်များ၊ ရန်သူ ပဝတ္တိဂြိုဟ်သားတို့၏ အမျိုးအမည် တိတိကျကျမသိရသေးသည့် လင်းလင်းလက်လက်ယာဉ်ပုံများ .. စသည် စသည်တို့က အသံထက်မြန်သော ဟူးဟူးလျှင်လျှင်နှုန်းတို့ဖြင့် ပြေးလွှားထွေးယှက်နေ၏။

"ငါ ရှင်သန်ကြွင်းရစ်မှဖြစ်မယ်။ လုံးဝပျက်သုဉ်းသွားလို့ မဖြစ်ဘူး။ ရှင်ကို ရှင်သန်ကျန်ရစ်မှဖြစ်မယ်"

သူ့ဦးနှောက် ကလာပ်စည်းထိန်းချုပ်ဆဲလ်များ၌ သည်စကားလုံး အစုအဝေးကသာ တစ်ချိန်လုံးရှင်သန်နေသည်။

"နည်းပညာရဲ့ ဖန်တီးနိုင်စွမ်းဟာ ထက်သန်ပြင်းပြလွန်းတဲ့ အသက်ရှင်ကြွင်းရစ်စည်ပင်လိုမှုနဲ့ တိုက်ရိုက်အချိုးကျသကွယ့်"

၂၃-၇-၂၀၀၉ ရက်နေ့က စတင်ထုတ်လုပ်ခဲ့သော "HRP-4 C" လူသားပုံတူစက်ရုပ်၏ တည်ဆောက်မှုအခြေခံမှတစ်ဆင့် တိုး၍တိုး၍ နည်းပညာထပ်



www.burmeseclassic.com

www.burmeseclassic.com



ဖြည့်မွမ်းမံမှုများဖြင့် သူတို့ "HRP-110 C" စက်ရုပ်မျိုးဆက်သစ်များကို စိတ်ကူး ပုံဖော်တည်ဆောက်ပေးခဲ့သည့် သူတို့၏ဆရာ၊ သူတို့၏ အရှင်သခင်ပါမောက္ခကြီး 'ဒေါက်တာသူရဇ္ဇ' ၏ အမှာစကားစုများကလည်း သူ၏မှတ်ဉာဏ်ဆဲလ်များ အတွင်း၌ ပြေးလွှားလှုပ်ခတ်နေ၏။

စစ်ပွဲအတွင်း ဗုံဗုံစားစား စတေးခံ ကျဆုံးသွားကြသည့် သူတို့၏ 'ဝိညာဉ် ပရိုဂျက်' မှ နောက်ဆုံးစမ်းသပ်အတည်ပြု တည်ဆောက်ခဲ့သော 'နတ်စုစစ်သည်' တိုက်ပွဲဝင်သူရဲသူခက်များ၊ လူသားတို့၏ DNA မှတစ်ဆင့် ဇီဝအင်ဂျင်နီယာ နည်းပညာဖြင့် ပုံတူမျိုးပွားထုတ်လုပ်ထားသည့် 'ဗိုလ်ချုပ်ဝရဇ္ဇ' ၏ 'အသုရာ' လူတူမျိုးနွယ်စု (Clony Troop) တပ်ဖွဲ့ဝင် စစ်သည်တော်များ၏ အလောင်းကောင် များ၊ ရန်သူ ပဝတ္တိဂြိုဟ်သားတို့၏ ရုပ်ကြွင်းများ၊ သွေးညှီနံ့၊ စိတ်ဝမ်းဆွဲ့ပါးဖွယ် အော်သံညည်းသံများ၊ တုန်လှုပ်ချောက်ချားစရာ အဆုံးမဲ့ပျက်သုဉ်းမှုများဖြင့် ပြည့်လျှံနေသည့် သွေးနီပွက်အန် စစ်၏မြင်ကွင်းအရပ်ရပ်။ 'အာရုံရုပ်' ပုံရိပ်များ ကလည်း သူ့ဦးနှောက်ကလာပ်စည်းအစုကို တရစပ်ဖြတ်ပြေးနေတော့၏။

သူ့ပြေးလမ်းတစ်လျှောက် ...။

ကြည့်လေရာရာ၌ တစ်စစီ ဖရိုဖရဲပြိုပျက်နေသည့် ရုပ်ကြွင်းအစုအဝေး များနှင့် စစ်ဒဏ်သင့်မီးလောင်ပြင်ကြီးကသာ တစ်မျှော်တစ်ခေါ် အဆုံးအစမဲ့ မြင်နေရသည်။ သောင်းနှင့်သိန်းနှင့်ချီ၍ ပျက်စီးနေသည့် စက်မှုလုပ်ငန်းသုံး စက်ရုပ် များ၊ သုသာန်တစ်စပြင် ကျတ်တီးကုန်းမြေတစ်ခုလို ပျက်ယွင်းပြိုကျ မီးလျှံသင့်ဆဲ စက်ရုံမည်းမည်းကြီးများ၊ ဓာတ်ကြွင်းအာနိသင်များ အန်ကျနေသည့် ရေဒီယို သတ္တိကြွ စက်ပစ္စည်းအပိုင်းအစ အစုအဝေးများ၊ အလိပ်လိပ်ထနေသည့် မှိုင်းမှိုင်း မှုန်မှုန်မီးခိုးငွေ့များက မမြင်ချင့်အဆုံး။

သူကား ထိုအရာများကို ဖြတ်သန်းတိုးဝင်လျက် အားသွန်ပြေးနေဆဲ။

"ငါတို့ 'နတ်စုစစ်သည် (Angles of Mons)' တွေဟာ ချူကလီးယား လက်နက်ဒဏ်ခံ ကိုယ်ကောင်ဘာဝရုပ်ကြီး(Bodies)တွေနဲ့ အေဒီ ၁၇၅၂-၆၀ ကာလက ဖွဲ့မာန်အလွန်ကြီးတဲ့ မြန်မာစစ်ဘုရင်ကေရာဇ်ကြီး 'အလောင်းမင်းတရား' ရဲ့ 'နတ်စုလက်ဝဲ'၊ နတ်စုလက်ျာ'၊ 'ရွှေလက်ဝဲ'၊ 'ရွှေလက်ျာ' စစ်သည်သူရဲသူခက် အစုသားတွေရဲ့ ဝိညာဉ်တမန်တော် အသွက်ဇီဝ (Souls) တွေကို ပေါင်းစပ်ဖန်တီး ထားတာ။ သံမဏိထက် အဆ ၁၀၀ သန်မာ၊ လူ့ဆံချည်ထက် အဆ ၅၀,၀၀၀ ပိုသေးငယ်တဲ့ နာနိုရိုဘော့ (Nano Robot or Nanobot) ဆဲလ်လေးတွေကို သွင်းရို ထည့်သွင်းတည်ဆောက်ထားတာ။ ဟောဒီနေစကြဝဠာ အဖွဲ့အစည်းအတွင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ဒီစစ်သည်တော်တွေထက် ပိုပြီးတိုက်စွမ်းရည်မြင့်မား၊ ဆုံးရှုံးနိုင်ခြေ (Potential of Casualties) နည်းတဲ့ တိုက်ခိုက်ရေးတပ်ဖွဲ့မျိုးကို ရှာလို့တွေ့နိုင်တော့မှာတောင် မဟုတ်ဘူး''

'အာကာသအတွင်း ဇီဝရုပ်များသုတေသနသိပ္ပံ' အကြီးအကဲပရော်ဖက်ဆာ 'ဒေါက်တာသီရိဝဏ္ဏ' က ပြောဖူးခဲ့သည်။

ယုံကြည်နိုင်ကောင်းရာသလော။

ယခုဖြင့် အပြိုပြိုအလဲလဲ၊ အတုံးအရုံး ...။

မိမိဘက်မှ အကျအရှုံး၊ အပျက်အစီးများနှင့်ယှဉ်လျက် ရန်သူဂြိုဟ်သား စစ်သူရဲတို့၏ အလောင်းကောင်များ၊ ရုပ်ကြွင်းများ၊ ရန်သူတို့၏ စစ်ဘက်သုံး ယာဉ်ပျံလက်နက်အပျက်အစီးများကိုလည်း မရှောင်သာ မတိမ်းသာ တွေ့နေရသည်။ မိမိစစ်သည်သူရဲတို့နှင့် ရောထွေးယှက်တင်။

''တူ ... တူ ... တူ ... တူ ...''

''တူ ... တူ ...''

''တူ ...''

စစ်ဘေးအန္တရာယ် သတိပေးချက်ရသည်နှင့် လူသားပညာရှင်နှင့် စီမံခန့်ခွဲရေးအဖွဲ့များကို အထူးလျှို့ဝှက်လုံခြုံရေးလမ်း (Special Secret Sucurity Tunnels) များမှတစ်ဆင့် ဗဟိုစုစည်းခန်းမသို့ လျှပ်တစ်ပြက်အတွင်း အမြန်ဆုံး စုဖွဲ့နိုင်ဖို့၊ စစ်ဘက်သုံး မြန်နှုန်းမြင့်ယာဉ်ပျံများဖြင့် ကမ္ဘာမြေဆီ ဘေးမသီရန်မခ ပြန်လည်ပို့ဆောင်ဖို့ စနစ်တကျ စီမံပြင်ဆင်ထားကြောင်း သူသိ၏။

သည်အသံက ရန်သူဘေးအန္တရာယ်အချက်ပေး ဥဩသံ။

'ပညာရှင်နဲ့ စီမံခန့်ခွဲရေးအဖွဲ့ဝင် လူသားအုပ်စုတွေကများ နောက်ချန် တပ်ဖွဲ့အနေနဲ့ ကျန်ရစ်နေခဲ့ကြသေးသလား'

သူစဉ်းစားပိုင်းဖြတ်၍မရ။ မသေချာ၊ မရေမရာ ...။

အာကာသအတွင်း စစ်ဆင်ရေးကြီးများအတွက် တင်ကူးစီမံ ရေးဆွဲထားသည့် စစ်ဆင်ရေးစီမံချက်များက တိကျလွန်းသည်။ တင်းကျပ်သည်။ ဆံချည်တစ်မျှင် အတိမ်းအစောင်းပြု၍မရ။

သို့စဉ်လျက် ... ကြားနေရသည့် ဥဩသံက အလျဉ်မပြတ်။ ဆက်တိုက်ကြီး ပုံမှန်မြည်နေဆဲ။

"Safety First"

'လုံခြုံရေးသည် ပထမဦးစားပေးကိစ္စ' ...။



www.burmeseclassic.com

www.burmeseclassic.com



အာကာသတွင်း စစ်ဆင်ရေး၏ နှလုံးသည်းပွတ်ပမာ သည်ညွှန်ကြား ချက်က သူတို့အဖို့ သံမဏိစည်းမျဉ်းသဖွယ်လည်း ဖြစ်သည်။

အရေးမလှ၍ ထိပါးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့မည်ဆိုလျှင်ပင် လူသားတို့က ဟိုး နောက်ဆုံးမှ။ ဦးစွာထိတွေ့၍ ထိပ်တိုက်ရင်ဆိုင်ရမည့်တာဝန်က စက်ရုပ်စစ်သည် (Intelligent Robots) နှင့် စက်မှုလုပ်ငန်းသုံးစက်ရုပ်လုပ်သား (Industrial Robots & Field Robots) များ၏ကိစ္စ။ ပြီး ... ဒုတိယအလွှာ ဒိုင်းအကွယ်အကာအဖြစ် အာကာသစစ်ဆင်ရေးစစ်သည် လူတူမျိုးနွယ်စုတပ်ဖွဲ့များကိုလည်း ကွန်ရက်သဖွယ် ဖြန့်ကြက်ချထားခဲ့ပြီးဖြစ်သည်။

လူသားသည် အာကာသစစ်ဆင်ရေး စစ်ပွဲကြီးများအတွက် စတေးခံ သားကောင် မဖြစ်စေရ။ ထိန်းချုပ်စီမံ ကွပ်ကဲဦးစီးရမည့် ပွဲကိုင်ရှင်သာ။

သို့ပါလျက်လည်း ...။

"တူ ... တူ ... တူ ... တူ ..."

ဘေးအန္တရာယ်အချက်ပေးဥဩသံက စူးစူးရှရှ အရပ်အနားမရှိ လှုပ်လှုပ် ခတ်ခတ် ကြားနေရဆဲဖြစ်သည်။

"ဒါ ... ဒါ ... ဒါဆိုရင် ..."

သူ့ဦးနှောက်ကလာပ်စည်း ထိန်းချုပ်ဆဲလ်များဆီ၌ လျှပ်စီးလျှပ်ရောင် တို့ တဖျပ်ဖျပ် လင်းလက်ဝင်းပြက်လာသည်။ 'HRP 110 C" လျှပ်စစ်ထုတ်မော်တာ ကလေးမှ လက်ကျန်လျှပ်အားများကလည်း မပျက်မယွင်း ကြွင်းကျန်ဖွဲ့တည်နေ သေးသည့် ဓာတ်စီးပတ်လမ်းအတိုင်း အလျဉ်မပြတ် ရှန်းကန်စီးမျောလျက်။

"တီ ... တီ ... တီ ..."

သတင်းအချက်အလက်စုစည်းမှုယူနစ် (Memory System Unit) များမှ တစ်ဆင့် ပြဿနာကိုင်တွယ်ထိန်းချုပ်ရေးနှင့်ဆိုင်သော အိုင်ဒီယာသစ် အမြွေ တစ်ရပ်ကို ညှစ်ထုတ်ရယူနိုင်ခဲ့ပြီ။

အသိဉာဏ်ဆဲလ်တို့အား ထိန်းချုပ်ထားသည့် မိုက်ခရိုချစ်နာနို အလင်း ပြားကလေးမှ စိမ်းလဲ့လဲ့ရောင်စဉ်လိုင်းများက သူ့ခန္ဓာတစ်ပြင်လုံးရှိ တပ်ဆင်အစိတ် အပိုင်းအသီးသီးကို ရှန်းထရင်သန်နိုးကြားစေဖို့ မောင်းနှင်ပေဦးတော့မည်။

ယခုမူ ...

ပြေး ... ပြေး ... ပြေး ... ပြေး ...။

သူ့ခြေအစုံက ဦးတည်ရာဆီ ...။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၂]

❑

''အချစ်သည် နှလုံးသားမှ ပေါက်ဖွားလာခြင်းမဟုတ်ဘဲ ဦးနှောက်အတွင်း၌သာ ပေါက်ဖွားခံစားနိုင်ခြင်းဖြစ်ပြီး ဦးနှောက်အတွင်း၌ အချစ်ကိုခံစားနိုင်သော ဇရိယာပတ်လမ်းကြောင်းများရှိကြောင်း နယူးယောက်တက္ကသိုလ်မှ 'အာရုံကြောဗေဒပညာရှင်' များက သက်သေပြဖော်ထုတ်ခဲ့ကြောင်း သိရသည်''

''ချစ်ခြင်းအား သိပ္ပံနည်းကျ ကဗျာမဆန်စွာ ဖွင့်ဆိုမှုတစ်ရပ်အဖြစ် 'အချစ်ကို ဦးနှောက်အတွင်းရှိ ပုံရိပ်များ၊ ဟော်မုန်းများ၊ မျိုးဗီဇသဘောတရားများအရသာ ခံစားနားလည်နိုင်ကြောင်း' ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်''

သတ္တုလိုဏ်သံသဲ့သဲ့စွက်နေသည့် စက်ရုပ်မကလေး 'အရုဏ်' ၏ အသံက ခေါင်းရင်းနံရံရှိ ပြင်ပဆက်သွယ်မှုပရိုဂရမ်ထိန်းစနစ် တပ်ဆင်ထားသည့် နံရံကပ်ကျောက်ပန်းမီးအိမ်ကလေးဆီမှ ထွက်လာနေခြင်းဖြစ်သည်။

လျှပ်စီးဖြတ်ပြေးနေသည့် ကျောက်ပန်းခက်ကလေးများက မြရွက်ကလေးများနှယ် စိမ်းဖန့်ဝင်းပြက်လျက်။

မြန်မာ့ဂီတပညာရှင်အကျော်အမော် 'ဒေဝက္ကန္တာမောင်မောင်ကြီး' ၏ နတ်စောင်းလက်သံကလည်း ကျက်သရေရှိလွန်းလှစွာ ငြိမ့်ငြိမ့်ညောင်းညောင်း ထွက်ပေါ်လာနေမြဲ။ လူတူစက်ရုပ်ကလေး 'နှစ်ဆယ့်တစ်' ၏ လူ့အမူအကျင့်နှင့်



www.burmeseclassic.com

www.burmeseclassic.com



နီးနီးစပ်စပ်တူလွန်းလှစွာသော အလိုက်သိမှုလေးကိုပင် အမှတ်ထင်ထင် နှစ်မြိုက် သာယာမိလိုက်ရသေး၏။

"ဘာတဲ့ . . .။ လူသားကို လူသားအဖြစ် ဒီကမ္ဘာမြေမှာ ဖြစ်တည်ကြွင်းရစ်ရှင်သန်စေခဲ့တဲ့ တစ်ခုတည်းသောအရာက 'မေတ္တာဆိုတဲ့ ချစ်ခြင်းတရား' တဲ့လား။ ဟိုး . . . လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးထောင်လောက်က မြတ်ဗုဒ္ဓရဲ့လောကပါလ တရားအစုရဲ့ အကြီးအမှူး၊ အခေါင်အချုပ်ဖြစ်တဲ့ မေတ္တာတရားကသာလျှင် 'ချစ်ခြင်းအားဖြင့်'၊ 'ချစ်တတ်ခြင်းအားဖြင့်'၊ 'အချစ်ကို တန်ဖိုးထား မြတ်နိုးစာနာရှိခြင်းအားဖြင့်' လူသားနဲ့ အခြားသတ္တဝါ၊ တိရစ္ဆာန်အစုစုတွေကို ကွဲပြားစေတာတဲ့လား။ ဒီလောက်မြင့်မြတ် သေချာတဲ့မေတ္တာ၊ ချစ်ခြင်းတရားရဲ့ စွမ်းအင်တွေကို အခြားဘုံနိမ့်သတ္တဝါ၊ ဉာဏ်စဉ်ပါးတိရစ္ဆာန်တွေ၊ လူသားက ဖန်တီးထားတဲ့ စက်ရုပ်တွေ၊ လူသားပုံတူမျိုးနွယ်စုတွေရဲ့ နှလုံးသည်းပွတ် . . . အဲ . . . အဲလေ . . . ဦးနှောက်အတွင်းမှာ ပျိုးထောင်မွေးမြူပေးရမယ်တဲ့လား။ ရူးလိုက်၊ မိုက်လိုက်ပါတဲ့ စိတ်ကူးအကြံပါပဲကလား သူရဇ္ဇရယ်။ မင်းလို အိုမင်းရင့်ရော်နေတဲ့ ဇရာတွင်းဆုံးကျ အရွယ်ကြီးကျခါမှ ရူးသွပ်လိုက်ပ"

ရင်လိုဏ်အတွင်းမှ စိတ်ကူးအတွေးတစ်စက သူ့ကို မထေ့တထေ့ လှောင်ပြောင်နေ၏။ အာရုံကလည်း မငြိမ်ချင်။ မနေ့ညဦးက ပြုလုပ်ပြီးခဲ့သည့် သူတို့လုပ်ငန်းစဉ် ခွဲခြမ်းစိတ်ဖြာမှု သုတေသနရလဒ်များကို အကျဉ်းချုံးရှင်းပြနေသည့် 'အရုဏ်' ၏ စာတမ်းပါ အချက်အလက်များအားလည်း စေ့စေ့ငုငု ဆင်ခြင်ကြည့်ချင်သေးသည်။

ရှင်းသန့်တိတ်ဆိတ်ငြိမ်းအေးသည့် သည်ဝန်းကျင်နှင့် လိုက်လျောညီစွာ သူနှစ်သက်ခုံမင်ရာ ဂန္ဓဝင်ဂီတတေးချင်းများကိုလည်း တစိမ့်စိမ့်၊ တငြိမ့်ငြိမ့်လေး ခံစားနေလိုက်ချင်သေးသည်။

သူက 'ရွှေခြင်္သေ့' မြန်မာကော်ဖီစစ်စစ်၏ အရသာကို ခပ်မြည့်မြည့် မြို့ချလိုက်ရင်း 'Multi Control Board' ဆီ လက်ကိုရွှယ်လိုက်၏။

"ဒီအင်္ဂါဂြိုဟ်ပေါ်က သုတေသနလုပ်ငန်းတွေကို လက်စသတ်ဖို့ ရက်သိပ် မကျန်တော့ပါဘူး ပါမောက္ခကြီးခင်ဗျာ"

စက်ရုပ်ကလေး 'နှစ်ဆယ့်တစ်' ကလျှင်သည်။ သူ့စိတ်အတွေးကို ဖတ်ခြေထပ်သိနေသည့်နှယ် ခပ်ဟန့်ဟန့်သတိပေးလိုက်၏။ သူက အရှက်ပြေရယ်ဟဟ ပြုရင်း . . .

"အေးကွယ့် . . . လူကလေးရဲ့။ မင်းပြောကာမှပဲ ကမ္ဘာမြေ နှလုံးအိမ်က မင်းတို့မမ 'ကေသရီ' နဲ့ မင်းရဲ့ညီတော်မောင် 'ဝီရကလေး' တို့ကို လွမ်းမိသလိုလို ဖြစ်မိသား"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ... ပါမောက္ခကြီး ... ဟို ..."

"ဘာများလဲကွယ့်"

နောက်တစ်ပတ်ဆို ကမ္ဘာမြေမှာ သကြံန်ကျတော့မယ်လေ။ ပါမောက္ခကြီးများ ကြည့်ဖြစ်မလားလို့ ကွန်ပျူတာ Monitor တင်ပြချက် အစီအစဉ်ထဲမှာ E.Mail ထည့်ထားမိသေးတယ်ခင်ဗျ"

"ဪ ... အဲဒီလိုလား။ ကျေးဇူး လူကလေးရေ။ မှတ်ဉာဏ်များက လည်း တယ်မစွမ်းသန်ချင်တော့ဘူးနဲ့ တူပါရဲ့ကွယ်"

လူတူစက်ရုပ်လေး 'နှစ်ဆယ့်တစ်' က တောက်တောက်တက် တက် လျှောက်လာပြီး သူ့ 'Yatana Smart Computer' ကို ဖွင့်၍ ပို့ထားသည့် E-Mail ကို ထုတ်ယူလိုက်လျက် သူ့လက်ထဲသို့ အဆင်သင့်ထည့်ပေး၏။ 'နှစ်ဆယ့်တစ်' ၏ မျက်နှာပြင်၌ပင်လျှင် 'အိမ်ပျော်ခွင့်' ကို လွမ်းတရိပ်အား တွေ့မိလိုက်ရသလိုလို ထင်ချင်သည်။

## မုန်တိုင်းပန်း

- မုန်တိုင်းချုန်းချုန်း
  လျှပ်စီးစုန်းစုန်း
  မိုးကြိုးအုန်းအုန်း
  လေတဝုန်းဝုန်း
  ကိုင်းခြောက်ရှိုက်သံ
  ဝါးလုံးရိုက်သံ
  သစ်ရွက်လက်ခုပ်သံ
  တစ်လုံးထိုးစက်ခုတ်သံ
  ညဉ့်ယံကို အိပ်မက်ဆိုး
  တိုက်ထိုး ရိုက်ချိုး
  မိုးက အော်ဟစ်
  ရာသီသစ်ပေါ်လာ
  နက်ဖြန်ခါ
  ရွှေဝါပိတောက်
  ရောက်တော့မည် ...။



www.burmeseclassic.com

www.burmeseclassic.com



## The Storm Flower

- Storm roaring
lighting flashing
thunder crashing
wind uproaring
crack of the bamboos
sobbing of the dried branches
clapping of the leaves
chugging of the single piston engine
giving the night all night mares
strike, scares, screams
skies drumming
shouldering in a new season
and tomorrow
golden Badauks
will come.

ရင်တွင် သိမ့်ခနဲကျင်တက်သွား၏။

လိုက်ခနဲ ပြင်းပြင်းပြပြ ဆွတ်ကျင်လွမ်းဆောင်မိသည်။

"ဩော် ... ကမ္ဘာမြေမှာ သင်္ကြန်အခါတော်တောင် နီးပါရော့လား" ဟု လည်း သူ့တစ်ကိုယ်တည်း ညည်းလိုက်မိသေး၏။

သူနှင့် သူ့ 'မေတ္တာကွန်းရိပ်' တစ်ဖွဲ့သားလုံး အင်္ဂါဂြိုဟ်မျက်နှာပြင် မြောက်ဘက်ခြမ်း၌ ရောက်နေခဲ့ကြသည်မှာ တစ်လတင်းတင်းပြည့်ခဲ့ပြီဖြစ်၏။ အင်္ဂါဂြိုဟ်တွင် ထူထောင်တည်ဆောက်မည့် အိမ်ရာစီမံကိန်းကြီးများနှင့် အာကာသ ခရီးသွားအေဂျင်စီများက ပူးပေါင်းအကောင် အထည်ဖော်တော့မည့် 'အာကာသ အပန်းဖြေစခန်းများ ဆောက်လုပ်ရေး စီမံကိန်းကြီး' အတွက် ဖြစ်နိုင်ခြေလေ့လာ သုတေသန နောက်ဆုံးအဆင့်ကို ဆောင်ရွက်နေကြခြင်း ဖြစ်သည်။

၁၉၉၇ ခုနှစ်တွင် 'အင်္ဂါဂြိုဟ်လမ်းရှာသူ' (Mars Pathfinder) ဩ်ဆင်း ယာဉ်က အင်္ဂါဂြိုဟ်မျက်နှာပြင်အပေါ်သို့ ဆင်းသက်ခဲ့ပြီးနောက် နှစ်ပေါင်း ၁၅၉

www.burmeseclassic.com

www.burmeseclassic.com


နှစ်အကြာ၌ လူသား၏စွမ်းဆောင်ရည်သစ်များသည် မျက်ဝါးထင်ထင် ဖူးပွင့်ဝေစည်လာပေတော့မည်။

သူတို့၏ဂြိုဟ်ဆင်းယာဉ် 'Sunflowers' က လွန်စွာပေါ့ပါးလွန်းသည့် အလူမီနီယမ်လစ်သီယမ်သတ္တုစပ် (Alloy) မျိုးဆက်အသစ်တစ်မျိုးဖြင့် တည်ဆောက်ထားပြီး ၇၅,၀၀၀ RPM (တစ်မိနစ်တွင် လည်ပတ်သည့်အပတ်ရေ) နှင့် ၁၂၀,၀၀၀ RPM အကြား လိုအပ်သလို လည်ပတ်မောင်းနှင်နိုင်သည့် 'အမြန်နှုန်းလွန်လည်ပတ်မှုများ (Super high- speed revolutions) ကို အသုံးပြုထားသည်။ သို့ဖြစ်၍လည်း သာမန်ကြည့်လျှင် အာကာသဟင်းလင်းပြင်ကြီးထဲ၌ ဖြည်းလေးစွာ ပါးမျောနေသည့် မိုးပျံပူဖောင်းကြီးတစ်လုံးနှယ် မြင်သာနိုင်၏။

'Sunflowers' သည် သုတေသနယာဉ်သက်သက်မျှသာမဟုတ်။

သူတို့၏အိမ်လည်း ဖြစ်သည်။ အပန်းဖြေရိပ်သာလည်း ဟုတ်သည်။ ပြီးလျှင် အာကာသတွင်း၌ မမျှော်မလင့် ကြုံလာတတ်ရမြဲ ဘေးအန္တရာယ်ဆိုးများကိုလည်း ရုတ်ခြည်းတန်ပြန်ခုခံတိုက်ခိုက်နိုင်သည့် တိုက်ခိုက်ရေးယာဉ်ပျံတစ်စီးဆိုကလည်း မှန်ပေ၏။

'Sunflowers' နှင့်အတူ သူတို့က 'ပင့်သက်လွင်ပြင်' ဟု တင်စားမှည့်ခေါ်ထားသည့် သည်အင်္ဂါဂြိုဟ် မြောက်ဘက်ခြမ်းဒေသကြီး၌ သူတို့ရောက်ရှိနေခဲ့ကြသည်မှာ ကာလအတန်ကြာပြီဟု ဆိုနိုင်လေသည်။

'ပင့်သက်လွင်ပြင်' သည် သူ အစီပ္ပာယ်ဆောင်ယူထားသည့်အတိုင်း အံ့ဩဘနန်းရှုခင်းမြင်ကွက်တွေ၊ တွေ့ရှိမှုအဆန်းအသစ်တွေ၊ သိပ္ပံနှင့် နည်းပညာနယ်ပယ်အတွက် လုံးဝအစိမ်းသက်သက်ဖြစ်သည့် စူးစမ်းလေ့လာချင်စရာအကြောင်းခြင်းတတွေ၊ ဝတ္ထုပစ္စည်းတွေ စုံခြင်းကြီး စုံလေလှလွန်းသည်။

'Virgin Galetic Co;' က ဦးဆောင်၍ 'ရတနာဒီပ' နယ်မြေ ကြီးကဆောင်ရွက်ရန် စီစဉ်နေသည့် အာကာသတွင်း ကမ္ဘာပတ်ဟိုတယ်တည်ဆောက်ရေးလုပ်ငန်းနှင့် အာကာသခရီးသည်ပို့ဆောင်ရေးလုပ်ငန်းကြီးများက စတင်နေခဲ့ပြီးပြီ။ ၂၀၀၉ ခုနှစ်ကတည်းက စတင်ခဲ့သော ထိုလုပ်ငန်းသည် ၂၀၁၈–၂၀၂၀ ဝန်းကျင်တွင် ကောင်းစွာအရှိန်ရလာခဲ့လျက် ယခုကာလတွင်ကားအခြေခိုင်၊ အသားကျနေ၊ ပုံမှန်လည်ပတ်နေသည့် လုပ်ငန်းကြီး ဖြစ်နေပေပြီ။

သူတို့သုတေသနပြုနေဆဲ အင်္ဂါဂြိုဟ်မျက်နှာပြင်၌ အခြေစိုက်မည့် အပန်းဖြေစခန်းကြီးများတည်ဆောက်ရေး လုပ်ငန်းသည်သာ ...။


www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ် လူကလေးရေ ...။ တို့များရဲ့ ကြယ်စင်စုစစ်သည်တော်တွေရောကွယ့်။ ဘယ်မှာရှိနေကြသတဲ့လဲ"

သူ 'ကွန်သာယာ-၂' အဆင့်မြင့်နည်းပညာသုံး စာကြည့်ဆောင်အတွင်း မွေ့ပျော်နေစဉ်အခိုက် သူ့သုတေသနအဖွဲ့သားတွေက ဆိုင်ရာလုပ်ငန်းကိုယ်စီကို အသီးသီး အသက အသက တာဝန်ကျေစွာ ဆောင်ရွက်နေကြမည်မှန်း သူ့စိတ်က သိပြီးသော်လည်း သူ့အဖွဲ့တွေ၏ လုံခြုံစိတ်ချရမှုကို သူသေချာချင်သေးသည်။

ပြင်ပဆက်သွယ်မှု ပရိုဂရမ်ထိန်းစနစ်ကို ဖွင့်လိုက်၏။

တစ်ဖက်နံရံတွင် သုံးဖက်မြင်ပုံဖော်သံကြားစနစ် တပ်ဆင်ထားသည့် အလူမီနီယံမော်နီတာမျက်နှာပြင်ကြီးရှိသည်။ ကြည်လင်ပြတ်သားမှု မြင့်မားသည့် ရုပ်မြင်သံကြားနည်းပညာ (The high definition television technology) စနစ်ကို အသုံးပြုထားခြင်းဖြစ်၏။

စက္ကန့်ပိုင်းအတွင်း အင်္ဂါဂြိုဟ်မျက်နှာပြင် ရှခင်းမြင်ကွက်များက ပန်းချီကားတစ်ချပ်နှယ် လှလှပပ၊ လန်းလန်းဆတ်ဆတ် အသက်ဝင်လာသည်။

'ရတနာဒီပ' အုပ်ချုပ်မှုဆိုင်ရာတာဝန်ခံ 'မိုးသောက်' နှင့် သူ့ ကိုယ်ရေးလက်ထောက် 'အရုဏ်' တို့အတွဲက ကာလီဖိုးနီးယားပြည်နယ်၊ မွန်ဂိုးဗီးယားအခြေစိုက် 'အေရိုဗိုင်းယားမင့်' စက်ရုံထုတ် အာကာသတွင်းသုံး စက်ရုပ်ပိုးဖလံကလေးများကို အသုံးပြု၍ ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနလုပ်ငန်းများကို လက်စသိမ်းပြုလုပ်နေကြ၏။

အင်္ဂါဂြိုဟ်မျက်နှာပြင်ရှိ သဘာဝရင်းမြစ်များ၊ တွင်းထွက်နှင့် သတ္တုများဆိုင်ရာ အနုစိတ်သုတေသနလုပ်ငန်းများကိုမူ 'ခုနစ်စင်ကြယ်' ကြယ်တာရာ ပရိုဂရမ်ထိန်းချုပ်ရေးတာဝန်ခံ 'ဒေါက်တာသူရိယ' တစ်ယောက်တည်းသာ အလျား (၁၀) စင်တီမီတာ၊ အလေးချိန် (၁) ဂရမ်၏ တစ်ဆယ်ပုံတစ်ပုံသာရှိသည့် စက်ရုပ်ပိုးကောင်ကလေးပေါင်းများစွာဖြင့် လက်ဝင်လွန်းလှစွာ ဆောင်ရွက်နေဆဲ။

" ဝိညာဉ်မရှိဂျက်' အကြီးအကဲဆည်းဆာနှင့် 'အမတ' မသေဆေးပရိုဂျက်ဦးစီး ဒေါက်တာဇီဝက ...။ မတည့်အတူနေ စုံတွဲ။

သူတို့နှစ်ဦးကလည်း အသေးစိတ်လွန်းသည့် ကွန်ပျူတာပရိုဂရမ်တွေ တစ်ပုံတစ်ထွေးကြီးဖြင့် မျက်နှာချင်းဆိုင်လျက် အင်္ဂါဂြိုဟ်ပေါ်၌ သက်နေဇီဝတွေ အသက်ရှင်သန်နေထိုင်နိုင်မည့် အခွင့်အလမ်း၊ အလားအလာများကို စေ့စေ့စပ်စပ် နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက သူ့ကိုယ်ရေးလက်ထောက် လူတူစက်ရုပ်များ၏ လုပ်ငန်းဆောင်ရွက်နေမှုများအား စိတ်တိုင်းကျစိစစ်စစ်ဆေးပြီးနောက်မှ မိုက်ခရိုကွန်ပျူတာခလုတ်ဖြူဖြူကလေးများကို သာသာဖော့ဖော့ဖိ၍ ပိတ်လိုက်၏။

သူ့အနီးတွင် ခပ်ယို့ယို့ကလေး ရိုကျိုးလေးစားစွာရပ်လျက် သူ့မျက်နှာအရိပ်အကဲကိုသာ စောင့်ကြည့်နေတတ်မြဲ စက်ရုပ်ကလေး နှစ်ဆယ့်တစ်ထံမှ စကားသံတချို့ စဉ်ကျလာသည်။

"ခုပုံအတိုင်းဆို သုတေသနအစီအစဉ်တွေကို ဒီတစ်ရက်နှစ်ရက်အတွင်း လက်စသတ်နိုင်လိမ့်မယ် ထင်ပါတယ်ခင်ဗျာ။ ဆရာကြီး ဒေါက်တာဇီက,ကတော့ အလွန်လိုအပ်ခဲ့ရင် အနုမြူရောင်ခြည်သုံး အလင်းပြန်စက်ရုပ် ပိုးစုန်းကြူးကလေးတွေနဲ့ ညဘက်မှာပါ ပြီးအောင်လုပ်မယ် ပြောနေပါတယ်"

"အေးကွယ် ...။ အဲဒီအဘိုးကြီးတစ်ယောက်ဟာလည်း သူ့ရဲ့ 'မနုဿလူသားများ၏ မျိုးဗီဇဆဲလ်များမှ အိုမင်းရင့်ရော်မှုအခြေခံရင်းမြစ်များကို သီးခြားဖယ်ထုတ်ခြင်း' ဆိုတဲ့ 'မသေဆေးသုတေသန' ရဲ့ လုပ်ငန်းတစ်စိတ်တစ်ဒေသကို လက်စသတ်နိုင်ဖို့သာ စိတ်လောကြီးနေတော့တာကလား။ ဒီကလုပ်ငန်းမှာ တစ်စိတ်၊ ဟိုးကလုပ်ငန်းမှာ တစ်စိတ်၊ 'တစ်ကိုယ် နှစ်စိတ်' ကြီးနဲ့ ဗျာများနေရှာတော့တာပဲ"

"တော်လည်းတကယ်တော်တဲ့ ပညာရှင်ပါပဲခင်ဗျာ။ ပါမောက္ခကြီးနဲ့ လူသားတွေအပေါ်ကိုလည်း အင်မတန်သံယောဇဉ်ကြီးလွန်းတာကလား"

"အေးကွယ့် ...အေးကွယ့် ...။ လူသားတွေရဲ့ ပင်ကိုဗီဇအမှတ်လက္ခဏာတွေဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ အတ္တ ကင်းကင်းစင်စင်နဲ့ လူသားတွေရဲ့အကျိုးစီးပွားကို အာရုံစူးစိုက်ပြီး အလုပ်လုပ်နိုင်ကြတဲ့ နေရာမှာဖြင့် မင်းတို့တွေအားလုံး တော်ကြပါတယ်လေ။ ကမ္ဘာမြေကြီ အပိုင်နိုင်တွေ ဖိစီးအောင်လုပ်ပြီး အတ္တတွေ၊ လောဘ၊ ဒေါသတွေနဲ့ အချိန်ကုန်နေကြတဲ့ မနုဿ လူပိုလူလျှံကောင်တွေနဲ့တော့ဖြင့် ဘယ်လိုမှမဆိုင်ဘူး ဆိုရအောင်ပါပဲ"

"ကမ္ဘာ့လူဦးရေတွေ ဒီလောက် ပေါက်ကွဲလာနေရတဲ့အထဲ အဲဒီ မသေဆေး' တို့၊ 'အသက်ရှည်ဆေး' တို့၊ 'မအို မနာဆေး' တို့ကို ဘယ်အတွက်နဲ့များ မျှော်လင့်တကြီး သဲသဲမဲမဲ သုတေသနပြု တီထွင်နေကြရတာလဲခင်ဗျာ။ ကျွန်တော်ဖြင့် နားမလည်နိုင်အောင်ပါပဲ"

"လူကိုးကွယ့် ...။ လူဖြစ်နေတာကိုး။ လူတွေရဲ့ အတ္တကဲလွန်းအဲ့ လောဘစိတ်ဆိုတာမျိုးဟာ ရှဲဖန်ရှဲခါ တို့များလူသားအချင်းချင်းတောင်မှ နားလည်နိုင်ဖို့ ခဲယဉ်းတတ်တာမျိုးကွယ့် လူကလေးရဲ့"

www.burmeseclassic.com



အဘိုးအိုက တွေးတွေးဆဆပြော၍ သက်ပြင်းမောကို စက်ရုပ်ကလေး မသိအောင် မသိမသာခိုးလျက် ချလိုက်မိသည်။

"ကိုင်းပါလေ ... ကျုပ်လူတွေ ကြိုးကြိုးပမ်းပမ်းနဲ့ သူတို့အလုပ်တွေထဲ နစ်ဝင်နေကြတုန်း ကျုပ်က ဒီအတိုင်းတိုင်းချည်း ထိုင်နေလို့ဖြင့် မသင့်တော်ပေဘူး။ မနေ့ညက ဆွေးနွေးပွဲနဲ့ပတ်သက်တဲ့ အရုဏ်ရဲ့စာတမ်းကိုတော့ဖြင့် လက်စသိမ်းလေ့လာထားဦးမှကွယ့်။ နို့မဟုတ်ရင် ... မယ်မင်းကြီးမက သိတဲ့အတိုင်း ဗျစ်တောက်ဗျစ်တောက်နဲ့ ဆူညံပူညံလုပ်လို့ ဆုံးမှာမဟုတ်တော့ဘူး"

"သူကတော့ စက်ရုပ်ပေကိုးခင်ဗျာ။ လူ့သဘောဆိုတာကို သူ ဘယ်နားလည်နိုင်ပါ့မလဲ။ သူ့မစ်ရှင်နဲ့ သူ့ပရိုဂျက်တွေ အောင်မြင်ဖို့ကသာ သူ့အတွက် အဓိကပဲတဲ့လေ"

"အလဲ့ကွယ် ..."

အဘိုးအိုက ကျိတ်၍ပြုံးလိုက်မိတော့၏။

သူနှင့်အနေများလွန်း၍လား မသိ။ စက်ရုပ်ကလေး နှစ်ဆယ့်တစ်သည် သူတွေးသလို၊ သူခံစားသလို ထပ်တူနီးပါးမျှ တွေးမြင်ခံစား နားလည်နိုင်နေသည်ကို မကြာခဏ ကြုံရလေ့ရှိတတ်ရာ အသိအမှတ်မပြုဘဲ မျက်နှာလွှဲနေ၍ မရပြီ။

"ကိုင်း ... တို့များလည်း လုပ်ငန်းစကြစို့ရဲ့"

"ဟုတ်ကဲ့ ...။ ဩော် ... ဒါနဲ့ ကော်ဖီထပ်ယူဦးမလားခင်ဗျာ"

"အေးကွယ်"

လူတူစက်ရုပ်ကလေး နှစ်ဆယ့်တစ်က သူ့အနီးမှ တလှုပ်လှုပ် ထွက်သွားပြန်သည်။ အဘိုးအိုသည် ကမ္ဘာမြေမှ အလင်းနှစ်များစွာကွာဝေးသည့် အင်္ဂါဂြိုဟ်ကြီးပေါ်၌ သက်ရှိလူသားဟူ၍ သူတစ်ဦးတည်းသာရှိနေကြောင်း၊ သူ၏လုပ်ဖော်ကိုင်ဖက်အစုအဝေးမှာ သူတယုတယ တီထွင်ဖန်တီးထုတ်လုပ်ထားသည့် လူတူစက်ရုပ်ကလေးများသာဖြစ်ကြောင်းကို မေ့လျော့နေဟန်တူပေ၏။

ဒေဝက္ကန္တာမောင်မောင်ကြီး၏လက်သံ 'ယိုးဒယားဖိန်းခြားကြီး' တီးလုံးက ထပ်ခနဲရပ်သွားသည်။

မြို့မငြိမ်း၏ သံကြိုးနန်းတီးလုံးများချည်း တီးခတ်ထားသည့် ဘိုးသက်ရှည် 'မြို့မတေးဂီတ (၂၁၅၀) လက်ရွေးစင်ဂီတအလင်္ကာ' တေးသံက မန္တလေးဒိုးချက် မြူးမြူးကြွကြွဖြင့် ခုန်ပျံသက်ဝင်၍ လှုပ်ရှားရှင်သန် လာပြန်ချေ၏။

"ကောင်ကလေး နှစ်ဆယ့်တစ်ကတော့ လုပ်ချလိုက်ပြန်ပြီဟေ့"



www.burmeseclassic.com

www.burmeseclassic.com


ရယ်မြူးလိုစိတ်တစ်ဝက်၊ ကြည်နူးပီတိတစ်ဝက်ဖြင့် အဘိုးအိုက ညည်းညူဟန်ပြုရင်း 'Multi Control Board' မှ 'start' ခလုတ်ကလေးကို အသာ ဖိလိုက်သည်။

အရှုဏ်၏ အသံက ကောက်ကာငင်ကာ ပေါ်လာလေ၏။

"ချစ်ခြင်းခံစားမှုပတ်လမ်းကြောင်းဟု ခေါ်ဝေါ်သည့် သေးငယ်သော ဧရိယာလေးခု ဦးနှောက်အတွင်းတွင်ရှိကြောင်း တွေ့ရှိခဲ့သည်။ ယင်းဧရိယာငယ်အား 'Ventral tegmental area (VTA)' ဟုခေါ်ပြီး ချစ်ခြင်းနှင့်ပတ်သက်၍ ခံစားစဉ် ယင်းဧရိယာအတွင်း လှုပ်ရှားမှုများကို အထူးပြုလေ့လာခဲ့ကြသည်ဟုဆိုသည်"

"အချစ်ကို စတင်ခံစားကာစ လူများအား ၎င်းတို့ချစ်ခင်သည့် သူ၏ပုံကို ပြသ၍ သံလိုက်စက်ကွင်းပုံဖော်ကိရိယာဖြင့် စစ်ဆေးသည့်အခါ ယင်းဧရိယာအတွင်း၌ ထွန်းလင်းလှုပ်ရှားမှုကို တွေ့ရှိခဲ့ရ၏။ နှစ် ၂၀ နှင့်အထက် ကာလများတိုင် ချစ်ခင်မှုမပြယ်သေးသည့် မေတ္တာခိုင်မြဲသူများကိုလည်း ယင်းနည်းစဉ်ဖြင့် စမ်းသပ်ခဲ့ရာ 'VTA' ဧရိယာအတွင်း လှုပ်ရှားထွန်းလင်းမှုကို တွေ့ခဲ့ကြရသည်"

အဘိုးအိုက သူ့မှတ်ဉာဏ်ကွန်ပျူတာ 'Note Book' အတွင်း အချက်အလက်များကို မှတ်စုထုတ်ရေးဖြည့်ရိုက်ထည့်နေရင်း အတွေးနက်နေမိပြန်သည်။

'ဒါဆိုရင် ချစ်ခြင်းရဲ့ ကဗျာဆန်ဆန် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို သိပ္ပံပညာရှင်တွေက ချေဖျက်ပစ်ကြတော့မယ်ဆိုတဲ့ သဘောပေါ့။ 'အချစ်' ဆိုတဲ့ နက်နဲတဲ့ စိတ်ခံစားမှုမျိုးဟာ လူသားရဲ့နှလုံးသားက အခြေခံပေါက်ဖွားလာတာ မဟုတ်ဘူး။ တွေးခေါ်ဆင်ခြင်တတ်တဲ့ ဦးနှောက်ကသာ ပေါက်ဖွားလာတာဖြစ်ကြောင်း သက်သေပြဖို့ ကြိုးစားနေကြပြီပေါ့။ ပေါက်ပေါက်ရှာရှာ ရေလိုက်လွဲတဲ့ သူတွေပဲ။ လူ့အဖြစ်၊ လူ့တန်ဖိုးကို အောက်တစ်ဆင့်နှိမ့်ချပစ်ဖို့ ကြိုးစားကြံစည်နေကြဟန်တူရဲ့'

သူ့အတွေးစတို့အား အရှုဏ်၏ သုတေသနရလဒ် စာတမ်းဖတ်သံတစာစာက ဖမ်းစားကြိတ်ချေလာပြန်သည်။

"နောက်ထပ်လေ့လာမှု နယ်ပယ်တစ်ခုမှ အဆိုအရ ယေဘုယျမှတ်ချက်ပြုနိုင်သည်မှာ ချစ်ခြင်းဟူသည် ဦးနှောက်အတွင်း၌ ဓာတုဗေဒနည်းကျ ဆေးစွဲသလို စွဲလမ်းတတ်သည့် သဘာဝတစ်မျိုးဖြစ်သည်ဆိုသော အချက်ပင်ဖြစ်သည်။

'ရှိမန်းတစ်ဆန်တဲ့ အချစ်ဆိုတာမျိုးဟာ ဆေးစွဲသလိုပဲ။ ကောင်းရင်တော့ တကယ့်ကိုအံ့ဩစရာကောင်းတဲ့ စွဲလမ်းမှုမျိုးဖြစ်လာသလို အခြေအနေဆိုးရင်


www.burmeseclassic.com

www.burmeseclassic.com


လည်း တကယ့်ကိုကြောက်စရာကောင်းတဲ့ စွဲလမ်းမှုမျိုး ဖြစ်လာပါတယ်' ဟု ယင်းသုတေသနတွင် ဦးစီးပါဝင်ခဲ့သည့် ရုဂျာတက္ကသိုလ်မှ ပါမောက္ခဟယ်လင်ဖစ်ရှာ က ဆိုသည်။

နယူးယောက် အဲလ်ဘတ်အိုင်းစတိုင်းဆေးကောလိပ်မှ အာရုံကြော ဗေဒပညာရှင် လူစီဘရောင်းကလည်း 'အသည်းကွဲတယ်ဆိုတဲ့လူတွေမှာ တစ်စုံ တစ်ရာကို ပြင်းပြင်းပြပြတောင့်တတဲ့ ဆန္ဒဆိုတာမျိုးကို ဦးနှောက်မှာဖြစ်တာ တွေ့ရ တတ်ပါတယ်။ ကိုကင်း၊ ဘိန်း ... စတဲ့ မူးယစ်ဆေးဝါးစွဲတဲ့သူတွေမှာ ယင်းကပ် တဲ့ တောင့်တမှုမျိုးနဲ့ အလားသဏ္ဌာန်တူတဲ့ အနေအထားပါ' ဟု ဆိုသည်''

တချောက်ချောက်နိုင်နေမိသည့် ကွန်ပျူတာကီးဘုတ်ပေါ်မှ လက်အစုံ ကို ကွေးချည်ဆန့်ချည်ပြုရင်း ခေတ္တနားလိုက်ရတော့၏။

'အင်း ... သိပ္ပံနဲ့နည်းပညာက စူးစမ်းလေ့လာတဲ့ နယ်ပယ်ထဲမှာ လူသား မျိုးနွယ်တွေ နှစ်ပေါင်းသောင်းချီပြီး တမင်မေ့လျော့ချန်ထားရစ်ခဲ့ကြတဲ့ အချစ်နဲ့ ပတ်သက်တဲ့ Loveology တောင် ပါလာပါပေါ့ကလား။ အင်း ... ဒုက္ခ ... ဒုက္ခ ...။ သဘာဝဓမ္မအစဉ်ကြီးတော့ ကမောက်ကမ ဖြစ်ကုန်ဦးတော့မှာပဲ'

ခက်သည် ...။ စိတ်ဝင်စားမှုတစ်ရပ် ရင်၌ခိုပြီဆိုလျှင် လက်တစ်ဆုံး နှိုက်ချင်တတ်သည့် သူ့သိပ္ပံပညာရှင်ဆန်သည့် ဉာဉ်ဆိုးကြီးကြောင့် ခက်သည်။

''နယူးယောက်ရှိ တက္ကသိုလ်ပေါင်းစုံမှ ပညာရှင်များပါဝင်သော သုတေသနအဖွဲ့သည် ကြင်စဦးဇနီးမောင်နှံများ၊ ရည်းစားဦးချစ်သူအတွဲများ၊ နှစ်နှစ်ဆယ်အထက် အတူတကွပေါင်းသင်းလာသည့် အိမ်ထောင်ရှင်များအား စနစ်တကျ တွေ့ဆုံလေ့လာခဲ့ခြင်းဖြစ်သည်။ သံမဏိရှည်ကြာစွာ လက်တွဲလာခဲ့ ကြသော အိမ်ထောင်ရှင်များ၌ ချစ်ခြင်းနှင့်ပတ်သက်သော ခံစားမှုပေါ်လာပါက ဦးနှောက်အတွင်းရှိ 'VTA' ဧရိယာအတွင်း ထွန်းလင်းမှုအပြင် 'Ventral Pallidum' နှင့် 'Raphe necleus' ဟုခေါ်သည့် ဧရိယာနှစ်ခုအတွင်း၌ပါ ထွန်းလင်းမှုကို တွေ့ ရှိခဲ့ရသည်ဟု ဆိုသည်။ ယင်းဧရိယာများသည် စိတ်ဖိစီးမှုကို ပြေလျော့စေပြီး စိတ်ကိုတည်ငြိမ်စေသော ဟော်မုန်းများ ထွက်ရှိသည့်နေရာလည်းဖြစ်ကာ အနိမ့် စားပျော်ရွှင်မှုကိုပါ ပေးစွမ်းနိုင်သည်ဟု တွေ့ရှိခဲ့ကြသည်။ ယခုတွေ့ရှိမှုကြောင့် ဦးနှောက်အတွင်းရှိ အချစ်ခံစားမှုပတ်လမ်းလှုပ်ရှားမှုများ ဆက်ရှိနေစေရေးအတွက် နည်းနာများကိုပါ ပိုမိုသိနားလည်ရကြောင်း ပညာရှင်များက ပြောသည်''

''သုတေသနတွင်ပါဝင်ခဲ့သည့် အတ္တလန္တာရှိ အီမိုရီတက္ကသိုလ်၊ ယာကီး အမျိုးသားပရိုင်းမိတ်သုတေသနဌာနမှ 'လယ်ရီယန်း' က 'ဒီဆက်ဆံရေး၊ ဒီပြိုင်


www.burmeseclassic.com

www.burmeseclassic.com



ကို ရချင်ရင် အချစ်ခံစားမှုကိုလှုံ့ဆော်တဲ့ မော်လီကျူးတွေထုတ်ပေးတဲ့ အပြုအမူမျိုးတွေ လိုအပ်မှာပါ' ဟု သုံးသပ်သည်''

''တောင်စဥ်ရေမရတွေ'' ဟု တီးတိုးညည်းညူလျက် အဘိုးအိုက ကွန်ထရိုးလ်ခလုတ်ကို ပိတ်ပစ်လိုက်သည်။ သုံးဖက်မြင် ပုံဖော်သံကြားမြင်ကွင်း၌ ကိန်းဂဏန်းဖော်ပြချက်တွေ၊ ပုံပြမျဉ်းတွေ၊ ဂရပ်ဖ်တွေ တစ်လှေကြီးကို ရောင်စဉ်ပြလျက် တခမ်းတနား ကိုးကားဖော်ပြနေသေးသော်လည်း ဆက်၍ကြည့်လိုစိတ်မရှိတော့။

လူသား၏ သီးခြားဂုဏ်ရည်၊ လူ၏ဖြစ်တည်ခွင့်ကို ကိုက်စားဝါးမျိုနေတဲ့ ကြံစည်မှုကြီးပါလားဟုလည်း တထိတ်တလန့် ဖြစ်ချင်လာမိ၏။

'ဒီသုတေသနစီမံကိန်းရဲ့ ကနဦးစမ်းသပ်မှုတွေကို 'မေတ္တာကွန်းရိပ်' စိတ်ကူးပညာအလုပ်ရုံကြီးက ဆောင်ရွက်ပေးပါမယ်လို့ ဘာကြောင့်များ ငါ လက်ခံခေါင်းညိတ်ခဲ့မိရပါလိမ့်။ ဘယ်လို စိတ်ရှုးထခဲ့မိပါလိမ့်'

အဘိုးအိုသည် မကျေမချမ်းအတွေးများဖြင့် ရင်မငြိမ်းနိုင်အောင် ရှိနေတော့သည်။

''တီ . . . တီ . . . တီ . . . တီ . . .''

''ရတနာဒီပ အဓိပတိကြီးဆီကပါခင်ဗျာ။ ထိပ်တန်းလျှို့ဝှက်အဆင့် စစ်ရေးဆိုင်ရာကိစ္စ ဖြစ်ပါသတဲ့''

''လိုင်းဖွင့်လိုက်''

''ဟုတ်ကဲ့''

ဖျတ်ခနဲ စိမ်းဖန့်ဖန့် လျှပ်ရောင်တစ်ချက် ပြက်သွား၏။

ရွှေသားရွှေမှုန်ကလေးများက ချာလည်လုည့်ကာ ဝဲကတော့ထိုးနေသည့် နယ် တစ်ဖက်မှ ပုံရိပ်လွှာထုသွင်းသဏ္ဌာန်ပြောင်းနည်းပညာဖြင့် ပို့လွှတ်နေသည့် ရုပ်သွင်ထုထည်တစ်ခုက သူတို့ရှေ့၌ ဘွားခနဲပေါ်လာ၏။

''မင်္ဂလာပါခင်ဗျာ အဓိပတိကြီး''

''ကျုပ်တော့ မင်္ဂလာဆိုတဲ့စကားကိုတောင် နှုတ်က လွှတ်ခနဲ မထွက်ရဲသေးဘူးဗျ။ ကိစ္စက အတော်ကြီးကို အခြေအနေဆိုးနေပြီ''

''အင်း . . . ကျုပ်တို့အဓိပတိကြီးကတော့ အသက်ကြီးလာလေလေ၊ ထိတ်တလန့်တွေနဲ့ သူတစ်ပါးကိုဖမ်းစားရတာမျိုးမှာ ဝါသနာကြီးလာလေလေ ပါပဲလားခင်ဗျာ။ တကယ်ပါပဲ . . . ။ ပေါ့ပေါ့ပါးပါးမဟုတ်တဲ့ ရောဂါ 'အမှုတရသ' ကြီးတွေနဲ့ ပစ်ပေါက်ပြီး သည်းထိတ်ရင်ဖို လုပ်တတ်တဲ့နေရာမှာတော့ ပါရမီထူးတဲ့ ပါပေရဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဗျို့ ... ဗျို့ ... ပါမောက္ခကြီးရဲ့။ ကျုပ် အတည်ပြောနေတာဗျ။ ခင်ဗျား တို့ အင်္ဂလိပ်ဖြူဖြောက်ဘက်ခြမ်းကို သုတေသနခရီးမထွက်သေးခင် လကမ္ဘာ မှာဖြစ်ခဲ့တဲ့ 'ပဝတ္တိဖြိုဟ်သား' မိစ္ဆာကောင်တွေနဲ့ စစ်ပွဲကို ကျုပ်တို့ဘက်က အသာစီးယူ ပြေငြိမ်းနိုင်ခဲ့တာကို ခင်ဗျားလည်း အသိသားပဲ"

"အေးလေ ...။ ကျုပ် 'နတ်မတောင်ထိပ်' မှာ သစ်ခွသုတေသန ထွက်နေတုန်း အဓိပတိကြီးတို့တစ်တွေ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ တဲ့ ကိစ္စပဲဟာ။ အရေးကြီးတဲ့ ဖျက်အားပြင်းမြန်နှုန်းမြင့် နျူကလီးယားဒုံး လက်နက် ကြီးတွေကို ကန့်သတ်ထိန်းချုပ်ဖို့တောင် သဘောတူစာချုပ်တွေ ချုပ်ဆိုနိုင်ခဲ့ မဟုတ်လား"

"အဲဒါပေါ့ဗျာ ...။ ခု ... ဒီကောင်တွေက သစ္စာမဲ့ပြီး စဖောက်လာ နေပြီဗျ"

"ဗျာ ... ဘယ်လို ... ဘယ်လို ..."

"လွန်ခဲ့တဲ့လေးဆယ့်ရှစ်နာရီသာသာကပဲ ဒီကောင်တွေ အင်္ဂလိပ်ဖြူ က ကျုပ်တို့သိမ်းပိုက်ထားတဲ့ နယ်မြေတွေကို စွမ်းရည်မြင့် ဖျက်အားမြင့် နျူကလီးယားဒုံးတွေ၊ ရောင်ခြည်သုံးလက်နက်ကြီးတွေ၊ အဆင့်မြင့်တိုက်ခိုက် ယာဉ်ပျံတွေနဲ့ တရကြမ်းဝင်တိုက်ခဲ့ကြတယ်ဗျ ပါမောက္ခကြီးရဲ့"

"အလို ... ဘုရား ... ဘုရား ..."

"လောလောဆယ် လကမ္ဘာနဲ့ အင်္ဂလိပ် သိမ်းပိုက်ခံနယ်မြေတွေ လုံခြုံရေးကို ကျုပ်တို့ 'ရတနာဒီပ' က တာဝန်ယူထားရတဲ့ကာလ မဟုတ်လား ရတနာဒီပရဲ့ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးဝရဇိန်ကတော့ ချက်ချင်းပဲ ကျုပ် တို့ 'နတ်စုစစ်သည်' တပ်ဖွဲ့နဲ့ ဗိုလ်ချုပ်ဝရုဏရဲ့ 'အသုရာ' လူတူမျိုးနွယ်စုတပ် တွေကို တန်ပြန်ချေမှုန်းဖို့ အမိန့်ပေးခဲ့လေရဲ့"

"ဗဟိုမနုဿရေးရာကောင်စီက ဘာပြောလဲ။ ကမ္ဘာလုံးဆိုင်ရာ မနု အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ်ကြီး 'မစ္စတာ အေ. ပီ. ဂျေ. အဗ္ဗဒုကာ (ဂျူနီယာ) ကရော ဘာပြောသလဲ။ ကမ္ဘာ့အရှေ့ခြမ်းနဲ့ အာကာသရေးရာကော ညွှန်ကြားရေးမှူး 'မစ္စတာ တာအိုဖု' ကရော ဘာပြောလဲ"

"ဖြည်းဖြည်းဗျ ... ဖြည်းဖြည်း ...။ စိတ်သိပ်မလှုပ်ရှားလိုက်နဲ့ဦး။ အချိန်အထိတော့ ဒီမိစ္ဆာကောင်တွေရဲ့ ဒုတိယအကြိမ် ရန်လိုကျူးကျော် ကောင်းကောင်းကြီး ချေမှုန်းပစ်နိုင်ခဲ့ပါပြီတဲ့။ လုံခြုံရေးကိုလည်း ကောင်းကောင်း ထိန်းထားနိုင်တုန်းပါပဲ။ ဒါပေမဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ဘာဖြစ်သေးသလဲဗျာ။ တဆိတ် ..."

"ဒီမိစ္ဆာကောင်တွေရဲ့ နောက်ထပ်တစ်ဆင့် ခြေလှမ်းဦးမယ့် လှုပ်ရှားမှုက ဘာလဲဆိုတာကို ကျုပ်တို့ဘက်က တိတိကျကျ မှန်းဆမရနိုင်သေးတာပဲဗျ ပါမောက္ခကြီးရဲ့။ အဲဒါကြောင့် ခင်ဗျားကို အသိလှမ်းပေးရတာပေါ့ခင်ဗျာ။ အရေးဆို ဦးနှောက်အေးအေး၊ ဉာဏ်ရွှင်ရွှင်နဲ့ ပြဿနာရဲ့ထွက်လမ်းကို ဖျိုးခနဲဖျတ်ခနဲ ရှာတွေ့နိုင်တတ်တဲ့ ပါမောက္ခကြီးရဲ့အကြံဉာဏ်ကို ကျုပ်တို့ အရေးတကြီး လိုအပ်နေတယ်ဗျ"

"အင်း ... ကျုပ်ရဲ့သုတေသနခရီးက လက်စတော့ သိမ်းနေပါပြီလေ။ နောက်တစ်ရက်နှစ်ရက်ဆို ပြီးမယ်မှန်းထားတာပဲ။ ကျုပ်တို့ကမ္ဘာမြေဆီကို ပြန်လာဖို့က ပြဿနာမဟုတ်ဘူးရယ်ဗျ။ တကယ့်ပြဿနာက အချိန်ပဲ။ ကျုပ်တို့ကမ္ဘာမြေကို ပြန်ရောက်ပြီး ဒီပဝတ္တိဂြိုဟ်က ကောင်တွေကို နောက်ထပ်ပြီး နာလန်မထူနိုင်အောင် နှိမ်နင်းနိုင်မယ့်နည်းလမ်း ရှာတွေ့တဲ့အထိ အဲဒီမိစ္ဆာတွေက ငြိမ်ငြိမ်ကလေး စောင့်နေကြမတဲ့လား"

"အဲဒါကြောင့် ဗဟိုမနုဿရေးရာကောင်စီမှာ မကြာခဏ ကျုပ် ပြောပြောနေရတာပေါ့ဗျ။ ဒီပဝတ္တိဂြိုဟ်က မိစ္ဆာကောင်တွေဟာ ကျုပ်တို့ကမ္ဘာမြေရဲ့ ထာဝရရန်သူ၊ အနာဂတ်ရန်သူ (Potential Enenies) ပဲ ဆိုတာလေ။ ဒီမိစ္ဆာတွေရဲ့ အသိဉာဏ်ထဲမှာ ထာဝရမိတ်ဆွေ၊ ထာဝရရန်သူဆိုတာ လုံးဝမရှိဘူးဗျ။ သူတို့ဂြိုဟ်အတွက် ထာဝရအကျိုးစီးပွားပဲ ရှိတတ်တာ။ အဲဒီအကျိုးစီးပွားအတွက် မျက်စိမှိတ်လက်တွဲနေတဲ့ ယာယီမဟာမိတ်တွေပဲ ရှိတတ်တာ။ ကဲ ... အခုတော့ နဖူးတွေ့ဒူးတွေ့ သိကြရောမဟုတ်လား"

"ကဲပါလေ ... အဲဒါထားပါဦး။ အဲဒီက နောက်ဆုံးစစ်ရေး အခြေအနေတွေကိုသာ အသေးစိတ်သိစမ်းပါရစေ"

"အေးဗျ ...။ အကြမ်းဖျင်းအခြေအနေတွေအရတော့ ယာယီအားဖြင့် ကျုပ်တို့ဘက်က အသာစီးရထားပြီလို့ ဆိုနိုင်သပေါ့။ ဒါပေမဲ့ နှစ်ဖက်အကျအဆုံးက တော်တော်ကိုများသဗျို့။ ကျန်တဲ့ရင်းမြစ်တွေ ပျက်စီးဆုံးရှုံးမှုအနေနဲ့ ကျုပ်တို့ဘက်ကပဲ ဗလာချီခံလိုက်ရသလိုမျိုးပဲ ဆိုကြပါစို့ရဲ့။ အဲ ... အဲ ... အရေးကြီးတာတစ်ခု ခင်ဗျားကိုပြောဖို့ ကျုပ်မေ့နေသေးတယ်။ ဗိုလ်ချုပ်ဝရုဏနဲ့ ဗိုလ်မှူးကြီးဝိရတို့နှစ်ယောက်တော့ တိုက်ပွဲအတွင်းက လုံးလုံးကြီးပျောက်နေသတဲ့"

"ဟင် ... ဘယ်သူ ..."



www.burmeseclassic.com

www.burmeseclassic.com



''နတ်စုစစ်သည်တော်တွေရဲ့ တပ်ဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီးဝီရလေဗျာ ...။ ဟို ... ထောင်ထောင်မောင်းမောင်း ခပ်ကြမ်းကြမ်း လူထွားကြီးဟာ ကော။ ဗိုလ်ချုပ်ဝရုဏာကိုတော့ ခင်ဗျားသိပါတယ်။ လူတူမျိုးနွယ်စုတပ်ဖွဲ့ အသုရာ၊ တာဝတိံ၊ မနုဿမီးလျှံ၊ ဒေဝတာတွေရဲ့ ဦးစီးဗိုလ်ချုပ်လေ''

''ဘယ်လိုဖြစ်ကြရတာလဲဗျာ ...။ အာကာသထဲမှာ ဖြန့်ကြက်ထားတဲ့ ကျုပ်တို့ထောက်လှမ်းရေး ဂြိုဟ်တုတွေ၊ ထောက်လှမ်းရေးရေဒါ စခန်းတွေ၊ မိုက်ခရိုဒြပ်မှုန်စောင့်ကြည့်ကင်မရာတွေ၊ သက်နေဇီဝမျိုးကွဲတွေရဲ့ အာရုံခံလှိုင်းတွေကို စောင့်ဖမ်းစစ်ဆေးနေတဲ့ ထောက်လှမ်းရေးယူနစ်တွေက လုံးဝကြိုတင်မသိလိုက်ကြရဘူးတဲ့လား။ ဒီလောက်အထိ ရုပ်ပျက်ဆင်းပျက် ထောင်းလမောင်းကြေသွား၊ ကျဆုံးပျက်စီးသွားကြရအောင် ...။ တကတည်း ...''

''ဟုတ်တယ် ပါမောက္ခကြီးရေ ...။ ဗိုလ်ချုပ်ကြီး ဝရုဇိန်ကိုယ်တိုင် လည်း သူ့လုံခြုံရေးထိန်းချုပ်ယူနစ်တွေထဲက ဘယ်အပိုင်းမှာ အမှားအယွင်း ချွတ်ယွင်းချက်တွေ ရှိနေခဲ့သလဲဆိုတာ ဒေါသတကြီးစစ်ဆေးနေလေရဲ့''

''ဗိုလ်ချုပ်ဝရုဏာနဲ့ ဗိုလ်မှူးကြီးဝီရတို့ကို တစ်ဖက်ရန်သူတွေကများ ဖမ်းခေါ်သွားတာ ခံလိုက်ရလေသလား''

''ဘာမှတော့ အတိအကျမပြောနိုင်သေးဘူးဗျာ။ စိတ်မအေးနိုင်စရာပဲ''

''အခု ဘာလုပ်နေကြသတဲ့လဲ။ စစ်မြေပြင်က အသက်ရှင်ကျန်ရစ်ချင် ကျန်ရစ်ကြမယ့် ကျုပ်တို့တပ်ဖွဲ့ဝင်တွေကို ရှာဖွေကယ်ဆယ်ဖို့၊ ဝရုဏာနဲ့ ဝီရတို့လို အဆင့်မြင့်ဦးစီးစစ်ဗိုလ်ချုပ်တွေကို မရရအောင် ရှာဖွေဖို့ ...''

''စီစဉ်နေကြတုန်းပဲ''

''ခက်တယ် အဓိပတိကြီးရေ ... ခက်တယ်ဗျ။ အဲဒီလို အဆင့်မြင့်တာဝန် ပေးထားတဲ့ လူတူစက်ရုပ်တွေနဲ့ လူတူမျိုးနွယ်စုတွေကို ရန်သူကဖမ်းမိသွားပြီး သူတို့ရဲ့ စက်မှုပိုင်းဖွဲ့စည်းတည်ဆောက်ထားပုံနဲ့ မှတ်ဉာဏ်ဆဲလ်တွေထဲက အဆင့်မြင့် နည်းပညာလျှို့ဝှက်ချက်တွေကိုများ တိတိကျကျ ဖော်ထုတ်သိရှိသွားကြမယ်ဆိုရင်''

အဘိုးအိုက ဆက်မပြောတော့။

ဆက်၍ပြောချင်စိတ်လည်း မရှိတော့။

''ကဲပါလေ ... ဒီကမ္ဘာမြေက အခြေအနေတွေကို အချိန်နဲ့တစ်ပြေးညီ သိနိုင်ဖို့ ကျုပ်က ပါမောက္ခကြီးကို အသိပေးထားတာပါ။ ခင်ဗျားရဲ့ သုတေသန လုပ်ငန်းတွေကိုသာ အမြန်ဆုံးလက်စသတ်ရင်းနဲ့ ဟောဒီကမ္ဘာမြေရဲ့ ဒုက္ခတွေကို ကယ်တင်ဖို့ ခေါင်းထဲမှာထည့်ထားပေးပါဦးလို့။ ဩော် ... အဲဒီမိစ္ဆာကောင်တွေ



www.burmeseclassic.com

www.burmeseclassic.com


ချောင်းမြောင်းရန်မူလာမှာကိုလည်း သတိထားဦးဗျို့။ ဒီကောင်တွေဟာလည်း လူသားတွေလိုပဲ အဆင့်မြင့်အသိဉာဏ်နဲ့ စွမ်းဆောင်ရည်တွေကို ပိုင်ဆိုင်ထားတဲ့ ဗက်တ္တဝါတွေပဲဗျ"

"တီ ... တီ ... တီ ..."

စိမ်းဖန့်ဖန့်လျှပ်ရောင်ကလေးက ဖျတ်ခနဲချုပ်သွားခြင်းနှင့်အတူ အဓိပတိ ကို၏ ရုပ်သွင်ထုထည်က ရုတ်ခြည်း ပျောက်ကွယ်သွားတော့၏။

သို့သော် တစ်မူ ... သူချန်ထားရစ်ခဲ့သော သောကအပူက သိပ္ပံပညာရှင် အဘိုးအို၏ နှလုံးသားတစ်စုံအား မီးပြင်းပြင်းဖြင့် မြိုက်ထားခံနေရသည့်နှယ် ကျွမ်း ကျပ်ပူလောင်စေခဲ့ပြီ။

"ဝရုဏာနဲ့ ဝီရတို့ အန္တရာယ်ကင်းကြပါစေကွယ်"

လူသားသည် လူသားသာလျှင်ဖြစ်၍ သူ၏လူသားဆန်ချင်မှုကို မည်သည့် အရာကမျှ တားဆီး၍ မရနိုင်။

အဘိုးအို ဒေါက်တာသူရဇ္ဇသည် မြတ်ဗုဒ္ဓကို ဦးခိုက်ပူဇော်ရင်း နှုတ်မှ တွတ်တွတ် တိုင်တည်ဆုတောင်းလျက် ရှိနေတော့သည်။

သူ့နံဘေးတွင် လူတုစက်ရုပ်ကလေး နှစ်ဆယ့်တစ်က ဘာမျှ နားမလည် ဟန် သူ့အဘိုးအိုကိုသာ ငေးစိုက်ကြည့်နေ၏။

ဝင်းဝင်းတောက်လက် အလင်းအောက်၌ မြင်ကွင်းတို့သည်ပင် အပူကဲ၍ ချင်ချင်။

✿ ✿ ✿

[၃]

❑

"တူ ... တူ ... တူ ... တူ ..."

အန္တရာယ်သတိပေးဥဩသံသည် သူနှင့် ပို၍ပို၍ နီးကပ်လာနေဟန်ရှိ ည်။ တစ်စစ ပို၍ ပြတ်သားကျယ်လောင်လာနေ၏။

ထို့အတူပင် 'HRP-110 C' မော်တာစက်ကလေးများစွာမှ ထုတ်လွှတ်ပေး သည့်လျှပ်အားက တဖြည်းဖြည်းချင်း အားနည်းလျော့ရဲ၍ လာနေသည်။



www.burmeseclassic.com

www.burmeseclassic.com


သူ့အနားယူဖို့ လိုအပ်နေပြီမှန်း သူ့ကိုယ်သူသိနေ၏။

စိတ်ရော၊ ခန္ဓာရော ပန်းလျှနွမ်းနယ်လွန်းနေပေပြီ။

သူက ပြေးနှုန်းကို ထက်ဝက်ခန့်လျှော့ချပစ်လိုက်ပြီး သူ့ခန္ဓာရှိ တပ်ဆ ထားသော ချပ်ဝတ်တန်ဆာများအနက် အာရုံခံကလာပ်စည်းများနှင့် အဆင့်မြ ပုံရိပ်ဖော် ကင်မရာများကို လက်ရှိစက်စွမ်းရည်ထက် လေးဆအထိ မြင့်တက်လ စေရန် တိုးမြှင့်ပေးလိုက်သည်။ လျှပ်အားထုတ်မော်တာကလေးများ၏ တဒီဒီကြိ ရှန်း၍ လည်ပတ်နေသံကို ကြားဖြစ်အောင် ကြားမိလိုက်ရသေး၏။

ပြီးလျှင် မရည်ရွယ်ဘဲလျက် သူ့လက်က အထူးစစ်ဆင်ရေး ရိုက်ဖ်သ ကို ကိုင်စမ်းမိ၏။ ဗိုလ်မှူးကြီးအဆင့်အထက် စစ်ဘက်တာဝန် ထမ်းဆောင် သည့် 'နတ်စုစစ်သည်တော်' များအတွက် အထူးစီမံထုတ်လုပ်ပေးထားသည ‘ဟာကျူလီ-၉’ ရိုက်ဖ်သာတောင့်က လက်ကျန်နည်းလှချေပြီ။

"ဟူး ..."

သူက လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်မိပြန်သည်။

"တူ ... တူ ... တူ ... တူ ..."

နတ်ပန်းဥယျာဉ်နှင့် ပုံစံတူတည်ဆောက်ထားသည့် 'Nano-Internet Space-net' ကွန်ရက်များဖြင့် ချိတ်ဆက်ထားသော နျူကလီးယားဓာတ်ရောင်ခြ ဒဏ်ခံ အလုပ်ရုံကြီးဆီမှ ထွက်လာနေသည့်အသံ။ ပြင်းထန်သည့်ဒုံးစများ ထိ ထားသည့် ရုပ်ပျက်ဆင်းပျက် မီးကျွမ်းမည်းတူးနေသောအဆောက်အအုံပျက်ကြ

တတူတူနှင့် အဆက်မပြတ်မြည်နေသည့် အသံက သည်အဆောက်အ ပျက်ကြီးဆီမှ ထွက်လာနေခြင်းဖြစ်သည်။

သူက မိုက်ခရိုအက်တမ်ကွန်ပျူတာ ကွန်ရက်စနစ်သုံး ‘မိစ္ဆာထော ချောက်’ ရန်သူ့ခြေရာခံကင်မရာခလုတ်များကို ဖွင့်ထားလိုက်၏။

"တူ ... တူ ... တူ ... တူ ..."

အသံက မရပ်မနားထွက်လာနေဆဲ။

ရိပ်ခနဲ လျှပ်စီးပြက်သလို ဖြတ်ပြေးသွားသည့် ပုံရိပ်တစ်ခုကို မြင်သည် လက်ကို ရုတ်ခြည်းပင့်မြှောက်ထိုးချိန်လျက် ပုံရိပ်မည်းမည်းရှိရာဆီ ‘မိုးကြိုးလျှပ် ရောင်ခြည်သုံးသေနတ်ဖြင့် ပစ်ရန် အသင့်အနေအထားပြင်လိုက်၏။ ပုံရိ အပူချိန်မှတစ်ဆင့် ပစ်မှတ်ရန်သူကို တိတိကျကျရှာဖွေလျက် အကြွင်းမဲ့ ထိ ဖျက်ဆီးချေမှုန်းပစ်နိုင်သည့် နောက်ဆုံးပေါ် အဆင့်မြင့် စူပါလေဆာလက်နက်


www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲ၌ မြွေဆိုးတစ်ကောင် ပါးပျဉ်းထောင်၊ ဒေါမာန်ထနေသလို တဆဆ၊ တယမ်းယမ်း ...။

"တူ ... တူ ... တူ ... တူ ..."

အသံက ပိုကျယ်လာသည်။

ခြေကို တစ်လှမ်းချင်းစမ်းရွေ့ရင်း အသံမြည်နေသည့် စက်ခလုတ်ခုံ မည်းမည်းကြီးကို မြင်လိုက်ရ၏။ လျှပ်စစ်လျှပ်ရောင်တွေ တဖျိုးဖျိုး တဖျပ်ဖျပ် တောက်လက်လျက် စိမ်းဖန့်ဖန့်လျှပ်မှုန်တွေ ဖွားခနဲဖွားခနဲ လွင့်စဉ်နေသည့် ဝါယာကြိုးမျှင်အထွေးအလုံးကြီး၌ မီးကြွင်းတွေတောက်လောင်နေဆဲ။ ညှော်နံ့တွေ၊ မီးခိုးမှိုင်းမည်းမည်းတွေက အလိပ်လိပ်။

ယင်းတို့မှတစ်ပါး ...။

သက်ရှိသက်နေတစ်စုံတစ်ရာ၏ ရနံ့ကို ရလိုက်သည်။ ရလိုက်သည်ဟု သူထင်သည်။

"ဟင် ..."

ကိုယ်ကိုကျုံ့၍ တစ်ပတ်လှည့်ရန် ဟန်ပြင်လိုက်သေးသော်လည်း သူ နောက်ကျသွားခဲ့လေပြီ။

သူ၏ရင်ညွှန့်တည့်တည့်ပေါ်သို့ ထိုးကျနေသည့် အနီအောက်ရောင်ခြည် အမှတ်စက်ကလေးက သူ၏သေမင်းတမန်သည် သူ့ထက်ဦး၍ သူ့ကိုထိန်းချုပ်နိုင်လိုက်ပြီဖြစ်ကြောင်း သက်သေပြနေ၏။

သူက အခြေအနေကိုသုံးသပ်လျက် သူ့လက်တွင်းမှ 'မိုးကြိုးလျှပ်စီး' ကို လွှတ်ချလိုက်သည်။ စိတ်ကိုငြိမ်အောင်ထိန်းရင်း သူ့ခန္ဓာကိုယ်ကို ရွေ့ရွေ့မျှ မလှုပ်၊ တည်ဆဲနေရာ၌ပင် မတ်မတ်နိုင်နိုင် ရပ်နေလိုက်၏။

သူလိုအပ်ချိန်၌ သူ့လက်တွင်းမှ သံလိုက်စက်ကွင်းဖြင့် 'မိုးကြိုးလျှပ်စီး' ကို တစ်မီလီစက္ကန့်အတွင်း ရယူပစ်ခတ်နိုင်ကြောင်း သူမှတစ်ပါးသိသူမှာ သူ့ဆရာ ပရော်ဖက်ဆာကြီး ဒေါက်တာသူရရွှေသာ ရှိသည်။ သူက ဝမ်းထဲမှ သိုသိပ်စွာ ကျိတ်ပြုံးရင်း သူ၏ကိုယ်ပျောက်ရန်သူကို ငံ့လင့်နေလိုက်၏။ ပုံရိပ်ဖော်ကင်မရာ၌ မပီမသပုံရိပ်တစ်ခု၏သဏ္ဍာန် တလှုပ်လှုပ်ကို မြင်သည်။

"သွားပြီ ..."

သူ ဝမ်းနည်းကြေကွဲစွာ မြည်တမ်းရေရွတ်မိတော့၏။

သူ့အသက်ဝိညာဉ် 'လျှပ်အား' ထုတ်လုပ်မှုစနစ် တန့်ရပ်တော့မည့် 'HRP-110 C' မော်တာစက်ကလေးများကလည်း အားနည်းလွန်းလှပြီ။



www.burmeseclassic.com

www.burmeseclassic.com



တရွေ့ရွေ့ချဉ်းကပ်လာနေသည့် အသံသဲ့သဲ့ကို ကြားသည်။

မထင်မှတ်ဘဲ ကွန်ပျူတာထိန်း ပင်မခလုတ်ခုံကြီးဘေးမှ ဦးခေါင်းတစ်လုံး ပြူလာ၏။

"ဟင် ... ဗိုလ်ချုပ်ဝရုဏ"

သူ့ရင်က လှိုက်ခနဲခုန်သည်။

သူ့မျက်နှာရုပ်သွင်က မျှော်လင့်ချက်တွေဖြင့် ရုတ်တရက်ကြီး ရှင်သန် ဝင်းလက်လာ၏။

"ရှူး ..."

တိုးတိုးတိတ်တိတ် သတိပေးသံကို အမှတ်ထင်ထင် ကြားလိုက်ရပြီး နောက် 'HRP-110 C' မော်တာယူနစ်မှ ကလစ်ခနဲ မြည်သံတစ်ချက်ဖြင့် သူ့ အသိ၊ သတိ၊ အာရုံ၊ ခန္ဓာ အလုံးစုံသည် ပကတိတုံ့ဆိုင်း။ တန့်ရပ် ...။

✿ ✿ ✿

❑

ဖျတ်ခနဲ နိုးလာသည်။

မျက်ဝန်းကို တစ်ချက်နှစ်ချက်ပုတ်ခတ်ရင်း ငွေ့ရည်ဖွဲ့နေသည့် မျက်ကြည်လွှာနံရံမှ ကြည်လဲ့လဲ့အရည်ပြင်ပါးပါးကို ရှင်းထုတ်လိုက်၏။ မြင်ကွင်းတွေက မှုန်မှုန်ဝါးဝါးမှသည် တစ်စတစ်စ ရှင်းပြတ်ကြည်လင်လာနေ၏။

"ဩော် ... သတိရလာပြီလား။ ကံကောင်းတယ် ကိုယ့်လူရေ။ ကျုပ်နဲ့ တွေ့ပြီးမှ ကိုရင့်မော်တာတွေက အားကုန်ပြီး ရပ်သွားပေလို့။ နို့မို့ စစ်ယောက်ျား တစ်ယောက်များ အခုလိုမဆုံမိခဲ့ကြရင်၊ ကိုရင့်ကိုပဲဖြစ်ဖြစ်၊ ကျုပ်ကိုပဲဖြစ်ဖြစ် ဒီ မိစ္ဆာကောင်တွေက ရယူသွားနိုင်ခဲ့ရင် ... အင်း .. သိပ်လွယ်လှမယ် မထင်ဘူး"

ဗိုလ်ချုပ်ဝရုဏ၏ အသံသြသြကြီးကို အရင်ကြားသည်။

ပြီးမှ မျက်နှာနေတည်တည်တင်းတင်းကို မြင်၏။

"အလို ... ဗိုလ်ချုပ် ... ဘယ်လို ..."

မြင်ရသည့်မြင်ကွင်းကြောင့် ကြီးစွာအံ့သြမှင်တက်သွားမိရ၏။ ဗိုလ်ချုပ် ဝရုဏ၏ ခန္ဓာကိုယ်ကောင်ကြီးသည် ရော်ဘီခြည်ဒဏ်သင့်ထားသဖြင့် အရေပြား များ ညစ်ထေးမည်းပုပ် ဖူးရောင်နေသလို တချို့အသားစိုင်များက ပဲ့ရွဲ့စုတ်ပြတ်။



www.burmeseclassic.com

www.burmeseclassic.com



မီးလောင်ထားသည့် ရုပ်ကြွင်းကောင်ကြီး ဖုတ်ဝင်လှုပ်ရှားနေသလိုကြီး ဖြစ်နေ၏။ သွေးတွေ၊ ငန်းမန်းအရည်တွေ တစိုစို တရွဲရွဲ။ တချို့နေရာများ၌ အကြောမျှင်များ၊ အရိုးအဆစ်များပင် အတိုင်းသားမြင်နေရ၏။

"သိပ်လည်း အံ့အားကြီးသင့်မနေစမ်းပါနဲ့ ကိုယ့်လူရယ်။ ကမ္ဘာမြေနဲ့ လူသားတွေရဲ့ လုံခြုံမှုကို တာဝန်ယူ၊ တာဝန်ခံထားရတဲ့ စစ်ဘက်ဦးစီးတစ်ယောက် အနေနဲ့ ဒီ့ထက်မကတဲ့ ဘေးအန္တရာယ်ကြီးတွေနဲ့တောင် အချိန်မရွေး ကြုံလာနိုင် သေးတာပဲဥစ္စာ။ အရာရာမှာ မသေချာမှုတွေကသာ အစိုးတရဖြစ်လာနေတဲ့ ဒီလို နေရာ၊ ဒီလိုကာလ၊ ဒီလိုအခြေအနေမျိုးမှာ သိပ်ပြီး အရမ်းကြီး မျှော်လင့်မထားနဲ့ ဗျ။ အဲဒါမှပဲ ကိုယ်ရထားတဲ့ ရှင်သန်မှုအခွင့်အလမ်းကလေးရဲ့ တန်ဖိုးက ဘယ် လောက်မြတ်နိုးစရာ ဖြစ်နေသလဲဆိုတာကို သိမှာရယ်။ ဟုတ်စ . . ."

သူကချည်း ပြောနေတော့၏။

ဝီရမှာ စကားတစ်ခွန်း ဟဟမပြောနိုင်သေး။ အံ့သြရှိန်လည်း မပြယ်လွင့် သေး။ တစ်ခု ထူးဆန်းနေသည်။ သူ့နားထဲ၌ ကြားနေကျအသံတစ်ခု ပျောက်ဆုံး နေသယောင်။

"ဟုတ်တယ်ဗျ . . .။ ကျုပ်တို့ကမ္ဘာမြေက 'နတ်စုစစ်သည်တော်' တွေ ပဲဖြစ်ဖြစ်၊ 'အသုရာ'၊ 'တာဝတီ'၊ 'မနုဿမီးလျှံ'၊ 'ဒေဝတာ' တွေထဲကဖြစ်ဖြစ်၊ 'Management team' ထဲက မနုဿလူသားတစ်ယောက်တလေဖြစ်ဖြစ် အသက်ရှင် ကြွင်းရစ်လေဦးမလားလို့ တိတ်တခိုး မျှော်လင့်ချက်ကလေးနဲ့ အဲဒီအန္တရာယ် အချက်ပေးဥသြသံကို တမင်လွှင့်ထားခဲ့တာ။ ဘယ်သူပဲဖြစ်ဖြစ် ထူးခြားတဲ့အသံ ရှိရာကို အာရုံစူးတတ်ကြတယ်မဟုတ်လား"

တော်ပေသေးသည်။

သည်ဥသြသံကြောင့်သာ မဟုတ်ခဲ့လျှင် ဗိုလ်ချုပ်ဝရုဏနှင့် သူတို့တွေ့ ဖြစ်ကြဖို့ အကြောင်းဖန်လာဖွယ်မရှိ။

"ကျုပ်တို့ ဘာဆက်လုပ်ကြမလဲ ဗိုလ်ချုပ်"

"အဲဒါက ကျုပ် တစ်ချိန်လုံးထိုင်တွေးနေမိခဲ့တဲ့ အကြောင်းပဲလေ။ ဘာ လုပ်ကြမလဲဆိုတာထက် ဘာလုပ်သင့်သလဲဆိုတာက ပိုပြီး အဓိကကျမယ်ထင် တယ် ကိုရင်ရဲ့"

"ကျုပ်တို့ နတ်စုစစ်သည်တွေတော့ မိစ္ဆာကောင်တွေရဲ့ အလစ်အငိုက် မိပြီး 'အရုဏ်ဦးချေမှုန်းရေး' လက်စာမိသွားလိုက်တာ အကုန်လုံး ပြုတ်ပြုတ်ပြုန်း ပဲ ဗိုလ်ချုပ်ရေ"



www.burmeseclassic.com

www.burmeseclassic.com



"အလစ်အငိုက်လို့တော့ တထစ်ချပြောလို့ မဖြစ်သေးပါဘူးလေ။ ကျုပ်တို့ရဲ့ လုံခြုံရေးနဲ့ ထောက်လှမ်းရေးစနစ်တွေဟာ ဒီလောက်တော့လည်း လျော့လျော့ရဲရဲ မဟုတ်သေးပါဘူး။ အဲဒီ ပဝတ္တိဂြိုဟ်သားကောင်တွေရဲ့ တန်ပြန်ထောက်လှမ်းရေး၊ ကြားဖြတ်ဟန့်တားမှုစနစ်နဲ့ အစီအမံတွေက သိပ်ကောင်းလွန်းလို့ပဲ ဖြစ်ရမယ်။ ကျုပ်တို့တပ်ဖွဲ့တွေလည်း အခြေအနေသိပ်မကောင်းလှဘူး။ ရှင်သန်ကြွင်းရစ်သူဆို လုံးဝမရှိသလောက်ပဲ"

"ဒါနဲ့ ကျွန်တော့်မော်တာအင်ဂျင်တွေ ..."

"ကိုယ့်လူ လောကကြီးနဲ့ အဆက်ပြတ်နေတုန်း ကျုပ် အားလုံးပြုပြင်ပြီး လျှပ်အားသွင်းပေးပြီးပါပြီဗျာ။ နောက်ထပ် တစ်ပတ်၊ ဆယ်ရက်လောက်တော့ဖြင့် အေးအေးကလေး လှုပ်ရှားလို့ရနေပါပြီ"

"ကျေးဇူးပါပဲ ဗိုလ်ချုပ်"

"ထား ... ထား ...။ လူ့ယဉ်ကျေးမှု လောကဝတ်မျိုးတွေကို ထားလိုက်တော့။ ကျုပ်တို့အတွက် အရေးမပါဘူး။ ဒီအချိန်မှာ ကျုပ်တို့အတွက် အလိုအပ်ဆုံးက မိစ္ဆာကောင်တွေ နောက်ထပ်တစ်ကျော့ ပြန်မလာသေးခင် လုံခြုံတဲ့အရပ် ရွေးချယ်မိဖို့၊ ကျုပ်တို့ကို မူလအတိုင်း အကောင်းပကတိဖြစ်အောင် ပြုပြင်နိုင်မယ့် အခြေအနေတစ်ရပ်ရဖို့ ...၊ ပြီးတော့ မိခင်ကမ္ဘာမြေနဲ့ အမြန်ဆုံး ဆက်သွယ်နိုင်ဖို့ ...။ ဒါ ... အရေးအကြီးဆုံးပဲ"

ဝီရက တုံ့ပြန်စကား မဆိုမိ။ ဗိုလ်ချုပ်ဝရုဏ၏စကားက လက်ရှိအနေအထားနှင့် ကိုက်ညီနေသည့် အပြင် ကွက်တိ၊ အံဝင်ခွင်ကျ ဖြစ်လွန်းနေသည်။

သူက သူ့ခန္ဓာကို အမျိုးမျိုး လှည့်ပတ်လှုပ်ရှားကြည့်လိုက်၏။ အင်္ဂါအစိတ်အပိုင်းအချို့ ပျက်စီးချွတ်ယွင်းနေသည့်တိုင် ကောင်းမွန်အဆင်ပြေစွာ လှုပ်ရှားနိုင်နေသေးကြောင်း ဝမ်းမြောက်စရာ သိလိုက်ရသည်။

"ဗိုလ်ချုပ်ရဲ့အခြေအနေကိုလည်း သင့်သင့်တင့်တင့်ဖြစ်အောင် ကျုပ်ပြန်ပြုပြင်ပေးထားဦးမှ ဖြစ်တော့မယ်။ တော်တော်ဆိုးဆိုးဝါးဝါးကြီးကို ဖြစ်နေပြီ"

"ရတယ် ...။ တို့အတွက် အချိန်က အရေးအကြီးဆုံး။ ကျန်တာ ဘာကမှ အချိန်လောက် အရေးမကြီးဘူး။ ကျုပ်နောက်ကို လိုက်လာခဲ့"

စကားသံတိုတိုပြတ်ပြတ်နှင့်အတူ လုံးဝတုံ့ဆိုင်းခြင်းမရှိဘဲ စက်ခလုတ်ခုံမည်းမည်းကြီးဆီသို့ ဦးဆောင်လျှောက်သွား၏။ စက်ခလုတ်ခုံခြေရင်းမှ အံဖုံးတံခါးကို ဆွဲဖွင့်သည်။ အောက်ဆီသို့ ဆင်းသွားနိုင်သည့် လှေကားထစ်များကို မြင်လိုက်ကြရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ဝရုဏာက ရှေ့မှ၊ သူက နောက်မှ ခန္ဓာချင်းကပ်၍ ရှေ့ဆင့်နောက်ဆင့် ဆင်းလာခဲ့ကြသည်။

ပကတိအကောင်းအတိုင်းချည်း ကျန်နေသေးတဲ့ တစ်ခုတည်းသော အဆောက်အဦပဲ။ ဒေါက်တာသိရိဝဏ္ဏကိုယ်တိုင် ပုံစံထုတ် တည်ဆောက်ခဲ့တဲ့ ချူကလီးယားဒဏ်ခံ အင်္ဂါဂြိုဟ်သုတေသန သိပ္ပံခါတ်ခွဲခန်းနဲ့ E Library ပဲ။ အသေးစား သိပ္ပံဓာတ်ခွဲခန်းကလေးပေမယ့် တွေ့ဖူးသမျှထဲမှာ အဆင့်အမြင့်ဆုံးနဲ့ အပြည့်စုံဆုံးတစ်ခုပေါ့။ ဒီအခန်းကလေးဟာ တို့ရဲ့ဗိဇ္ဇာဥ်တွေကို သေစေ၊ ရှင်စေဆုံးဖြတ်ပေးနိုင်မယ့် တရားရုံးက စင်မြင့်ကလေးလိုလည်း ဖြစ်တယ်"

"မပူပါနဲ့ ဗိုလ်ချုပ်။ ကျွန်တော် ပါမောက္ခကြီးဒေါက်တာသူရဇ္ဇရဲ့ လက်အောက်မှာ အတော်ကြာကြာလေး အလုပ်လုပ်ခဲ့ဖူးပါတယ်။ သိပ္ပံနဲ့ သုတေသနဆိုင်ရာ စက်ကိရိယာတွေနဲ့ ကွန်ပျူတာပရိုဂရမ်တွေကို ကိုင်တွယ်ထိန်းသိမ်းမှုဘက်မှာ အသင့်အတင့်ကျွမ်းကျင်မှုရှိပါတယ်"

"ရှေ့ ... နိပ်ဟ။ ဘုရားမ,တာပဲ။ ကိုင်း ... ကိုရင်ရေ၊ ဒါဆို ကိုရင်လုပ်သင့်တာတွေကို စလုပ်ပေတော့။ ကျုပ်တော့ ဟိုမိစ္ဆာကောင်တွေကို စောင့်ကြည့်နေရင်း ထောက်လှမ်းရေးကိစ္စတွေနဲ့ပဲ အချိန်ကုန်နေရတော့မှာပဲ။ ကမ္ဘာမြေနဲ့ တစ်နည်းနည်း အဆက်အသွယ်ချိတ်မိအောင်သာ ကြိုးစားပေတော့"

"ဟုတ်ကဲ့ ဗိုလ်ချုပ်"

ကမ္ဘာမြေ၊ လူသားတို့နှင့်အနီးအဝေး၊ ဆက်နွယ်ခြင်းနှင့် ကင်းပြတ်ခြင်း။ သည်အကြောင်းတရားများက သူတို့၏ရှင်သန်မှုနှင့် ပျက်သုဉ်းမှုကို အဆုံးအဖြတ်ပြုစွမ်းနိုင်ကြောင်း သူသိသည်။ ရှင်းရှင်းပြတ်ပြတ် သူသိနေ၊ နားလည်နေသည်။

"ဖြစ်ချင်တာက ဆန္ဒ
ဖြစ်နိုင်တာက သဘာဝ
ဖြစ်သင့်တာက စလုပ်
တကယ်လုပ် အဟုတ်ဖြစ်ရမည်"

သူ့ဆရာ ပါမောက္ခအဘိုးအို၏ လက်သုံးစကား။ ယခုမှပင် သည်စကားရွှန်းတို့က အချိန်ကိုက် သူ့ရင်ကို ထွင်းဖောက်တိုးဝင်လာနေ၏။ ထိုတဒင်္ဂ၌ အဘိုးအိုကိုပင် အမှတ်ထင်ထင် လွမ်းတမိယောင် ဖြစ်လိုက်သေး၏။

"မသေချင်ရင် လှုပ်ရှားနေရမယ်။ တစ်ခုခု လှုပ်ရှားနေနိုင်သေးသရွေ့ မသေသေးဘူးဆိုတာ သေချာတယ်။ ဒီတော့ ရှင်သန်ခြင်းရဲ့ လျှို့ဝှက်ချက်ဟာ လှုပ်ရှားနေခြင်းပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့ခေါင်းထဲ ဝင်းခနဲ လျှပ်ရောင်တစ်ချက်ပြက်သွားလျက် စူပါကွန်ပျူတာကြီး၏ 'Control Board' ရှေ့တွင် ထိုင်ချလိုက်၏။ နီနီ၊ ပြာပြာ၊ ဝါဝါ၊ စိမ်းစိမ်း ခလုတ်ငယ်များ၊ အရွယ်အစားမျိုးစုံ၊ ပုံစံမျိုးစုံ ထွေထွေရာရာ များပြားစုံလင်လှသည့် ဒိုင်ခွက်များ၊ ထိန်းချုပ်မောင်းတံများ၊ အလိုအလျောက် ထိန်းသိမ်းကိုင်တွယ်အလုပ်လုပ်နိုင်သည့် စနစ်များက မွမွကြဲလျက် မျက်စိမူးလည်ချင်လောက်အောင် ရှုပ်ထွေးနေသည်။

"တစ်ခုခုသေချာဖို့ ဘာပဲဖြစ်ဖြစ် တစ်ခုခုကို စလုပ်လိုက်ပါ"

ကျေးဇူးတော်အနန္တ ...။

အာကာသဟင်းလင်းပြင်ကိုဖြတ်လျက် ဆရာအရှင်က သူ့ကိုယ်ပွားအသံတွေကို ပို့လွှတ်နေခြင်းလေလား။ လူသားအချင်းချင်း ဝိညာဉ်ပိုင်းဆိုင်ရာ ဆက်သွယ်မှုတစ်ခုဖြစ်သည့် တယ်လီပသီ (Telepathy-စိတ်အာရုံချင်းဆက်သွယ်မှု) ပေလား။ အကျိုးအကြောင်းသင့်မြတ်သည့် လှုပ်ရှားရန် အစီအစဉ်တစ်ခုချင်းစီကို သူ့ဦးနှောက်ဆဲလ်များအတွင်း လျှပ်ပြက်လိုက်သလို သူကြားနေ၊ သိနေရသည်ကား ကေန်အမှန်။

Multi Control Brain Board မှ Start ခလုတ်စိမ်းကလေးကို ဖိလိုက်၏။ 'တီ ... တီ ... တီ ...' မြည်သံဖြင့် ပရိုဂရမ်ထိန်းစနစ်များ Channel အလိုက် အလုံးစုံပွင့်သွားလေပြီ။ လျှပ်စီးဖြတ်ပြေးနေသည့် ဗဟိုထိန်းချုပ်ခန်း ပရိုဂရမ်ယူနစ်များ၏ Control E. tube လေးက လင်းလင်းလက်လက်။

အရေးပေါ်ဆက်သွယ်မှု 'အနီရောင်လိုင်း' ခလုတ်ကို ဖွင့်လိုက်၏။ ပရိုဂရမ်ထိန်း မိုက်ခရိုကွန်ပျူတာခလုတ်များကို ချိန်ညှိနေစဉ် ...

တစ်ဖက်မှ ပုံရိပ်လွှာထုသွင်သဏ္ဍာန်ပြောင်းနည်းပညာဖြင့် ပို့လွှတ်နေသည့် သုံးဖက်မြင်ပုံရိပ်တစ်ခုက ကွန်ပျူတာဖန်သားပြင်ပေါ်၌ ကြည်လင်ပြတ်သားစွာ ပေါ်လာ၏။

"ဟေ ... ဗိုလ်မှူးကြီးဝီရ၊ ဗိုလ်မှူးကြီးဝီရ မှန်ရဲ့မဟုတ်လား။ ဘုရား ဘုရား ..."

"အဓိပတိကြီး ..."

ဖွေးဖွေးလှုပ်နေသည့် ငွေရောင်ဆံနွယ်မျှင်များက လှိုင်းတွန့်များသဖွယ် ရစ်ခွေပွေလီမ်လျက် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးဖြူဖြူ ဘုတ်သိုက်ထွေးကြီးနှင့် အိန္ဒိယတိုင်းသားအဓိပတိကြီး 'မစ္စတာဝိဇယ' ၏ ရုပ်သွင်က ဖြူးချိုးအိုစာလွန်းလှ၏။ စိတ်ရော၊ ကိုယ်ပါ နွမ်းလျှပုံ ပေါ်နေလေသည်။ ကြီးအားလေးလံ



www.burmeseclassic.com

www.burmeseclassic.com



သော သောကဝန်သည် သူ့အပေါ်၌ အဆမတန်ဖိစီးနေသည်ကို မြင်သာ၊ သိသာ စေလျက်ရှိ၏။

"ဗုဒ္ဓဘုရားရှင်ရဲ့ ဂုဏ်တော်၊ ကျေးဇူးတော်၊ မေတ္တာတော်ပေပဲ ... လူကလေးရေ။ ဝမ်းသာလိုက်လေကွယ် ...။ အင်္ဂါဂြိုဟ်စစ်မြေပြင်က မြင်ကွင်းတွေကို 'Independence News' က သတင်းယာဉ်တွေနဲ့ တိုက်ရိုက်ထုတ်လွှင့်ပေးနေခဲ့တာလေ။ ကယ်ဆယ်ရေးတပ်ဖွဲ့တွေနဲ့ လုံခြုံမှုထိန်းသိမ်းရေးတပ်ဖွဲ့တွေကလည်း ရှင်းလင်းရေးနဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကို တရစပ်လုပ်နေခဲ့ကြတာ။ တစ်ယောက်မှ အသက်ရှင်လျက် မကျန်ရစ်ခဲ့ဘူးဆိုတာရယ်၊ ဗိုလ်ချုပ်ဝရုဏနဲ့ ဗိုလ်မှူးကြီးဝီရတို့ရဲ့ အလောင်းတွေကို လုံးဝရှာမတွေ့ခဲ့ဘူးဆိုတာရယ်ကြောင့် ကျုပ်တို့အားလုံး စိတ်သောက ရောက်နေခဲ့ကြရသေးတယ်လေ"

"တောင်းပန်ပါတယ်ခင်ဗျာ ...။ အခုမှပဲ ဆက်သွယ်နိုင်ခဲ့တာကြောင့် စိတ်ပူပန်စေမိခဲ့တာကို တောင်းပန်ပါတယ်"

"မင်းအသက်ရှင်နေသေးတာကပဲ ကျေးဇူးတင်ဖို့ ကောင်းနေပါပြီလေ။ ဒါနဲ့ တို့များရဲ့ ဗိုလ်ချုပ်ဝရုဏတစ်ယောက် ..."

"ကျွန်တော်နဲ့အတူ ကောင်းမွန်စွာ ရှိနေပါတယ်ခင်ဗျာ"

"ကောင်းပါလေ့ကွယ် ..."

သက်ပြင်းချလိုက်သံသဲ့သဲ့ကိုပင် ကြားမိသယောင်ယောင်။ သောကငွေ့မပြလျော့သွားဟန်ရုပ်သွင်က အတန်ငယ်ကြည်စင်လာသည်။

"လူကလေးတို့တွေ ခဏတော့ ရောက်တဲ့နေရာမှာပဲ ငြိမ်နေကြရလိမ့်ဦးမယ်ကွယ့်။ သိပ်လှုပ်လှုပ်ရှားရှားလုပ်လို့ မဖြစ်သေးဘူး။ တို့များ အာကာသအတွင်း မျူကလီးယားရောင်ခြည်နဲ့ ဓာတ်ကြွင်းအဆိပ်ငွေ့ ရှင်းလင်းရေးယာဉ်တွေရဲ့အလုပ် မပြီးသေးခင်အထိပေါ့"

"ခင်ဗျာ ..."

"ပြီးတော့ မိစ္ဆာကောင်တွေရဲ့ 'ပရမာအနုမြူ' အဆင့်ထိ သေးငယ်လွန်းတဲ့ (Nano-Nuclear Bomb Trap) နျူးကလီးယားဗုံး ထောင်ချောက်တွေကို ရှင်းလင်းလို့ မပြီးသေးခင်အထိ ..."

"ဗိုလ်ချုပ်ဝရုဏရဲ့ဒဏ်ရာက သိပ်ပြင်းထန်လွန်းတယ်။ ချက်ချင်း ခွဲစိတ်ကုသပြုပြင်မှု မလုပ်နိုင်ခဲ့ရင် ..."

"အေး ... အဆက်အသွယ်သာ မပြတ်စေနဲ့။ လူကလေးရဲ့ဆရာနဲ့ ဘု..တပ်ဖွဲ့တွေ မကြာခင် ဆက်သွယ်လာကြလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... ပရော်ဖက်ဆာကြီး"

"အေးလေကွယ် ...။ မင်းဆရာ ပါမောက္ခကြီးဒေါက်တာသူရဇွန်နဲ့ အဖွဲ့က အင်္ဂါဂြိုဟ်မြောက်ခြမ်းမှာ သုတေသနစီမံကိန်းတစ်ခု ကွင်းဆင်းဆောင်ရွက်နေခဲ့တာ ကြာခဲ့ပြီကော။ သူတို့သုတေသနလုပ်ငန်းတွေကိုတောင် လက်စသိမ်းနေပြီတဲ့"

"ဒါဆို ပါမောက္ခကြီးက ဒီအင်္ဂါဂြိုဟ်ပေါ်မှာ ..."

"အေးပါဆို ...။ မင်းတို့နဲ့က တောင်နဲ့မြောက်လို ဖြစ်နေကြပေမယ့် အဲဒီအင်္ဂါဂြိုဟ်ပေါ်မှာပဲ ရှိနေသလေ။ သူ့ကိုဆက်သွယ်ပြီး မင်းတို့ကို ကယ်ဆယ်ဖို့အတွက် စေလွှတ်လိုက်မှာဆိုတော့ ... ဘာမှမပူနဲ့။ စောင့်သာနေလိုက်။ ဟုတ်ပြီလား ..."

သူက စကားပြန်မပြောနိုင်သေး။

"လိုင်းပိတ်လိုက် ...။ ရန်သူထောက်လှမ်းရေးယာဉ်တွေ အနီးရောက်စည်းထဲ ဝင်လာနေပြီ။ အသံရော၊ လျှပ်စီးရော၊ လျှပ်စစ်လှိုင်းတွေရော ဘယ်လိုမှ ခြေရာခံမရအောင် လိုင်းပိတ်ပစ်လိုက်"

ဗိုလ်ချုပ်ဝရုဏ၏ ကြမ်းရှရှအော်သံကို ကြားရ၏။

"မိစ္ဆာကောင်တွေ မနည်းလှဘူး။ အာကာသတွင်းသုံး တိုက်ခိုက်ရေးယာဉ်ပျံတွေနဲ့ တစ်ခုခုကို အပူတပြင်းလိုက်ရှာနေကြပုံပဲ။ မဟုတ်မှလွဲရော။ တို့တွေ တိုက်ပွဲကနေ အသက်မသေဘဲ ထွက်ပြေးလွတ်မြောက်လာခဲ့တာကို သင်းတို့ အစအန ခြေရာကောက်မိသွားပြီထင်တယ်"

အလို ... ရင်နှလုံးက ခုန်လွှန်းလှချေပါတကား။

သူ့ခန္ဓာတွင် တပ်ဆင်ထားသည့် Nano-Micro Cells အဆင့်မြင့် အသိဉာဏ်ဆဲလ်များက အပြင်းအထန် အလုပ်လုပ်ခဲ့ရသည့် စစ်မြေအရပ်။ အာကာသတိုက်ပွဲစဉ်ကြီးအတွင်း၌ပင်လျှင် သည်မျှပြင်းပြင်း မတုန်လှုပ်ခဲ့စဖူး။

သူ့ဇီဝရုပ်နှင့် သူ့ခန္ဓာ၏ ကမ္ဘာဗေဒဖြစ်စဉ်အစုအဝေးကို ထိန်းညှိပေးနေသည့် မြောက်မြားလှစွာသော ကလာပ်စည်းများ၊ ယူနစ်များ၊ စနစ်များဆီမှလည်း လျှပ်ရောင်တွေ တဖျပ်ဖျပ်၊ လျှပ်မှုန်တွေ တဝင်းဝင်း၊ လျှပ်အားတွေ တသည်းသည်း။

"ဗိုလ်ချုပ်ဝရုဏခင်ဗျာ ..."

"ဟေ ... ဘာလဲကိုရင်။ သိပ်လည်း တုန်လှုပ်မသွားပါနဲ့ကွ။ ဒီ 'နတ်ပန်းဥယျာဉ်-၂' လျှို့ဝှက်သုတေသနဓာတ်ခွဲခန်းကြီးထဲမှာ ဒီမိစ္ဆာကောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ချက်ချင်းထွက်တိုက်နိုင်တဲ့ နျူကလီးယားစွမ်းအင်သုံး မြန်နှုန်းမြင့် အာကာသတွင်းတိုက်လေယာဉ် 'လင်းယုန်-၁' နဲ့ 'လင်းယုန်-၂' နှစ်စင်း လက်နက်ခဲယမ်းအပြည့်အစုံနဲ့ ရှိနေတာ ကိုရင်အသိပဲဟာ။ ဒီမိစ္ဆာကောင် တစ်အုပ်တစ်သင်းလောက်များတော့ တို့တွေနှိမ်နင်းနိုင်ပါတယ် ရဲဘော်ဗိုလ်မှူးကြီးရဲ့"

"ဒီ ... ဒီလိုပါ ဗိုလ်ချုပ်"

သူ့အသံက ထစ်ထစ်ငေါ့ငေါ့၊ တုန်တုန်လှုပ်လှုပ်။

မှုမမှန်ချင်သည့် သူ့အသံ၊ သူ့မျက်နှာနေကို ဗိုလ်ချုပ်ဝရုဏာက ချက်ချင်းသတိထားမိသွားသည်။

"မင်းဘာဖြစ်နေသလဲ ဗိုလ်မှူးကြီး။ ကျုပ်ကို အရေးတကြီး ပြောပြဖို့ သတင်းထူးများ ရှိနေသလား"

သည်လူသားပုံတုမျိုးနွယ်စုခေါင်းဆောင်ကြီး၏ ဉာဏ်ရည်သည် အဆင့်မြင့်လွန်းလှကြောင်း သူသိပြီးဖြစ်သည်။ လူသားစစ်စစ် မနုဿသတ္တဝါများ၏ DNA မှတစ်ဆင့် ဇီဝအင်ဂျင်နီယာနည်းပညာဖြင့် ဖန်တီးမွေးမြူထားပြီး လူသားတို့နှင့်ဆက်ဆံရသည့် ခံစားမှုဆိုင်ရာ အာရုံဆဲလ်များကိုသာ နေ့စဉ်ပုံမှန်တိုက်ကျွေးနေသည့် 'နတ်သက်ဝိညာဉ်' ဆေးပြားများဖြင့် ဖျက်ဆီးခံထားရသည်မှအပ ပကတိလူသားတစ်ဦး၏ အဆင့်မြင့် တွေးခေါ်စဉ်းစားမှုအဆင့်ဆင့်ကို တစ်မုဟုတ်ချင်းပြုလုပ်နိုင်စွမ်းကြောင်းလည်း သူသိသည်။

ချစ်ခြင်း၊ မုန်းခြင်း၊ လောဘ၊ ဒေါသ၊ အတ္တ၊ မာန ... စသည့် ခံစားမှုကဲလွန်သည့် လူ့စိတ္တဘာဝ အာရုံမှန်သမျှကို နေ့စဉ်ဖျက်ဆီးခြင်း ခံထားရသဖြင့်လည်း အခြားတစ်ဖက်၌ ကွန်ပျူတာတစ်လုံးထက်သာလွန်၍ ဆင်ခြင်တွေးဆဆုံးဖြတ်ဆောင်ရွက်နိုင်နေခြင်းလည်း ဖြစ်နိုင်ပေသည်။

"ဟုတ်ပါတယ် ဗိုလ်ချုပ်။ ဒီအင်္ဂါဂြိုဟ်ကြီးရဲ့ မြောက်ခြမ်းမှာ ခင်ဗျားတို့၊ ကျုပ်တို့ရဲ့ ဆရာသခင် သိပ္ပံပညာရှင် အဘိုးအို ပါမောက္ခကြီးနဲ့ သူ့အဖွဲ့တွေ ရှိနေကြပါသတဲ့"

"ဟေ ... ဟုတ်ရဲ့လား"

"ကျွန်တော် အခုပဲ ကမ္ဘာမြေက 'ရတနာဒီပအဓိပတိကြီး' နဲ့ ဆက်သွယ်သိရှိခဲ့ရတာပါခင်ဗျာ"

"အင်း ..."

အလွန်အမင်းသွေးအေးငြိမ်သက်လွန်းလှသည့် လူသားပုံတု သတ္တဝါ၏ မျက်နှာပြင်၌ အမျိုးအမည် ခွဲခြားဖော်ပြမရနိုင်သည့် အရောင်တွေ၊ အရိပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



တဖျပ်ဖျပ်ဖြတ်ပြေးသွားကြလျက် မျက်ဝန်းတွေထဲမှ မီးလျှံက ထိန်ထိန်တောက်လက်လာနေ၏။

"ဒါ . . . ဒါဆို . . . ဒီမိစ္ဆာကောင်တွေ"

"ကျွန်တော်လည်း အဲဒါကိုပဲတွေးပြီး စိုးရိမ်နေမိတာ ဗိုလ်ချုပ်"

"ကဲ . . . အဆင်သင့်ပြင်တော့ဟေ့။ 'လင်းယုန်–၁' နဲ့ 'လင်းယုန်–၂' ကို အသုံးချရမယ့် အခန်းကဏ္ဍကတော့ ရောက်လာခဲ့ပြီ။ မိစ္ဆာကောင်တွေ လက်မဦးခင် အင်္ဂါဂြိုဟ်မြောက်ခြမ်းကို တို့တွေ အရင်ရောက်နှင့်မှဖြစ်မယ်။ ကိုင်း . . . လုပ် . . . ။ အချိန်မရှိဘူး"

ခန္ဓာတစ်ဝက်ခန့် ချူကလီးယားလက်နက်ဒဏ်သင့်လျက် အသားစိုင်အသားခဲ နတ္ထိ။ အရိုး၊ အရွတ်နှင့် အကြောတွေကသာ ရှန်းကြွလျက်။ အကောင်၊ ပကတိကိုယ်ကောင်ကြီးကား မီးသင့်ဖုတ်ကောင်ကြီးနှယ်ဖြစ်နေသည့် ဗိုလ်ချုပ်ဝရုဏက တိုက်ပွဲဝင်ဝိညာဉ်ပူးကပ်လျက် တက်ကြွထက်သန်လွန်းလှစွာ လှုပ်ရှားနေသည်။

"တီ . . . တီ . . . တီ . . ."

"တီ . . . တီ . . . တီ . . ."

သူတို့တစ်ဦးချင်းစီ အသင့်ပြင် နေရာယူထားကြသည့် မြန်နှုန်းမြင့်တိုက်လေယာဉ် 'လင်းယုန်–၁' နှင့် 'လင်းယုန်–၂' တို့၏ ထိန်းချုပ်စက်ခန်းမှ Computer Control Unit များဆီက အနီရောင်မီးလုံးကလေးတွေ တလျှပ်လျှပ်တောက်လက်။

'နတ်စုစစ်သည်' တပ်ဖွဲ့အကြီးအကဲ ဗိုလ်မှူးကြီးဝီရသည် အသံထက်အဆများစွာမြန်သည့် 'လင်းယုန်–၂' ၏ တိုက်လေယာဉ်မှူးထိုင်ခုံတွင် ထိုင်နေရင်း အဓိပတိကြီး မစ္စတာဝိဇယ၏ နောက်ဆုံးသတိပေးချက်၊ အမှာအထား စကားခွန်းတွေကို အပြီးတိုင်မျိုချပစ်လိုက်တော့သည်။

သို့ဖြင့် . . .

သည်အချိန်တွင် သူတို့အာရုံတွင်း၌ သူတို့၏ဖန်တီးရှင်၊ ဆရာသခင်အဘိုးအို အသက်ရှင်သန် လွတ်မြောက်ရေးသည်သာလျှင် ပထမ၊ ဒုတိယ၊ တတိယ။ အန္တိမရည်မှန်းချက် . . . ။

မှတစ်ပါး အခြားမရှိပြီ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၄]

❑

အဘိုးအိုကိုကြည့်ရသည်မှာ အခါတိုင်းနှင့် မတူချင်။

ညှိုးလွန်း၊ နွမ်းလျလွန်းနေသည်ဟုထင်သည်။ သူ့ကိုကြည့်နေရင်းမှ လူတစ်ကောင်ရုပ်ကလေး နှစ်ဆယ့်တစ်ခမျှ ကိုယ်တိုင်ပင် နွမ်းနယ်ချင်သလို ဖြစ်လာမိသည်။

အဘိုးအို သည်အတိုင်းတိုင်းချည်း ထိုင်နေသည်မှာ ကြာခဲ့ပြီ။

သူ့ထံမှ စကားတစ်ခွန်းကြားရနိုး မျှော်လင့်နားစွင့်ထားမိသေးသော်လည်း သက်မဲ့ရုပ်တုတစ်ခုလို မလှုပ်မချောက် ပိတ်ပိတ်သားထိုင်နေသည့် သူ့ဟန်က ငြိမ်သက်လွန်းလှသည်။

"ငါ့ရဲ့သားသမီးတွေကို ဆုံးရှုံးလိုက်ရပြီနဲ့ တူပါရဲ့ကွယ်"

မမျှော်လင့်ဘဲ အဘိုးအိုထံမှ အသံထွက်လာ၏။

သူ့အသံမှာ ဒဏ်ရာအပြင်းအထန်ရနေသူတစ်ယောက်၏ နာကြည်းညည်းတွားသံမျိုး ဖြစ်နေသည်။ တိုးတိမ်ပါးလျလွန်းသော်လည်း ရင်နှလုံးသို့တိုင် ထွင်းဖောက်ဝင်လာနိုင်စွမ်း၏။



www.burmeseclassic.com

www.burmeseclassic.com



သည်သို့သောအသံမျိုးကို စက်ရုပ်ကလေးနှစ်ဆယ့်တစ် တစ်ရံတစ်ခါမျှ မကြားခဲ့စဖူး။

သူ့မျက်ဝန်းမှ မျက်ရည်များ တွေတွေကျဆင်းလျက်ရှိသည်။ အဘိုးအို ထိုမျှထိခိုက်ခံစားနေရသည်ကို သူ့စက်ရုပ်ကလေး နှစ်ဆယ့်တစ်နှင့် အရုဏ်တို့က မကြည့်ချင် မြင်ချင်လျက်သားချည်းဖြစ်နေပေရာ တစ်စစနှင့် အဘိုးအို၏ဝေဒနာ လှိုင်းက သူတို့ကို လာ၍ရိုက်ခတ်လာသည် ထင်ရ၏။

သူတို့ခန္ဓာတွင် တပ်ဆင်အစိတ်အပိုင်းများအနက် အာရုံခံဆဲလ်များနှင့် ဦးနှောက်အတွင်းရှိ အဆင့်မြင့်မှတ်ဉာဏ်ဆဲလ်များကို အင်အားပြင်းထန်လွန်းသည့် တစ်စုံတစ်ရာက တွန်းအားကြီးတစ်ရပ်သဖွယ် ဖိစီးလေးလံလျက်ရှိကာ ဖွတ်အတင်း နှိုးထနေသလို။

သူတို့ကိုယ်တွင်းရှိ 'HRP-90' မော်တာစက်ငယ်ကလေးများမှ ညင်ညင် သာသာ လျှပ်အားများ တသိမ့်သိမ့်ထွက်ပေါ်နေဆဲ။

'Sunflower' သည် အာကာသပတ်လမ်းအတွင်း၌ အလင်းထက် အဆ များစွာလျင်မြန်သည့်နှုန်းဖြင့် ကမ္ဘာမြေသို့ ဦးတည်ပျံသန်း လျက်ရှိသည်။

သို့သော်လည်း အသွားခရီးကကဲ့သို့ လူစုံတက်စုံ ပျော်ပျော်ရွှင်ရွှင်မဟုတ် လေတော့။ ပါမောက္ခအဘိုးအို၊ သူ့စက်ရုပ်လေး နှစ်ဆယ့်တစ်၊ သူ့ကိုယ်ရေး လက်ထောက် အရုဏ်တို့သုံးဦးသာလျှင် ကမ္ဘာမြေအပြန်ခရီး၌ ပြန်ပါလာနိုင်ခဲ့ကြ တော့သည်။

ဗိုလ်ချုပ်ဝရဇာနှင့် ဗိုလ်မှူးကြီးဝီရတို့ကား ပဝတ္တိဂြိုဟ်သား ရန်သူ တိုက်ခိုက်ရေးယာဉ်ပျံများကို လက်ဦးမှုရယူ၍ တိုက်ခိုက်ရင်း သူတို့ချစ်သောအဘိုးအို၊ သူတို့ချစ်သော ကမ္ဘာမြေနှင့် သူတို့အလေးအမြတ်ပြုအပ်သည့် လူသားတို့အတွက် သူရဲကောင်းပီသစွာ မြင့်မြတ်သော စွန့်လွှတ်စွန့်စားမှုဖြင့် ကျဆုံးခဲ့ကြပြီ။

မိုးသောက်၊ သူရိယ၊ ဆည်းဆာနှင့် ဒေါက်တာဇီဝကတို့အုပ်စုမှာမူ ရန်သူ မိစ္ဆာတို့အား စစ်မြှူရင်း အင်္ဂါဂြိုဟ်ကြီးပေါ်၌ ကျန်ရစ်ခဲ့ကြပြီ။ သူတို့ချစ်သော သည်အဘိုးအိုအတွက်၊ သည်အဘိုးအို၏ ရှင်သန်ရပ်တည် စည်ပင်ခွင့်အတွက် သူတို့၏ရှင်ခြင်းကို စတေးခဲ့ကြပြီ။

တကယ်တမ်းက ရန်သူများ သူတို့ရှိရာဆီ တိတ်တဆိတ်ချဉ်းကပ်လာနေ ခြင်းကို သူတို့အလျှဉ်းမသိခဲ့။

"ရှီး ..."

"ဂျိမ်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ရှီး . . . ရှီး . . . ရှီး . . ."

"ဝုန်း . . ."

"ရှီး . . . ဝုန်း . . ."

"ဂျိမ်း . . ."

"ဂျိမ်း . . ."

ရုတ်တရက်ကြီး မိုးကြိုးမုန်တိုင်းခသည့်နှယ် စူးရှလင်းထိန်သည့် လျှပ်ရောင်၊ လျှပ်စီး၊ လျှပ်ပန်းများ တောက်လက်၍ ပြင်းထန်လွန်းသော ပေါက်ကွဲသံ၊ ပစ်ခတ်သံ၊ ထိမှန်ပျက်သုဉ်းသံ၊ မီးလောင်ပေါက်ကွဲသံများကို သူတို့အထက်ကောင်းကင်ပြင်၌ အနီးကပ်တွေ့လိုက်ရမှသာ . . .။

"တူ . . . တူ . . . တူ . . ."

"တူ . . . တူ . . . တူ . . . တူ . . ."

"ရန်သူတွေ . . . မိစ္ဆာယာဉ်ပျံတွေ . . ."

"ပါမောက္ခကြီး . . . 'ကွန်သာယာ' အထူးလုံခြုံရေးခန်းထဲ ကြွပါခင်ဗျာ။ အဲဒီမှာမှ ဘေးအန္တရာယ် လုံခြုံစိတ်ချရပါမယ်"

ထိုအချိန်ဝယ် 'Sunflowers' ပေါ်၌ အဘိုးအို၊ နှစ်ဆယ့်တစ်နှင့် အရုဏ်တို့က အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်မှ ထပ်မံအသစ်တွေ့ရှိရသည့် တွင်းထွက်နှင့်ပုံဆောင်ခဲများကို စိစစ်နေကြခိုက်ဖြစ်၏။ သူတို့သုံးဦးမှအပ ကျန်အဖွဲ့ဝင်များက သုတေသနလက်စသိမ်းလုပ်ငန်းများကို ကိုယ်စီဆောင်ရွက်နေကြဆဲ။

အရုဏ်က 'Sunflowers' ၏ အလူမီနီယမ်လစ်သီယမ် သတ္တုစပ် ပင်မတံခါးကြီးနှင့် ပြတင်းများအားလုံးကို ပိတ်ပစ်လိုက်၏။ အခန်းတွင်း လေအေးပေးစနစ်ကို ချိန်ညှိလိုက်လျက် 'Multi Control Board' မှ ယူနစ်အားလုံးကို ဖွင့်ထားလိုက်သည်။

သူတို့၏အဘိုးအိုကိုမူ အသံလုံစနစ်တပ်ဆင်ထားသည့် ချူကလီးယားဖောက်ခံ အထူးစာကြည့်ခန်းငယ်လေးအတွင်း၌ နေစေခဲ့ပြီးပြီ။ ရန်သူတို့၏ ပစ်ခတ်ချေမှုန်းမှုကြောင့် 'Sunflowers' သည် တစ်စစီ ပျက်သုဉ်းကြေမွသွားစေဦး။ 'ကွန်သာယာ' အခန်းငယ်ကလေးက မိခင်ယာဉ်မကြီးမှ မပျက်မစီးခွဲခွာခဲ့လျက်ကမ္ဘာမြေဆီသို့ အလိုအလျောက် လမ်းကြောင်းရှာပျံသန်းမှုစနစ်ဖြင့် ဘေးမသီရန်မခပြန်နိုင်အောင် စီမံထားပြီးဖြစ်၏။

သူတို့ချစ်သော ဆရာသခင် အဘိုးအို၏ လုံခြုံရေးသည်သာ ပဓာနမ။



www.burmeseclassic.com

www.burmeseclassic.com



စက်ရုပ်ကလေး နှစ်ဆယ့်တစ်က 'မိစ္ဆာထောင်ချောက်' ရန်သူရှာ ကွန်ပျူတာမျက်နှာပြင်ရှေ့၌ ထိုင်လျက် 'Sunflowers' ၏ ပဲ့ထိန်းဒုံးစင်နှင့် ဒုံးကျည် ပစ်ခတ်မှုစနစ်ပရိုဂရမ်များကို စစ်ဆေးနေသည်။

"တီ ... တီ ... တီ ... တီ ..."

"ဝေယံဘုံနန်း ... ဝေယံဘုံနန်း ... အာကာသစစ်မဲ့ဇုန်ထဲကို အမြန်ဆုံး ထွက်ခွာပါ ... အမြန်ဆုံးထွက်ခွာပါ"

"ဟင် ... ဒါ ... ဒါ ... ဗိုလ်ချုပ်ဝရုဏရဲ့အသံပဲ။ သူ ... သူ ... ဘယ်လိုလုပ် ..."

"ဝေယံဘုံနန်း ... အခုချက်ချင်းထွက်ပါ"

"အရုဏ်ရေ ... မိန်းကလေး ...။ ဟောဒီမှာ ငါတို့ဝီရကြီးဟေ့။ ဟား ... ဒဏ်ရာတွေရထားတာ မနည်းပါလားဟ။ အိုး ... ဗိုလ်ချုပ်ဝရုဏလည်း ပါတယ်။ ဟင် ... သူ့မှာလည်း ကြောက်စရာကောင်းလောက်အောင် ဒဏ်ရာတွေ နဲ့ပါကလား"

"လင်းယုန် ၁ ... လင်းယုန် ၁ ...။ သူတေသနအဖွဲ့တွေ မြောက်ခြမ်း မှာ ကျန်နေသေးတယ်ရှင့်။ သူတို့ကို ဆက်သွယ်ရဦးမယ်"

"ဝေယံဘုံနန်း ... အခုထွက်ပါ ... အခုချက်ချင်းထွက်ပါ။ ဒေါက်တာ ဇီဝကတို့အဖွဲ့တွေ စုစည်းပြီး ရန်သူတိုက်ခိုက်ရေးယာဉ်ပျံတွေကို 'Red Line' ဘက် မျှားခေါ်သွားနေပြီ။ သူတို့က ရန်သူကို ထိန်းထားလိမ့်မယ်။ အခုထွက်ဖို့လုပ်ပါ။ ဒါ ... ဒါ ..."

'လင်းယုန်–၁' ရော၊ 'လင်းယုန်–၂' ပါ ရှေ့ဆင့်နောက်ဆင့် ရန်သူ့ ကျည်သင့်၍ တစ်စစီမီးလောင်ပျက်ကျသွားသည်ကို မြင်သည်။

"ကဲ ... မိန်းကလေးရေ။ ရွေးစရာလမ်းမရှိတော့ဘူး။ ကျန်တဲ့အဖွဲ့တွေ အတွက်တော့ ကမ္ဘာသကာထားရတော့မှာပဲ။ တို့ဆရာပါမောက္ခကြီး ရှင်သန်ကျန်ရစ် ဖို့က အရေးအကြီးဆုံး။ သူသေရင် အားလုံးသေပြီ။ သူရှင်သန်ခွင့်ရခဲ့ရင် နောက် ထပ်အသစ်အသစ်တွေ အများကြီးမွေးဖွား ရှင်သန်လာကြလိမ့်ဦးမယ်။ ကဲ .."

'Control Board' မှ 'Run' ခလုတ်နီကလေးကို ဆတ်ခနဲဖိချလိုက်၏။

'Sunsflowers' သည် အမြော့ကျဆန်တစ်ခုနှယ်အရှိန်ဖြင့် လွင့်စဉ်မြောက် တက်သွားလျက် အာကာသပတ်လမ်းဆီသို့ ဦးတည်ပြေးလွှား ...။

အင်္ဂါဂြိုဟ်သည် တဖြည်းဖြည်းအမှတ်စက်တစ်ခုလို သေးမွှားပျောက်ကွယ်

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၅]

❑

မိုးကောင်းကင် ...။

မြေလွှာပြင် ...။

တောင်တန်း၊ သစ်ပင်နှင့်ပန်းမန်များ ...။

နေ၊ ရေ၊ လေ၊ မီး ... ဩကာသလောကကြီး ...။

အကြွင်းမဲ့ ပြည့်စုံလှပလွန်းသည့် သဘာဝစမ္ပထဲ၌ 'မေတ္တာ' ဟူသည် 'အကျိုးလိုလားခြင်း' သဘောသို့ ပို၍ကိုင်းညွှတ်တတ်ကြောင်း သူပို၍သိခဲ့ပြီ။

'ချစ်ခြင်းတရား' ဟူသည်လည်း ဖန်တီးပြုပြင်ထုတ်လုပ်၍ ရစကောင်းသောအရာမဟုတ်ဆိုသည်လည်း သေချာခဲ့ပြီ။

'ဂန္ဓဝင်' ဟု အမည်ပေးထားသည့် 'HRP 120 C' လူသားပုံစံတူ စက်ရုပ်များ ထပ်မံထုတ်လုပ်မည့် ပရောဂျက်အသစ်၌ လူသားနည်းတူ အာရုံခံဆဲလ်များ ပို၍ထည့်သွင်းတပ်ဆင်ရန်အရေးထက် သူတို့အား ထိန်းချုပ်စီမံမည့် မနုဿလူသားသတ္တဝါစစ်စစ်များ၌သာ လူသား၏စံမီသည့် နှလုံးသားတစ်စုံရှိနှင့် စေဖို့ လေ့ကျင့်မွေးမြူပေးရဦးမည်ဟူသည်လည်း အလေးအနက် ခိုင်ကျည်ခဲ့ပြီ။

"ဟော ... ပန်းနှံ့။ ပိတောက်ပန်းနှံ့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပိတောက်ဦး၏ မွှေးမွှေးပျံ့ပျံ့ရနံ့တို့က ကြိုင်လှောက်ဝေစည် ...။

စက်ရုပ်ကလေး နှစ်ဆယ့်တစ်က ပိတောက်ပန်းဝင်းထိန်ထိန် တစ်ပွေ့ကြီးကို ပိုက်၍ သူ့ထံလှမ်းလာနေဆဲ။

အရုဏ်၏ ဦးဆံထက်၌ကား ပိတောက်ခက်က တစ်ခက်နှစ်ခက် ...။

"ဩော် ... မနက်ဖြန် သင်္ကြန်ကျပြီပဲ"

အဘိုးအိုသည် အင်္ဂါဂြိုဟ်၌ ကျန်ရစ်ခဲ့ရရှာသော သူ့စက်ရုပ်ကလေးများကို လွမ်းလွန်လွန်းလှ၍ မျက်ရည်ပွင့်တစ်ပေါက်နှစ်ပေါက်ပင် လိမ့်ဆင်းစဥ် ကျလာမိတော့သည်။ ။

ရည်ညွှန်းကိုးကား

၁။ ဆရာအံ့မောင်၏ 'မုန်တိုင်းပန်း' ကဗျာ
(မဟေသီမဂ္ဂဇင်း၊ ၂၀၀၉ ခုနှစ်-ဧပြီလ)


၂။ (18.2.2009) Weekly Eleven News
pm-14 မှ Science & Technology news

မေတ္တာဖြင့် ...

**ဇေယျမင်းသျှင်**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

[၁]

❑

"အုန်း . . . ဘုန်း"

"ရှူး . . . ရှူး . . . ရှူး"

ဆိုသည့် နွားနှာမှုတ်သံတစ်ခုခုကို ပြေး၍ဖော့လိုက်သံတို့က တစ်ဆက်တည်း ကြားလိုက်ရပြီး။

"အား . . . အ . . . အ . . ."

"အောင်မလေး . . . အား . . . ကျိုးပါပြီ . . ."

အော်သံတို့ကိုဆက်၍ ကြားလိုက်သည်။ အိမ်ပေါ်တွင် အိပ်နေကြသူများက တစ်နေကုန် ကိုင်းထဲခြံထဲတွင် ခတ်ထွင်းပေါက်စွ စိုက်ပျိုးမှုကို လုပ်ကိုင်ရသူများဖြစ်၍ ပင်ပန်းမှုဒဏ်ကို ညအိပ်ခြင်းဖြင့် ဖြေဖျောက်နေကြစဉ် ခြံ၏အပြင်ဘက်မှ ယခုလို ညဉ့်နက်သန်းခေါင်တွင် အာခေါင်ခြစ်၍ အော်လိုက်သံကြောင့် အိပ်ရာထဲမှထ၍ ငုတ်တုတ်ထိုင်လိုက်သည်။

"ကိုမန်း . . . ဘာ . . . ဘာလဲဟင်"

"ငါလည်း မသိဘူး။ အော်သံကြားလို့ . . . နိုးသွားတာကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုညစ္စာလေ ... ဟို ... ကြက်ခိုးလား၊ နွားခိုးလားမသိဘူး"

"အေး ... မင်းနေ ထွက်မလာနဲ့"

ပြောရင်းမှ ထရံတွင်ကပ်ထောင်ထားသော တစ်လုံးထိုးလုံကို ဆွဲယူပြီး တံခါးဖွင့်၍ ခြံထဲကိုဆင်းလိုက်သည်။ ခြံဝတွင် တုံးလုံးပက်လက် လဲကြသူနှစ်ဦးကို မြင်လိုက်ရသဖြင့် ...

"ဟာ ... မန္တဲ့ရေ ... မန္တဲ့ ... မီးအိမ်ဖြစ်ဖြစ်၊ လက်နှိပ်ဓာတ်မီးဖြစ်ဖြစ် ယူခဲ့ကွာ"

"အင်း ... အင်း ... ကိုမန်းရေ ... ယူလာပြီ"

"ဟော့ မန်းလေး ဘာဖြစ်လို့လဲ။ မင်းခြံဝက အော်သံကြားလိုက်လို့"

တစ်ဖက်ခြံမှ လှမ်းမေးလိုက်သူက ခြံဝကိုရောက်လာသည်။ မီးအိမ်နှင့် လက်နှိပ်ဓာတ်မီးပါကိုင်၍ မန္တဲ့တင်ကပါ ကိုမန်းလေး၏ ဘေးတွင်ရပ်လိုက်သည်။

"မြင်တဲ့အတိုင်းပဲ ... ဖိုးဆင့်ရေ။ ငါလည်း အော်သံကြားလို့ ဆင်းလာတာ။ ဒီကောင်တွေ ဘယ်ကလဲ"

"အေး ... ငါလည်း မသိဘူး။ ဖိုးသံနဲ့ ပိန်ချစ်တို့ရော"

ဖိုးသံနှင့် ပိန်ချစ်က ကိုမန်းလေးတို့အိမ်မှ သူရင်းငှားများဖြစ်ကြသည်။ နောက်နေ့တွင် အလှူရှိသော မင်းကုန်းကို နံနက်ကပင်သွားကြသည်။

"ဟိုနှစ်ကောင် အလှူသွားကြတယ် ဖိုးဆင် ..."

"ကဲကွာ ဘဆက်တိုးကို ငါပဲသွားပြောလိုက်မယ်။ မင်းကြည့်ထားဦး"

ဖိုးဆင်က ရွာလူကြီးဦးဆက်တိုး၏ အိမ်ဘက်ကို ထွက်သွားသည်။ ခဏအကြာတွင် ရွာလူကြီးဦးဆက်တိုးနှင့် ဖူးပွင့်ရော၊ ကြည်ကိုပါ ပါလာသည်။

"ဟော့ ... မန်းလေး ... ဘာဖြစ်တာလဲ။ ဘယ်က ကောင်တွေလဲ"

ကိုမန်းလေးက ဖြစ်စဉ်ကို ပြောပြ၍ လဲနေသူနှစ်ယောက်ကို သတိရအောင် လုပ်ပေးလိုက်ကြသည်။

"အား ... အင်း ... နာ ... နာလိုက်တာဗျာ"

"ကြောက်ပါပြီဗျာ ... ဟို ... ကျွန် ... ကျွန်တော်တို့နောက်ကို မလုပ် ... လုပ်တော့ပါဘူး"

"ကဲ ... ကဲ ... ငါ့အိမ်ခေါ်ခဲ့ကွာ"

လဲနေသူနှစ်ယောက်ကို ဆွဲထူ၍ ဖူးပွင့်နှင့်ကြည်ကိုတို့ ကိုင်ပြီး ကိုမန်းလေးကို ဖိုးဆင်တို့ပါ ဦးဆက်တိုးနှင့်အတူ လိုက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... မင်းတို့ ဘယ်ရွာကလဲ၊ ဘာလုပ်တာလဲ၊ ငါ့ကိုရောသိလား"

"ကျွန်တော်တို့ မိုးကြိုးပစ်ဘူတာအလွန်ကပါ။ ဘကြီးကို မသိပါဘူး"

"ဪ ... အေး ... ဟုတ်ပြီ။ ငါက ထားပါတော့ကွာ။ မင်းတို့မန်းလေး ခြံဝမှာ အော်ပြီးလဲသွားတာက ဘာလုပ်လို့လဲ"

"ဟုတ် ... ဟုတ်ကဲ့ ... ကြက်ဝင် ... ဝင်ခိုးတာပါ။ အဲဒါ ... နောက်က နွားဖေ့လိုက်လို့ အော်လိုက်တာပါ"

"ဟေ ..."

"ဟင် ..."

"ဘယ်ကနွားလဲ ... မင်းတို့ မှန်မှန်ပြော၊ မိုးကြိုးပစ်က ဒီရွာမှာ ကြက်လာခိုးတယ်ဆိုတာ စဉ်းစားစရာပဲ"

"သူကြီးရေ .. ဒီကောင်တွေ မန်းလေးတို့ကို ခားပြတိုက်မလို့လားပဲ"

"အင်း ... ဖြစ်နိုင်တယ်။ မန်းလေးတို့အိမ်မှာက ဖိုးသံနဲ့ပိန်ချစ်တို့ မရှိတော့ အချောင်ဝင်တာဖြစ်မယ်"

"ဟုတ်လား မင်းတို့မှန်မှန်ပြော။ မနက်ကို မော်ဘီရဲစခန်းကိုပို့မယ်"

သူကြီးဦးဆက်တိုးက ပြောလိုက်ရာ ကိုမန်းလေးက ခေါင်းညိတ်ပြီး၊ ထိုနှစ်ယောက်ကို ...

"မင်းတို့ နာမည်တွေပြောစမ်း ..."

"ဟုတ်ကဲ့ ... ဟို ကျွန်တော်က စိုးလှိုင်ပါ၊ သူက ထူးကျော်ပါ။ ကျွန်တော်တို့ကို စခန်းမပို့ပါနဲ့။ ကြက်ဝင်ခိုးတာပါ"

စိုးလှိုင်ဆိုသူက မန်းလေးကိုရော၊ သူကြီး ဦးဆက်တိုးကိုပါ လက်အုပ်ချီ၍ တောင်းပန်နေသည်။

"မဖြစ်နိုင်ဘူးကွ။ မင်းတို့ ကြက်ခိုးတာလို့ပြောတယ်၊ နောက်က နွားဖေ့တယ်ဆိုတာက ဘာလဲ။ ငါ့အိမ်က နွားတွေက တင်းကုတ်ထဲမှာပဲ။ ခြံပြင်မှာ တစ်ကောင်မှမရှိဘူး"

"ဟုတ်ကဲ့ ... ပြောပါ့မယ်။ ကျွန်တော်တို့ကို ဦးကွမ်းက ဒီကိုမန်းလေး ခြံထဲက နွားတစ်ကောင်ကို ခြံပြင်ရောက်အောင်ထုတ်ပေးနိုင်ရင် နွားတစ်ကောင် ဖိုးလည်းပေးမယ်၊ အရက်လည်း အဝတိုက်မယ်လို့ပြောပြီး မနက်ကတည်းက သူ့အိမ်မှာ ရောက်နေတာပါ။ အဲ ... အဲဒါ"

"ဟင် ... ငကွမ်း ..."

"ဦးကွမ်း ..."



www.burmeseclassic.com

www.burmeseclassic.com



ရွာထဲမှ လူတချို့ပါ ရောက်လာပြီး စိုးလှိုင်စကားကြောင့် ဟင်ဟာဟု ဖြစ်ကုန်ကြသည်။

"အေး ... အေး ... မင်းတို့ကို မနက်ကျမှ မော်ဘီစခန်းကိုပို့မယ်။ ကွေမ်းကိုလည်း မနက်ကျမှ သွားခေါ်ကွာ"

"သူကြီး ... သူတို့ကို ..."

"ကွာ ... လေးပေါက်ထဲ ထည့်ထားလိုက်"

"ဟုတ်ကဲ့ ... သူကြီး။ ကိုမန်းလေးလည်း ပြန်လေ။ မနွဲ့တင်တစ်ယောက်တည်း"

"အေး ... ဘဆက်တိုး ... ကျွန်တော်ပြန်မယ်"

"အေး ... ဖိုးဆင်ရော ပြန်ချင်ပြန်လေ။ ဖူးပွင့်နဲ့ကြည်ကိုလည်းရှိတယ်။ ကျန်တဲ့လူတွေလည်း ပြန်ကြ၊ မနက်ကျမှလာကြ။ ငါ ... ကွေမ်းကို ခေါ်ခိုင်းလိုက်မယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

သူကြီး ဦးဆက်တိုး၏အိမ်တွင် စိုးလှိုင်နှင့် ထူးကျော်တို့က ထိပ်တုံးထဲတွင် ဟိုသည်ကြည့်၍ ကျန်ခဲ့သည်။ ဖူးပွင့်နှင့်ကြည်ကိုတို့က ခုံတန်းပေါ် ပက်လက်လှန်လိုက်ကြသည်။

နံနက်မိုးလင်းသည်နှင့် သူကြီးဦးဆက်တိုး၏ အိမ်ခြံဝင်းကျယ်ကြီးထဲတွင် လူကစုံနေသည်။ အစာပြေစားသောက်ပြီး ဖူးပွင့်က စိုးလှိုင်နှင့် ထူးကျော်တို့ကိုပါ အမင်းကြမ်းကျွေးပြီး ကြည်ကိုက ဦးကွမ်းကိုသွားခေါ်သည်။ ကိုမန်းလေးနှင့် ကိုဖိုးဆင်တို့ရောက်လာပြီး ဦးကွမ်းနှင့် ကြည်ကိုပါ ရောက်လာကြသည်။ သူကြီး၏ အိမ်ရှေ့တွင် လာကြည့်သူများက စုံနေသည်။ ခုံတန်းရှည်တွင် ကိုမန်းလေး၊ ကိုဖိုးဆင်နှင့် ဖူးပွင့်၊ ကြည်ကိုတို့က ထိုင်ကြပြီး သူကြီး၏ဘေးတွင် ဦးကွမ်းက ဝင်ထိုင်၍ ဦးပို၊ ဦးရွှေမင်းတို့က ကုလားထိုင်များတွင် ထိုင်ကြသည်။

"အဟမ်း ... ကဲ ... ကဲ ... လူလည်းစုံပါပြီ။ မန်းလေးက ဘာပြောချင်လဲ။ ပြောစရာရှိတာပြော၊ ငါအတတ်နိုင်ဆုံး လုပ်ပေးမယ်"

"ကျွန်တော် မပြောတော့ပါဘူး။ ဘဆက်တိုး ဆုံးဖြတ်တဲ့အတိုင်းပါပဲ"

"အေး ... အဲဒါဆိုရင် ကွေမ်းကို ငါမေးရယ်။ ကိုရွှေမင်း၊ ကိုပိုရယ်၊ ငါရယ်၊ မင်းရယ်၊ မန်းလေးရဲ့အဖေ ကိုဘိုးကူရယ်က တစ်ရွာသား တစ်ကျောင်းထဲနေ၊ တစ်ဆရာတည်းထွက်တွေ။ ငါ သူကြီးလုပ်ရတာ ကိုရွှေမင်း သူကြီးမလုပ်လို့ ကိုဘိုးကူလုပ်ရမှာ။ ကိုဘူးကူကပါ ငါ့ကို သူကြီးလုပ်ခိုင်းတာ။ အခု ကိုဘိုးကူ မရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့တဲ့အချိန်မှာ ငါရယ်၊ ကိုရွှေမင်းရယ်၊ ကိုပိုရယ်၊ ငကွမ်း မင်းရယ်က မန်းလေး ကို ကူညီရမယ်။ ကြည့်ရမယ်ပေါ့ကွာ။ ဒါပေမဲ့ မန်းလေးက အသောက်အစား ကင်းပြီး လူကြီးသူကြီးမှန်းသိပြီး တို့အားကို သူ့အဖေနဲ့တစ်တန်းတည်းထားပြီး ရိုသေတယ်၊ လေးစားတယ်။ မန်းလေးက ရိုးသားကြိုးစားတာရောကြောင့် ကိုဘိုးကူ ထားခဲ့တာတွေ မလျော့မပျောက်ဘဲ ထပ်တောင်တိုးပွားလာတယ်။ ဒါကို တို့က ဝမ်းသာရမယ်၊ မုဒိတာပွားရမယ်။ အခုတော့ ငကွမ်း မင်းက တစ်ရွာကသူတွေကို တပည့်မွေးပြီး လက်ထောက်ချနိုင်းစားနေတဲ့သဘော။ အဲဒါ . . . တို့တစ်ရွာတည်း လား။ မင်း . . . ဒီပြင်ရွာတွေမှာရော လုပ်ထားသေးလား"

သူကြီး ဦးဆက်တိုးက စကားရှည်ရှည်ပြောပြီး ဦးကွမ်းကိုကြည့်လိုက် သည်။ ကျန်လူများကလည်း ဦးကွမ်းကိုကြည့်ကြသည်။ ဦးကွမ်းက မျက်နှာမပျက် တစ်ချက်မှမလှုပ်ရှားဘဲ အားလုံးကိုကြည့်လိုက်ပြီး။

"အေး . . . ငါ အရင်ဆုံး မန်းလေးနဲ့ ဆက်တိုးကို တောင်းပန်တယ်။ ပြီးတော့ ကိုရွှေမင်းရော၊ ကိုပိုကို ငါတောင်းပန်ပါတယ်။ ငါဘာလို့ ဒီလိုလုပ်လဲ ဆိုရင် ငါနဲ့ဘိုးကူနဲ့က ပညာတစ်ခုသင်ဘက်ဆိုတာ သိကြပါတယ်။ ကိုရွှေမင်း ရဲ့အဖေ ဆရာကြီး ဦးဘိုးပိုက်ဆီမှာ တို့ပညာသင်ရင်းနဲ့ ဘိုးကူက ငါ့ထက် ပညာပိုရ တယ်။ ထားတော့ကွာ . . . အခု ငါ့တပည့်နှစ်ယောက်ကို မန်းလေးရဲ့ ခြံထဲကိုဝင်၊ နွားတစ်ကောင်ဆွဲထုတ်လာခဲ့။ ဒါမှမဟုတ် အိမ်ပေါ်က အဖိုးတန်အသုံးအဆောင် ပစ္စည်းတစ်ခုယူခဲ့လို့ ငါခိုင်းတာစီးပွားဖြစ်၊ အကျိုးပျက်အောင် လုပ်တာမဟုတ် ဘူး။ မင်းတို့မသိတဲ့ ဘိုးကူရဲ့ ပညာတစ်ခုကို စမ်းကြည့်တာဘဲ"

"ဟင် . . . မင်းက . . . အဲဒါဆိုလည်း ငါတို့ကိုပြောလေကွာ"

"ဟုတ်သားပဲ . . . ငကွမ်းရယ်"

"ကဲ . . . ကဲ . . . ဆက်ပြောဦး"

ကိုမန်းလေးနှင့် ကျန်လူများက သဘောမပေါက်ဘဲ လူကြီးတွေပြော နေကြသည်ကိုပဲ ကြည့်၍ နားထောင်နေသည်။ ဦးကွမ်းက သူ့စကားကို ဆက် လိုက်သည်။

"အေး . . . ငါလုပ်တာ ဒီတစ်ခါထဲမဟုတ်ဘူး။ ဘိုးကူ သေပြီး ရက်လည် လို့ ငါးရက်ရတုန်းကတစ်ခါ၊ အဲဒီတုန်းကလည်း ငါ့တပည့်သုံးယောက် ဆေးရုံရောက်သွား တယ်။ ဒါပါနဲ့ဆို သုံးခါရှိပြီ၊ အဲဒါကို ငါပြောပြမယ် . . ."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၂]

❑

မော်ဘီမြို့ မဖြစ်မီက ရွာကြီးတစ်ရွာပင်ဖြစ်ပြီး စပါးစိုက်ပျိုးမှု၊ သီးနှံမျိုးစုံတို့ကို အဓိကထား၍ စိုက်ပျိုးလုပ်ကိုင်ကြသည်။ နောက်ပိုင်းမှာမှ လူနေစည်ကားပြီး ဘေးဝန်းကျင်တွင် ရွာကလေးများဖြစ်ပေါ်လာသည်။ အင်္ဂလိပ်အုပ်ချုပ်သောအချိန် မီးရထားလမ်းများ ဖောက်လုပ်ရာတွင် မော်ဘီတိုက်ကြီးတို့ကိုပါ ရထားလမ်းဖောက်လုပ်ရာ လမ်းဘူတာရုံကလေးများပါ ဆောက်လုပ်ခဲ့သည်။ ရေကျော်ကျေးရွာ၊ သဲဖြူရွာနှင့်အနီးတွင် ရွာပေါင်းစုံအတွက် ဘူတာရုံကလေးကို ဆောက်လုပ်ရာတွင် ဘူတာရုံတည်ဆောက်ပြီးတိုင်း အမိုး မိုးလျှင် နွေရာသီဖြစ်ဖြစ်၊ ဆောင်းရာသီဖြစ်ဖြစ်၊ မိုးရာသီဖြစ်ဖြစ် ဘူတာရုံကို မိုးကြိုးပစ်ချသည်ချည်းပင်။ အင်္ဂလိပ်တို့က အယုံအကြည်မရှိဘဲ ဆက်၍တည်ဆောက်ကြသည်။ အဆောက်အဦးငယ်ကလေး ပြီးတိုင်းပြီးတိုင်း မိုးကြိုးအကြိမ်ကြိမ်ပစ်၍ ထိုနေရာမှ ရွာကလေးကို မိုးကြိုးပစ်ရွာဟု ခေါ်စေခဲ့ပြီး ဘူတာရုံကို မဆောက်တော့ဘဲ ခပ်ဝေးဝေးတွင် ရိပ်သာလို ဇရပ်ကိုပဲ တည်ဆောက်ခဲ့သည်။ မြန်မာဂမ္ဘီရဆရာများက ထိုနေရာဝန်းကျင်မှ မိုးကြိုးသွားကို ရှာဖွေကြသည်။ ရသူလည်းရှိသည်။ မရသူများလည်းရှိသည်။ ဦးဘိုးကူနှင့် ဦးကွမ်းတို့၏ ဆရာဖြစ်လာမည့် ဆရာကြီးဦးဘိုးပိုက်က မိုးကြိုး

www.burmeseclassic.com



သွားအစစ်တစ်ခုကို ရရှိခဲ့သည်။ ထိုမိုးကြိုးသွားနှင့် (၇)ရက်သားသမီးများကို ရောဂါဝေဒနာမရှေး ကုသပေးခဲ့သည်။ တပည့်သားမြေးများကို ကြေးနှင့်ပွား၍ ကြေးမိုးကြိုးသွားများကိုပါ ပေးခဲ့သည်။ ဆရာကြီးက ကိုဘိုးကူနှင့် ကိုကွမ်းတို့ကို ပညာလည်းသင်ပေးပြီး ကြေးမိုးကြိုးသွားတစ်ခုစီပေးခဲ့သည်။ ကိုကွမ်းက ငယ်ရွယ်စဉ် ဖြစ်၍ လောင်းကစားနှင့် အသောက်အစားလေးဖက်သည်။

ဖဲဝိုင်းတစ်ခုတွင် ကြေးမိုးကြိုးသွားကိုရောင်းပြီး ဖဲရိုက်ရာ ငွေရော မိုးကြိုးသွားပါ ဆုံးရှုံးခဲ့ရသည်။

"ဘိုးကူ ... မင်း မိုးကြိုးသွား ငါ့ကိုခဏငှားစမ်းပါ။ ဖလုံက သက်တံ ပေါက်နေတဲ့ အသီတစ်ယောက်ကို ငါကုပေးချင်လို့ကွာ။ ငါ့မိုးကြိုးသွားက ပျောက်သွားတယ်"

"မင်းကို ငှားချင်ပါတယ်ကွာ။ ငါ့ ဆရာကြီးနဲ့တိုင်ပင်ပြီး အရုပ်တစ်ခုထဲမှာ ထည့်လုပ်လိုက်တယ်။ အဲဒါ ဆရာကြီးက ငါ့ကို ပြန်မပေးသေးဘူး"

"မင်းကလည်းကွာ ... ကပ်သပ်နေလိုက်တာ၊ ဆရာကြီးဆီက ခဏပြန် ယူပြီး ပေးစမ်းပါ"

"ခက်တာပဲကွာ ... မင်းကလည်း ဆရာကြီး လုပ်ကိုင်ဆောင်ရွက်ပြီးမှ ရော့လို့ပေးမှ ကောင်းမှာကွ။ ပြီးတော့ အဲဒီအရုပ်ပြီးရင် ငါပိုင်ပစ္စည်းကို ငါမပေး ဘဲ ဘယ်သူမှယူလို့မရဘူးတဲ့"

ကိုကွမ်းက ကိုဘိုးကူထံမှ မိုးကြိုးသွားကို အကြိမ်ကြိမ်အခါခါ တောင်း သော်လည်း မရှိသဖြင့် မပေးသည်ကို။

"ဖိုးကူရယ် ... မင်းက သူငယ်ချင်းချင်းကွာ။ အေး ... မင်းပိုင်ပစ္စည်း ကို ငါရအောင် ယူပြမယ်"

"အဟား ... မင်း ဆရာကြီးအကြောင်းလည်း သိသားနဲ့။ အဲဒီအရုပ် ငါ့ဆီမှာပေါ့ကွာ။ အဲ ... ငါ့အိမ်မှာရှိရင် ငါသေသွားရင်တောင် မင်းငါ့အိမ်က ပစ္စည်း ကို တစ်ခုမှမရစေရဘူးကွာ"

ကိုဘိုးကူလက်ထဲကို ဆရာကြီးဦးဘိုးဝိုက် လုပ်ကိုင်စီရင်ပေးခဲ့သော အရုပ် ကလေးရောက်ရှိပြီး သိပ်မကြာခင်မှာပင် ဆရာကြီးဦးဘိုးဝိုက်မှာ ကွယ်လွန်ခဲ့သည်။ ဦးဆက်တိုး၊ ဦးပို၊ ဦးရွှေမင်းနှင့် ဦးကွမ်းရော၊ ဦးဘိုးကူတို့ပါ အိမ်ထောင်အသီးသီး ကျကြပြီး တစ်ရပ်တစ်ရွာထဲပင်နေကြသော်လည်း အိမ်ထောင်တာဝန်များနှင့် ယခင် ကလို တတွဲတွဲမဖြစ်ပေမဲ့ ကြုံကြဆုံကြသည်။ ဦးဘိုးကူက ဆရာကြီး၏ အ... ဆေးဝါးကုသသည်။ ဆရာကြီး၏ သားဦးရွှေမင်းက ကျောင်းဆရာ... ဦးဆက်တိုးက ဆယ်ရွာအုပ်သူကြီးဖြစ်၍ ဦးပိုက ရွာတွင်ကုန်စုံဆိုင်တည်ထား...



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဦးကွမ်းက ကုန်သည်လိုလို ပွဲစားလိုလိုနှင့် အရပ်တကာ လှည့်လည်နေသည်။ ရွာကိုတော့ ပြန်ပြန်လာသည်။ ဦးဘိုးကူ ကွယ်လွန်စဉ်ကပင် ဦးကွမ်းမှာ ရွာတွင် ရှိမနေဘဲ ရက်လည်ပြီးမှ ပြန်ရောက်လာသည်။ ကျန်သည့်သူငယ်ချင်းများ ရှိကြ၍ ဦးဘိုးကူ၏အသုဘကို ကူကြသည်။

"ကဲ ... စိုးနိုင်၊ ငပေါက်နဲ့ကံမြင့် မင်းတို့ ငါပြောတာကို သေချာသဘောပေါက်တယ်နော်"

"ဟုတ်ကဲ့ ... ဆရာကွမ်း"

"ပိရိပါစေ ... အသုဘဖြစ်ပြီးတာ ရက်ကမကြာသေးတော့ ပင်ပန်းပြီး အိပ်ပျော်ကြမယ် ဟုတ်လား"

"ဟုတ်ကဲ့ ..."

"စိတ်ချပါ ..."

ညအမှောင်၏ ဖေးကူမှုနှင့် မှောင်ရိပ်ခို၍ ခြံနားကိုကပ်လာသူ သုံးယောက်ကတော့ အတော်ကောင်းကြသည်။ မည်သည့်ခွေးကမှ မဟောင်ပါ။ ခြံနားကိုရောက်ပြီး ခြံတစ်ကိုကိုင်၍ အထဲကိုဝင်ရန် ကြိုးစားလိုက်သည်။

"ရှူး ... ရှူး"

"ရှပ် ... ရှပ် ... ရှပ်"

"ဘုန်း ... ဝုန်း"

"ဖောက် ... ဖောက် ... ဖောက်"

"အင့် ... ဟ ... အ ... အ ..."

"အ ... အမလေး ... အင့်"

"ဟင် ... စိုး ... စိုးနိုင် ... အား ... ပြေး ... ပြေး"

ရွာလမ်းအလယ်မကျတကျမှ ရွာထိပ်ကိုရောက်ရန် ပြေးခဲ့ရသည့်အတွက် ရွာထိပ်မှ ညောင်ကျပ်ပင် (ဆိတ်စားပင်) ကြီးအောက်အရောက် ခွေ၍လဲသွားကြသည်။ ခွေးများက အူလိုက်သည်မှာ တစ်ရွာလုံး ဆူညံသွားသည်။

"စိုးနိုင် ... ရ ... ရထားလမ်းကျော်အောင် ... ပြေး ... ပြေး"

"ဟုတ်တယ် ... ခွေးတွေ။ ဟောင်လဲဟောင် .. အူလည်း အူတယ်"

"ဘာကောင်ကြီးလဲ ... ကြီးလိုက်တာကွာ။ ကဲ ... ပြေး ... ပြေး"

မိုးကြိုးပစ်ရွာအဝင် ဝါးရုံပင်များ အုံ့ဆိုင်းနေသော ခြံဝန်းထဲမှ တဲအိမ်ကလေးထဲတွင် ပက်လက်လှန်၍ စိုးနိုင်၊ ငပေါက်၊ ကံမြင့်တို့သုံးယောက်၏ အနီးတွင် ကုလားထိုင်နှင့်ထိုင်ပြီး မျက်ထောက်နီနီနှင့် မေးကြောများတင်း၍ မျက်လုံးကို မော့ထားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ . . . ငါ့ကို ဆင်ခြေမပေးနဲ့။ ရန်ကုန်ကို ငါလိုက်လာခဲ့မယ်"

"ဟို . . . ဆရာကွမ်း။ ကျွန်တော်တို့ကို နွားလိုပဲ၊ ဟိုလေ . . . နွားထက်ကြီးတဲ့ အကောင်ကြီး လိုက်ဝှေ့တာ။ ကျွန်တော်တို့မှာ ပေါက်ပြဲလို့ မနည်းကိုပြေးခဲ့ရတယ်'

တပည့်သုံးယောက်ကို ဆူပူကြိမ်းမောင်းပြီး ရန်ကုန်ကို ပြန်လွှတ်လိုက်သည်။ ဦးကွမ်း၏ အတွေးတွင် လှည်းကူး၊ ဖောင်ကြီး၊ မင်းကုန်းတို့တွင် လှည့်ပတ်လုပ်ကိုင်စားနေသော ဘသန်းနှင့် အောင်သီးတို့ကို သတိရလိုက်သည်။ သူတို့နှစ်ယောက်က လက်စလက်နလည်းကောင်းသည်။ ထောင်အတွေ့အကြုံလည်းများသည်။

"ကဲ . . . ဘသန်း၊ ငါ ပြောတာ သဘောပေါက်တယ်နော်။ လူကို ဘာမှ မလုပ်နဲ့။ ပစ္စည်းတစ်ခုခု ရပါစေ။ မင်းတို့က သရဲလည်းမကြောက်ဘူး။ သာဓုကန်မှာ သရဲနဲ့နပန်းလုံးတာတောင် ဘာမှမဖြစ်တာကွ။ အဲဒီလောက်မဆိုးပါဘူး"

"စိတ်ချပါ . . . ဆရာကွမ်းရယ်။ အဖိုးတန်တဲ့ ပစ္စည်းတစ်ခုပါလာရမည်။ အပိုတောင် ပါချင်ပါဦးမယ်"

ဘသန်းနှင့် အောင်သီးက လူပေလူကြမ်းများဖြစ်ပြီး လူကောင်ထွားထွားနှင့် တစ်ယောက်ကို ငှက်ပျောဘူးပုလင်း အရက်သုံးလုံးစီလောက်ကတော့ ခြေမယိုင်သူများဖြစ်သည်။ ဦးကွမ်း၏အိမ်တွင် သောက်ရင်းစားရင်းမှ မိုးချုပ်အောင် စောင့်နေကြသည်။

ရွာဝလေ့က မိုးချုပ်လျှင် အိမ်များ၊ တဲများမှ ထွန်းထားသော မီးရောင်ပဲရှိသည်။ လမ်းမီးတိုင်များမရှိခြင်းအတွက် အမှောင်အားကကောင်းသည်။ တစ်နေ့ကုန် တူးဆွစိုက်ပျိုးခုတ်ထွင်ရသော အလုပ်ကြမ်းများ လုပ်သူများဖြစ်၍ (၈း၀၀) နာရီမထိုးခင်ကပင် အိပ်ရာဝင်ကြသည်ကများသည်။ တစ်ခါတစ်ရံတွင် ခွေးအူ၊ ခွေးဟောင်သံလောက်ပဲ အသံထွက်၍ ကျန်သည်များက တိတ်ဆိတ်ငြိမ်သက်နေသည်။

ဘသန်းနှင့် အောင်သီးတို့က အမှောင်ထဲတွင်မှာပင် မျက်စိနှင့် နားကိုဖွင့်၍ ခပ်သွက်သွက်လျှောက်လာကြသည်။ နံနက်ပိုင်းနှင့် နေ့လယ်က ပြထားသော နေရာကိုရောက်ပြီး ကြည့်လိုက်ရာ အိမ်ကြီးကြီးမဆိုထားနှင့် တဲငုတ်တဲကုတ်ပင်မတွေ့ရဘဲ သစ်ပင်လေးနှစ်ပင်သုံးပင်လောက်ပဲ မှောင်ထဲတွင် လက်နှင့်စမ်းမိသည်။ ခြံစည်းရိုးနှင့် ခြံပေါက်တံခါး၊ ခြေရင်းဘက်မှ နွားတင်းကုတ်များ ဘယ်ရောက်သွားမှန်း မသိပေ။

"အောင်သီး . . . ငါ . . . ငါတို့ မှုးလား"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ‥ မင်းကလည်း ဘယ်မှာမူးလို့လဲ။ အရက်ကလေး နှစ်လုံးနဲ့ တစ်ပိုင်းကို နှစ်ယောက်သောက်ရတာ။ အခုက ဘာမှလည်းမဖြစ်ဘူး။ ဘာမှ လည်းမရှိဘူး။ ဘာလုပ်မလဲ ‥‥"

"ရှုတ် ‥‥ တိတ် ‥‥ တိတ် ‥‥ အသံကြားလား"

"ရှုပ် ‥‥ ရှုပ် ‥‥ ရှုပ်"

"ရှူး ‥‥ ရှူး ‥‥ ရှုပ် ‥‥ ရှုပ်"

"ဘာလဲ ‥‥ ဟင် ‥‥ ငါ ‥‥ ကွာ"

"ရှုပ် ‥‥"

"ဟာ ‥‥ ဘသန်း မတွန်းနဲ့ကွာ"

"အာ ‥‥ မတွန်းပါဘူးကွ။ မင်းက ဘယ်ကိုလာကိုင်တာလဲ"

"ဟော့ ‥‥ ဘာကိုင်လို့လဲ ‥‥ ငါမကိုင်ပါဘူး"

"အင်း ‥‥‥"

"ဟ ‥‥ အာ"

"တောက် ‥‥"

"ငါ ‥‥ ကွာ ‥‥"

ဘသန်းနှင့် အောင်သီးတို့မှာ မနက်နှင့်နေ့လယ်က ဦးကွမ်း လိုက်ပြထားသော ဦးဘိုးကူ အိမ်ဆိုသည်ကိုရော ခြံကိုပါမတွေ့ဘဲ တရှုပ်ရှုပ်နှင့် အသံကိုပါကြားပြီး မြွေနှာမှုတ်သံလိုလို၊ နွားနှာမှုတ်သံလိုလိုကိုပဲ ကြားရပြီး တွန်းလိုက်ထိလိုက်နှင့် ခံနေရသည်။ နှစ်ယောက်သားမှာ ကျောချင်းကပ်၍ ဒေါသဖြစ်ပြီးပါ၊စပ်မှ တွေ့ကရာတွေထွက်ကုန်ကြသည်။

"ဘ ‥‥ ဘသန်း ‥‥ ပြန် ‥‥ ပြန်မယ်။ ဘာမှန်းလဲမသိဘူး"

"မင်းကလည်းကွာ ‥‥ နေစမ်းပါဦး။ ကြောက်လို့လား ‥‥"

"မင်းကလည်း ‥‥ ကြောက်စရာလား။ ငါ ‥‥ အောင်သီးပါကွ"

"ရှုပ် ‥‥ ရှုပ် ‥‥ ဖလပ် ‥‥"

"အင်း ‥‥"

"အ ‥‥"

"ဘုန်း ‥‥"

"ဟာ ‥‥ ဘာ ‥‥ ဘာကောင်လဲ"

"ချကွာ ‥‥ ချ"

"ဒုန်း ‥‥"

"အ ‥‥"



www.burmeseclassic.com

www.burmeseclassic.com



"အင့် ... အာ ..."

"ဒုန်း ..."

"ဖုန်း ..."

"ဝေါ ... ဝေါ ..."

"ဟာ ... နွား ... နွားတွေ ... အောင်သီး ... ပြေး ... ပြေး .."

"ဘယ်ကို ... ပြေး ... ပြေးရမလဲ"

"ရွာပြင်ကို ... ပြေး ..."

အောင်သီးနှင့် ဘသန်းတို့မှာ ရွာထိပ်ရွာပြင်ဘက်ကို ခြေကုန်ပြေးကြ လေသည်။ နောက်မှလည်း ခွေးသုံးလေးကောင်က ဟောင်၍လိုက်လာသည်။

ရန်ကုန်ဘက်မှ ဂိတ်အဝင်လှည်းကူးတွင် ဦးကွမ်းနှင့် ဘသန်း၊ အောင်သီး၊ တို့က စားသောက်ဆိုင်တွင် အတူတူထိုင်နေကြပေမဲ့ စကားမပြောမိကြဘဲ ဦးကွမ်း၏အကြည့် မျက်လုံးဒဏ်ကို ခံနေကြရသည်။ လက်ခြေတို့တွင်ပါ ဒဏ်ရာအသီးသီး နှင့် ပတ်တီး၊ ပလာစတာများ ကပ်ထားသည်များကို ဦးကွမ်းကကြည့်ပြီး ...

"မင်းတို့ပြောတာ မဖြစ်နိုင်ဘူးကွာ။ အိမ်ရှေ့ခြံရှေ့ပါပျောက်ပြီး မင်းတို့ ကို နွားတွေဝိုင်းဝှေ့တယ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး"

"တ ... တကယ်ပါ ဆရာကွမ်းရယ်။ ဆရာတပည့်တွေက သရဲတစ္ဆေ ကိုလည်း မကြောက်ပါဘူး။ အဲ ... အဲဒါကလည်း အမှန်ပြောတာပါ"

"ဟုတ်ပါတယ် ... ဆရာကွမ်းရယ်။ ဆရာ့အတွက်ဆိုရင် လူရိုက်ပေး ရမလား၊ လူသတ်ပေးရမလား။ တပည့်တွေအကြောင်းလည်း ဆရာသိပါတယ်။ အခုက ဟိုနွားလို့သာ ပြောရတယ်၊ ကြီးလိုက်တာ ဆင်လောက်ပဲ အကောင်က လည်း များလိုက်တာ၊ အမှန်ပါ ... ဆရာကွမ်းရယ်"

"ဦးကွမ်းက ... ဘသန်းနှင့် အောင်သီးတို့မလိမ်မညာဘူးဆိုသည်ကို သိပေမဲ့ အဖြစ်အပျက်ကိုတော့ မယုံကြည်နိုင်။

"အေး ... ထားတော့။ မင်းတို့ငြိမ်နေဦး။ ဒဏ်ရာတွေလည်း ပျောက် အောင်ကု၊ အကြောင်းရှိမှ ငါဆက်မယ်"

ဦးကွမ်းက စားသောက်ဆိုင်မှထွက်လာခဲ့သည်။ ဘသန်းနှင့် အောင်သီးက စားသောက်၍ကျန်ခဲ့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၉]

❑

ဦးကွမ်းက ဂမ္ဘီရပညာကို လေ့လာဖူးသည်။ ဗိန္ဒောဆေးပညာကိုလည်း သင်ဖူးခဲ့သည်။ ဒါပေမဲ့ . . . ပညာ၏ တန်ဖိုး၊ ပညာ၏ နက်နဲသိမ်မွေ့မှုတို့ကို သဘောမပေါက်သလို အပရိကလိုသဘောထားသူဖြစ်ပြီး ဦးဘိုးကူက ပညာကို တန်ဖိုးထားယုံကြည်၍ (၇)ရက်သားသမီးတို့ကို ဆေးဝါးကုသပေးသည်။ ငွေကြေးနှင့်လက်ဆောင်ပစ္စည်းက အဓိကမဟုတ်။ စေတနာနှင့် ကုသပေး၍ ဆေးဝါးလည်းလိုက်သည်။ စီးပွားဥစ္စာလည်း တိုးပွားလာသည်။ သားတစ်ယောက်ပဲမွေးထားသဖြင့် အိမ်ထောင်စရိတ်နည်းပြီး ရပ်ရေးရွာရေး၊ လူမှုရေးကို ပို၍ပံ့ပိုးနိုင်သည်။ အကျိုးပေးကလည်း မယုံနိုင်အောင်ပင် ကောင်းခဲ့သည်။ မွေးနွားမကသားပေါက်ရာတွင် နွားအထီးကလေးနှစ်ကောင်ကို အချိန်ခြား၍ မွေးလိုက်သည်။

နွားညီနောင်က အမွေးအရောင်၊ အကောင်ခြေလက်မှစ၍ တူညီနေသည်။ ဦးဘိုးကူ၏ဇနီး ဒေါ်မဇာရှိလျှင် နွားညီနောင်၏အကြောင်းကို ပြောပြမှာဖြစ်သည်။ ဒေါ်မဇာတို့က တောင်သူမျိုးရိုး၊ လယ်နွား အပိုင်များနှင့် ကျွဲ၊ နွားများကိုလည်း အများအပြားမွေးမြူခဲ့ကြ၍ဖြစ်သည်။ ရခဲဖြစ်ခဲသော နွားညီနောင်



www.burmeseclassic.com

www.burmeseclassic.com



၏ အကျိုးပေးအစွမ်းကို ဦးဘိုးကူက သိရှိလေ့လာပြီးပေမဲ့ အကျယ်အပြန့်မပြောဘဲ သားဖြစ်သူ ကိုမန်းလေးကို . . .

"သား . . . မင်းအတွက် ဒီနွားညီနောင်က အကျိုးပေးလိမ့်မယ်။ ဂရုစိုက်မွေး၊ မရောင်းနဲ့၊ မငှားနဲ့၊ ဒီနွားတွေက ရန်အန္တရာယ်ကိုလည်း ရှင်းပေးလိမ့်မယ်"

"ဟုတ်ကဲ့ . . . အဖေ"

နွားညီနောင်အရွယ်ရောက်ပြီး ခိုင်းရသည့်အရွယ်တွင် တခြားနွားများနှင့် မတူဘဲ အလုပ်လုပ်ရာတွင် ထူးခြားသလို ကျန်နွားများက ထိုနွားညီနောင်ကို အလွန်မှကြောက်ရွံ့ကြသည်။ ရွာရှိနွားများကို စားကျက်လွှတ်ကျောင်းရာတွင် နွားညီနောင်က နယ်မလွန်အောင် ထိန်းကျောင်းကြသည်မှာ နွားကျောင်းသူပါ သည်ထက်ပင် ပို၍စိတ်ချရသည်။ ဒီအကြောင်းကို ဦးဘိုးကူက သားဖြစ်သူ မန်းလေးကို ပြောပြခဲ့သလို မန်းလေးကိုယ်တိုင်လည်း မြင်တွေ့သိရှိပြီး ဘယ်သူ့ကိုမှ ပြောမပြပေ။ ဒါကလည်း လူဆိုသည်က လောဘသားများဖြစ်၍ ရလိုမှုဖြင့် ကောင်းသောနည်းနှင့်ရော၊ မသမာသောနည်းများဖြင့်ပါ ကြိုးစားအားထုတ်တတ်ကြမည်။ ထိုအခါတွင် အန္တရာယ်နှင့် ကြုံကြရမည်စိုး၍ပင်ဖြစ်သည်။ ဒါတွေကို ဦးကွမ်းက မလေ့လာမသိရှိဘဲ ဦးဘိုးကူထံမှ မိုးကြိုးသွားမရခြင်းအတွက်ရော၊ ဆရာကြီးဦးဘိုးပိုက်ကိုယ်တိုင် စီရင်ပေးသော အရုပ်တစ်ခုကြောင့် ငါမပေးဘဲ၊ ငါမသိဘဲ ငါ့အိမ်က ဘာပစ္စည်းမှ မရနိုင်ဘူးဟု ပြောခဲ့သည့်စကားကြောင့် ဦးကွမ်းက တပည့်လက်သားများနှင့် မန်းလေး၏အိမ်မှ ပစ္စည်းတစ်ခုခုကိုရရှိရန် ကြံစည်လုပ်ဆောင်ခြင်းဖြစ်သည်။ ယခု စိုးလှိုင်နှင့်ထူးကျော်ကို တတိယအကြိမ်လုပ်ကိုင်ခိုင်းစေခြင်းဖြစ်သည်။

"အဲဒါတွေက ငါ ဘိုးကူကို မခံချင်တာရော၊ ငါလည်း ပညာတချို့တစ်ဝက်ရတာပဲဆိုတဲ့ မခံချင်စိတ်လည်းပါတယ်။ မင်းတို့ ယုံချင်ယုံ၊ မယုံရင်လည်း ကြိုက်သလို ဆုံးဖြတ်ကြပါ။ ငါ မန်းလေးရဲ့အကျိုးစီးပွားကို ပျက်စီးရာ ပျက်စီးကြောင်း မလုပ်တာတော့ အမှန်ပဲ။ အဲဒါ . . ."

ဦးကွမ်း၏ စကားဆုံးသွားသည်တွင် သူကြီးဦးဆက်တိုးက ကျန်လူများကို ကြည့်လိုက်သည်။ ကျောင်းအုပ်ဆရာကြီးဖြစ်နေသော ဦးရွှေမင်းက . .

"ငတုံး . . . မင်းမှာ ချမ်းသာချင်တဲ့စိတ်ပဲရှိတယ်။ ငကွမ်း တတ်ထားတဲ့ပညာကိုလည်း အလွဲသုံးစားလုပ်တယ်။ ဘာမှလည်း လေ့လာမှုမရှိဘူး။ မြေကြီးနဲ့ကင်းကွာရင် ရှုံးတတ်တယ်။ ကိုကူမှာ ငါ့အဖေပေးခဲ့တဲ့ ကြေးတိုင်နွားနဲ့



www.burmeseclassic.com

www.burmeseclassic.com



မြပေါက်နွားညီနောင်ရှိတာကိုလည်း မသိဘူး။ အေး ... အဲဒါကို ကျယ်ကျယ်ပြန့်ပြန့် အသိမပေးခဲ့တာက မင်းလိုလူမျိုး လောဘသားတွေ အန္တရာယ်ဖြစ်မှာစိုးလို့ပဲ။ ဒါပေမဲ့ ... ကိုကူက ငါရယ်၊ ကိုပိုရယ်၊ ကိုဆက်တိုးနဲ့ မန်းလေးကိုပဲ ပြောပြခဲ့တယ်။ အဲဒီအချိန်ကလည်း မင်းက ဖဲဝိဇ္ဇာမ မအေးမော်နဲ့ မော်လမြိုင်မှာ အကြည်ဆိုက်နေတဲ့အချိန်။ မင်းမိန်းမ မဖြူ နေထိုင်မကောင်းတာရော၊ မင်းစိတ်နဲ့ပါ မစားနိုင်မသောက်နိုင်ဖြစ်ပြီး အိပ်ရာထဲလဲနေတာ ငါတို့ကပိုင်းပြီး ကြည့်ပေးရပဲ။ ကိုကူရော၊ မန်းလေးတို့ လင်မယားပါ နေ့နေ့ညည ပြုစုကျွေးမွေးကြတာ မဖြူက ဘဝကံနည်းတာရော၊ မင်းနှိပ်စက်တဲ့ဒဏ်နဲ့ပါ လောကကို ကျောခိုင်းသွားတာ။ အဲဒါလည်း မင်း မသိလိုက်ဘူး။ မြေကြီးထဲရောက်ပြီး ရက်လည်တဲ့အထိ ကိုကူနဲ့ မန်းလေးတို့ပဲ လုပ်ပေးခဲ့တာ။ မဖြူ ကျန်ခဲ့တဲ့ အိမ်ရယ်၊ ပစ္စည်းတွေနဲ့ကျတော့ မင်းကဖိမ်ခတ်နေတယ်။ မင်း ရသင့်တဲ့အပြစ်ကို မင်းသိပါတယ်။ ကျန်တာတော့ကိုဆက်တိုးလုပ်လိုက်မယ်။ မန်းလေး ဒီကိစ္စကို ဘာမှမပြောနဲ့ဟုတ်လား"

ဆရာကြီး ဦးရွှေမင်းရဲ့ စကားကို ကျန်လူများက ခေါင်းညိတ်ပြီး ဦးကွမ်းကတော့ ခေါင်းငုံ့၍ ငြိမ်နေသည်။

"နွားဆိုသည်က လူကိုအကျိုးပြုသတ္တဝါဖြစ်ပြီး အများအားဖြင့် လိမ္မာယဉ်ကျေးသည်။ နွားဆိုး နွားကောင်းရှိသည့်အထဲတွင် နွားညီနောင်ဆိုသည်က ဖြစ်ခဲရခဲသည်။ နွားညီနောင်ကို ပိုင်ဆိုင်ရသူက စီးပွားဥစ္စာ တိုးတက်ပြီး ဘေးအန္တရာယ်လည်း ကင်းသည်။ ထိုနွားများရှိသည့်အိမ်ကို ဓားပြတိုက်၍မရသလို ပရလောကသားတို့ကို နွားအတော်များများက သိကြပြီး ကြောက်ရွံ့ကြသည်။ မြွေအန္တရာယ်ကိုလည်း သိရှိပြီး စိုးရိမ်ကြောက်လန့်ကြသည်။ နွားညီနောင်ကတော့ ထိုအန္တရာယ်များကို မကြောက်မရွံ့ဘဲ လူတို့ကို သိသာစေသည်။ နွားညီနောင်ရှိသော အိမ်ကိုမကောင်းကြံစည်၍ ကပ်လျှင် အိမ်ကပျောက်နေသည်။ (ဦးကွမ်းခိုင်းစေသော တပည့်များ ကြုံရပြီး ကြေးတိုက်နွား၏ အငွေ့ကိုပါ ခံခဲ့ရသည်)။

သူကြီး ဦးဆက်တိုးက နွားညီနောင်အကြောင်းကို အတိုချုံး၍ ရှင်းပြသည်။

မြန်မာမှုနယ်ပယ်တွင် လိုက်မမီသော ယုံကြည်ရန်ခက်ခဲသော ဂမ္ဘီရဆိုသည့် နည်းပညာများရှိခဲ့သည်။ ရှိလည်းရှိနေသေးသည်။ မှန်ကန်စွာ သုံးတတ်လျှင် အကျိုးပြုသောပညာရပ်ဖြစ်သည်။ ထိုနည်းတူစွာပင် ကတိသစ္စာတည်လျှင်လည်း နွယ်မြက်သစ်ပင်ဆေးဘက်ဝင်၍ ကျိန်စာဆိုသည်မှာလည်း ကျိန်ဆို



www.burmeseclassic.com

www.burmeseclassic.com



သူ၏ သီလ၊ သမာဓိ၊ ကျင့်ကြံအားထုတ်မှု၊ ဘာဝနာပွားများမှု မှန်ကန်သော အကြောင်းရပ်ဖြစ်လျှင် စူးရှထိရောက်သည်။

ဦးရွှေမင်းက ဦးကွမ်းကို ထပ်မံရှင်းပြပြီး စိုးလှိုင်နှင့် ထူးကျော်တို့ကို ထိပ် ကုန်းထဲမှဖြုတ်ပြီး ဦးကွမ်း၏ဘေးတွင် ထိုင်ခိုင်းပြီး။

"ကဲ ... ကဲ ... ဘယ်သူ"

"ကျွန်တော်က စိုးနိုင်ပါ။ သူက ... ထူးကျော်ပါ"

"အေး ... မင်းတို့အဖြစ်ကို ပြောစမ်းပါဦးကွ"

တစ်ချိန်လုံးငြိမ်၍ နားထောင်နေသော ဦးပိုက စိုးလှိုင်နှင့်ထူးကျော် ကို မေးလိုက်သည်။ စိုးလှိုင်က ဦးကွမ်းကိုကြည့်ပြီး ...

"ဟုတ်ကဲ့ ... ကျွန်တော်နဲ့ထူးကျော်က ဆရာကွမ်း အိမ်ကို မနက် အစောကြီးကရောက်ပြီး စားသောက်ရင်းနဲ့ တစ်နေ့လုံးနေကြတယ်။ မိုးချုပ်ခါနီး ဆရာကွမ်းက ဒီက ကိုမန်းလေးအိမ်နဲ့ခြံကို လိုက်ပြတယ်။ ညကျတော့ ကျွန်တော် တို့နှစ်ယောက် ထွက်လာကြပြီး ကိုမန်းလေးအိမ်ဘက်ကိုလာတာ။ အဲဒီမှာ အိမ်ရော ခြံကိုပါ မတွေ့ဘဲ တောစပ်လိုမျိုးပဲဖြစ်နေတာတွေ့ရတယ်။ ကျွန်တော်တို့လည်း မကျေမနပ်နဲ့ပြောဆိုပြီး သစ်ပင်တစ်ပင်နားကိုကပ်လိုက်တော့ နောက်ကနွား နှာမှုတ်သံကိုကြားရပြီး လှည့်ကြည့်လိုက်တာ ခပ်မှောင်မှောင်ထဲမှာ အကောင် အကြီးကြီးပဲ။ ဘာကောင်မှန်းမသိဘူး။ နှာမှုတ်တာ နွားတွေ့တာက အကြီးကြီးနဲ့ ပြီး တော့ နောက်ကနေ ဝှေ့တော့တာပဲ။ အဲဒီတော့မှ နွားမှန်းသိပြီး ကျွန်တော်တို့ လည်း ပြန်ရိုက်တာပဲ။ ရိုက်လေ ဝှေ့လေနဲ့ နောက်တော့ ကျွန်တော်တို့က အော်ရင်း နဲ့ လဲကျသွားတာပါ"

"အင်း ..."

"အေး ..."

ပေရေပွလန် ပွန်းပဲ့ပေါက်ပြဲနေသော ဒဏ်ရာများနှင့် စိုးလှိုင်နှင့် ထူးကျော် ကို ဝိုင်းကြည့်ကြသည်။ ဆရာကြီး ဦးရွှေမင်းက ဦးကွမ်းကိုကြည့်ပြီး ...

"ကဲ ... ငကွမ်း၊ မင်း ... ဘယ်လိုလုပ်မှာလဲ ... ပြော ..."

သူကြီး ဦးဆက်တိုးက ကိုမန်းလေးကို ကြည့်၍ ...

"မန်းလေး၊ ဘဆက်တိုး ဆုံးဖြတ်ရမလား။ မင်း ပြောစရာရှိသေး လား"

"ကျွန်တော် ဘာမှမပြောတော့ပါဘူး။ ဦးလေးကွမ်းလုပ်တာလည်း ဘာမှ မထိခိုက်ပါဘူး။ ဒီက လူတွေမှာလည်း ဒဏ်ရာတွေနဲ့ပဲ၊ ဘဆက်တိုးပဲ ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒါဆိုရင် ငကွမ်းရော၊ ဒီက စိုးလှိုင်နဲ့ ထူးကျော်ရောပေါ့ကွာ"

"နေ ... နေပါဦး ... ကိုဆက်တိုး။ ကိုကြီးရွှေမင်းရော၊ ကိုပေါ်ရော၊ ကျွန်တော် မန်းလေးရဲ့သဘောကိုလည်း သိပါပြီ။ မဖြူကိစ္စကို လုပ်ကိုင်ပေးတာလည်း အခုမှသိရပါတယ်။ ကျွန်တော် အများကို တောင်းပန်ပါတယ်။ အားလုံးကိုလည်း တောင်းပန်ပါတယ်။ ပြီးတော့ ကျွန်တော့်ရဲ့ အိမ်နဲ့ခြံကို ရွာဦးကျောင်းဆရာတော်ဦးပဏ္ဍိတကို ကျောင်းပိုင်အဖြစ် လှူဒါန်းပြီး ကျွန်တော်ရန်ကုန်မှာ သွားနေပါမယ်။ လယ် (၇)ကေကိုရော ခြံ(၂)ခြံကိုတော့ မန်းလေးကို ပေးပါရစေ။ အဲဒါကို ကိုဆက်တိုးနဲ့ ကိုကြီးရွှေမင်းနဲ့ ကိုပိုတို့က လုပ်ကိုင်ဆောင်ရွက်ပေးပါ"

ဦးကွမ်းက စကားကို တွေးတွေးဆဆနှင့် ခပ်လေးလေးပြောလိုက်သည်။ သူကြီး ဦးဆက်တိုးက ဆရာကြီးဦးရွှေမင်းကိုလည်း ကြည့်လိုက်ပြီး ဦးပိုကိုပါ ကြည့်၍ ...

"နေ ... နေဦး ... ငကွမ်း၊ ဒီကိစ္စက မင်းသဘောနဲ့မင်း ဆုံးဖြတ်တာ။ ငါတို့ မတိုက်တွန်းဘူးဟုတ်လား။ ကောင်းတဲ့ဆုံးဖြတ်ချက်တော့ မှန်တယ်"

"ဟို ... ဘဆက်တိုး၊ ကျွန်တော် ပြောပါရစေ၊ ဦးလေးကွမ်း အိမ်ခြံကတော့ သဘောပါပဲ။ လယ်နဲ့ခြံကိုတော့ ကျွန်တော် လက်မခံပါရစေနဲ့"

ကိုမန်းလေးအပြောကြောင့် အားလုံးကကြည့်ပြီး ခေါင်းညိတ်ကြသည်။ ဆရာကြီး ဦးရွှေမင်းက ကျန်လူများကို လက်ကာပြပြီး ...

"ငကွမ်း ... မင်း အဲဒါတွေနဲ့ မင်းလုပ်ရပ်ကို ချေတာတော့မဟုတ်ပါဘူးနော်"

"ဟာ ... ကျွန်တော် အဲဒီလိုသဘောမဟုတ်ပါဘူး။ ကိုဆက်တိုးနဲ့ ကျန်တဲ့လူကြီးတွေပေးတဲ့ အပြစ်လည်းခံပါ့မယ်။ မန်းလေးလည်း ဦးကွမ်းတောကို လက်ခံပါ ဟုတ်လား"

စကားဝိုင်းက ခေတ္တငြိမ်သက်သွားသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ဦးကွမ်းကို နားလည်ရန်ခက်သည့်သဘောမျိုး ဖြစ်နေကြသည်။ ဘေးမှ ကြည့်နေ နားထောင်နေသူတို့က တီးတိုးပြော၍ အချင်းချင်းလက်တို့ကြသည်။

"အင်း ... ကောင်းပြီလေ၊ ငကွမ်းက သူ့အမှားကိုသိပြီး ဆုံးဖြတ်ပြီး လုပ်တာဖြစ်လို့ ကာယကံရှင်မန်းလေးကလည်း ကျေနပ်တဲ့အတွက် ငကွမ်းပေးတာကိုလည်း လက်ခံလိုက်ပါလို့ မန်းလေးကို ဘဆက်တိုးက ပြောချင်တယ်။ ကဲ ... စိုးလှိုင်နဲ့ ထူးကျော်လည်း ကိုယ့်ရွာကိုယ်ပြန်ကြ ဟုတ်လား ..."

"ဟုတ်ကဲ့ပါ သူကြီး။ ကျေးဇူးတင်လို့ ကျွန်တော်တို့ကန်တော့ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



စိုးလှိုင်နှင့် ထူးကျော်တို့က မြေကြီးပေါ်တွင်ထိုင်၍ သူကြီးဦးဆက်တို့၊ ကိုရော ဆရာကြီးဦးရွှေမင်းနှင့် ဦးပိုပါ ကန်တော့ပြီး ကိုမန်းလေးကို တောင်းပန်ကြသည်။ အားလုံးက ခွင့်လွှတ်ပြီး ဆုများပေး၍ ကိုမန်းလေးက ဖူးပွင့်နှင့် ကြည်ကိုတို့ကို နွားလှည်းပြင်ပြီး လိုက်ပို့ခိုင်းလိုက်သည်။

နောက်ရက်တွင် ဦးကွမ်း၏ အိမ်ခြံပိုင်းထဲတွင် အိမ်နှင့်ခြံကို ဆရာတော် ဦးပဏ္ဍိတအား ကျောင်းပိုင်အဖြစ် ရေစက်ချလှူဒါန်းမှုတွင် သံဃာတော်များနှင့် ဆရာတော် ဦးပဏ္ဍိတကိုပါ ဆွမ်းကပ်ပြီး ရေစက်ချသည်။ မှော်ဘီမြို့လေးနှင့် တိုက်ကြီးမြို့၏ ကြားရွာများဖြစ်သည်။ မိုးကြီးပစ်ရွာ၊ ရေကျော်ရွာ၊ သဲဖြူရွာ၊ ဖလုံရွာနှင့် အနီးတစ်ဝိုက်ရွာများတွင် ဦးကွမ်း၏အလှူနှင့် ကိုမန်းလေး၏ နွားညီနောင် အကြောင်းရော၊ ဆရာကြီးဦးဘိုးကူ၏ ဆေးနွားခေါ် တိုက်နွားအကြောင်းကိုပါ သားစဉ်မြေးဆက်ပြောနေကြမည်ဖြစ်သည်။

စိုးယဉ်ထွန်း၊

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

[ ၁ ]

❑

ယခု ကျွန်တော်ရေးသားမည့် 'ရတနာရွှေခွက်' ဟူသော ဝတ္ထုလေးမှာ တကယ့်အစစ်ရွှေခွက်မဟုတ်ဘဲ ရတနာရွှေခွက်ဟုခေါ်သည့် ဂမုန်းပင်တစ်မျိုးသာဖြစ်ကြောင်း ဦးစွာအစီရင်ခံလိုပေသည်။ ရတနာရွှေခွက်ကို ကြာဂမုန်းဟူ၍လည်း ခေါ်ဆိုသေးကြောင်း လေ့လာသိရှိရ၏။

ထိုရတနာရွှေခွက်ဟုခေါ်သည့် ဂမုန်းပင်သည် မည်သို့သောအစွမ်းရှိကြောင်း ကျွန်တော်မသိ။ သို့သော် ဤရတနာရွှေခွက်ဂမုန်းပင် မိမိတို့အိမ်သို့ရောက်ရှိလာသည်မှစ၍ အံ့ဩဖွယ်ရာဖြစ်ရပ်ဆန်းများ ထူးထူးခြားခြားဖြစ်ပေါ်လာကြသည်ဖြစ်၍ ကျွန်တော် ဤရတနာရွှေခွက် ဂမုန်းပင်ကို သတိထားလာခဲ့မိသည်။

ထိုဖြစ်ပေါ်လာသောအကြောင်းများသည် ဆန်းကြယ်နေ၍ ဝတ္ထုတစ်ပုဒ်သဖွယ်လည်း ဖြစ်၍နေသည်။

ဤမှ ...

ထိုအကြောင်းအရာလေးများကို ဝတ္ထုတစ်ပုဒ်အဖြစ် ဖွဲ့နွဲ့ချင်စေသောဆန္ဒများ ဖြစ်လာမိ၏။ ထို့ကြောင့် ဝတ္ထုတစ်ပုဒ်အဖြစ် ရေးဖွဲ့မိသည်။ ဤဝတ္ထုနှင့်ပတ်သက်၍ စာဖတ်သူများ ယုံကြည်လိုပါက ယုံကြည်နိုင်သလို မယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



ဗိုပါလျှင်လည်း မိမိတို့သဘောအတိုင်း လွတ်လပ်စွာ မယုံကြည်နိုင်ခွင့်ရှိပါကြောင်း ပြောကြားလိုပေသည်။

ဤရတနာရွှေခွက်နှင့်ပတ်သက်၍ အဖြစ်အပျက်(၃) ရပ်နှင့် တင်ပြမည် ဖြစ်လေသည်။

(၁) ရတနာရွှေခွက်မရောက်မီ မြင်မက်သော အိပ်မက်ဆန်း။

(၂) ပထမ ဦးဆုံး စ၍ထူးခြားသူ (သို့မဟုတ်) အမေဒေါ်ခင်ရီ၏ ပြောပြချက်။

(၃) ဒုတိယထူးခြားသောသူ (သို့မဟုတ်) အဖေဦးစံတင်၏ ပြောပြချက်။

စာရေးသူ၏ဖခင် ဦးစံတင်မှာ 'အသက်ရှည်ချင်ရင် သစ်ပင်စိုက်' ဟူသာစကားအရ အလုပ်တာဝန်များမှ ပင်စင်ယူပြီးလေတော့ မိမိပိုင်ခြံလေးထဲတွင် စားသုံးသီးနှံပင်လေးများ၊ အရိပ်ရပင်လေးများကိုစိုက်ကာ ဘဝအမောများကို ဖြေသိမ့်လျက်ရှိ၏။

ဦးစံတင်တွင် သားသမီးလေးဦးရှိသည်။ မိန်းကလေးသုံးဦးနှင့် ယောကျ်ားလေးတစ်ဦးတို့ဖြစ်သည်။ သားသမီးများအားလုံး သစ်ပင်စိုက်သည်ကို ဝါသနာမပါကြ။ သန်းသန်းမြင့်ဟူသော ကျောင်းဆရာမတစ်ဦးသာလျှင် သစ်ပင်စိုက်ခြင်းကို ဝါသနာထုံ၏။ ထို့ကြောင့် ရောက်ရာအရပ်ဒေသမှ ပန်းပင်ပေါင်းစုံကို ပျိုးပင်များတောင်းကာ ယူလာတတ်၏။

သမီးဖြစ်သူ ယူလာပေးသော ပန်းပင်လေးများကို ဖခင်ဖြစ်သူ ဦးစံတင်တစ်ယောက် ပျိုးထုပ်များပြုလုပ်ခြင်း၊ ပန်းအိုးများပြင်ဆင်ခြင်းဖြင့် ခြံထဲတွင် ကုပ်ကုပ်နှင့် အမြဲတမ်း အလုပ်ရှုပ်နေတတ်သည်။

ဦးစံတင်တွင် ဒေါ်သန်းရီဟူသော တူမတစ်ယောက်ရှိသည်။ ဒေါ်သန်းရီသည် ငယ်စဉ်က ဦးလေးဖြစ်သူ ဦးစံတင်အိမ်တွင် နေထိုင်ခဲ့ရသည်။

အမေဖြစ်သူ မရှိလေတော့သည်မို့ ဦးလေးဖြစ်သူ ဦးစံတင်သည် ဦးလေးဖြစ်တစ်ဖြစ်လဲ ဖြစ်ခဲ့ရသည်။

ဒေါ်သန်းရီမှာ ကျိုက္ကဆံဘုရားအနီးတွင် သားသမီး၊ မြေးများနှင့်နေထိုင်၏။ သို့သော် ဦးလေးဖြစ်သူအိမ်သို့ တစ်လလျှင် အနည်းဆုံး နှစ်ခေါက်သုံးခေါက်မျှ ရောက်လာတတ်၏။ ထိုသို့ရောက်လာတိုင်း စားစရာ အချိုအချဉ်လေးများ၊ ပေးစရာ ပစ္စည်းပစ္စယလေးများ တစ်ခုမဟုတ်တစ်ခု ယူဆောင်လာတတ်မြဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်ဟူသည် အင်အားကြီးမား၏။ တူမဖြစ်သူ ဒေါ်သန်းရီမလာလျှင် ဦးလေးဖြစ်သူနှင့် အဒေါ်ဖြစ်သူတို့မှာ မျှော်တတ်ကြသည်။ တူမဖြစ်သူ ဒေါ်သန်းရီသည်လည်း ဦးလေး၊ အဒေါ်များကို မကြာခဏ မျှော်တတ်သလို အခွင့်သင့်သလို ရောက်ရောက်လာတတ်လေသည်။

တစ်ခါကတော့ တူမဖြစ်သူ ဒေါ်သန်းရီတစ်ယောက် ရောက်မလာသည်မှာ တစ်လနီးပါးကြာသွား၏။ ထို့ကြောင့် ဦးလေးနှင့်အဒေါ်တို့ စိတ်ပူသွားကြ၏။ ထို့ကြောင့် ဇနီးဖြစ်သူဒေါ်ခင်ရီအား ပြောမိသည်။

"ခင်ရီရေ ... ငါ့တူမသန်းရီတစ်ယောက် မလာတာ အတော်ကြာပြီ၊ နေမှကောင်းရဲ့လားမသိဘူး။ တို့ သူ့ဆီလိုက်သွားကြရင် ကောင်းမယ်"

ဒေါ်သန်းရီအိမ်မှ ပြန်လာတော့ ဒေါ်သန်းရီမှာ ဘုရားဖူးသွားနေသည့်အဖြစ်မှန်ကိုသိ၍ ဦးလေး၊ အဒေါ်များ စိတ်အေးရတော့၏။ ဒေါ်သန်းရီတစ်ယောက် ဘုရားဖူးမှ ပြန်လာသည့်အခါ ဦးလေးနှင့်အဒေါ် ဖြစ်သူတို့ကို မုန့်ပဲသရေစာအထုပ်နှင့် လာရောက်ကန်တော့၏။

✿ ✿ ✿

[၂]

ရတနာမျှော်သူတစ်ယောက်၏မြင်မက်သောအိပ်မက်ဆန်း

❑

အချိန်က နွေနှောင်းကာလ ...။

မိုးဦးကျရန် အစပျိုးလေသော ရက်များ။ အာကာတစ်ခွင်မှာတော့ မိုးမိုးသားတွေက ရှစ်တိုင်းခွင်လုံးမကာ ဖြန့်ကြက်ထားကြရင်း အုံ့တစ်လှည့် ပြာတစ်လှည့် ငွေဇာခြည်ပဝါပါးကို ခဲပုပ်ရောင်တိမ်သားတွေဖြင့် အနားကွပ်ဖို့ ပြင်ဆင်နေကြပြီ။ လေပြည်တစ်ချက် သွေးလိုက်၏။

သို့သော် မအေးမြပါ။



www.burmeseclassic.com

www.burmeseclassic.com



လေပူဖြစ်၏။ နွေရက်တို့က စွန့်တော့မည်မို့ အစွမ်းကုန်ပူနေလေတော့သည်။ လူတွေက အိပ်ရာပေါ်မှာ လဲလျောင်းကြရင်း အပူဒဏ်ကို အလူးအလဲခံနေကြရသည်။ ညဥ့်အတော်နက်လေသည့်အထိ ဦးစံတင်တစ်ယောက် အိပ်မပျော်။ ဘုရားဝတ်ပြု ပုတီးစိပ်ပြီးကတည်းက အိပ်ရာပေါ်လဲလျောင်းရင်း အိုက်စပ်ပူပြင်းနေသည့် ညခင်းကို လူးရင်းလွန့်ရင်း ဖြတ်သန်းနေသည်။

"ဒေါင် ... ဒေါင် ... ဒေါင် ..."

ရပ်ကွက်အနီးရှိ ဘုန်းကြီးကျောင်းဆီမှ နာရီအုန်းမောင်းခေါက်သံ သုံးချက် ကြားလိုက်ရသည်။ ညဥ့်ဝက်ကျော်လေပြီမို့ အအေးဓာတ်က ထွေးပတ်ရစ်ငင်လာသည်။ အေးစိမ့်စပြုလာ၏။

ထိုအခါမှ ဦးစံတင် မှေးခနဲဖြစ်ရင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့၏။ ထိုအခါတွင် ထူးဆန်းသောအိပ်မက်တစ်ခုကို မြင်မက်တော့သည်။

အိပ်မက်ထဲတွင် ဦးစံတင်တစ်ယောက်မှာ အဖော်မပါ တစ်ကိုယ်တည်း လျှောက်၍လာနေခဲ့မိသည်။ မည်သည့်အရပ်သို့ မည်သို့သောအကြောင်းဖြင့် သွားနေသည်ဟူ၍ မိမိကိုယ်တိုင်မသိ။ အတန်ငယ်လျှောက်လာမိတော့ မိမိရောက်နေသောနေရာကို အကဲခတ်မိသည်။ ဘုရားပျက်၊ စေတီပျက်များကြားတွင် ဖြစ်၏။ ဘုရားသုံးလေးဆူကိုဖြတ်ရင်း လျှောက်လာခဲ့မိသည်။

စေတီများကို လွန်မြောက်ပြီးလေသည့်အခါ စိမ်းမြနက်မှောင်နေသောတောအုပ်ကြီးတစ်ခုကို တွေ့ရတော့၏။ ရင်ထဲမှာ အေးမြနေသည်။

ထိုအေးမြမှုသည် မည်သို့သောခံစားမှုနှင့်မျှ မတူ။ ဦးစံတင် ဒီအရွယ်ထိ ဤလိုခံစားမှုမျိုး တစ်ခါတစ်ရံမှ မတွေ့မကြုံခဲ့ဖူးပေ။ တောအုပ်ကြီးကိုကြည့်၍ တောအုပ်ကြီးထဲတွင် မည်သို့သောသားရဲတိရစ္ဆာန်များ ရှိကြမည်နည်းဟု တွေးတောကာ ကြောက်ရွံ့သလိုလည်း ဖြစ်သွား၏။

ထိုမှ တောအုပ်ကြီးကို အဓိပ္ပာယ်ပါပါ ငေးမောကြည့်နေခဲ့မိသည်။

တောအုပ်ကြီးကိုဖြတ်၍ စမ်းချောင်းလေးတစ်ခုက တသွင်သွင် စီးဆင်းနေသည်။ စမ်းချောင်းလေးထဲမှရေသည် ကြည်လင်စိမ်းမြနေ၏။

ထိုကဲ့သို့ ကြည်လင်သောရေကို ဦးစံတင် တစ်ရံတစ်ခါသော်မျှ မတွေ့မမြင်ဖူးခဲ့။ ဖန်သားရောင်ထနေလေသော ချောင်းရေထဲတွင် ကူးခတ်နေသော ငါးကလေးများက အနီ၊ အဝါ၊ အပြာ ရွှေငါးလေးများဖြစ်ကြ၏။

တောအုပ်ကြီးသည် ပြင်ပလောကတွင် တွေ့မြင်နေရသည့် တောအုပ်ကဲ့သို့ မဟုတ်။ တစ်ခါတစ်ရံကြည့်ဖူးသည့် ကိုရီးယားဇာတ်ကားများထဲက တောအုပ်သစ်ပင်များကဲ့သို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ပင်လုံး အစိမ်းနုရောင်သစ်ရွက်များနှင့်ဖြစ်၏။ အခြားသစ်ရွက် တစ်ရွက်တလေမှ မနှော။ ပေါက်ရောက်နေသော သစ်ပင်များအားလုံးက အရွယ်အစားအားလုံး တူညီနေကြသလို အကိုင်းအခက်များကလည်း အုံ့အုံ့ဆိုင်းဆိုင်းနှင့် အားလုံး ပုံသဏ္ဍာန်များတူညီနေကြခြင်းက ထိုတောအုပ်လေး၏ ထူးခြားသောပုံစံတစ်ခု ဖြစ်နေသည်။

တောအုပ်လေးကို ငေးမောနေမိရင်းက ရင်ထဲတွင် လွမ်းလွမ်းနှင့်နှင့် ခံစားမိသလိုလည်း ရှိလာသည်။ ထိုအခိုက် နားထဲတွင် အမှတ်မထင် အသံတစ်ခုကို ကြားလိုက်ရတော့သည်။

''ဘာလို့ရပ်ကြည့်နေတာလဲ။ ရပ်ကြည့်လို့ အမြတ်မရှိဘူးကွ။ ဝင်ကြည့်မှ တန်ဖိုးရှိမယ်''

အသံဆုံးသွားတော့ အသံလာရာ နောက်ဘက်ဆီသို့ လှည့်၍ကြည့်လိုက်၏။ သို့သော် မည်သူမျှမတွေ့။ အကြည့်ကိုရုပ်သိမ်းရင်း ဘာမျှစဉ်းစားမနေလေတော့။ စိမ်းမြ၍ အုံ့ဆိုင်းနေသော ထိုမြရောင်တောအုပ်ကြီးထဲသို့ တစ်လှမ်းချင်းလှမ်းကာ ဝင်လာခဲ့လေတော့သည်။

တောထဲတွင် ပေါက်ရောက်နေကြသော သစ်ပင်ကြီးများသည် ကြီးမား၍ အုံ့ဆိုင်းနေကြသည်။ ထိုတောထဲရှိ သစ်ပင်များမှာ တစ်ခါမျှ အပြင်တွင် မမြင်ဖူးသော အပင်များဖြစ်၏။ အစိမ်းဆိုလျှင် ပကတိအစိမ်း၊ အဝါဆိုလျှင်လည်း ပကတိအဝါရောင်များသာ ဖြစ်လေ၏။ ထူးထူးဆန်းဆန်းအပင်များဖြစ်၍ ဦးစံတင် အံ့သြဘနန်းဖြစ်ရ၏။

''သစ်ပင်တွေက ငါတို့ အပြင်မှာ မတွေ့မမြင်ဖူးတဲ့ အပင်မျိုးတွေပါလား''

တောအုပ်ကြီးသည် ပြင်ပလောကတွင် တွေ့ရတတ်သော တောအုပ်တစ်ခုကဲ့သို့ဖြစ်၏။ ကျေးငှက်သာရကာများ၏ တွန်ကျူးသံများကိုလည်း ကြားရ၏။ လေပြည်လေညင်းများ၏ တိုက်ခတ်မှုကို တွေ့ရသည်။ ထူးခြားနေလေသည်မှာ ဦးစံတင်တစ်ယောက် ထိုနက်မှောင်နေသော တောအုပ်ကြီးထဲတွင် တစ်ဦးတည်း အဖော်မပါ လျှောက်၍သွားနေသော်လည်း ကြောက်စိတ်ဟူ၍ လုံးဝမရှိခြင်းပင် ဖြစ်လေ၏။

ထိုသို့လျှောက်သွားရင်း တောအုပ်ကြီးမှာ စမ်းချောင်းထိပ်တွင် ပြတ်တောက်သွားသည်။ မိမိမှာ ထိုထိပ်တွင် ရပ်နေလိုက်သည်။ ထိုမှ တောအုပ်ကြီးထဲသို့မဝင်မီ ကြားရသောအသံက ပြန်၍ပေါ်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လမ်းက မဆုံးသေးဘူး။ ဆက်သွားပြီးရင် ယာဘက်ကိုကွေ့"

စကားဆုံးလေတော့ မိမိကိုယ်တိုင်က ယာဘက်သို့ ချိုးကွေ့ပြီးလျှောက်သွား ဖြစ်သွား၏။ ယာဘက်ကွေ့၍ အတန်ငယ်လျှောက်လာမိတော့ ကြီးမားသော ချုံကြီးတစ်ခုကို တွေ့ရတော့သည်။ ချုံကြီးမှာ ချုံပိုင်းကြီးဖြစ်၏။

ထိုချုံကြီးသည် မည်သည့်ကြောင့်မသိ။ အလင်းရောင်များ ဖြာထွက်နေသည်။ ဦးစံတင် သေသေချာချာ ကြည့်လိုက်သည်။ ထိုမီးရောင်စုံများသည် ချုံကြီးထဲမှဖြစ်ကြောင်း တွေ့ရတော့၏။ ထို့ကြောင့် ချုံကြီးဆီသို့ တစ်လှမ်းချင်းလှမ်းကာ လျှောက်လာခဲ့၏။

ချုံကြီးနားသို့ ရောက်သည်။ ထိုအခါ အရောင်များဖြာထွက်နေသော အရာသည် ဘာဖြစ်သလဲဟူသော အတွေးဖြင့် ချုံကြီးအတွင်းသို့ ကြည့်လိုက်လျှင် ငါးမြီးကွက်သဏ္ဌာန်အရစ်များဖြင့် ပတ်ခွေရစ်၍ထားလေသော တစ်ထွာသာသာရှိ သစ်ပင်ငယ်လေးသုံးပင်ကို တွေ့ရတော့၏။ ထူးခြားစွာ ထိုသစ်ပင်ငယ်လေးသုံးပင်မှ အရောင်များထွက်နေခြင်းဖြစ်ကြောင်း တွေ့ရတော့၏။

ထိုထူးခြားသော သစ်ပင်များကိုတွေ့တော့ ဦးစံတင်ပျော်သွား၏။ မိမိအိမ်တွင် ယူဆောင်၍ စိုက်ပျိုးထားလေလျှင် ကောင်းမည်ဟူသော အတွေးကို တွေးမိလေ၏။ ထို့ကြောင့် အရောင်များထွက်နေသော သစ်ပင်သုံးပင်ကို ချုံပုတ်များကြားမှ ဖယ်ရှားကာ နုတ်ယူလိုက်၏။

ထိုအချိန်တွင် ထူးခြားသောအသံကို ကြားရပြန်လေသည်။

"မင်းနဲ့ထိုက်လို့တွေ့တာ ယူသွားတော့"

စကားဆုံးတော့ လက်ထဲတွင် နုတ်ထားသော သစ်ပင်သုံးပင်ကို ကြည့်နေစဉ် ဖျတ်ခနဲပျောက်သွားပြီး ရွှေတုံးလေးသုံးတုံးဖြစ်၍နေတော့၏။ အံ့သြမဆုံးဖြစ်နေချိန်၌ပင်လျှင် ဦးစံတင် အိပ်မက်မှ လန့်၍နိုးသွားပေတော့သည်။

နံနက်မိုးလင်းသည့်အခါတွင်တော့ မိမိမြင်မက်သော အိပ်မက်ဆန်းလေးကို ဇနီးဖြစ်သူဒေါ်ခင်ရီနှင့် သားသမီးများအား ပြောပြမိ၏။

"ဟင် . . . ဒါ . . . ကောင်းတဲ့နိမိတ်ပဲ။ ကျွန်မတို့မိသားစုတွေ ကံကောင်းပြီ၊ လာဘ်လာဘတွေ ဝင်တော့မယ်ထင်တယ်"

ဘာပဲဖြစ်ဖြစ် . . .

ထူးခြားဆန်းကြယ်စွာမြင်မက်သော အိပ်မက်လေးကို ဦးစံတင်တစ်ယောက် တွေးရင်းပျော်နေမိသည်။ ဤသို့ဖြင့် ဦးစံတင် အိပ်မက်ဆန်းကလေးကို မြင်မက်ခဲ့သည်မှာ တစ်ပတ်တိတိရှိသွား၏။ သည်နေ့နံနက် အိပ်ရာမှ စောစောထ၍



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှိခိုးဝတ်ပြုကာ ပန်းခြံထဲရှိ မိမိစိုက်ပျိုးထားသော သစ်ပင်ပန်းမန်လေးများကို ရေလောင်းနေမိခိုက် တူမဖြစ်သူ ဒေါ်သန်းရီ၏ခေါ်သံကို ကြားလိုက်ရ၏။

"ဦးလေးရေ ... ဦးလေး ..."

ခေါ်သံကြောင့် ဦးစံတင် အိမ်ရှေ့သို့ ထွက်သွား၏။ ဒေါ်သန်းရီမှာ ဆိုက်ကားတစ်စီးကို ငှား၍စီးလာပြီး လက်ထဲတွင်လည်း ကြွပ်ကြွပ်အိတ်ငယ်တစ်လုံးနှင့် အကြော်စုံများကို ဝယ်လာ၏။ ဦးစံတင် ဆိုက်ကားနားသို့ တိုးကပ်၍ သွား၏။ ဒေါ်သန်းရီ ဆိုက်ကားပေါ်မှ ဆင်းလိုက်၏။

ဒေါ်သန်းရီလက်ထဲမှ ကိုင်လာသော အကြော်ထုပ်ကို လှမ်း၍ယူမည်အပြု ...

"နေဦး ... ဦးလေး၊ ဒါ ... အရေးမကြီးဘူး။ ဒီမှာ ဦးလေးတို့ကိုပေးဖို့ ပန်းပင်လေးတွေ ယူလာတယ်"

ဆိုက်ကားနောက်ဘက်ခုံတွင် တင်၍ယူလာသော ပျိုးထုပ်သုံးထုပ်နှင့် အပင်ငယ်သုံးပင်ကို တွေ့ရ၏။ ဦးစံတင် ယူလိုက်သည်။ အမှုမဲ့ အမှတ်မဲ့သာလျှင် ဖြစ်၏။ ဆိုက်ကားသမားမှာ ကွေ့၍ လှည့်ထွက်သွားတော့သည်။ ထိုအခါ ဒေါ်သန်းရီစကားစမိသည်။

"အဲဒါ ... ကျွန်မ ဘုရားဖူးသွားတုန်းက ရှမ်းပြည်ဘက်က ဓမ္မမိတ်ဆွေတစ်ယောက်က ပေးလိုက်တာ။ ရတနာရွှေခွက်လို့ ခေါ်တယ်တဲ့။ ကျွန်မကတော့ ရွှေရည်ငွေရည်လောင်းပြီး မြင့်တဲ့နေရာမှာ စိုက်ထားလိုက်တယ်။ အဲဒီအပင်စိုက်တဲ့နေ့ကစပြီး သိသိသာသာဆိုသလို လာဘ်လာဘတွေ ဝင်မလာမစဲ တသဲသဲပဲ ဦးလေးရေ၊ ဒါကြောင့် ဦးလေးတို့ကိုလည်း စိုက်စေချင်လို့ ကျွန်မယူလာခဲ့တာ"

ဒေါ်သန်းရီစကားဆုံးတော့ မိမိလက်ထဲတွင်ကိုင်ထားသော ပျိုးထုပ်နှင့် အပင်ငယ်လေးသုံးပင်ကို ကြည့်လိုက်မိ၏။

"ဟင် ... ဒါ ... ဒါ ... ဟိုတလောက ငါ့အိပ်မက်ထဲမှာ တွေ့ခဲ့တဲ့ အပင်မှ အပင်အစစ်ပဲ။ အရွက်တွေက ငါးကြင်းမြီးကွက်သဏ္ဌာန်ရှိပြီး ကန်တော့ထိုးထားသလို မျက်နှာချင်းဆိုင် ယှက်နေတယ်" ဟု အသံမဲ့ပြောဆိုရင်း အပင်လေးတွေကို တအံ့တသြကြည့်နေမိတဲ့ မိမိအဖြစ်ကို ...

"ဦးလေး ... ဘာတွေ တအံ့တသြဖြစ်နေတာလဲ"

"အေး ... ဘာတွေအံ့သြနေလဲဆိုတဲ့အကြောင်း ငါပြောပြမယ်။ အိမ်ပေါ်ကိုတက်"

စကားဆုံးတော့ အိမ်ပေါ်သို့ တက်လာခဲ့ကြသည်။ ဧည့်ခန်းရှိ စားပွဲပေါ်တွင် ချထားသော ထိုင်ခုံလေးများတွင် ထိုင်မိကြတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ငါတအံ့တသြဖြစ်နေတဲ့အကြောင်းကတော့ ဒီလိုသန်းရီရေ"

ဟု အစချီကာ မကြာမီရက်ပိုင်းလေးကမှ မိမိမြင်မက်ထားခဲ့သော

အိပ်မက်အား ပြောပြလိုက်တော့သည်။

✿ ✿ ✿

## [၃]

ထူးဆုံးထူးခြားသောလူ (သို့မဟုတ်) အမေဒေါ်ခင်ရီတွေ့ကြုံရသော အဖြစ်အပျက်

❑

အမေဒေါ်ခင်ရီမှာ တူမဖြစ်သူ ဒေါ်သန်းရီပေးလာသော ရတနာရွှေခွက်ဟုခေါ်သည့် ကြာဂမုန်းပင်လေးများ မိမိအိမ်သို့ ရောက်ရှိလာသည့်နေ့မှစ၍ နေ့စဉ်နက်အိပ်ရာမှထသည့်အခါတိုင်း ရွှေရည်ငွေရည်လေးများလောင်းကာ စီးပွားဥစ္စာလာဘ်လာဘကောင်းများ ဝင်လာမစဲ တသဲသဲရှိစေရန် ဆုတောင်းလေ့ရှိ၏။

ဤသို့ပြုမူရင်း တစ်ပတ်တိတိကြာသောနေ့တစ်နေ့တွင် ရတနာရွှေခွက်မုန်းပင်များကို ရေလောင်း၍ ဘုရားရှိခိုးနေခိုက် မိမိအိမ်ရှေ့သို့ ထီကားတစ်စီးရောက်လာလေ၏။ ထီကားမှာ အခြားသူတော့မဟုတ်။ မိမိ၏ သားသမက်ကိုအောင်သောင်းမြိုင်၏ ထီကားသာလျှင် ဖြစ်လေ၏။

ကိုအောင်သောင်းမြိုင်မှာ ထီကားမောင်းသောအလုပ်ကို လုပ်၏။ သို့သော် လှည့်လည်ထီရောင်းသော အလုပ်ကိုမူ အခြားရပ်ကွက်လေးများသို့သာ များလေ့ရှိ၏။ ထီဖွင့်မည့် နောက်ဆုံးရက်များဖြစ်လေ၏။ ထိုနေ့က ထီအရောင်းရေးမတစ်ဦးနှင့်အတူ မင်္ဂလာဒုံ၊ မြောက်ဥက္ကလာပ ...စသော အရပ်များသို့ များရောက်ရောင်းချ၏။

တစ်ကားလုံးတွင် တင်ထားသည့် ထီလက်မှတ်များ အားလုံးနီးပါး ကုန်များကြ၏။ မင်္ဂလာမောင်နှံ့ထီ (၂) စောင်သာ ကျန်နေတော့၏။ ဤမင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com



မောင်နှံ့ထီ (၂) စောင်သည် ရောင်း၍မထွက်ဘဲ ကျန်နေခြင်းဖြစ်၏။ ထီဝယ်မ
သူများက မကြိုက်ဟုဆိုကာ တစ်ဦးပြီးတစ်ဦး ချန်ထားခဲ့ကြ၏။

မိမိအိမ်ရှေ့တွင် ကားကိုရပ်၍ အိမ်ထဲသို့ဝင်လာရင်း ကိုအောင်သောင်းမြ
အိမ်ပေါ်သို့ တစ်ချက်အကဲခတ်လိုက်သည်။ အမေဖြစ်သူ ဒေါ်ခင်ရီကို တွေ့ရ

"အမေ ... ထီ (၂) စောင်ကျန်နေလို့ ထိုးမလား"

ကိုအောင်သောင်းမြိုင် စကားမဆုံးလိုက်ရ။ အမေဒေါ်ခင်ရီထံမှ ချက်ချ
တုံ့ပြန်သံ ကြားရသည်။

"အေး ... ငါလည်း ဒီနေ့ ထူးထူးခြားခြား စိတ်ထဲမှာ ထီထိုးချင်စိ
ပေါ်နေတာ။ ပေး ... ပေး ... အဲဒီထီ (၂) စောင် ငါ့ကိုပေး"

ဟုဆိုကာ ကိုအောင်သောင်းမြိုင်ပေးလာသည့် ထီ (၂) စောင်ကို ယူ
လိုက်သည်။

ထို့နောက်တွင် ဘုရားစင်ပေါ်သို့ သွားတင်လိုက်သည်။ နောက်တစ်ရ
သည် ထီဖွင့်သည့် လဆန်း (၁) ရက်နေ့ဖြစ်၏။ ကိုအောင်သောင်းမြိုင်တို့ ထီက
သမားများမှာ မိမိတို့ကားမှ ထီဆုများ ပါ၊ မပါ လှေ့လာကြရသည်။ အမေဒေါ်
တစ်ယောက်ကတော့ ညနေဘက် ဈေးမှပြန်လာရင်း သိန်းတစ်ရာပေါက်စဉ်ကိုပ
လျှင် ဝယ်လာရင်း အပြုံးတဝေဝေနှင့် ပြန်လာ၏။ ထိုစဉ် ကိုအောင်သောင်းမြ
မှာ ထီပိုင်ရှင်အိမ်မှ ပြန်လာ၏။

"အမေရေ ... ဗျို့ ... အမေရေ ... အမေ ... အမေ ..."

"ဟဲ့ ... ဘာလဲဟဲ့။ အလန့်တကြားနဲ့"

ကိုအောင်သောင်းမြိုင်၏ ခေါ်သံကြောင့် ဒေါ်ခင်ရီ အိမ်ရှေ့သို့ ထွက်
ကြည့်၏။

"ဟဲ့ ... ငသောင်း။ ဘာဖြစ်လာလို့လဲ"

"အမေ ... အမေ ထီပေါက်ပြီဗျ"

"ဟေ ... ဟုတ်လား။ ငါထီပေါက်လို့တဲ့ဟေ့။ ဘယ်လောက်ရလ
ဟဲ့"

"ဘယ်လောက်ဆုရမလဲ။ ကျွန်တော့်ထီကားကထိုးတဲ့ မင်္ဂလာမော
က တွတ်ဝင်တာလေ။ သိန်း (၂၀) ရှမှာ"

ကိုသောင်းစကားဆုံးသည်နှင့် ...

"အဲဒါ ငါ့ကို ရတနာရွှေခွက်ဂမုန်းပင်က ပေးတာဟဲ့။ ငါ့ကံ
လာဘ်တွေပွင့်ပြီဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ရီတစ်ယောက် ထခုန်တော့မတတ် ပျော်သွား၏။ အလျှဉ်းသင့်လေသည်မှာ လာမည့်အပတ် တပေါင်းလပြည့်နေ့သည် မိမိ၏မွေးနေ့ဖြစ်၏။ ထို့ကြောင့် မုန့်ဟင်းခါးပိသာအချိန် (၂၀) ကျော်ချက်၍ တစ်ရပ်ကွက်လုံးသို့ဖိတ်ကာ အလှူဒါနပြုလေတော့သည်။ မွေးနေ့အလှူလာသော ပရိသတ်တစ်ဦးစနှစ်ဦးစက မေးကြ၏။

"ဒေါ်ခင်ရီ ... ထီပေါက်လို့ဆို"

"ဟုတ်ပါ့တော် ...။ ကျုပ်ကို ထီပေါက်အောင် မ,တာ ဟောဟိုရတနာရွှေခွက် ဂမုန်းပင်တွေပဲပေါ့။ ဒီအပင်တွေ ကျုပ်အိမ်ကို ရောက်လာကတည်းက ကျုပ်စိတ်ထဲမှာ ထီထိုးချင်တဲ့စိတ်တွေ တဖွားဖွားဖြစ်နေခဲ့တာ။ ခုလို ထီပေါက်တာဟာလည်း ဒီအပင်တွေကြောင့်ပဲပေါ့ရှင်"

ဤအဖြစ်အပျက်လေးများသည် အမေဒေါ်ခင်ရီကိုယ်တိုင် ကြုံတွေ့ဖြစ်ပျက်ခဲ့ရသည့် မယုံကြည်နိုင်သော အဖြစ်အပျက်လေးများပင် ဖြစ်လေ၏။

✿ ✿ ✿

[၄]

ဒုတိယထူးခြားသောသူ (သို့မဟုတ်) အဖေဦးစံတင်ကြုံတွေ့ရသောအဖြစ်အပျက်

❑

အမေဒေါ်ခင်ရီ ဤသို့ဖြစ်ပျက်ပြီး တစ်ပတ်ခန့်ကြာသည့်ကာလတွင် အဖေဖြစ်သူ ဦးစံတင်သည်လည်း ထူးထူးခြားခြားအဖြစ်အပျက်တစ်ခုကို ကြုံတွေ့ပြန်လေသည်။ ဦးစံတင်သည် အလုပ်မှနားပြီးသည့်နောက် ပြင်ပအလုပ်အကိုင်ကုမ္ပဏီတစ်ခုတွင် လုပ်ကိုင်ခဲ့၏။

(၁၀) နှစ်ခန့်မျှ ကြာခဲ့သည်။

တစ်ဖန် ကုမ္ပဏီမှ အလုပ်နားပြန်လေသည့်နောက် ရပ်ရေးရွာရေးကိစ္စများနှင့် လူမှုရေးကိစ္စများကို လုပ်ဆောင်ရင်း နေထိုင်ခဲ့သည်။ တစ်နေ့တွင် မိမိလုပ်ကိုင်ခဲ့သော ကုမ္ပဏီသို့ သွားရောက်လည်ပတ်ခဲ့၏။ သူဌေးနှင့်တွေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟော ... ဦးစံတင်ကြီး နေကောင်းရဲ့လား။ ခု ဘာတွေလုပ်ကိုင်နေလဲ''

''ဘာမှတော့ မလုပ်ကိုင်ပါဘူး သူဌေးရယ်။ ဒါပေမဲ့ ... စားဝတ်နေရေးဆိုတာကရှိနေတော့ ကျုပ်အမယ်ကြီးနဲ့ အိမ်ဆိုင်လေးဖွင့်ပြီး ဈေးရောင်းပါတယ်''

''အင်း ... နာဂစ်မုန်တိုင်းတုန်းက ဦးစံတင်တို့အိမ်တွေရော ဘယ်လိုနေကြလဲ''

''အင်း ... အများနည်းတူ ပျက်စီးတာပေါ့ သူဌေးရယ်။ ဒါပေမဲ့ ဒီလိုပဲနေရတာပေါ့''

''ကဲဗျာ ... ဒါဆိုရင် ကျုပ်ကုမ္ပဏီဆောက်တုန်းက အသုံးပြုခဲ့တဲ့သစ်တွေ ဦးစံတင်လိုသလောက် သယ်ယူဗျာ''

''ကျေးဇူးပါပဲ သူဌေးရယ်။ ဒါမှ ကျုပ်လည်း နာဂစ်တုန်းက ပျက်စီးသွားတဲ့ ကျုပ်အိမ်ကို ပြင်နိုင်တော့မှာပေါ့''

သူဌေးပေးသော သစ်များမှာ ကာလတန်ဖိုးအားဖြင့် ဆယ်သိန်းဖိုးခန့်ရှိ၏။ ဦးစံတင်ပျော်သွား၏။ မိမိအတွက် အိပ်မက်တစ်ခုနှယ်ဖြစ်လေ၏။ ပင်စင်စားဘဝဖြင့် အဘိုးကြီး၊ အမယ်ကြီး နှစ်ယောက် အိမ်ဆိုင်လေးကိုဖွင့်ရင်း စားသောက်နေရသောဘဝတွင် ဤမျှတန်ဖိုးရှိသည့် သစ်များကို ဝယ်နိုင်ဖို့ဆိုသည်မှာမလွယ်။ သားသမီးများ မရှိ၍မဟုတ်။ ရှိပါ၏။

သို့သော် သူ့အိုး၊ သူ့အိမ်ထောင်နှင့်။ သူတို့တွေသည်လည်း သောင်သာကြသည်မဟုတ်။ ဤသို့ ပြင်ဆင်စရာသစ်များရရှိတော့ လက်သမားငှားရန် လက်သမားခလောက်သာ ရှာရမည်ဖြစ်လေသည်။ အပျော်တရားတို့ဖြင့် ပြန်လာခဲ့၏။ သို့သော် တကယ်တမ်းတွက်စစ်ကြည့်တော့ ဦးစံတင် စိတ်မောရပြန်ပါလေသည်။ သစ်များကို အလကားပေးလေသော်လည်း သယ်ယူဖို့ဟူသည် မလွယ်ကူသောကိစ္စ။ ကားတစ်စီးငှားခသည် အနည်းဆုံး တစ်သောင်းခန့်ရှိသည်။ တဒင်္ဂအတွင်း ပျော်မိသော အပျော်စိတ်တို့က လေရူးကဲ့သို့ ပျောက်ပျက်ကုန်၏။

အိမ်သို့ပြန်ရောက်လေသည့်အခါတွင်တော့ ကုလားထိုင်ပေါ်သို့ စိတ်ပျက်လက်ပျက်ဖြင့် ထိုင်ချလိုက်သည်။ ထို့နောက် သက်ပြင်းမောတစ်စကိုလည်း မှုတ်ထုတ်လိုက်၏။

''ဟူး ...''

မိမိအမူအရာကိုတွေ့တော့ ဇနီးလုပ်သူ ဒေါ်ခင်ရီမှ မေးလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးစံတင် ... ဘာတွေဖြစ်လာသလဲ။ သူဌေးနဲ့ရော တွေ့ခဲ့ရဲ့လား"

"တွေ့လည်း တွေ့ခဲ့ပါတယ်။ စိတ်ချမ်းသာစရာလည်း ရှိခဲ့ပါတယ်။ ဒါပေမဲ့ ငါ့အဖြစ်က ထီပေါက်ပြီး ထီလက်မှတ်ပျောက်တဲ့လူလို အကြွင်းမဲ့ မပျော်နိုင်ဘူး"

"ရှင့်စကားကလည်း ဘာတွေလဲ။ ရှင်းပြပါဦး ဦးစံတင်ရယ်"

"ဒီလိုကွ ...။ သူဌေးနဲ့ တွေ့ခဲ့တယ်။ အိမ်ပြင်ဖို့ သူ့ကုမ္ပဏီက သစ်တို သစ်စတွေ ကြိုက်သလောက်သယ်ဖို့ ပေးတယ်။ ဒါပေမဲ့ ငါတို့မှာ သယ်ဖို့ဆိုတာ ကားကိစ္စရှိတယ်။ ကားက ငှားရင် အနည်းဆုံး တစ်စီးကိုတစ်သောင်း၊ နှစ်သောင်း လောက်ပေးရမှာ"

"သစ်တွေက ဘယ်လောက်များလို့လဲရှင်"

"အိုကွာ ... သယ်နိုင်ရင် ကြိုက်သလောက်သယ်တဲ့။ အနည်းဆုံး (၉) သိန်း၊ (၁၀) သိန်းဖိုးလောက် ရှိတာကွ"

"အမလေး ဦးစံတင်ရယ် ...။ ဒါများ စိတ်ညစ်စရာမှတ်လို့။ ဒါ ... ကျုပ်တို့ကို ရတနာရွှေခွက်ဝမုန်းပင်က မ,တာ။ သစ်တောင် ပေးမယ့်သူရှိမှတော့ ကားခလည်း ဖြစ်လာမှာပေါ့တော်။ ဘာမှ ပူပူပန်ပန်လုပ်မနေနဲ့"

သုံးရက်တိတိကြာသောနေ့၌ ...

မိမိအစိုးရအမှုထမ်းဘဝဖြင့် လုပ်ကိုင်ခဲ့စဉ်က တပည့်တစ်ဦးဖြစ်ခဲ့သူ ထွန်းမောင်ဆိုသော လူတစ်ယောက်သည် ဌာနဆိုင်ရာကားတစ်စီးဖြင့် ရောက်၍ လာပြီး ဦးစံတင်အား ကန်တော့၏။

ကိုထွန်းမောင်ဆိုသော တပည့်မှာ ပြင်ပစီးပွားရေးကုမ္ပဏီတစ်ခုတွင် မော်တော်ယာဉ်များကို တာဝန်ယူရသည့် မန်နေဂျာတစ်ဦး ဖြစ်နေသည်။ ဦးစံတင်မှ မိမိဖြစ်ပေါ်နေသော အခက်အခဲများကို ပြောပြသည်တွင် ...

"အို ... ဆရာကလည်း ဘာမှမပူနဲ့။ အဲဒီပေးတဲ့သစ်တွေ ဘယ်တော့ သယ်ချင်သလဲ။ ကျွန်တော် ကားတစ်စီး စီစဉ်ပေးပါ့မယ်။ ကဲ ... ကျွန်တော်ပြန် တော့မယ်။ သယ်မယ့်နေ့ကျရင် ဖုန်းဆက်လိုက်ပါ။ ကျွန်တော် ဆရာ့ကို ကန်တော့ ရပါတယ်"

ထွန်းမောင်ပြန်သွားတော့ မိမိအားကန်တော့ခဲ့သော ကြွပ်ကြွပ်အိတ်ထုပ် လေးကို ဖြေ၍ကြည့်လိုက်မိ၏။ ပုဆိုးတစ်ထည်၊ အင်္ကျီတစ်ထည်နှင့် ငွေမှာ ကျပ် သုံးသောင်းတိတိဖြစ်၏။

ထို့ပြင် ...



www.burmeseclassic.com

www.burmeseclassic.com



သစ်များသယ်လာသောနေ့တွင်လည်း ထွန်းမောင်မှ ကားနှစ်စီးလွှတ်၍ သယ်ပို့ပေးခဲ့လေသည်။

ဤအဖြစ်အပျက်လေးများသည် ဦးစံတင်ကိုယ်တိုင် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်တစ်ခုဖြစ်၏။ ဤသို့အဆင်ပြေသည်မှာလည်း ရတနာရွှေခွက်ဟု ခေါ်သည့် ဂမုန်းပင်လေးများကြောင့်ဟု ယုံကြည်လျက်ရှိ၏။

✿ ✿ ✿

[၅]

အနှံ့ရောယ်သတိပေးသည့် နတ်ဆေးသစ်ပင်

❑

ဤနတ်သစ်ပင် (သို့မဟုတ်) ရတနာရွှေခွက်ဂမုန်းပင်လေးများ ကျွန်ုပ် အိမ်သို့ ရောက်ရှိလာသည့်အချိန်မှစ၍ မိမိတို့အိမ်တွင် အံ့သြမယုံကြည်နိုင်စရာ ထူးခြားဖြစ်စဉ်များနှင့် တစ်ဦးပြီးတစ်ဦး လာဘ်လာဘများ ဝင်နေသော်လည်း မိမိ သည် သိပ်၍မယုံကြည်၊ အလေးမထားခဲ့။

အကြောင်းမှာ မိမိမှာ စာရေးဆရာဖြစ်သည်။ အထူးသဖြင့် လူငယ်တစ်ဦး။ အရာရာကို ခေတ်အမြင်၊ ခေတ်၏အတွေးအခေါ်များဖြင့်သာ တွေးတောဆက်စပ် ရင်း ခေတ်မီမီ လက်ခံတတ်သူဖြစ်သည်။ ထို့ပြင် ဥစ္စာပေါ်များခြင်း၊ အခြေအရံ သင်းပင်း များပြားခြင်းတို့သည် မမြင်နိုင်သော ဘဝအတိတ်ကံ၏ အကြောင်းအရာ တို့ပေါ်တွင်သာ တည်မှီနေကြောင်း လက်ခံယုံကြည်ထားသူပီပီ လွန်လွန်ကဲကဲ ထူးခြားမှု မဖြစ်ပေါ်ခဲ့။

သို့ရာတွင် ကျွန်တော်၏ တွင်းမာသောစိတ်အာရုံများ၊ ခက်ထန်သော အယူအဆပေါင်းများ ကျေပျက်ရတော့မည့် အဖြစ်တစ်ခုနှင့် ကြုံဆုံလာသည်။ ဤမှာ တခြားမဟုတ်။ အံ့သြမယုံကြည်နိုင်စရာ အစွမ်းထက်လေသည့် နတ်သစ်ပင် (သို့မဟုတ်) ရတနာရွှေခွက်ဂမုန်းပင်လေးများ၏ အကြောင်းပင် ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤကိစ္စသည် ကျွန်တော့်အတွက် အသက်အန္တရာယ်နှင့် ကြုံရသောကိစ္စလည်း ဖြစ်လေသည်။ ကျွန်တော့်အသက် ကယ်လိုက်သူသည် ဤနတ်ဆေးပင်လေးများဟု ဆိုချင်သည်။

ဤသစ်ပင်လေးများ မကယ်ပါက ကျွန်တော် ယခုအခါ ဤဝတ္ထုလေးကိုပင် ရေးနိုင်တော့မည်မဟုတ်။

အဖြစ်အပျက်မှာ ဤသို့သာလျှင် ဖြစ်တော့သည်။

✿ ✿ ✿

[၆]

❑

ကျွန်တော့်ဇာတိက ရောဝတီတိုင်း ဟင်္သာတမြို့နယ်လေးထဲရှိ နိဗ္ဗာန်ဆိုသော ရွာတစ်ရွာ။ ရွာကိုခွဲခွာခဲ့သည်မှာ နှစ်ပေါင်းသုံးဆယ်နီးပါးလောက် ရှိပြီဖြစ်၏။ သို့သော် ရွာနှင့်အဆက်မပြတ်လှ။ ရွာတွင် အမေနှင့် ညီ၊ ညီမလေးများရှိနေကြသေးသည်။ ထို့ကြောင့် တစ်နှစ်လျှင် တစ်ခေါက်မျှ အမေ့ဆီသို့ရောက်ရင်းအမေ၏ကျန်းမာရေးကို စောင့်ရှောက်နေရသည်။

အမေက သူပိုင်ခြံဝိုင်းလေးထဲတွင် ညီ၊ ညီမလေးနှင့် အတူနေ၏။ ရံဖန်ရံခါဆိုသလို မြို့ပြရှိ ကျွန်တော့်ဆီသို့လည်း ရောက်လာသည့်အခါ ရောက်လာတတ်၏။ ထိုသို့ရောက်လာလျှင်လည်း ကျွန်တော် အမေ့ကို တူတူတန်တန်ကာမျှမပေးနိုင်ခဲ့။ အမေပေးခဲ့သည်ကသာ များသည်။ ယနေ့ မိမိအလုပ်လုပ်ရာမြို့လေးထဲမှ ပြန်လာတော့ ဇနီးသည်က ပြော၏။

"မောင် ... ရွာက ဖုန်းလာတယ်။ အမေ တော်တော်နေမကောင်းဘူးတဲ့။ အဲဒါ မောင့်ကို လာခဲ့ပါတဲ့"

ဇနီးသည်စကားဆုံးတော့ ရင်ထဲမှာ သောကလှိုင်းတွေ ဆူပွက်သွား၏။ အမေ့ကို စိတ်ပူသွားသည်။

"ဩော် ... အမေ တော်တော်များ နေမကောင်းဖြစ်တာလား"



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကျွန်တော်က အမေ့သားသမီးများထဲတွင် သားအကြီးဆုံး။ အမေအားအကိုးရဆုံးသော သား။ ဒါကြောင့်လားတော့မသိ။ ကျွန်တော်က အမေနှင့်ဝေးရာမှာနေသည်။ အမေ့ကျန်းမာရေးကို မဖြစ်စလောက် စောင့်ရှောက်နိုင်သည်။ ယခု အမေနေမကောင်းဟု ဖုန်းဆက်လာလေတော့ အမေရှိရာ ဟသ်ာတမြို့နယ် နိဗ္ဗာန်ရွာလေးသို့ သွားရန် ပြင်ဆင်ရတော့၏။ နာရီကို ကြည့်လိုက်သည်။ အချိန်မှာ (၃) နာရီသာ ရှိသေး၏။

ဟသ်ာတသို့သွားရန် ရထားမရှိလေတော့။ ရထားမှာ မနက် (၆) နာရီက ထွက်သွားသည်။ စဉ့်အိုးတန်းဆိပ်ကမ်းသို့ဆင်း၍ သင်္ဘောစီးရန် တစ်နည်းသာ ရှိတော့၏။ (ထိုအချိန်က ယခုကဲ့သို့ ကားလမ်းများ မပေါက်သေး။)

ထို့ကြောင့် အဝတ်အစားတစ်စုံနှင့် အနွေးထည်တစ်ထည်ကို ခရီးဆောင်အိတ်လေးထဲသို့ထည့်ကာ ဇနီးသည်အားလည်း ကလေးများကို ဂရုစိုက်ရန် မှာကြားပြီး သင်္ဘောဆိပ်သို့ ဆင်းလာခဲ့သည်။

ထိုအချိန်က မိုးကာလ ရက်တစ်ရက်ဖြစ်၏။

ရှစ်ရပ်ခွင် အာကာတစ်ပြင်လုံးမှာ မိုးရိပ်မိုးသားတွေက အပြည့်။

သင်္ဘောဆိပ်ရောက်တော့ ဖောတံတားထိပ်တွင်ရပ်ထားသော သင်္ဘောတစ်စင်းကို တွေ့ရသည်။ ကုန်များကို တင်နေ၏။ သင်္ဘောနောက်ပိုင်းမှ ချီးဝင်လိုက်ရင်း အပေါ်ထပ်သို့ တက်လာခဲ့သည်။ သင်္ဘောမှာ နှစ်ထပ်သင်္ဘောကြီးဖြစ်သည်။ ကုန်ပစ္စည်းများကို အောက်ထပ်တွင် အပြည့်အသိပ်တင်ထား၏။ ခရီးသည်အများစုကတော့ အပေါ်ထပ်တွင်သာ စီးကြသည်။

သင်္ဘောအပေါ်ထပ် နောက်ဘက်ပိုင်းတွင် ထမင်းနှင့်လက်ဖက်ရည်ကို တွဲရောင်းသော စားသောက်ဆိုင်တစ်ခုကို တွေ့ရသည်။ ထိုထမင်းဆိုင်ရှေ့တည့်တည့် အစပ်နားတွင် ကုလားထိုင်တစ်လုံးဝယ်ယူ၍ နေရာယူလိုက်သည်။

ခဏကြာတော့ သင်္ဘောထွက်လေသည်။ မြစ်အတွင်းမှ လှေ၊ သင်္ဘောကြီး,ငယ်များ၊ ကမ်းတစ်ဖက်တစ်ချက်မှ မြင်ကွင်းများက တရေးရေး ကျန်ရစ်ခဲ့သည်။ မြစ်လေတို့ကြောင့် အေးစိမ့်စိမ့်ဖြစ်လာ၏။ ထို့ကြောင့် ခရီးဆောင်အိတ်ထဲတွင် ထည့်သိုယူငင်လာသည့် အနွေးထည်ဂျာကင်ကို ထုတ်၍ဝတ်လိုက်ပြီး စာအုပ်တစ်အုပ်ကို ဖတ်နေမိသည်။ သင်္ဘောကြီးကတော့ ငွေဇာခြည်ရေလှိုင်းများကို တဖွားဖွားခွဲလျက် ကျွန်ဒြွေရရ ခုတ်မောင်းပြေးလွှားလျက်ရှိနေ၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၇]

❑

အနည်းငယ်အိပ်ချင်သလို ရှိလာသည်။ ခဏကြာတော့ မေ့ခနဲ အိပ်ပျော်သွားတော့၏။ အိပ်ရာမှနိုးတော့ ကမ်းတစ်ဖက်ကို ကြည့်လိုက်သည်။ ဓနိပင်များကို တွေ့ရ၏။ ပိုက်ချနေသော တံငါလှေလေးများစွာမှ မီးရောင်ပျပျလေးများကိုလည်း မြင်ရ၏။ မိုးချုပ်စပင် ပြုလာလေပြီ။

ကိုယ်ကိုတစ်ချက်လှုပ်၍ အကြောအချဉ်ဆန့်လိုက်၏။ ပြီးတော့ လက်ကိုမြှောက်၍ နာရီကိုကြည့်လိုက်သည်။

''ဟင် . . . ခြောက်နာရီတောင် ထိုးတော့မှာပါလား။ ထမင်းစားမှပဲ''

ဟု တွေးကာ ထမင်းစားရန် မနီးမဝေးရှိ သင်္ဘောပေါ်က ထမင်းဆိုင်ဆီသို့ ထလာခဲ့၏။

''ထမင်းတစ်ပွဲပေးပါ။ ဘာဟင်းတွေရလဲ''

''ငါး၊ အမဲသား၊ ကြက်သား၊ ဝက်သား၊ ခရမ်းသီးနှပ်၊ သက်သတ်လွတ်ဟင်းမျိုးစုံ ရပါတယ်ရှင်''

''ဒါဆို သက်သတ်လွတ်ပဲဟင်းနဲ့ပဲ တစ်ပွဲပေးပါ''

ဆိုင်ရှင်မိန်းမကြီးချလာပေးသော ထမင်းဟင်းများကို စားသည်။ စားရင်းမှ စကားစရှာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်နားရောက်ပြီလဲဗျ''

မိမိအမေးကို လက်ဖက်ရည်ဖျော်နေသော လူငယ်တစ်ယောက်က ..

''ထန်းတပင်ကို ကျော်လာနေပြီ''

ဟု ပြန်၍ဖြေလေသည်။

''အင်း ... မိုးတွင်းမို့လားတော့ မသိဘူး။ အစောကြီး မိုးချုပ်တယ်နော်''

စကားဆုံးတော့ မိမိသည်လည်း ထမင်းစား၍ပြီးသွားပြီမို့ ကျသင့်သော ထမင်းဖိုးလေးများကိုပေးကာ မိမိနေရာ ကုလားထိုင်လေးဆီသို့ ပြန်လာခဲ့သည်။ ဈေးသည်များ တစ်ဦးပြီးတစ်ဦး တက်လာ၏။ ရောင်းချသောအမယ်များ စုံလင်လှသည်။

ဘဲဥပြုတ်၊ ကြက်ဥပြုတ်၊ သံပရာသီး၊ ကျွဲကောသီး၊ ငှက်ပျောသီး၊ မုန့်ဖက်ထုပ်နှင့် ဒေသထွက်အစားအစာတချို့လည်း ပါသည်။

ဟောဟိုရှေ့မှာ လေ့တစ်စီး။

သင်္ဘောရှေ့ကနေ ခွာ၍ စောင့်နေ၏။ ပြီးတော့ သင်္ဘောဆီကို အရှိန်နှင့် ပြေးကပ်သည်။ ချိန်သားကိုက်သလို ကွက်တိလည်းဆိုက်သည်။ ပြီးတော့ သင်္ဘောကုန်းပတ်ပေါ်သို့ မျောက်လွှဲကျော်တစ်ကောင်လို ဖျတ်ခနဲ တက်လာသည်။

လက်ထဲမှာ ကြိုးတစ်ချောင်းကိုင်လျက်သား။ ထိုမှ သင်္ဘောနံရံကို ချည်လိုက်သည်။ နေသားတကျဖြစ်တော့ လေ့ပေါ်တွင်ပါလာသော မိန်းမဖြစ်ဟန်တူသော မိန်းမတစ်ယောက်နှင့် သင်္ဘောအပေါ်ထပ်၊ အောက်ထပ်တို့တွင် ဈေးရောင်းသည်။ ဆီထမင်းနှင့် ကြက်သားကြော်ဟု သိရသည်။

''အင်း ... တကယ့်စွန့်စားခန်းတစ်ခုပဲဗျာ''

ဟု စကားဆိုမိတော့ မိမိနားက ခရီးသည်တစ်ယောက်က ...

''အင်း ... ဒီလိုပဲ အသက်စွန့်ပြီး လုပ်ကိုင်စားရတာပဲဗျာ''

ဟု ထောက်ခံသည်။ ကောင်းကင်ကိုကြည့်တော့ မိုးသားမိုးရိပ်တွေက အုံ့ဆိုင်းနေသည်။ လေသည် တသုန်သုန်ဖြူးနေ၏။ လေပြင်းတော့မဟုတ်။ လေညင်းတချို့ ဖြစ်လေ၏။

မြစ်ပြင်တစ်ခုလုံး မှောင်အတိဖြစ်နေ၍ တစ်ခါတစ်ရံ သင်္ဘော တစ်စီး၊ နှစ်စီးစသိမှ မီးရောင်ဟူ၍ တွေ့ရသည်။ မိမိတို့သင်္ဘောကြီးကတော့ ထိန်နေအောင်လင်းသောမီးများဖြင့် မြစ်ပြင်တွင် ခုတ်မောင်းပြေးလွှား ခရီးဆက်လျက် ရှိနေသည်။ သတိရ၍ နာရီကို ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ည (၇) နာရီပင် ထိုးနေပြီ။ မြစ်ဖြတ်လေ့တချို့ကြောင့် အိပ်ချင်သလို လည်း ဖြစ်လာ၏။ ထို့ကြောင့် အိပ်ချင်စိတ်ပျောက်ရန် လက်ဖက်ရည်တစ်ခွက် သောက်ရန် ဆုံးဖြတ်လိုက်သည်။ အနီးရှိ ထမင်းဆိုင်သို့ ထလာကာ လက်ဖက်ရည် ချိုကျတစ်ခွက် မှာလိုက်သည်။

''လက်ဖက်ရည်ချိုကျတစ်ခွက် ပေးပါခင်ဗျာ''

လက်ဖက်ရည်သောက်ပြီးတော့ မိမိနေရာ မိမိပြန်လာရင်း ခရီးသွားလာ ရာတွင် တစ်နိုင်တစ်ပိုင်စိပ်ရန် အမြဲယူဆောင်သွားတတ်သည့် (၂၇) လုံးပုတီးလေး ကိုထုတ်ကာ စိပ်နေမိ၏။

ထို့နောက် မေးခနဲဖြစ်ကာ အိပ်ပျော်သွားလေတော့သည်။ ထိုစဉ် အိပ်မက်လိုလို၊ တကယ်လိုလို အဖြစ်တစ်ခုကို ကြုံတွေ့ရတော့၏။ အိပ်မက်ထဲတွင် သဘော်ာနံဘေး မြစ်ထဲသို့ ကြည့်လိုက်၏။

စူးစူးရှရှ အရောင်များလက်နေ၏။ ရွှေရောင်များကဲ့သို့ဖြစ်သည်။ ထို ရွှေရောင်များလက်နေသောအရာမှာ မိမိတို့အိမ်တွင် စိုက်ထားသော ရတနာရွှေခွက် ဂမုန်းပင်လေးများဖြစ်တော့၏။

''ဟော ... ရတနာရွှေခွက် ဂမုန်းပင်တွေပါလား။ ဘယ်လိုအကြောင်း များပါလိမ့်''

ထိုဂမုန်းပင်လေးများ ရေထဲမျောပါနေကြသည်မှာ အကြောင်းတစ်ခုခု တော့ ရှိလိမ့်မည်။

ထိုအပင်လေးများကို အံ့သြစွာကြည့်နေရင်းမှ ဖျတ်ခနဲလန့်နိုးသွား၏။ အိပ်ရာမှနိုးတော့ ဘေးသို့ တစ်ချက်ကြည့်လိုက်၏။ မိမိဘေးရှိလူများပင် အိပ်ပျော် နေကြလေပြီ။ ခရီးသည်အများစုမှာ အိပ်ငိုက်သူငိုက်၊ အိပ်သူများ အိပ်နေကြပေ ပြီ။ မိမိမြင်မက်သော အိပ်မက်ကို စဉ်းစားရင်း ဟိုဟိုသည်သည်တွေးတောလျက် ရှိနေ၏။

''ငါ ဘာလို့ သည်အပင်တွေကို အိပ်မက်မက်ရတာလဲ။ စိတ်လည်း မစွဲ ဘဲနဲ့။ အကြောင်းတစ်ခုခုတော့ ရှိရမယ်။ သတိနဲ့နေမှ''

ဘုရားစာများကို တတွတ်တွတ်ရွတ်နေမိသည်။

ထိုစဉ် တစ်နေ့တာလုံးအခြေအနေကောင်းနေလေသော မိုးက ရွာရန် အစပျိုးလာလေတော့သည်။ လေများ တဖြူးဖြူးတိုက်လာသည်။ မကြာမီ လေညင်း နှင့်အတူ ရေနှောကာ လေပြင်းများတိုက်ခတ်လာ၏။ အိပ်နေသောခရီးသည်များ နိုးလာကြသည်။ သဘော်ာဘေးတွင် လိပ်တင်ထားသော တာလပတ်မိုးကာများကို



www.burmeseclassic.com

www.burmeseclassic.com



ချကြသည်။ မိုးမစိုစေရန်ဖြစ်သည်။ ထိုအခါ အသံတစ်သံကြားရသည်။ သင်္ဘောသား တို့၏ သတိပေးသံဖြစ်၏။

"ခရီးသည်တွေ တာလပတ်တွေ မချကြပါနဲ့ခင်ဗျာ။ မိုးစိုတာ အရေး မကြီးဘူး။ လေကွယ်ပြီး သင်္ဘောတိမ်းမှောက်သွားရင် အားလုံး ဒုက္ခရောက်လိမ့် မယ်"

ထိုသို့ပြောဆိုသတိပေး၍နေသော်လည်း ခရီးသည်များက တာလပတ် များကို မတင်ကြ။ လေများ တစ်စတစ်စ ပြင်းထန်လာသလို မိုးများက တဖြည်း ဖြည်း သည်းလာနေသည်။ သင်္ဘောကြီးမှာ ...

"ဒုန်း ..."

ဟူသော မြည်သံကြီးတစ်ခုနှင့်အတူ ဘေးသို့စောင်းသွားလေတော့၏။

"အမလေး ... လုပ်ကြပါဦး။ သင်္ဘောမှောက်လို့"

အဖြစ်အပျက်က မြန်ဆန်လွန်းသည်။ စဉ်းစားနေချိန်မရလိုက်။ တဝုန်းဝုန်း ရေထဲ ခုန်ချသူခုန်ချ။ သင်္ဘောကို တွယ်သူကတွယ်။ အော်သံဟစ်သံ၊ ငိုသံယိုသံ ငရဲပွက်သည့်အလား ဘဝင်ထိညံသွားတော့၏။

သင်္ဘောကြီးကတော့ တဖြည်းဖြည်းစောင်းကာ နစ်နေတော့၏။

အခြေအနေက မထူးတော့ပြီ။ မိမိသည်ပင် သင်္ဘောနစ်ရာ တစ်ဖက်ဆီ သို့ အလျင်အမြန် ခုန်ချလိုက်တော့၏။

"ဝုန်း"

ရေပြင်ပေါ်သို့အကျ အရှိန်ကြောင့် အောက်သို့နစ်သွား၏။ ပြန်ပေါ်လာ သည့်အခါ သင်္ဘောနှင့်ဝေးရာဆီသို့ ကူးခတ်နေမိ၏။ မြစ်ပြင်သည် မှောင်အတိ။ ဘာမျှမမြင်ရ။ သင်္ဘောဆီမှ မီးရောင်တချို့ကြောင့် ရေပြင်ကိုတော့ မြင်နေရသေး သည်။ ထိုစဉ် မိမိဆီသို့ အထုပ်ကြီးတစ်ထုပ် မျော၍လာ၏။ ဝမ်းသာသွား၏။ အားလည်း တက်သွားလေသည်။ အနားရောက်တော့ ဝမ်းသာအားရဖက်တွယ် လိုက်လေသည်။

သို့သော် မိမိဖက်တွယ်ထားသောအရာမှာ အထုပ်ကြီးမဟုတ်။ ပန်းစည်း လိုလို၊ ဟင်းသီးဟင်းရွက်များလိုလို ...။ မီးရောင်ပျပျတစ်ခုနားအရောက် သေချာ ကြည့်လိုက်တော့ လူတစ်ဖက်သာသာ ချိတ်နှောင်စည်းထားသော နတ်သစ်ရွက် (သို့မဟုတ်) ရတနာရွှေခွက်ဂမုန်းပင်များသာဖြစ်ကြောင်း အံ့သြမယုံကြည်နိုင်စွာ တွေ့ရတော့သည်။ ခဏကြာတော့ မိမိမှာ သတိလစ်၍သွားလေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

❑

မနက်မိုးလင်းတော့ ခနိတောဟူသည့် တံငါရွာလေးတစ်ရွာတွင် မိမိမှာ မသေကောင်းမပျောက်ကောင်း ရောက်ရှိနေကြောင်း သိရတော့သည်။ သစ်ရွက်အထုပ်ကြီးတစ်ထုပ်ကိုဖက်၍ မျောပါနေသော မိမိအား တံငါလှေတစ်စင်းမှ ဆယ်ယူကယ်တင်ခဲ့ကြောင်းလည်း သိရသည်။ ထိုမှ မိမိမှာ နီဗ္ဗာန်ရွာလေးဆီသို့ ဆက်၍ခရီးထွက်ခဲ့ရသည်။

ထိုအဖြစ်အပျက်လေးများကို ပြန်စဉ်းစားကြည့်ရင်း မိမိအတွေးထဲ ဝင်လာသည်မှာ မိမိနေအိမ်တွင် စိုက်ပျိုးထားခဲ့သော ရတနာရွှေခွက် ဂမုန်းပင်လေးများဖြစ်၏။ ဤဂမုန်းပင်လေးများသည် စီးပွားလာဘ်လာဘများကို လက်တွေ့ပေးစွမ်းနိုင်သည်မှာ ကျွန်ုပ် မျက်မြင်ကိုယ်တွေ့ဖြစ်၏။

ယခု ကျွန်ုပ် အသက်ဘေးမှ လွတ်မြောက်ရခြင်းသည် ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါးနှင့် အမိအဖတို့၏ ကျေးဇူးကြောင့်ဖြစ်သလို ရတနာရွှေခွက်ဟူသော ဂမုန်းပင်လေးများ၏ ထူးခြားသော အိပ်မက်ပေးမှုကြောင့်လည်း ပါဝင်သည်ဟု မိမိယုံကြည်မိလေသည်။ ဤမှစ၍ ကျွန်ုပ်သည် . . .



www.burmeseclassic.com

www.burmeseclassic.com



ဤရတနာရွှေခွက် ဂမုန်းပင်ကလေးများကို အထင်မသေး၊ မလေးမစား၊ မပြုတော့ဘဲ အိမ်ရောက်သည့်အခါ နေ့စဉ် ရွှေရည်၊ ငွေရည်လေးများ လောင်း၍ ပေးရန်လည်း ဆုံးဖြတ်လိုက်တော့၏။

ယခုအခါ ...

ကျွန်တော့်အိမ်တွင် စိုက်ပျိုးထားသော နတ်သစ်ပင် (သို့မဟုတ်) ရတနာရွှေခွက်ဂမုန်းပင်လေးများသည် အများအပြားပွားများလျက်ရှိနေရာ အိုးနှစ်အိုးဖြင့် ပင် ခွဲ၍စိုက်ပျိုးထားရ၏။ ထိုအပင်လေးများ ပွားများနေသည်နှင့်ထပ်တူ ကျွန်တော်တို့အိမ်သားများ၏ စီးပွားလာဘ်လာဘများသည်လည်း ဒီရေအလား တိုးတက်မြင့်မားလျက် ရှိနေကြသည်။

စီးပွားလာဘ်လာဘများသာမက အန္တရာယ်အကြောင်းကိစ္စတစ်ခုခု ရှိလာပါကလည်း အံ့သြမယုံကြည်နိုင်စရာ အိပ်မက်ပေးကာကွယ်နိုင်ကြောင်း ကိုယ်တိုင်ကြုံခဲ့သည့် အဖြစ်လေးများအရ သိရပါတော့သည်။

မင်းအောင်ကျော်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

အလယ်မြောင်၊ ကွမ်းသီးမြောင်တို့၏ ဟိုမှာဘက် 'ဂေါ်ရံကျိ' ကုန်းက
ဖြတ်ကာ သွားလိုက်ပါလျှင် 'အိပ်တလူးကုန်း' ဆီသို့ ရောက်မည်။ ထိုနေရာတွ
ကျွန်တော့်မုဆိုးများဖြစ်ကြသည့် ဖိုးစံညွန့်နှင့်လှမြင့်တို့နှစ်ယောက် ရှိကြသည
သားကောင်များ၏အခြေအနေကို ကြည့်ပြီး ဥက္ကံသုံးဆယ်ဘက်မှ 'လဟာမယေ
ဖုန်းဆိုးတောကြီးအတွင်းတွင်လည်း သားကောင်တို့ကို စိတ်ကြိုက်ပစ်ခတ်နိုင်သည
မဟုတ်ပါလား။

ထို့အပြင် ဥက္ကံနောက်ကျော သရက်ကုန်းကျေးရွာဘက်ဆီတွင်လည
ကွဲရိုင်းများကို ဝင်ရောက်ပြီး ပစ်ခတ်လိုက ပစ်ခတ်နိုင်ကြသေးသည်။ ထို့အပြ
နွားနောက်များကလည်း ရှိနေကြပြန်သေးသည် မဟုတ်ပါလား။

ထိုနေရာကား ပဲခူးရိုးမကြီးအတွင်းဖြစ်သလို ရွာသိမ်ရွာငယ်တို့ များပြ
စွာရှိနေကြသည်။ ထိုရိုးမကြီးကိုဖြတ်လျက် တောင်ကျချောင်းရေများ စီးဆင်းသ
'ဝါးချောင်း (ခ) ငမိုးရိပ်ချောင်း' နှင့် 'မဟူရာချောင်း' ချောင်းကြီးနှစ်ချောင်း၊
စမ်းများလည်း ရှိနေကြသည်။ ထိုနေရာရှိ 'သစ်ဂျပိုးစခန်း' ရှိရာဆီထိ ဝင်
ပစ်ခတ်မည်ဆိုပါက သားကောင်များတို့က အတိုင်းထက်အလွန် ပေါ
နေရာမျိုး ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာများရှိ ရွာကလေးတို့တွင် လူနေအိမ်ခြေများများစားစား မရှိလှ။ နေထိုင်ကြသည့်လူများကလည်း သစ်ဝါးခုတ်၊ မီးသွေးဖုတ်၊ လံထင်းနှင့်ကြိမ်၊ စလူ၊ ဓနိ၊ တောင်ထန်းခုတ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ကြသည့်အပြင် ထောင်ချောက်ဆင်ကာ သားကောင်များဖမ်းဆီးခြင်း အလုပ်များကိုလည်း လုပ်ကိုင်ကြသည်။

ထိုရွာ၏နောက်ဘက်တွင် 'စိန်တောင်'ဟူသောတောင်ကြီးက ထီးထီးကြီးနှင့် မြင့်မြင့်မားမားရှိနေသလို ထိုကျေးရွာအနီးတွင် တောင်ကျချောင်းငယ်များကလည်း ရှိနေသည်။ ထိုနေရာတွင် ငါးများလည်း အင်မတန်ပေါများလှသောနေရာပင်။

ထိုချောင်းငယ်တို့ ပေါင်းဆုံရာတွင် 'မြွေဟောက်တောင်' ရှိနေပြီး အခြားသော တောင်တန်းတောင်သွယ်များနှင့် တစ်ဆက်တစ်စပ်တည်း သွယ်တန်းနေကြသည်။ တစ်ပြန့်တစ်ပြောနှင့် ကျယ်ဝန်းနက်ရှိုင်းလှသော ထိုရိုးမကြီးကို တောင်ကြီးများအပြင် တောင်တန်းတောင်သွယ် တောင်ငယ်များသာမက လွင်၊ ပြန့်၊ ချိုင့်ဝှမ်းကြီးမားသည့်သစ်ပင်ကြီးများ၊ ဝါးရုံတောကြီးများ၊ ချုံနွယ်တောကြီးများတို့က ထပ်မံအားဖြည့်ထားကြပြန်သေးသဖြင့် နက်ရှိုင်းလွန်းလှပေသည်။

သီးပင်စားပင်တို့ကလည်း ပေါများသလို ထိုအပင်များကို မှီတွယ် စားသောက်နေကြသည့် သားကောင်များက များစွာရှိနေကြသလို ထိုသားကောင်များကို မှီတွယ်နေကြသည့် အသားစားသတ္တဝါများကလည်း ရှိနေကြပြန်သေးသည်။

ဆောင်းကာလပင်ဖြစ်စေကာမူ နံနက်ခင်းပေမို့ မြူနှင်းတို့က ကျနေဆဲ။ နှင်းစက်နှင်းပေါက်များက သစ်ပင်ကြီးများထက် ရွက်ဖားဝေဝေကြီးတို့တွင် တွယ်ကပ်နေရာမှ မြေပြင်ထက် သစ်ရွက်ခြောက်များပေါ်ဆီသို့ တဖျောက်ဖျောက်ကျဆင်းနေသည်။

အလယ်ခေါင်တွင် မီးကျီးခဲရဲရဲများ အတိရှိနေသည့် မီးဖိုကြီး တစ်ဖက်တစ်ချက်စီရှိ မြေပြင်တွင်ထိုးစိုက်ထားသည့် သစ်ချောင်းထိပ်ခွဆုံတို့ထက်ဆီတွင် ဝါးတစ်လုံးနှင့်သပ်လျှိုကာ တစ်ကောင်လုံး ရင်ကိုခွဲ (အတွင်းကလီစာများ ထုတ်ထားသည့်) ချေသားကင်ထံမှ တစက်စက်ကျနေသည့် အဆီရည်တို့ကြောင့် မီးကျီးခဲရဲရဲတို့နှင့် အတိရှိနေသော မီးဖိုကြီးအတွင်းဆီမှ ဖောက်ခနဲ၊ ရှဲခနဲ အသံများကို ကြားနေရသည်နှင့်အတူ မွှေးပျံ့သောအနံ့ကြောင့် စားချင်စိတ်က ထိန်းလို့မရအောင် ဖြစ်နေကြသော်လည်း အကျက်ကမညီသေးသဖြင့် စားလို့က မရသေး။

သို့အတွက် လူငယ်နှစ်ဦးဖြစ်ကြသော မွန်နှင့် ကုလားကြီးသန်းညွန့်တို့နှစ်ဦးက အကျက်ညီစေရန် လှည့်ပတ်ကင်နေကြသည်။

မြူနှင်းများဝေ့ဝေ့ဝဲဝဲအကြားမှ မှုန်ဝါးဝါးနှင့် လှမ်း၍မြင်တွေ့နေရသော 'မြွေဟောက်တောင်' ကျောဘက်ဆီသို့ အဖွဲ့သားများသည် အဖန်ရည်ကိုသောက်ကာ မီးလှုံကြရင်း ဆာလောင်မွတ်သိပ်မှုကို ဖြေသိမ့်နေကြရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှာခံမုခိုးများဖြစ်ကြသည့် ဖိုးစံညွန့်နှင့်လှမြင့်တို့နှစ်ယောက်က လွယ်အိတ်အတွင်းမှ သတင်းစာစက္ကူကို ဖြတ်ထားသည့် လက်တစ်ဝါးခန့်စက္ကူလိပ်ကိုထုတ်ကာ ဆေးမှုန့်တို့ထည့်ထားသော ဘူးကိုဖွင့်လျက် ပွတ်ချွန်းဆေးလိပ်တစ်ယောက်ကို တစ်လိပ်စီ လိပ်လိုက်ကြရင်း မီးတို့ကာ အားပါးတရ ဖွာရှိုက်နေလိုက်ကြသည်။ ပြီးနောက် မီးခိုးငွေ့များကို အခွေလိုက်မှုတ်ထုတ်ကြရင်း သူတို့စိတ်ကူးများကို ယနေ့ ဘယ်ဆီသို့လိုက်ကြလျှင် ကောင်းမည်ကို တွေးနေကြဟန်မျိုးပင်။

အတန်ကြာတော့ ကုလားကြီးသန်းညွန့်နှင့် မွန်တို့နှစ်ယောက်က ခါးကြားမှ အမဲလိုက်ဓားမြှောင်များကို ဆွဲထုတ်ကာ ချေသားကင်ကို လှီးဖြတ်လိုက်ကြပြီး၊ တောင်ပေါ်ပျောရွက်များ ခင်းထားရာဆီသို့ ချပေးလိုက်သဖြင့် အားလုံးက အားပါး တရ အဖန်ရည်နှင့်စားနေစဉ် အစ်ကိုကြီးဦးသိန်းလွင်က သူ၏ကျောပိုးအိတ်အတွင်း မှ သယ်ဆောင်လာခဲ့သည့် ပုလင်းကိုထုတ်ကာ ဝါးကျည်တောက်အတွင်း လောင်း ထည့်လိုက်ပြီး သောက်နေသလို ကျန်လူများကိုလည်း သောက်ခိုင်းနေပြန်သည်မို့ တစ်ဦးလျှင် အချမ်းပြေ အနည်းငယ်စီ ငိုင်းမော့လိုက်ကြသည့်အတွက် ပြောင် တလင်းခါ သွားပေတော့သည်။ ထိုစဉ် ဖိုးစံညွန့်ထံမှ ခပ်ထွေထွေလေးနှင့် အသံက ထွက်လာပြန်သည်။

''ခင်ဗျားတို့အဖွဲ့ကို မေးရဦးမယ်ဗျာ။ ဗဟုသုတပေါ့။ ဆတ်တွေဟာ အခုလို မိုးလင်းလာရင် ဘယ်မှာအိပ်တတ်၊ နားနေတတ်ကြသလဲဗျ''

သူမေးလိုက်သည့်စကားကြောင့် အစ်ကိုကြီးဦးသိန်းလွင်က ကောက်ကာ ငင်ကာနှင့် ပြန်ဖြေလိုက်သည်က ...

''သူတို့အတွက် ဘေးရန်ကင်းတဲ့ လိုဏ်ဂူ၊ လိုဏ်ခေါင်း၊ တောချုံပုတ် ကြီးတွေအတွင်းနဲ့ လျှိုမြောင်တွေအကြားလေဗျာ''

''အင်း ... ကိုသိန်းလွင်။ ခင်ဗျားဖြေတာတော့ မှန်ပါတယ်။ အဲဒါက တခြားတောတွေမှာဖြစ်မယ်။ ဒီတောမှာ ဆတ်တွေက လမ်းပေါ်မှာအိပ်တယ်။ သူ တို့ရဲ့ဦးခေါင်းတွေကို တောချုံပုတ်အတွင်း ဝှက်အိပ်တယ်ဆိုရင် ယုံကြမလားဗျ''

သူပြောလိုက်သည့်စကားကြောင့် ကျွန်တော်ပင် တအံ့တဩဖြစ်သွားသည် ကအမှန်ပင်။ သို့အတွက် စိတ်တွင်းက အသံမထွက်ဘဲ နောက်တီးနောက်တောက် ပြောရှာ့မယ်ဟု တွေးထင်လိုက်စဉ် ဉာဏ်ကျယ့်အသံက ထွက်ပေါ်လာသည်။

''မယုံဘူး ...။ ဘယ်နည်းနဲ့မှလည်း မဖြစ်နိုင်ဘူး။ ကြားလည်း မကြား ဖူးဘူး''

အမှန်အတိုင်းပြောရလျှင် ကျွန်တော်တို့ သဘောထားကလည်း ဉာဏ်ကျယ် ပြောလိုက်သည့် သဘောထားနှင့် ထပ်တူဖြစ်နေသည်မို့ သူတို့မျက်နှာကို ကြောင်



www.burmeseclassic.com

www.burmeseclassic.com


ကမ်းအမ်းနှင့် ကြည့်နေစဉ် ဖိုးစံညွန့်ရော လှမြင့်တို့နှစ်ယောက်က ရယ်မောလိုက်ကြ ရင်း၊ ပြန်ဖြေလိုက်သည်က ...

"ခင်ဗျားတို့ ခုလိုဖြေကြမယ်ဆိုတာ ကျွန်တော် ကြိုတွက်ပြီးသားပါ။ ဒါကြောင့် ဗဟုသုတလို့ ပြောလိုက်တာပေါ့။ ယုံချင်စရာတောင် မရှိပါဘူး။ ဒါပေမဲ့ အရပ်က ဆတ်တွေ၊ ချေတွေက အဲသလိုမျိုးအိပ်တာ အမှန်ပဲ။ လှမြင့် ... ငါပြောတာ ဟုတ်သလား"

"ဟုတ်ပါတယ်။ အဲဒီလိုနေရာမျိုးတွေမှာ အိပ်ကြပါတယ်"

ဖိုးစံညွန့်က သည်တောသည်တောင်များအတွင်း ကျင်လည်နေသည့် မုဆိုးတစ်ယောက်ဖြစ်သလို လှမြင့်ဆိုသည်ကလည်း မုဆိုးတစ်ယောက်ပင်။ သူ တို့နှစ်ယောက်ကား အသက်က သိပ်ကွာလှသည်တော့မဟုတ်။ ဖိုးစံညွန့်သည်ပင် ကြီးသူတစ်ယောက်ဖြစ်သော်လည်း အလွန်ဆုံးရှိလှ သုံးဆယ်ဝန်းကျင်။ လှမြင့်က (၂) နှစ်ခန့်ငယ်ပေမည်။ သူတို့ကျင်လည် ကျက်စားသည့် တောအနေအထားကို ပြောပြနေသည့်အတွက် ယုံရခက်ခက်ဖြစ်နေစဉ် ဉာဏ်ကျယ်က ...

"လက်တွေ့ဆိုရင် ယုံမယ်ဗျာ ...။ ကျွန်တော်နဲ့ ဘယ်အချိန်သွားမလဲ။ ပြော"

"လက်တွေ့မြင်မှ ယုံမယ်ဆိုရင် ခုပဲထွက်လိုက်ကြရအောင်။ ဘာကြောင့် လဲဆိုတော့ ခုလိုမနက်ခင်းအချိန်ကောင်းတယ်လေ။ ခုသွားမယ်ဆိုရင် သားကောင် ခြေရာကို မနက်ဖြန်မှ လိုက်ကြမယ်။ ဘယ်လိုသဘောရသလဲ"

သူပြောသည့်စကားအရ ကျွန်တော်တို့အဖွဲ့ ယနေ့မနက်ပိုင်း သားကောင် ကြီးများ ခြေရာကောက်လိုက်ကြရန် တိုင်ပင်ညှိနှိုင်းထားကြသည်မို့ ကျွန်တော်တို့ အဖွဲ့ကို တာဝန်ယူအုပ်ချုပ်နေသည့် အဘကောင်းမျက်နှာကို လှမ်းကြည့်နေလိုက် ကြပေသည်။

ကျွန်တော်တို့ အဖွဲ့သားများအတွင်းတွင် အဘကောင်းတစ်ယောက်က တောပေါင်းစုံကို လှည့်လည်ပစ်ခတ်ခဲ့ဖူးသလို အတွေ့အကြုံ အတော်များများ ရှိထားသူတစ်ယောက် ဖြစ်ပါသော်လည်း ယခုကိစ္စကို သူကိုယ်တိုင်ပင် အယုံရခက် နေသူဖြစ်သဖြင့် အစီအစဉ်ကိုဖျက်ကာ လိုက်လျှင်ကောင်းမကောင်းကို အတန်ကြာ စဉ်းစားလိုက်ပြီးနောက် ပြောလိုက်သည်က ...

"အေးလေ ... မနက်ဖြန်မှ ခြေရာကောက်လိုက်ကြတာပေါ့။ ဒီနေ့ ပစ် လို့ရခဲ့ရင် နောက်နေ့တွေအတွက် ဟင်းစားရတာပေါ့။ ဘယ်နှယောက် လိုက်ခဲ့ရ မလဲ ဖိုးစံညွန့်"

"နှစ်ယောက်လိုက်ခဲ့။ ကျွန်တော်နဲ့ဆိုတော့ သုံးယောက်။ လူများများ ဖြေသံမလုံရင် သိပ်မသေချာဘူး"


www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောလိုက်စဉ် လှမြင့်ကလည်း ဝင်ပြောလိုက်ပြန်သည်က ...

"ဒါဆိုရင် ကျွန်တော်နဲ့လည်း နှစ်ယောက်လိုက်ခဲ့။ ကျစ်တွင်းကို သွား မယ်။ ကံကောင်းရင် ချေဝါကို ပစ်ရမယ်"

သူက တစ်မျိုးပြောလာပြန်သည့်အတွက် ဒုတိယအကြိမ် ထပ်မံအံ့သြ လိုက်ကြရသူများက ကျွန်တော်တို့အဖွဲ့သားများပင်မို့ ...

"ဘာ ... ဘယ်လိုကွ လှမြင့်။ ချေဝါ ... ဟုတ်လား။ မင်းတို့တော ဆီကို ရောက်မှပဲ ငါတို့ အဆန်းတကြယ်တွေချည်း ကြားနေရပါလားကွ"

"ဟုတ်တယ်ဘိုလေးရဲ့ ...။ ချေဝါဗျ ...။ သူ့အမွေးရောင်က နနွင်း ရောင်လို ဝါထိန်နေတာလေ။ အကောင်ကလည်း ကြီးတယ်ဗျ။ ဒူးမဲ (တောကြီးချေ) ထက်တောင် ကြီးတယ်။ အချို့အကောင်တွေဆိုရင် အချိန်နှစ်ဆယ်လောက်ထိ ရှိကြတယ်"

"ဟုတ်လား ဒါဆိုရင် ငါနဲ့အစ်ကိုကြီးဦးသိန်းလွင်တို့ လိုက်မယ်ကွာ"

ကျွန်တော်တို့မှာ လမ်းတွင် အဆာပြေစားကြရန်အတွက် ချေသားကင် များကို တောင်ပျောရွက်များနှင့်ထုပ်ကာ လွယ်အိတ်အတွင်း ထည့်နေလိုက်စဉ် ဖိုးစံညွန့်၊ ဉာဏ်ကျယ်နှင့် ကုလားကြီးသန်းညွန့်တို့သုံးယောက် ဆတ်အိပ်တန်း ပစ်ခတ်ရန် ထွက်သွားကြသလို ကျွန်တော်တို့နှစ်ယောက်ကလည်း သေနတ်များ ဆွဲကိုင်၍ လှမြင့်ကိုခေါ်ကာ ကျစ်တွင်းဘက်ဆီ ထွက်လာခဲ့ကြပေသည်။

နံနက်ခင်း မပီပိုးတဝါးအလင်းရောင်များနှင့်မို့ တိတ်ဆိတ်နေသည်ဆို သော်လည်း တောကြက်များ၏ တွန်ကျူးသံ၊ ကျေးငှက်သံတို့အပြင် မျောက်အုပ် များ၏ အော်ဟစ်ကြသံများကိုတော့ဖြင့် ကြားနေကြရသည်။ စခန်းမှအထွက် ခင်တန်းကလေးကို မြေသားလမ်းကလေးအတိုင်း လျှောက်လှမ်းခဲ့ကြရင်း တော ပြုတ်များ၊ မြောင်နှင့်လျှိုများကို ကျော်လွှားဖြတ်သန်းကာ လာခဲ့ကြပေသည်။ လျှောက်လှမ်းရာလမ်းကြောင်းသည် ကျစ်တွင်းရှိရာဆီသို့ ဦးတည်နေရသည်မို့ မြေပြင်က ကျောက်သားပြင်များနှင့် ရောထွေးလာသည်။ အချို့ကျောက်သား ပြင်ထက်တို့တွင် ရေညှိများတွယ်ကပ်နေကြပြီး နှင်းများဖြင့် စိုစွတ်နေသည်မို့ ခြေကုတ်ကာ လမ်းလျှောက်၍ မရနိုင်လောက်အောင်ပင်။ အချို့သောနေရာတို့တွင် ကျောက်ဖျာကြီးများလို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေသည်မို့ လှမြင့်က ကျွန်တော် တို့နှစ်ဦးကို လက်နှင့်ဆုပ်ကိုင်လျက် ဖေးမလျှောက်လှမ်းနေကြရသဖြင့် ခရီးက သိပ်မတွင်သလို ဖြစ်နေသည်။

အထက်ရှုပ်၊ အောက်ရှင်းသော တောမျိုးမို့ သေနတ်ကို အသင့် ကိုင်ထားသော်လည်း မောင်းထိန်းခလုတ်ကိုတော့ ပိတ်ထားဆဲ။ မြေသားဆန်သော



www.burmeseclassic.com

www.burmeseclassic.com



နေရာများတွင် ခြေရာမျိုးစုံကို နှင်းစက်တို့အကြား တွေ့နေရသည်။ ဆတ်၊ ဒရယ်၊ ချေနှင့် တောဝက်အုပ်တို့၏ ခြေရာများပင်။

ကွက်သာ၏ဟိုမှာဘက် တောတညင်းပင်ကြီး၏ ပင်စည်လုံးကို နွယ်ပင်ကြီးများက အကိုင်းကြီးထက်တွင် ရှုပ်ထွေးပွေလိမ်စွာပေါက်နေသော သပွတ်သိမ်ချုံနွယ်ပင်ကြီးအတွင်းဆီမှ အမှတ်မထင် ကြက်တူရွေးတစ်အုပ်က ကိခနဲ၊ ကိခနဲ ကျယ်လောင်စွာ အော်ဟစ်ပျံသန်း ပြေးထွက်သွားလိုက်သည့်အသံကြီးကို သုံးဦးသားကြားလိုက်ကြရသဖြင့် တထိတ်တလန့်အသွင်မျိုးနှင့် အစ်ကိုကြီးဦးသိန်းလွင်က ကိုင်ဆောင်ထားသောသေနတ်ဖြင့် လှမ်း၍ချိန်ရွယ်လိုက်သည်ကို တွေ့မြင်လိုက်ရပေသည်။ ယခု သူဖြစ်သွားသလို ကျွန်တော်ပင် ထိတ်ခနဲဖြစ်သွားမိသည်ကအမှန်။

ကျွန်တော်တို့နှစ်ဦးက သေနတ်ကိုထမ်းရင်း လမ်းပြလှမြင့် နောက်မှ တစ်လှမ်းချင်းစီ လျှောက်လှမ်းနေလိုက်ကြရင်း ခင်ကြောတစ်ခုအဆုံး၊ အင်တိုင်းတောအစတွင် လှမြင့်က လက်ညှိုးထိုးပြလိုက်သဖြင့် ကြည့်လိုက်ကြရာ မြေပြင်ထက်ဆီတွင် ခြေရာဝိုင်းဝိုင်းခွက်ခွက်ကြီးတစ်ခုကို တွေ့မြင်လိုက်ကြရပေသည်။

လှမြင့်က ခြေရာရှင်၏အမျိုးအမည်ကို သိရှိနိုင်ရန် အနီးသို့တိုးကပ်၍ မှဆိုးထိုင်ပုံစံနှင့်ထိုင်လိုက်ရင်း လေ့လာအကဲခတ်နေရင်း ပြောလိုက်သည်က ..

"နွားကြီးတစ်ကောင်ရဲ့ ခြေရာနဲ့တော့ တိုးနေပြီဗျို့"

"ဘာလဲကွ လှမြင့်ရဲ့၊ နွားဆိုတာ ဘာကောင်လဲ"

"ပြောင်နွားကူးကြီးဗျ။ ကြီးလိုက်တဲ့ အကောင်ကြီး။ ကျွန်တော်တို့နဲ့ ကွာလှ တစ်နာရီပေါ့။ လိုက်မယ်ဆိုလည်း သေနတ်အင်အားနည်းတော့ ဘာမှလုပ်လို့မရဘူး။ မနက်ဖြန် ဒီကောင့်နောက် လိုက်ရအောင်"

သူ့အပြောကြောင့် ကျွန်တော် ခြေရာကို အသေအချာကြည့်လိုက်ရာ ထမင်းစားပန်းကန်ပြားနီးပါးရှိပြီး ကိုယ်အလေးချိန်ကြီးမားသည့် အကောင်ကြီးမို့ မြေပြင်တွင် ချိုင့်ဝင်နေသည်က အထင်အရှား။

"ဟုတ်တယ်ကွ။ ဒီကောင်ကြီး စားစားသွားသွားဆိုတော့ နှစ်နာရီလောက်လိုက်မယ်ဆိုရင် မီနိုင်တယ်။ ဒါပေမဲ့ သေနတ်အင်အားတွေက နည်းတော့ သူ့ကိုမောင်းထုတ်သလို ဖြစ်သွားမှာလည်း စိုးရိမ်ရတယ်။ မနက်ဖြန်မှ သူတို့နဲ့ တိုင်ပင်ပြီး လိုက်ကြမယ်ကွာ။ ခုတော့ မင်းပြောတဲ့ ကျစ်တွင်းဆီကိုပဲ ဦးတည်လိုက်ကြမယ်"

အရှေ့ဆီတွင် ကောင်းကင်ပြင်သည် ပြာလဲ့ကြည်စင်နေသလို အနောက်ဘက်ဆီတွင် မိုးသားတိမ်လိပ်များက အထိုက်အလျောက်ညို့ ချိတ်နေသည်။ လျှောက်လှမ်းရာလမ်းကြောင်းသည် နှင်းများကွဲသွားပြီမို့ ရှင်းလင်းပြတ်သားစွာ



www.burmeseclassic.com

www.burmeseclassic.com



အမြင်အာရုံတို့နှင့်အတိ။ နွေကာလပင်ဖြစ်သော်လည်း နံနက်ခင်းနှင်းများ ပက်ဖျန်းခြင်းကို ခံထားရသဖြင့် တောကြီးက အမြဲစိမ်းသစ်တောကြီးအသွင်မျိုးနှင့် ဟန်ဆောင်လျက်။

သစ်ပင်ကြီးငယ်များ၊ တောချုံပင်၊ ဝါးရုံတောကြီးများအပြင် နွယ်ပင်ကြီးမှာ ရစ်ပတ်နွယ်သိုင်းထားကြသော ပင်စောက်၊ ကံ့ကော်၊ သစ်အယ်၊ မဏိသြဂ၊ တောင်သရက်၊ တောင်သလဲ၊ တောတည်းနှင့် ကနစိုးအတိရှိကာ စိမ်းစိုအုံ့ဆိုင်းနေပြီး ထိုဝန်းကျင်သည် နေပြောက်ပင်မထိုးနိုင်အောင် ပိတ်ဆို့ကာဆီးလျက်။

တောင်ကြားလျှိုကြီးများအတွင်း သစ်ပင်ကြီးများက ခပ်စောင်းစောင်းနှင့် ကမ်းပါးယံများဆီတွင် တွယ်ကပ်ပေါက်နေပြီး ခပ်လှမ်းလှမ်း တောင်ထိပ်ကိုမြက်ရိုင်းပင်များ ဖုံးလွှမ်းနေသည်ကို သတိပြုလိုက်မိသည်။ တောင်ကတုံးအသွင်မျိုးပင်။ ထိုတောင်ကတုံးတွင် သစ်ပင်များ ခပ်ကျဲကျဲပေါက်၍နေကြပြီး ဆင်ခြေလျှောတစ်ခုအဆုံးတွင် ခပ်ပြေပြေခပ်နိမ့်နိမ့် တောင်ကုန်းကလေးတစ်ခုဆီသို့ရောက်လာကြ၏။ ထိုနေရာ၏ အောက်ခြေမြေပြင်တွင် ကျောက်တုံး၊ ကျောက်ခဲ၊ ချုံပုတ်ငယ်များအပြင် ဝါးပင်ပေါက်များ၏ အကိုင်းအခက်၊ အရွက်များဖြင့် ပြန့်ပြန့်အုပ်အုပ်။ ကုန်းထိပ်တွင် လင်းယောပင်ကြီးတစ်ပင်က ထီးထီးကြီးပေါက်နေသည်။ ထိုအပင်ကြီးအောက်ဆီသို့ သုံးဦးသားရောက်ရှိတော့ ရှာခံမုဆိုးလုမြင့်က လျှိုအောက်ကိုငုံ့ကြည့်ရင်း လက်ညှိုးထိုးကာ အချက်ပြနေသည့်အတွက် လှမ်းကြည့်လိုက်ကြရာ ကမ်းပါးယံအောက်ခြေတွင် ဂလိုင်ကြီးလိုဖြစ်နေသည့်အတွင်းသို့ကိုယ်လုံးကဝင်လျက် သူ၏အမြီးကို တန့်နွံ့ယမ်းခါပြီး မြေငန်ကိုစားနေသည့် ခပ်ဝါဝါအကောင်တစ်ကောင်၏ ဖင်ပိုင်းကို တွေ့လိုက်ကြရပေသည်။ လုမြင့်ပြောသည့်ချေဝါပင်ဖြစ်ပေမည်။

အစ်ကိုကြီးဦးသိန်းလွင်ကိုင်ဆောင်ထားသည့် သေနတ်က ၃၀ ဒသမ ဝ၆ ရိုင်ဖယ်မို့ အထက်စည်းကလည်း ဖြစ်နေသလို သားကောင်ကလည်း သူ၏နောက်ကျော တောင်ကုန်းထက်ရှိ ကျွန်တော်တို့အနေအသက်ကို ရဟန်မတူ။ သိပုံလည်းမပေါ်။ ဆက်လက်ကာ မြေငန်ကိုစားနေဆဲမို့ တံတောင်နှင့်တို့ထိကာ အပစ်ခိုင်းလိုက်ပေသည်။

"ဒိုင်း ...."

အမြီးတလှုပ်လှုပ်နှင့်ဖြစ်နေသည့် ဝါဝါအကောင်၏ ဖင်ပိုင်းကို သူ့နောက်ကျောအထက်ဆီက အောက်ဘက်ဆီသို့စိုက်ကာ ပစ်ခတ်လိုက်ရသည်။ ပေါက်ကွဲသံကြီးက အောက်ဘက်ဆီသို့ လုံး၍ ရွေ့လျားတိုးတိမ် သွားလင့်ကစား ဝန်းကျင်တွင် တုန်ခါသွားသည်ကတော့ အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ကျည်ဆန်ထိပ်ဖူးသည် ဝါဝါအကောင်၏ ဖင်ပိုင်းကို ထိမှန်သွား၍ပြီး ကျည်ဆန်၏ ရိုက်ခတ်ခြင်းကိုပါ ခံလိုက်ရသော သားကောင်သည် ဖင်ပိုင်းက မြေပြင်သို့နိမ့်ဆင်းသွားကာ လိုဏ်ဂူအပြင်သို့ တလိမ့်ခေါက်ကွေးထွက်ကာ လူးလှိမ့်နေရင်း ထပြေးသည်။ သို့သော် ခပ်ဝေးဝေးသို့ မပြေးနိုင်ဘဲ ဝါးပင်တစ်ပင်ကို မှီတွယ်မေးကပ်ထားရင်း ငူငူကြီးရပ်နေ၏။

"ဒိုင်း ..."

နောက်တစ်ချက် ကျည်ထိပ်ဖူးက လက်ပြင်ကိုဖြတ်ဖောက်ထွင်းသွားခြင်းကို ခံလိုက်ရတော့မှ မြေပြင်ထက်ဆီသို့ ဘေးတိုက်လဲကျသွားကာ အသက်ပျောက်သွားသည်ကို တွေ့မြင်လိုက်ရပေသည်။ အနားဆီသို့ သေသေချာချာသွားကြည့်လိုက်တော့ ချေဆိုပေမယ့် အနေအထားက ဒရယ်တစ်ကောင်နီးပါး။ အလေးချိန်က (၂၅) ပိဿာနီးပါးလောက်ဖြစ်သည်ကို တွေ့လိုက်ရသလို တစ်ကောင်လုံး၏ အမွေးရောင်တို့ကလည်း နနွင်းရောင်မျိုးဖြင့် ဝါထိန်နေသည်ကို တအံ့တသြ တွေ့မြင်လိုက်ကြရပေသည်။ ရွာခံမုဆိုးလှမြင့်ကား သူပြောသည့်စကားမှန်သည့်အတွက် အားပါးတရအသွင်နှင့် ချေသေကို စွေ့ခနဲကောက်ယူကာ ပခုံးတွင်ထမ်းရင်း ပြန်ခဲ့ကြပေတော့သည်။

✿ ✿ ✿

[၂]

❑

ကျွန်တော်တို့သုံးဦးသား ပစ်ခတ်လို့ရရှိလာသည့် ချေဝါကောင်ကို ထမ်းပြန်လာရင်း စခန်းချရာဆီသို့ရောက်တော့ သူတို့အားလုံး သားကောင်သေကိုကြည့်ကာ တအံ့တသြဖြစ်နေကြသည်ကို တွေ့လိုက်ရသလို မရှေးမနှောင်းဆိုသလို သူတို့အဖွဲ့သုံးဦးလည်း ပြန်ရောက်လာကြရင်း ဉာဏ်ကျယ်ပြောလိုက်သည်က..

"ဟာ ... ဒီမှာလည်း ချေဝါကို သူတို့ပစ်လို့ ရလာခဲ့ကြတယ်။ ဒီတောကတော့ တကယ်အံ့သြစရာပဲ။ ဒီလိုအဝါရောင်ရှိတဲ့ ချေလိုအကောင်မျိုး ဘယ်မှာမှ မတွေ့ခဲ့ဘူး။ ဒီမှာလာပြီးတွေ့နေရသလို အိပ်ပြန်တော့လည်း လမ်းပေါ်မှာကိုယ်လုံးထားပြီး သူတို့ခေါင်းကိုတော့ ချုံတောထဲ ဝှက်အိပ်ကြရတယ်မျှ။

www.burmeseclassic.com



ကိုယ်တွေ့မဟုတ်ရင် ယုံတဲ့လူတောင် ရှိမှာမဟုတ်ဘူး။ ခုလည်း ချေလို့သာဆိုတယ်။ ဒရယ်နီးပါးလောက်ရှိတဲ့ အကောင်ကြီး။ ဒူးမဲထက်တောင် ကြီးသေးတယ်''

အမှန်အတိုင်းဆိုပါလျှင်လည်း သူပြောသည့်စကားတို့က မှန်နေသည်။ သူပြောနေသည့် ဒူးမဲချေ (အချို့တောများတွင် တောကြီးချေ) ဟု ခေါ်ဆိုကြသည့် အကောင်များသည်ပင် အလွန်ဆုံးကြီးပါမှ (၁၇) ပိဿာခန့်ရယ်သာ။ အလွန်လည်း ရှားပါးပြီး ပစ်ခတ်ရရှိခဲပေသည်။ ယခု ကျွန်တော်တို့ပစ်ခတ်ရရှိလာသော ချေဝါကား ပိဿာချိန်(၂၅)နီးပါးမို့ ဒရယ်တစ်ကောင်၏ အလေးချိန်တန်းကို ဝင်နေသည်က အမှန်ပင်။ (ချေတစ်ဆယ် ဒရယ်အစိတ်ဆိုသည့် စကားအတိုင်းပင်)

''မင်းတို့ကရော ဖိုးစံညွှန့်ပြောတဲ့အတိုင်း ပစ်ခဲ့ကြရသလားကွ''

အစ်ကိုကြီးဦးသိန်းလွင် မေးလိုက်သည့်စကားကြောင့် ကုလားကြီး သန်းညွှန့်က ...

''ပစ်ခဲ့ရတယ်။ ရလည်း ရတယ်။ စခန်းကိုသယ်ဖို့ လူလာခေါ်တာ။ အခြေအနေကို ပြီးတော့ ပြောပြမယ်။ အခုသွားသယ်လိုက်ကြရအောင်''

ပြောပြောဆိုဆိုနှင့် သူတို့လူငယ်အုပ်စု ဆတ်ကို စခန်းချရာဆီသို့ သယ်ဆောင်ရန်အတွက် သေနတ်များကို ပခုံးတွင်လွယ်ကြရင်း ထွက်ခွာသွားသလို ကျွန်တော်တို့လူကြီးသုံးယောက်က သားကောင်ကို အရေချရန် ပြင်ဆင်နေလိုက်ကြပေသည်။

✿ ✿ ✿

[ ၃ ]

❑

မနက်ပိုင်းက ကျွန်တော်တို့သုံးဦးသား ကျစ်တွင်းရှိရာဆီသို့အသွား လမ်းတွင်တွေ့ခဲ့ရသည့် ခြေရာပိုင်းပိုင်းနှင့် နွားကျူးပြောင်ကြီးအကြောင်းကို ပြောနေရင်းက မနက်ဖြန်မနက်ကို အကောင်ကြီးနောက်ဆီသို့လိုက်ကာ ခြေရာခံရေးကိုသာ သဘောထားတောင်းလိုက်ရာ အားလုံးကပင် စိတ်ဝင်တစားရှိသည်မို့ လိုက်ကြရန်အတွက် ဆုံးဖြတ်လိုက်ကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချေနှင့်ဆတ်ကို အရေချ၊ အတွင်းကလီစာများကိုထုတ်၊ အသားများကို ယမ်းစိမ်းပက်ကာ အခြောက်လှန်းလိုက်ကြပြီး ဝမ်းတွင်းသားများနှင့် ထမင်းစားလိုက်ကြကာ နောက်တစ်နေ့အတွက် အနားယူ၍ အားမွေးနေလိုက်ကြပေသည်။

ထမင်းစားသောက်ပြီးနားနေစဉ် သေနတ်များ တိုက်ချွတ်ကာဆီများ ကျွေးအပြီး အားနေကြသည်မို့ အနီးတွင်ထိုင်နေရင်း အဖန်ရည်သောက်နေကြသော ကုလားကြီးသန်းညွှန့်၊ ဉာဏ်ကျယ်နှင့် ဖိုးစံညွှန့်တို့သုံးဦးအား လှမ်းမေးလိုက်မိသည်က . . .

"ဉာဏ်ကျယ် မင်းတို့ မနက်က ဆတ်အိပ်တန်းလိုက်ပစ်ကြတဲ့ အခြေအနေလေးကိုလည်း ငါတို့သိအောင် ရှင်းပြစမ်းပါဦးကွ။ ဗဟုသုတ အဖြစ်ပေါ့"

ကျွန်တော်လှမ်းပြောလိုက်သည့်စကားကြောင့် ဉာဏ်ကျယ်က . . .

"ဟုတ်တယ် ဘိုလေးရဲ့။ ကျွန်တော်တို့သုံးယောက် မနက်က လဟာမယ်ဘက်ကို သွားကြတာလေ"

"လဟာမယ်ဆိုတော့ မင်းတို့ အတွင်းပိုင်းကို တိုးဝင်ကြရတာပေါ့"

"ဟုတ်တယ် . . .။ အတွင်းပိုင်းကို တိုးဝင်ကြရတာလေ။ မျောက်အုပ်တွေက ပေါမှပေါပဲ။ မျောက်ညိုအုပ်ဆိုရင် လူကိုရန်လုပ်တာ ဆင်းကိုက်တော့မယ့်အတိုင်းပဲ။ ဒါကြောင့် မျောက်အုပ်ထဲက ထီးကောင်းကြီးတစ်ကောင်ကို ပစ်ချလိုက်တော့မှ ကျန်တဲ့အကောင်တွေ ပြေးကြတယ်လေ။ ခုတော့ မျောက်သွေးလည်းရသလို မျောက်ချေးခါးလည်း ထုတ်ပြီးပြီလေ"

"ဟုတ်လား။ ချေနဲ့ဆတ်ရော ချေးခါးမထုတ်ဘူးလား"

"မထုတ်တော့ဘူး၊ နောင်ရတော့မှ လိုအပ်ရင် ထုတ်လိုက်ကြတာပေါ့"

သူပြောသလိုကလည်း ဟုတ်တော့ဟုတ်နေသည်။ မျောက်များတွင် မျောက်ညိုမျိုးတို့မှာ သူတို့အုပ်တွင် အခြားသောအကောင်များထက် ပိုကြီးသော အကောင်ဖြစ်သည်။ နောက်တစ်မျိုး ချေးခါးထုတ်စားလို့ကောင်းသည့် အကောင်မျိုးက မျောက်မြီးရှည်များပင်ဖြစ်သည်။ သို့သော်လည်း ထိုမျောက်နှစ်မျိုးတွင် မျောက်ညိုမျိုးသာလျှင် ပို၍ကောင်းသည်ဟု မုဆိုးလုပ်ကြသူတို့က သတ်မှတ်ကြလေသည်။

အဘယ့်ကြောင့်ဆိုသော် မျောက်ညိုတစ်အုပ်တွင် အကောင်ရေ (၇၀ မှ ၁၀၀) ကျော်အထိ ရှိတတ်ကြပေသည်ဖြစ်ရာ ထိုအုပ်ကြီးကို မျောက်ထီးကြီး တစ်ကောင်ကသာ တာဝန်ယူအုပ်ချုပ်ပြီး ကျန်သောအကောင်များက မျောက်မများချည်းဖြစ်ကာ ထိုမျောက်မအားလုံးတွင်လည်း ဆယ့်နှစ်ရာသီမပြတ်တင်း ကိုယ်ဝန်ဆောင်ထားကြရသည့်အတွက်ပင် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်ကို မည်သည့်ပညာရှင်က လေ့လာမှတ်သား စာတမ်းပြု လိုက်သည်တော့ဖြင့် မသိ။ မုဆိုးလောကတွင် ထိုအချက်ကို အသိအမှတ်ပြု လက်ခံလိုက်ကြသည့်အတွက် မျောက်ကိုပစ်တော့မည်ဟေ့ဆိုလျှင် မျောက်ညို ကိုဆိုလျှင် အထီးကောင်ကို အုပ်အတွင်းမှ ရှာဖွေပစ်ခတ်ကြသည်ကို တွေ့နေ သဖြင့် သူ့သွေးကို အရက်နှင့် ရောစပ်သောက်လျှင်သော်လည်းကောင်း၊ ချေးခါး ကိုထုတ်ကာ စားလျှင်သော်လည်းကောင်း လွန်စွာအားရှိသည်ဟူသော ယူဆ ချက်ကြောင့်ပင်။

ကျွန်တော်တို့ လေ့လာကြည့်သောအခါ ထိုမျောက်ညိုအုပ်တစ်အုပ်တွင် အထီးတစ်ကောင်တည်းက မင်းမူအုပ်ချုပ်သည်ဆိုသည်ကလည်း မှန်သည်။ ကျွန် မျောက်မများကလည်း ဆယ့်နှစ်ရာသီပတ်လုံး ကိုယ်ဝန်လွယ်ထားကြရသည်ဆို သည်ကလည်း မှန်နေသည်။ ထိုမျောက်ညိုမများ မွေးဖွားလာသည့် မျောက်ကလေး တို့အထဲတွင် မျောက်ထီးကလေးများပါလာပါက ဖခင်ဖြစ်သူက ကိုက်သတ်ပစ် သည် ဆိုသည့်အချက်ကလည်း မှန်သည်။ သို့အတွက် မိခင်မျောက်မကြီးက သူ၏ သားကလေးကို ဖခင်ဖြစ်သူကိုက်သတ်ပစ်မည်ကို စိုးရိမ်သည့်အတွက် ကလေး ကိုခေါ်ကာ မျောက်အုပ်အတွင်းမှ ခွဲထွက်သွားကာ အပြင်တွင် အစာရှာကျွေးမွေးပြီး အတတ် ပညာစုံလင်သောအခါမှ လက်လွှတ်ကာ မိခင်ဖြစ်သူက မျောက်အုပ် အတွင်း ပြန်ဝင်လာသည်ဆိုသည့်အချက်ကလည်း မှန်ပေသည်။

မမှန်သည့်အချက်တစ်ချက်တော့ ရှိသည်။ ထိုအချက်က ထိုမျောက်ထီး ကြီး၏သွေးကို အရက်နှင့်ရောသောက်သလို ချေးခါးကို ထုတ်စားခြင်းအားဖြင့် ကျွန်မျောက်ညိုမများတို့လို ရာသီမပြတ်ကိုယ်ဝန်ဆောင် နေကြရလောက်အောင် အားကောင်းသည်ဆိုသည့်အချက်ပင်။

ကျွန်တော်တို့အဖွဲ့သားများသည် တောတောင်များအတွင်း ဝါသနာအရ သားကောင်များကို လိုက်လံပစ်ခတ်နေကြသူများမို့ ထိုအယူအဆ မှန်၊ မမှန်ကို စမ်းသပ်ကြည့်ကြရာ အမှန်တကယ်ကောင်းသည့်အချက်က ငှက်ဖျားဒဏ်၊ အအေး ခံနိုင်သည့်ဒဏ်၊ အမောအပန်းခံနိုင်သည့်ဒဏ် စသည်တို့လောက်သာ ကောင်း သည်ကို ကိုယ်တွေ့ပင်။ အခြားသောဆေးဝါးများနှင့် ရောစပ်မည်ဆိုပါက မည်သို့ အာနိသင်အစွမ်းထက်မည် ဆိုသည်ကိုတော့ဖြင့် မသိ။

သည်နေရာတွင် စာဖတ်ပရိသတ်များ သိရှိနိုင်ရန်အတွက် မျောက်ချေး ခါးထုတ်ယူပုံကလေးကို အနည်းငယ်တင်ပြချင်ပါသည်။ ကိုယ်ပစ်လို့ရသည့် မျောက် ကို အရေချွ၊ ရင်ကိုခွဲ၊ အစာအိမ်ကိုထုတ်ပြီး နေရောင်နှင့်ကြည့်မည်ဆိုပါက အစာ ဟောင်းက မည်းနေပြီး (မစင်ဖြစ်တော့မည့်အနေအထား) အစာသစ်က စိမ်း နေသည်ကို တွေ့မြင်ရမည်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအစာဟောင်း (မည်းနေသည့်) နေရာနှင့် အစာသစ် (စိမ်းနေသည့် နေရာ) ကို ကြိုးဖြင့်စည်းနှောင်လိုက်ပြီး အစာဟောင်းဘက်ကို စွန့်ပစ်ကာ ဝက်ဖူ ချောင်းကလေးအသွင်မျိုးနှင့် ကျန်ရှိနေသည့် အစာသစ်အပိုင်းကလေးကို ရေမွှေး ဖြင့် ခေတ္တစိမ်ထားလိုက်ပြီး ဒယ်အိုးတွင် ဆီထည့်ကာ ကြက်သွန်ဖြူ၊ နီများနှင့် ဆီသတ်၍ ကြော်လိုက်လျှင် အလွန်တရာမွှေးကြိုင်ပြီး စားချင့်စဖွယ်အနံ့နှင့် မျောက်ချေးခါးကို ထုတ်ယူရရှိပေသည်။

ထိုမျောက်ချေးခါးကို ကိုယ်စားမည့် ဟင်းတစ်မျိုးမျိုးနှင့်ရောကာ ချက် လိုက်လျှင် ထိုဟင်းအနံ့က အလွန်တရာမွှေးကြိုင်သည့်အပြင် စားလို့ကောင်းသည့် ဟင်းတစ်ခွက်ပင် ဖြစ်ပေသည်။ အခြားသောသားကောင်များဖြစ်သည့် ချေနှင့်ဆတ် တို့အား ချေးခါးထုတ်ကြရာတွင်လည်း ထိုနည်းအတိုင်းပင် ထုတ်ယူရပေသည်။

"ကဲ ... မင်းတို့ ဆတ်အိပ်တန်းကို ဘယ်လိုပုံစံမျိုးနဲ့ တွေ့ခဲ့၊ ပစ်ခဲ့ရတာ လေးကို ပြောပြစမ်းပါဦး"

"ဒီလို ဘိုလေးရဲ့။ ဖိုးစံညွန့်ပြောတာမယုံလို့ ကျွန်တော်တို့ လိုက်သွား ကြတာပဲ။ ဟုတ်ပါ့ဗျာ ...။ လူသွားလမ်းပေါ်မှာ မြေပြင်ကို ဘေးတိုက်လှဲအိပ် နေပြီး သူ့ခေါင်းကိုတော့ တောချုံပင်ထဲကို ဝှက်ပြီးအိပ်နေတာကို သူက လက်ညှိုး ထိုးပြပြီး အပစ်ခိုင်းတယ်လေ။ ကျွန်တော်တို့နှစ်ယောက်က ဟုတ်မှဟုတ်ရဲ့လား၊ သေနေတဲ့အကောင်ထင်ပြီး မပစ်တော့ ကုလားကြီးသေနတ်ကိုယူပြီး ဖိုးစံညွန့်က ပစ်လိုက်တယ်။ ထိပေမယ့်နေရာက ထပြေးဖို့ ကုန်းအထမှာ ကျွန်တော်စခန်း ယိမ်းပစ်လိုက်ရတယ်လေ။ အံ့ရောဗျာ ...။ အံ့ရောပဲ"

ဖိုးစံညွန့်ပြောပြသည့် ဆတ်အိပ်တန်းကို သူကိုယ်တိုင်မယုံကြည်သဖြင့် လက်တွေ့ပြမည်ဆိုကာ လိုက်သွားရင်း သူတို့အဖြစ်အပျက်ကို တအံ့တသြ အသွင်မျိုးနှင့် အားပါးတရပြန်ပြောနေသည့် ဉာဏ်ကျယ်၏စကားကို နားထောင် နေရင်း အဘကောင်းက ...

"အေးကွ ...။ ဒီတောကိုရောက်မှပဲ ထူးဆန်းတာတွေနဲ့ တိုးနေရပါ လား။ ဖိုးစံညွန့် ... အခြားအတွေ့အကြုံတွေထဲက အဆန်းတကြယ် အတွေ့အကြုံ လေးတွေများရှိရင် ပြောပြပါလားကွ။ အချိန်လည်းရတော့ ဗဟုသုတအဖြစ် နားထောင်ရတာပေါ့"

အဘကောင်းပြောလိုက်သည့်စကားကြောင့် ဖိုးစံညွန့်က လှမြင့်ဘက် ဆီသို့ စောင်းငဲ့ကြည့်လိုက်ပြီး ပြောလိုက်သည့်စကားက ...

"လှမြင့် ... မင်း တောဆင်ရိုင်းတွေလိုက်လို့ ပြေးရင်း လျှိုကြီးထဲကို ကျသွားပြီး သတိလစ်နေတုန်း ကောင်မသေးသေးကလေးနဲ့တွေ့ပြီး ကယ်လိုက် တဲ့အကြောင်းကို ပြောပြလိုက်ပါလားကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးစံညွန့်က လှမြင့်ဘက်ကို လှည့်ပြောလိုက်သည့်စကားကြောင့် ကျွန်တော်တို့အားလုံး၏အကြည့်က လှမြင့်ဆီသို့ ရောက်သွားကြစဉ် လှမြင့်က . . .

"ဒီလိုဗျ . . . ဒီလို။ အဖြစ်က ဘယ်ကဘယ်လို စပြောရမှန်းတောင် မသိတော့ဘူး"

"မင်းပြောတတ်သလိုသာ ပြောပါကွာ။ မင်းပြောတာကို ဖြည့်နားထောင်မယ်"

အဘကောင်းက ပြောလိုက်သဖြင့် သူပြောသည့်အကြောင်းကို ကျွန်တော်က ပြင်ဆင်ရေးသားလိုက်ပါသည်။

✿ ✿ ✿

[၄]

❑

ဆောင်းအကုန်နွေအကူးဆိုပေမယ့် နှင်းမြူတို့က ရှိနေဆဲ။ သစ်ရိုင်းပင်ကြီးများမှ ရွက်ဖားဝေဝေတို့အပေါ် မြူနှင်းတို့က ခိုတွဲလျက် . . .။

ဂနိုင်ကြီးတစ်ခွင်တစ်ပြင်လုံး လျှို၊ မြောင်၊ တောင်တန်းတောင်သွယ်၊ စိမ့်စမ်းများနှင့်မို့ တောရိပ်တောင်ရိပ်တို့ကပါ လွှမ်းမိုးထားသည့်အတွက် အေးမြနေသလို နံနက်ခင်းဖြစ်သည့်အတွက် မြူနှင်းများက ချုံနွယ်ပိတ်ပေါင်းများအထက်တွင် ဝေ့ဝေ့ဝဲဝဲ လူးလွန့်နေကြသည်။ အိပ်တန်းထ ကျေးငှက်သံများ၊ မျောက်အုပ်တို့၏ အော်သံတစာစာတို့နှင့် ကြည်နူးစရာအတိ။

လှမြင့်တစ်ယောက် သူငယ်ချင်းမြသိန်း၊ ထင်ကျော်တို့နှစ်ယောက်နှင့် အတူ နံနက်ပိုင်း အဆာပြေဗိုက်ဖြည့်လိုက်ကြပြီး သားရေကြိုးတပ် လောက်လေးခွနှင့် လေးသီးများထည့်ထားသော လွယ်အိတ်များကို ပခုံးထက်လွယ်လိုက်ကြပြီး သစ်ခွပန်းများ ရှာခူးကြရန် ထွက်ခဲ့ကြပေတော့သည်။

ယနေ့အဖို့ သစ်ခွပန်းသက်သက်တို့ကိုသာ ရှာဖွေခူးကြမည်မို့ သားကောင်များကိုပစ်ခတ်မည့် ဒူးလေးနှင့် မြားကျည်တောက်တို့ကို ထားခဲ့ပြီး လမ်းတွင်တွေ့နိုင်သည့် ရစ်နှင့် တောကြက်၊ အောက်ချင်းငှက်တို့လောက်သာ ပစ်ခတ်မည်မျ



www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ကာထွက်ခဲ့ကြသော ခရီးစဉ်တစ်ခုပင်။ အဘယ့်ကြောင့်ဆိုသော် မြို့မှာနေသည့် သူ၏သူငယ်ချင်းတစ်ယောက်ဖြစ်သူ ခင်ဆွေက ရှားပါးသစ်ခွမျိုးရလျှင် ဈေးကောင်းပေးဝယ် မည့်အကြောင်း အမှာပါးလိုက်သည့်အတွက်ပင်။

သုံးဦးသား လျှောက်လှမ်းခဲ့ကြရင်းက ခင်တန်းကလေးအလွန် လှမ်းမြင်တွေ့နေရသည့် ဝါးသုဉ်းတောကြီးဟိုမှာဘက် သစ်ရိုင်းတောကြီးရှိရာဆီသို့ ဝင်ရောက်ကာ သစ်ခွပန်းများကို ရှာဖွေခူးယူကြရမည် မဟုတ်ပါလား။

တောကြီးဘက်သို့အဝင် မြေပြောင်ပြောင်ဝါးရုံတောဘေးတွင် ဝါးပင်များကိုချိုးကာ ဝါးရွက်တို့ကို ချိုးဖဲ့စားထားသည့် တောဆင်ရိုင်းချေးပုံကြီးများနှင့် အငွေ့တထောင်းထောင်းထွက်နေပြီး ဆင်ခြေရာ လတ်လတ်ဆတ်ဆတ်များကို တွေ့လိုက်ကြရသဖြင့် သုံးဦးသား တထိတ်တလန့်အသွင်နှင့် ကျီးကန်းတောင်းမှောက် ဝန်းကျင်တွင် တောဆင်ရိုင်းတို့ ရှိ၊ မရှိကို လိုက်လံရှာဖွေကြည့်နေလိုက်ကြပေသည်။ ခြေရာနှင့်ချေးပုံအရ တောဆင်ရိုင်းအုပ်၏ ခြေရာမျိုးမဟုတ်ဘဲ တစ်ကောင်တည်းလှည့်လည် ကျက်စားနေသည့် အသွင်မျိုးပင်။

တောဆင်ရိုင်းကား အရှုပ်တောတစ်နေရာတွင်ကပ်လျက် သူတို့သုံးဦးကို တွေ့မြင်ပြီး ခွာစုံရပ်ကာ သူ၏နှာမောင်းကြီးကို ဦးကင်းဆီတွင် ကပ်လျက် အလစ်အငိုက်ကို အခွင့်အရေးရယူရန် စောင့်စားချောင်းမြောင်းနေသည့်အသွင်။ လက်ရှိဖြစ်ပေါ်နေသည့် အနေအထားကိုကြည့်ကာ သုံးသပ်ရခြင်းအားဖြင့် ရန်လိုပြီးလှည့်စားတော့မည့်အသွင်။

သူတို့သုံးဦးသား ထိုကဲ့သို့ တွက်ချက်လိုက်ကြသည့်အပေါ် တောကြီးကဟုတ်မှန်ကြောင်းကို ငြိမ်သက်စွာနှင့် ထောက်ခံနေသယောင်ပင်။ အဘယ့်ကြောင့်ဆိုသော် တောကြီးတစ်ခွင်လုံး တိတ်ဆိတ်ကာ ဘွတ်ကလုံငှက်ငယ်ကလေးများ၏ တစာစာအော်မြည်သံမှအပ တိတ်ဆိတ်ငြိမ်သက်နေသည်ကိုလည်း သတိပြုလိုက်မိကြသည်။ ဘာသံကိုမျှ မကြားရ။ သို့သော် ခင်တန်းအထက် ဝါးသုဉ်းတောအတွင်း ပျဉ်းမပင်ကြီးအထက် အကိုင်းတစ်ကိုင်းထက်ဆီမှ ရှဉ့်ဘေးကြားလေးတစ်ကောင်က ကတောက်သံ ညံအောင်ပေးရင်း အောက်ကိုငုံ့ကြည့်ကာ ခုန်ဆွခုန်ဆွလုပ်နေသည့် နေရာဆီသို့ သုံးဦးသား အကြည့်များ ရောက်သွားကြသည့်အချိန် ...

"ဝေါ ... ဖျော ... ဖျော ... ဖျော ..."

ဝါးသုဉ်းတောကြီး၏ နောက်ကျောဘက်ဆီမှ ပြင်းထန်သော တောတိုးသံကြီးကို ကြားလိုက်ကြရသဖြင့် အသံကြားလိုက်ရာဆီသို့ လှမ်းကြည့်လိုက်ကြရာ ထိုအသံကြီးနှင့်အတူ မီးရထားခေါင်းတွဲကြီးတစ်ခုလို မည်းမည်းအရာကြီးတစ်ခုက အရှိန်ပြင်းစွာပြေးလာသည်ကို မြင်လိုက်ကြရသဖြင့် သုံးဦးသား နောက်ပြန်ကိုပြန်လှည့်ကာ ဦးတည်ရာများဆီသို့ ပြန်လည်ပြေးလွှားလိုက်ကြမိပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်ကိုလု၍ ချုံနွယ်တောများကို ဖြတ်သန်းနေရင်း နောက်ကျော ဆီမှလိုက်လာသည့် သားကောင်ကြီးကို လှည့်ကြည့်လိုက်တော့ တောဆင်ရိုင်း ကြီးတစ်ကောင် မိမိနောက်ဆီသို့ ထက်ကြပ်မကွာ လိုက်ပါလာသည်ကို တွေ့လိုက် ရသဖြင့် ချုံနွယ်တောတို့ကိုပါ ရှောင်မနေနိုင်အားဘဲ အသက်ကိုလုကာ တိုးဖွေ ဖြတ်သန်း ပြေးလွှားနေလိုက်သော်လည်း နောက်ပိုင်းမှ တောဆင်ရိုင်းကြီးက အပြို ကြီးစွာ ဆက်လက်လိုက်နေဆဲ။

လှမြင့်တစ်ယောက် ပြေးနေရင်း စဉ်းစားလိုက်မိသည်က ယခုကဲ့သို့ တောဆင်ရိုင်းများအလိုက်ခံရပါလျှင် မြေပြန့်တွင် ပြေးလွှားရှောင်ပုန်းလို့မရ။ တောင်ပေါ်သို့ တက်ပြေးမှသာလျှင် လွတ်ကင်းနိုင်သည်ဟု ပြောထားခဲ့သော သူ့ ဖခင်ပြောလိုက်သည့်စကားကို အမှတ်ရလိုက်သည့်အတွက် လျှပ်တစ်ပြက် ရှေ့မြေ လမ်းကို လှမ်းကြည့်လိုက်ရာ ဝဲဘက်ဆီတွင် ကုန်းမြေမြင့်တောင်သွယ်တစ်ခုကို လှမ်းတွေ့မြင်လိုက်ရသည့်အတွက် အတင်းပင် ပြေးလွှားတက်ရောက်လိုက်မိပေ သည်။ သူ တောင်ပေါ်လမ်းကိုရွေးပြီး တက်ရောက်လိုက်သည်ကို တောဆင်ရိုင်း ကြီးကလည်း မြင်ဖြစ်အောင် မြင်လိုက်သဖြင့် တစ်ရှိန်ထိုးပြေးလိုက်လာပြီး မီလုမီ ခင်မို့ လျှိုစောင်းတွင်တွယ်ကပ်ပေါက်နေသည့် ဒိုးနွယ်ပင် နွယ်ကိုင်းကြီးထက်ဆီ သို့ လွှားခနဲ ခုန်လွှားတက်ရောက်လိုက်စဉ် နောက်မှလိုက်လံပြေးလွှားလာနေ သည့် တောဆင်ရိုင်းဦးကင်းနှင့် ပြေးဆောင့်ခြင်းကို ခံလိုက်ရသည်နှင့်အတူ ..

"ဒုန်း ..."

"အား ..."

တောဆင်ရိုင်းကြီး၏ ဦးကင်းနှင့် ပြေးဆောင့်ခြင်းခံလိုက်ရပြီးနောက် လှမြင့်တစ်ယောက် ဒိုးနွယ်ကိုင်းကြီးကို ဆုပ်ကိုင်ထားသည့်လက်များ ပြုတ်ထွက် ကာ နောက်ဘက်ရှိ လျှိုကြီးအတွင်းဆီသို့ 'အား' ခနဲအော်ဟစ်ရင်း ပြုတ်ကျသွား ပေတော့သည်။

"ဘုန်း ..."

ခြေလွတ်လက်လွတ်ပြုတ်ကျသွားသည်နှင့်အတူ လျှိုကြီး၏ အောက်ခြေ မြေပြင်နှင့် ထိလိုက်သည့်အသံကြီးက မြေပြင်ထက်ဆီသို့ ဖွဲ့အိတ်ကြီးတစ်လုံး ပစ်ချလိုက်သည့်အခါ ထွက်ပေါ်လာသည့်အသံမျိုးဖြစ်၍ အဆောင့်ခံလိုက်ရပြီး အမှောင်ထုက လွှမ်းမိုးကာ အရာအားလုံး မေ့ပျောက်သွားခဲ့ပေတော့သည်။

သတိရလာ၍ ဦးစွာသတိထားမိလိုက်သည်က နှာခေါင်းအတွင်း ကြိုင် လွှန်းသည့် ရနံ့တစ်ခုကို သတိထားလိုက်မိသည်။ ထိုရနံ့ကား မွှေးကြိုင်လွှန်းသည်



www.burmeseclassic.com

www.burmeseclassic.com



ကို သူသိသော်လည်း မျက်လုံးကိုတော့ ဖွင့်လို့မရ။ ထိုရနံ့ကား မွှေးကြိုင်လွန်းသည်ဖြစ်ရကား ဝေးဝေးကပျံ့လွင့်လာသည့် အနံ့မျိုးတော့ မဖြစ်နိုင်။ အဘယ်ကြောင့်ဆိုသော် မိမိအနီးမှ ကပ်ရှူနေရသည့် ရနံ့မျိုးအသွင်ဟု တွေးထင်လိုက်ရင်း အဆုတ်တွင်းဆီသို့ ရောက်သည့်တိုင် အားပါးတရရှူရှိုက်လိုက်ရင်း အသိတရားတို့ ထပ်မံလွင့်မျောသွားပေတော့သည်။

အချိန်မည်မျှ ကြာသွားသည်ကိုတော့ဖြင့်မသိ။ အမွှေးနံ့များက နှာခေါင်းအတွင်း ကြိုင်လှောက်လာခဲ့ပြန်သလို စိတ်များအတွင်းကလည်း ပေါ့ပါးလန်းဆန်းလာသည်။ အသိတရားတို့ကလည်း ပိုမိုကြည်လင်လာသည်။ မူလသတိရစဉ်ကကဲ့သို့ အီနောက်နောက်မရှိတော့။ မိမိအဖြစ်ကိုလည်း ပြန်လည်စဉ်းစားမိလိုက်သည်က . . .

'သုံးယောက်သား သစ်ခွပန်းများကို ရှာခူးကြရန်အတွက် ပန်းများဖူးပွင့်ရာသို့အလာ မျှော်လင့်မထားဘဲ တောဆင်ရိုင်းတစ်ကောင်လိုက်ခြင်းကို ခံရသဖြင့် သုံးဦးသား ထွက်ပြေးခဲ့ကြရာမှ မိမိနောက်သို့ တန်းတန်းမတ်မတ် စွတ်လိုက်လာရာ မလွတ်သဖြင့် နွယ်ကိုင်းတစ်ကိုင်းဆီသို့ ခိုအတက် တောဆင်ရိုင်းကြီးပြေးအောင်းလိုက်ခြင်းကို ခံလိုက်ရသဖြင့် ယခုကဲ့သို့ လျှိုကြီးတွင်းသို့ ပြုတ်ကျကာ သတိမေ့မြောနေရခြင်းပါကလား' စသည်စသည်တို့ကိုပင်။

တောဆင်ရိုင်းကြီးတစ်ကောင်က မိမိနောက်ဆီသို့ အငြိုးကြီးစွာ နင်းခြေသတ်ဖြတ်ရန် လိုက်ခြင်းကို ခံလိုက်ရသည့်အတွက် အသက်ကိုလုကာ ပြေးလွှားနေရင်းမှ တောင်ကုန်းတစ်ခုထက်ဆီသို့ တက်အပြေး ကွေ့ပတ်လိုက်လာသော တောဆင်ရိုင်းကြီးကို မလွတ်နိုင်တော့သဖြင့် လျှိုစောင်းတွင် မှီတွယ်ပေါက်နေသော ဒိုးနွယ်ပင်ကြီးကို တွဲခိုအတက် အရှိန်နှင့်ပြေးလွှားအောင်းလိုက်ခြင်း ခံလိုက်ရသည့်အရှိန်ဖြင့် မိမိကိုယ်ကို ထိန်း၍မရတော့ဘဲ အရှိန်နှင့်ဒါန်းလွှဲခြင်းခံလိုက်ရသလို အရှိန်မျိုးနှင့် လျှိုကြီးဘက်ဆီသို့ လွင့်စဉ်ကာ အောက်သို့ပြုတ်ကျသွားခြင်းသည် မိမိအတွက် အမှန်ပင် သေဖို့ကောင်းပါလျက်နှင့် ယခုအခါ ဘာတစ်ခုမှ ဝေဒနာပြင်းပြင်းထန်ထန် မခံစားရဘဲ မျက်လုံးအစုံဖွင့်မရသေးသည့်အကြားမှ အသိတရားတို့ကို စုစည်းစဉ်းစားနေလိုက်မိသည်။

ထိုစဉ် အမွှေးနံ့များကို ရှူရှိုက်လိုက်ရခြင်းသည် စိတ်ကို ပေါ့ပါးလန်းဆန်းစေသည်ဟူသော အသိကိုလည်း ရလိုက်မိသည့်အတွက် အမွှေးနံ့များကို အားပါးတရပင် ထပ်မံရှူရှိုက်လိုက်ပြန်သည်နှင့်အတူ အရာအားလုံးတို့သည်လည်း မှောင်မိုက်သွားခဲ့ပြန်ပေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၅]

❑

သူမမျက်နှာကလေးကို မြင်လိုက်ရကတည်းက ကြည်နူးနေသော စိတ်တို့ကို ပိုမိုလန်းဆန်းလာစေသည်က အမှန်။ လှမြင့်က သစ်ပင်ကြီးထက် ခွဆုံကိုင်းတွင် တွေ့မြင်နေရသည့် သစ်ခွပန်းများကို လှမ်းကြည့်လိုက်သည်။ အမှန်တော့လည်း မြို့ကမိတ်ဆွေ၏မှာကြားချက်အရ ရှားပါးသော သစ်ခွပန်းများ ရရှိပါက ဈေးကောင်းရမည်ဟူသော အသိဖြင့်သာ လိုက်လံရှာဖွေနေရသည်ဆိုပေမယ့် သူ့အသိတွင် သစ်ခွပန်းဆိုသည်က ဖယောင်းပန်း။ ရတနာရွှေခွက်နှင့် ရွှေတူငွေတူပန်းမျိုးတို့လောက်ကိုသာ သိသူတစ်ယောက်။ ယခုမှာလိုက်သည်က ရှားပါးသစ်ခွမျိုးဟု ဆိုသည်။ ရှားပါးသစ်ခွဆိုသည်မှာ ဘယ်လိုသစ်ခွပန်းမျိုးဆိုသည်ကို သူမသိသည်က အမှန်ပင်။

ယခု အပင်ပေါ်တွင် တွေ့မြင်နေရသည့် သစ်ခွပန်းအုံက အပွင့်ကြီးပြီး အရောင်က အစိမ်းရောင်သန်းကာ အဝါဘက်ဆီသို့ အနည်းငယ်လုပြီး ပွင့်ဖတ်ကနှစ်လက်မသာသာမျှ ကိုယ်လည်း မည်သည့်သစ်ခွပန်းမျိုး ဆိုသည်ကိုလည်းမသိ။ တစ်ကြိမ်တစ်ခါမှလည်း မြင်တွေ့ခဲ့ဖူးခြင်း မရှိသဖြင့် ရှားပါးသစ်ခွမျိုး ဖြစ်ရမည်ဟူသော အတွေးနှင့်ကြည့်ရင်းက အပင်ပေါ်သို့တက်ရန် လှမ်းအကြည့် တွေ့မြင်ရသောမိန်းကလေးပင်။

'ဗုဒ္ဓေါ ... သူယောင်မယ်များလားဟ'



www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်မှန်းတော့ဖြင့် မသိ။ မိန်းမပျိုကို တောကြီးခေါင်ခေါင်တွင် ထင်မှတ်မထားဘဲ ယခုလို တွေ့မြင်လိုက်ရသဖြင့် အံ့သြတထိတ် နှုတ်ဖျားမှ ထွက်သွားလိုက်သည့် စကားပင်။ မိန်းမပျိုကို မြင်လိုက်ရသည်ကလည်း ပင်စည်လုံး ဘေးတွင်ရပ်လျက် ကျောမှီရင်း သူ့ကို ပြုံးပြနေသည့်အသွင်။ သူမ၏ နက်မှောင်ရှည်လျားသောဆံကေသာများက စည်းနှောင်မထားသဖြင့် လေပြည်သုတ်ဖြူးမှုနှင့်အတူ လွတ်လပ်စွာ လူးလွန့်လှုပ်ရှားနေသည်။ မျက်လုံး၊ မျက်ခုံး၊ နှာတံနှင့် နှုတ်ခမ်းတို့မှာ အပြစ်ဆိုဖွယ်ရာ တစ်စက်မျှမရှိ။ ပကတိလုပလွန်းနေသည့်အပြင် မျက်လုံးအစုံက သူ့ကို ညို့ယူဆွဲဆောင်နေသယောင် အရည်လဲ့ပြီး စောစောက သူမော့ကြည့်နေသည့် သစ်ခွပန်းပွင့်ကြီးများက သူမ၏ဆံကေသာထက်ဝယ် အဝေသား။ ပြုံးစစမျက်နှာပေးဖြင့် သူ့မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ကာ အရောင်တလဲ့လဲ့တောက်ပနေသော မကိုဋ်ကို ဆောင်းထားပြီး ပခုံးနှင့် လက်များတွင် ချွန်ထက်သော စည်းပုံ၊ ခါးတောင်တို့နှင့် အထက်အောက် အစိမ်းရောင်အဝတ်အစားကို ဝတ်ဆင်ထားသည့် လုပသောမိန်းမပျိုတစ်ယောက်ကို အမှတ်မထင်တွေ့မြင်လိုက်ရသည့်အတွက်ကြောင့်ပင်။

သူက သူမကို လှမ်းကြည့်နေလိုက်စဉ် ပြုံးစစမျက်နှာပေးဖြင့် သူမက သူရှိရာဆီသို့ လျှောက်လှမ်းလာရင်းက . . .

"မောင်ကြီးက တောထဲကို သစ်ခွပန်းခူးရအောင် လာတာလားဟင်"

"ဟုတ်ပါတယ်။ ဟိုအပင်က ရှားပါးတဲ့သစ်ခွမျိုးကို ခူးဖို့လာခဲ့တာပါ"

"ရှားပါးတဲ့သစ်ခွဆိုတာက အများကြီးပဲ မောင်ကြီးရဲ့။ ဒီတစ်ပင်တည်းမှ မဟုတ်ဘဲ"

"မောင်ကြီးလည်း မသိပါဘူးကွယ်။ သစ်ခွပန်းတွေအကြောင်းလည်း နားမလည်ပါဘူး"

"ဒါနဲ့ မောင်ကြီးက ဒီသစ်ခွအုံကို တက်ဖြုတ်မလို့လားဟင်"

"ဟုတ်တယ်လေ။ တက်ဖြုတ်မလို့လုပ်တုန်း ဒီက မိန်းကလေးနဲ့ ခုလို တွေ့လိုက်ရတာပါ။ ဒါနဲ့ မိန်းကလေးက ဘယ်သူလဲဟင်။ ဘယ်လိုဖြစ်ပြီး ဒီကို ရောက်လာပြီး မောင်ကြီးကို ခုလိုတွေ့တယ်ဆိုတာ ပြောပါဦး။ မိန်းကလေးက ဘယ်သူများပါတုံး"

"ကျွန်မက ခုမောင်ကြီးခူးတော့မယ့် သစ်ခွပန်းကို စောင့်ရှောက်နေရသူပါရှင်။ မောင်ကြီးကို တောင်းပန်လိုတာက ခုမောင်ကြီးခူးမယ့်ပန်းကိုတော့ မခူးမယူပါနဲ့လို့ တောင်းပန်ပါတယ်။ မောင်ကြီးအတွက် လိုအပ်မယ့် အခြားသစ်ခွပန်းများကိုသာ ခူးဖို့ တောင်းပန်လိုပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ...။ နှမငယ်တောင်းပန်ရင်တော့ မောင်ကြီးနောက်ဆုတ်ပါ့မယ်လေ။ ဘယ့်အတွက်ကြောင့်ဆိုတာလေးများ ရှင်းပြနိုင်မလား။ ရှင်းပြနိုင်ရင် ရှင်းပြပေးပါလားဟင်"

"ရှင်းပြရရင်တော့ ရှည်လွန်းပါတယ် မောင်ကြီးရယ်။ အတိုချုပ် ပြောရရင်တော့ နောင်ပွင့်မယ့် မြတ်စွာဘုရားကို ပူဇော်ဖို့အတွက် ကျွန်မက စောင့်ရှောက်နေရသူပါ။ ဒါကြောင့် မောင်ကြီးလိုအပ်တဲ့ သစ်ခွမျိုးကို ကျွန်မပြသပေးပါ့မယ်။ တန်ဖိုးကြီးတဲ့ သစ်ခွတွေကို မောင်ကြီးအစားထိုးရယူရင် ကျေနပ်ပြီမဟုတ်လားဟင်။ နှမငယ်စောင့်ရှောက်တဲ့ပန်းနဲ့ အစားထိုး လဲလှယ်ယူသွားရတဲ့အတွက် မောင်ကြီးဆန္ဒ ပြည့်ဝမှာပါ။ နောက်တစ်ချက်က မောင်ကြီးကို နှမတော်မှာလိုက်ချင်တာက မောင်ကြီးလိုအင်ဆန္ဒတွေပြည့်ဝပြီး ကောင်းကျိုးချမ်းသာကို ရရှိခံစားရမှာပါ မောင်ကြီးရယ်"

"ကဲ ... ထားပါတော့ ညီမငယ်။ မောင်ကြီး ညီမငယ်တားမြစ်တဲ့အတွက် ဒီသစ်ခွပန်းကို မခူးတော့ပါဘူး။ အခြားသစ်ခွတွေကိုလည်း မောင်ကြီးက မသိတော့ ဘယ်လိုလုပ်မလဲဟင်"

"စိတ်မပူပါနဲ့ မောင်ကြီး။ နှမငယ် မောင်ကြီးကို လိုက်ပြခူးပေးပါ့မယ်။ အဲဒီသစ်ခွပန်းတွေနဲ့ပဲ မောင်ကြီး ငွေကြေးအများအပြား ရပါလိမ့်မယ်။ အလှူအတန်းကိုလည်း လုပ်ပါ။ အမျှအတန်းဝေတဲ့အခါ နှမငယ်ကိုမမေ့ဘဲ အမျှအတန်းဝေပေးပါနော်"

"စိတ်ချပါ နှမငယ်။ မောင်ကြီးလိုအပ်တဲ့ သစ်ခွတွေကို လိုက်ပြပါတော့နော်"

ပြောပြောဆိုဆိုနှင့် မိန်းမငယ်က ရှေ့မှသွားသလို လှမြင့်က နောက်မှလိုက်သွားကာ သစ်ခွပန်းတို့ အဝေသားပွင့်နေကြသော သစ်ပင်ကြီးတစ်ပင်၏ ခွဆုံပိုင်းကို လက်ညှိုးညွှန်ပြကာ ပြောလိုက်သည့်စကားက ...

"မောင်ကြီး ဟိုမှာ အပြာရောင်အပွင့်ကြီးတွေနဲ့ပန်းက မိုးလုံးမှိုင်းလို့ခေါ်တယ်။ မှတ်ထားနော် .. ဟိုဘက်က ရတနာရွှေခွက်တဲ့။ သူ့အောက်က အရွက်ကြီးကြီး၊ အဆံကြီးကြီးက မဟာဒေဝီလို့ခေါ်တယ်။ တစ်ပင်တည်းမှာ သုံးမျိုးပဲလေ။ ဒီဘက်ကအပင်တွေက ပန်းသက်ရှည်ညိုသစ်ခွ။ စာကလေးပန်းရောင်သစ်ခွ။ ဒီအပင်က ကြာဖယောင်းသစ်ခွ။ ဟိုအဖြူရောင်က သုံးပန်လှ။ ဟိုဘက်က မိုးကန်တော့ပန်း။ ဒီဘက်က စလဲတော်။ ဟိုအစိမ်းရောင်က စေတီတော်။ ဒီအပင်ကိုင်းဆုံက တစ်အုံတည်းရှိနေတဲ့အပင်က တစ်ခိုင်လုံးငွေသစ်ခွတဲ့။ အလွန်ရှားပါးတဲ့ သစ်ခွမျိုးတွေပါပဲ။ မောင်ကြီးလိုသလောက် ခူးသွားပါ။ တန်ဖိုးရှိတဲ့ သစ်ခွတွေ ချည်းမို့ ရရှိတဲ့ငွေနဲ့ အလှူအတန်းလုပ်ပြီး နှမငယ်ကို အမျှအတန်းဝေပေးပါနော်။ မောင်ကြီး လည်း ကျန်းမာချမ်းသာပါစေ။ သွားတော့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို မိန်းမပျိုလေးက လှည့်အထွက်၊ လှမြင့်က သူမကို မည်သူမည်ဝါဖြစ်သည်ကို မေးမြန်းရန်အတွက် နောက်ဆီသို့လှည့် အကြည့် ဖျတ်ခနဲ သတိပြန်လည်ရရှိကာ မေ့စင်းနေရာမှ နိုးထလာပေသည်။

✿ ✿ ✿

[၆]

❑

'အလို ... ဘုရား၊ ဘုရား။ ဘယ်လိုအိပ်မက်မျိုးများ မက်နေရပါလိမ့်'

မိမိလိုမှဆိုးဘဝဖြင့် အသက်မွေးနေရသူတစ်ယောက်အဖို့ ရှင်တော်ဘုရားနှင့် မည်သို့မျှမသက်ဆိုင်ကြောင်း သိလိုက်မိသလို သူ၏ ဖခင်ပြောပြထားခဲ့ဖူးသည့် 'မှဆိုးတစ်သက် ယာတစ်ကွက်' အကြောင်းကို စဉ်းစားလိုက်ရင်း အားကို တင်းပစ်လိုက်မိပြန်သည်။ ကျေးငှက်သံတစာစာနှင့် ကြားနေရသလို မျောက်အုပ်တို့၏ အော်ဟစ်လိုက်ကြသံများကိုလည်း ကြားနေရသည်။ မွှေးပျံ့ကြိုင်သင်းသော ရနံ့များလည်း ရရှိလာပြန်သဖြင့် မျက်လုံးကိုအားယူဖွင့်လျက် တောင်မြောက်လေးပါးကို ဝေ့ဝဲကြည့်လိုက်မိသည်။ သူနှင့်မတိမ်းမယိမ်း ဝန်းကျင်ဆီတွင် သူလွယ်လာခဲ့သော လွယ်အိတ်၊ လောက်လေးခွနှင့် လေးသီးလုံးများတို့က ပြန့်ပြန့်ကြဲကြဲ။

ယခုမှပင် သူ့ကိုယ်သူ ပြန်လည်ဆန်းစစ်လိုက်သည်။ လျှိုအထက်ပိုင်းကိုလည်း သတိပြုလိုက်မိသည့်အတွက် ခန့်မှန်းနေပြန်သည်။ အနည်းဆုံး ဝါးတစ်ရိုက်သာသာအမြင့်ကျကာ မြေပြင်နှင့်ဆောင့်မိသဖြင့် အသက်ပျောက်ဖို့ကောင်းသည့် မိမိအဖြစ်။

နောက် ... စဉ်းစားလိုက်မိသည်က မွှေးကြိုင်လွန်းသော ထိုရနံ့၊ သစ်ခွပန်း၊ အမျိုးသမီးငယ်နှင့် အိပ်မက်တို့အကြောင်း စသည်တို့က ဘယ်လိုပတ်သက်ဆက်စပ်နေကြသည်ကိုတော့ သူမသိ။ သူသိနေသည်က ထိုမျှလောက် မြင့်မားမတ်စောက်သည့် လျှိုကြီးအောက်ဆီသို့ ခြေပစ်လက်ပစ်ကျကာ သေဖို့ကောင်းပါလျက်နှင့် မသေခဲ့ရသည့် မိမိအဖြစ်။ ထိုစဉ် ...

"ဖျောက် ... ဖျောက် ... ဖျောက် ..."

ကျေးငှက်သံတစာစာ၊ မျောက်အော်သံများနှင့်အတူ တဖျောက်ဖျောက် တရှပ်ရှပ်နှင့် ဖက်ရွက်များပေါ်သို့ လျှောက်လှမ်းနေသည့်အသံတို့ကို အဆက်မပြတ်



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရသည်။ ထိုအသံမျိုးက ငှက်ငယ်ကလေးများနှင့် ငုံးစလိပ်ကောင်ကလေးများ အစာရှာရင်း လျှောက်လှမ်းကြသည့်အခါ ကြားနေရသည့် အသံမျိုးမှန်းကို သူသိနေသည်။ ဟုတ်သည် ...။ ငှက်ငယ်ကလေးများ အစာရှာကြရင်း လျှောက်လှမ်းနေသည့် ခြေသံ။

"ဖျောက် ... ဖျောက် ... ဖျောက် ..."

မြေပြင်ထက်တွင် ပက်လက်အနေအထားနှင့် မျက်လုံးကိုဖွင့်ကာ အတွေးများကို ဆန့်ထုတ်နေလိုက်စဉ် သစ်ရွက်ခြောက်၊ သစ်ကိုင်းခြောက်များအပေါ်မှ သူ့အနီးဆီသို့ တိုးကပ်လာနေသည့်အသံများကို ထပ်မံကြားလာရပြန်သလို အနီးဆီသို့ရောက်တော့ ရပ်တန့်သွားကာ ပါးပြင်အား နူးညံ့သောအရာတစ်ခုနှင့် ပွတ်တိုက်ထိတွေ့မှုကို ခံစားလိုက်ရသလို စောစောက ခပ်လှမ်းလှမ်းဆီမှ ရနေသော အမွှေးနံ့ကလည်း နှာဖျားတွင်တော့ကာ ရှူရှိုက်လိုက်ရသလိုမျိုးမို့ ဘေးဘက်ဆီသို့ စောင်းငဲ့ကြည့်လိုက်တော့ ...

"ဟိုက် ..."

တွေ့မြင်လိုက်ရသည့် မြင်ကွင်းကြောင့် တထိတ်တလန့်၊ တအံ့တဩပင် ဖြစ်သွားမိပေသည်။ ယုံကြည်နိုင်စရာအသွင်မျိုးပင်မရှိ။ အလွန်သေးငယ်သော မိန်းမငယ်လေးတစ်ဦးရယ်သာပင်။ မြင်တွေ့လိုက်ရသောမြင်ကွင်းအရ လှမြင့်တစ်ယောက် တထိတ်တလန့်နှင့် အံ့ဩလွန်းလှသည်မို့နေရာမှ ကုန်းထလိုက်ရင်း ထပ်မံကြည့်ရှုနေလိုက်မိ ပြန်သည်။ မြင်ကွင်းတို့က မဝေမဝါး။ အနီးကပ်မြင်ကွင်းမို့ ထွက်ပြူစနေရောင်နှင့် ထင်ရှားပြတ်သားနေသည်။ မိမိ တစ္ဆေအခြောက်ခံနေရပြီလား။ သို့မဟုတ် မှင်စာအပတ်ခံရလေပြီလားဟူ၍လည်း တွေးထင်နေလိုက်မိပေသည်။ မြင်ကွင်းအရက အံ့ဩစရာပင်။ သူ့ဖခင်ပြောခဲ့သည့် စကားများကိုလည်း ပြန်လည်အမှတ်ရလာခဲ့ပြန်သည်က ...

"သတ္တဝါများကို ခွဲခြားစိတ်ဖြာလိုက်လျှင် လေးမျိုးရှိတယ်ကွ။ အဲဒါတွေကတော့ ခြေထောက်ပါတဲ့အကောင်၊ ခြေထောက်မပါတဲ့အကောင်၊ ခြေတစ်ချောင်းသာ ပါတဲ့အကောင်နဲ့ ခြေထောက်အများအပြားပါတဲ့ အကောင်မျိုးတွေတဲ့ကွ။ မှတ်ထား"

လှမြင့်က ဖခင်ပြောပြနေသည့် စကားများအထဲမှ သိလိုသည့်အချက်ကို ပြန်မေးလိုက်မိသည်။

"အဖေပြောတဲ့ အကောင်လေးမျိုးထဲက ခြေတစ်ချောင်းသာပါတဲ့ အမျိုးက ငုံးကိုပြောတာလားဟင်"

သူမေးလိုက်သည့်စကားကြောင့် ဖခင်ဖြစ်သူက ဟက်ဟက်ပက်ပက် ရယ်မောလိုက်ရင်း ပြန်လည်ဖြေကြားလိုက်သည်က ...



www.burmeseclassic.com

www.burmeseclassic.com



"ငုံးဆိုတာ ငှက်လေကွာ။ ခြေနှစ်ချောင်းပါတယ်ကွ။ ခြေတစ်ချောင်းတည်းပါတဲ့အကောင်က ဝေါင်းလိုအကောင်ကွ"

"ဒါဆိုရင် အဖေ ...။ လူတွေပြောနေကြတဲ့ ငုံးခြေတစ်ချောင်း မစားကောင်းဆိုတဲ့ စကားကကောဟင်"

"မဟုတ်ဘူးကွ ... အဲဒီစကားက မှားနေတယ်။ ခြေထောက်နှစ်ချောင်းပါတဲ့ အကောင်ကလေးတွေကွ။ ဒါပေမဲ့ တစ်ခုတော့ ပြောစရာရှိတာက တစ်ခါတစ်ရံ ညောင်းရင်တော့ ခြေထောက်ကလေးတစ်ချောင်းကို မြှောက်ထားတတ်ကြတယ်ကွ။ အဲဒါကိုတွေ့ပြီး မသိတဲ့လူတွေက 'ငုံးခြေတစ်ချောင်း မစားကောင်း' လို့ ပြောနေကြတာ။ အမှန်တကယ် ခြေတစ်ချောင်းတည်းရှိတဲ့အကောင်က ဝေါင်းလိုအကောင်ကွ။ သူက ငှက်မဟုတ်ဘူး။ လူလိုအကောင်လေး"

"ဟုတ်လားအဖေ။ ဝေါင်းဆိုတာ ဘယ်လိုအကောင်မျိုးလဲဟင်။ အဖေသိရင် ပြောပြပါလား"

"ငါလည်း ဘယ်သိပါ့မလဲကွ။ တွေ့လည်းမတွေ့ဖူးဘူး။ လူကြီးတွေပြောတဲ့ စကားအရဆိုရင် လူသေးသေးလေးတွေတဲ့ကွ။ ပခုံးမှာ အမွေးတွေပေါက်နေပြီး သူတို့ရဲ့ တင်ပါးနှစ်ခုကြားမှာ ခြေထောက်တစ်ချောင်းတည်းရှိတယ်လို့ ပြောတယ်။ မိန်းမနဲ့ယောကျ်ားကို သူတို့ရဲ့အဆင်းတန်ဆာကို ကြည့်ခွဲခြားရတယ်လို့ ပြောခဲ့ဖူးတယ်ကွ"

သူ့အသိနှင့် ယခုမြင်တွေ့နေရသည့် မြင်ကွင်းအရဆိုလျှင် ကွဲနေသည်က အမှန်။ ခြေတစ်ချောင်းနှင့်ငှက်ကို ငုံးငှက်ဟုထင်ထားရာမှ ယခုလက်တွေ့တွင် ငုံးမဟုတ်ဘဲ ဝေါင်းဆိုသည်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသည်မို့ လက်ခံလိုက်မိခြင်းပင်။

"ကျိုကျို ... ကျလိကျလိ ... ကျစ်ကျစ် ..."

သူခူးယူမည်ဟု မူလက ရည်ရွယ်ထားသော သစ်ခွပန်းကလေးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားရင်း သူ့ကိုရှိခိုးနေသည့် အသွင်မျိုးနှင့် ရှိးကျိုးစွာ။ ပြောပြလျှင် မည်သူမျှ မယုံကြည်နိုင်စရာကောင်းသည့် မြင်ကွင်းကြောင့် ပိုမိုကာ တအံ့တသြဖြစ်သွားမိသည်မို့ ထိုအကောင်လေးကို လက်နှစ်ဖက်ဖြင့် အသာလှမ်းယူ မ,တင်လိုက်ရင်း သူ၏အနေအထားကို စူးစူးစိုက်စိုက်ပင် လက်ခုပ်အတွင်းမှ ကြည့်နေလိုက်ပေသည်။

ကိုယ်နေဟန်ထားက မိန်းကလေးအသွင်။ အဘယ့်ကြောင့်ဆိုသော် သူ၏ သားမြတ်နှစ်ဖက်တို့က ခပ်မို့မို့နှင့်။ နှာတံကလေးကပေါ်ပေါ်၊ ပိရိသော နှုတ်ခမ်းပါးပါး၊ လေးကိုင်းသဏ္ဍာန်မျက်ခုံး၊ ကော့ပျံနေသောမျက်တောင်၊ ကြည်လင်ဝင်းပနေသည့် သမင်မငယ်မျက်လုံးအစုံတို့အပြင် ဖွာလန်ကြဲ၍ နက်မှောင်သော



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ ဆံကေသာများကို နောက်ပိုင်းတွင် ဖားလျားချလျက်။ သူမ၏ဦးခေါင်းထက်တွင် သစ်ခွပန်းတို့နှင့် အဝေသား။

သူမ၏ သွယ်လျသောလက်အစုံထက်၊ လက်မောင်းရင်းထက်၊ ပခုံးထက်တွင် တောကြက်ဖင်ယ်တစ်ကောင်၏ မြီးဆံဖွားဖွားကလေးများက တစ်ဖက်စီတွင် ကော့ကော့ပျံ့ပျံ့ရှိနေပြီး ရင်သားအစုံက ဗလာသက်သက်နှင့်မို့ သီသာထင်ရှားလှသည်။ ခါးတွင် သစ်ရွက်ငယ်များကို နွယ်ကြိုးမျှင်နှင့် ပတ်စည်း၍ အရှက်ကို လုံအောင်ဖုံးထားသော်လည်း တန်ဆာက မိန်းမတို့၏တန်ဆာ။ တင်ပါးဆုံနှစ်ခုအကြားတွင် ခြေထောက်တစ်ချောင်းရှိကာ မတ်လျက် သူ၏လက်နှစ်ဖက်အကြားတွင် ရပ်နေပြီး အရပ်အမောင်းမှာ အလွန်ဆုံးရှိလှပါမှ တစ်မိုက်သာသာခန့်။

သူမ၏လက်အတွင်း မွှေးကြိုင်လွန်းလှသည့်ရနံ့သည် သူရှူရှိုက်လိုက်ရသည့် သစ်ခွပန်းမှ ထွက်လာသည့်ရနံ့မျိုးမို့ သူမ၏ဆံကေသာထက်မှ မွှေးကြိုင်လွန်းလှသည့် သစ်ခွပန်းကို အသေအချာစူးစိုက်ကြည့်လိုက်တော့ ...

"အလို ... ငါ့အိပ်မက်ထဲမှာ တွေ့မြင်ခဲ့ရပြီး မိန်းကလေးမခူးစေချင်တဲ့ပန်းကို သူ့ခေါင်းမှာ ပန်ထားပါလား"

စိတ်တွင်းက ပြောနေလိုက်မိခြင်းပင်။ ထိုအိပ်မက်ထဲတွင် တွေ့မြင်ခဲ့ရသည့်ပန်းနှင့် မိန်းကလေးကို သူမမေ့။ ပွင့်ဖတ်ကြီးကြီး၊ အစိမ်းရောင်သန်းကာ အဝါဘက်ဆီသို့လှနေသည့် သစ်ခွပန်း။ ဥယောင်ပင်စည်က လေးထောင့်ပုံနှင့် အဖျားသွယ်ပြီး အမြှောင်းထနေသည့်နေရာများတွင် ပွင့်ဖတ်ကြီးကြီးတို့နှင့် အတွင်းပွင့်ချပ်က ရွှေဝါရောင်သန်းနေသည့် သစ်ခွပန်းမျိုးကိုမှ သူမ၏ခေါင်းတွင် ပန်ဆင်ထားလျက်။ သူမ၏လက်နှစ်ဖက်တွင် သစ်ခွပန်းပြာပြာတို့ကို ဆုပ်ကိုင်လျက် လှမြင့်အား သူမ၏ခြေတစ်ချောင်းတည်းနှင့် ထောက်ဆွထောက်ဆွခုန်ကာ ရှေ့ဆီသို့ တိုးကပ်လာရင်း ခါးကိုညွှတ်ကိုင်းကာ လက်အုပ်ချီနေသည့်အသွင်မျိုး။

လှမြင့်ကို သူမက ရင်းနှီးနေသည့်အသွင်၊ ရဲရဲတင်းတင်းရှိသည့် အသွင်မျိုးဖြင့် ပြုံးချိုသောအသွင်ဖြင့် ပြုံးပြကာ 'တကျီကျီ' အသံများဖြင့် ပြောကြားနှုတ်ဆက်နေသယောင်။

"မင်း ဘယ်သူလဲဟင်။ မင်းပြောနေတဲ့ စကားတွေကို ငါနားမလည်ပါဘူးကွယ်"

သူမကို လှမြင့်က တီးတိုးပြောလိုက်ရင်း စူးစူးစိုက်စိုက် အနီးကပ်ကြည့်မိလိုက်ပြန်သည်။ သူမ၏ လက်မောင်းရင်းနှစ်ဖက်တွင် တောကြက်ဖင်ယ်တစ်ကောင်၏မြီးဆံဖွားဖွားတို့က ကြက်သွေးရောင်လေးများနှင့်။ ခြေထောက်က လူတို့၏ခြေထောက်အတိုင်း။ တင်ပါးဆုံအောက်ပိုင်း ခွကြားအလယ်တွင် တစ်ချောင်းတည်း၊





သာ ရှိနေသည်ကလွဲလျှင် ကျန်သောအစိတ်အပိုင်းများသည် မိန်းကလေးတစ်ဦး၏ ရှိသင့်ရှိထိုက်သည့် ဖွဲ့စည်းပုံမျိုးပင်။

"ကျီကျီ ... ကျလိကျလိ ... ကျီ ..."

လှမြင့်ပြောလိုက်သည့်စကားကို သူတို့ဘာသာရပ်စကားနှင့် ပြန်ဖြေကြားနေသည်ပဲလား၊ သူသိချင်သည်ကို မေးနေသည်လားဆိုသည်ကိုဖြင့် နှစ်ဦးစလုံး မသိကြ။ သေချာတာတစ်ခုကတော့ လှမြင့်ကို သူမ ရင်းနှီးစွာ ဆက်ဆံစကားပြောနေသည်က အမှန်။

လက်ခုပ်အတွင်း မတ်တတ်ရပ်အနေအထားမျိုးနှင့် ဘယ်လက်က သူမနှင့် ဘေးတိုက်အနေအထားမျိုးမို့ လှမြင့်၏လက်မကို သူမ၏ လက်သွယ်သွယ်ကလေးတစ်ဖက်က ဆုပ်ကိုင်ထားရင်း ကျန်လက်တစ်ဖက်က ဆုပ်ကိုင်ထားသော သူမလက်တစ်ဖက်မှ ပန်းတို့ဖြင့် နှာခေါင်းကို ထိတွေ့ပွတ်သပ်နေရင်း ချော့မြှူနေသည့်အသွင်မျိုး။

သစ်ခွပန်းတို့၏ ရနံ့တို့ကား မွှေးလွန်းပါဘိ။ သို့အတွက် အားပါးတရပန်းရနံ့များကို ရှူရှိုက်လိုက်သည်ကို ကျေနပ်သည့်အသွင်ဖြင့် ပြုံးပြနေသည့် သူမ၏ မျက်နှာသေးသေးလှလှကလေးကို တစိမ့်စိမ့်ကြည့်ရင်း သူ၏ဖခင်ပြောလိုက်သည့် စကားများကို ပြန်လည်ကြားယောင်နေမိသည်။ ထိုစဉ် လျှိုအထက်ပိုင်းဆီမှ ..

"အူး ... ဝေး ... ဟေး ..."

လူအူသံတို့ကို ပဲ့တင်သံတို့နှင့်အတူ ကြားလိုက်ရသည်မို့ ခေါင်းထောင်အကြည့်လိုက်တွင် သူ၏လက်ခုပ်အတွင်းမှ မိန်းမငယ်မှာ ထိုကြားလိုက်ရသည့် လူအူသံတို့ကြောင့် အလွန်အမင်းထိတ်လန့်ကြောက်ရွံ့စွာနှင့် လက်ခုပ်အတွင်းမှ တိုးထွက်ဖို့ ကြိုးစားရုန်းကန်နေမှုကြောင့် မြေပြင်ထက်ဆီသို့ အသာချပေးလိုက်သည်တွင် ...

"ကျီ ... ကျီ ... ကျလိ ... ကျလိ ..."

စောစောက လှမြင့်ကိုပြောနေသည့်အသံထက် ကျယ်လောင်သောအသံမျိုးနှင့် အော်ဟစ်လိုက်ရင်း နောက်ကျောဘက်ဆီသို့ သုတ်သီးသုတ်ပျာလှည့်၍ ခုန်ဆွခုန်ဆွနှင့် လျှိုကြီး၏လမ်းကြောအတိုင်း လျင်မြန်စွာဖြင့် ချုံတောကြီးအတွင်း တိုးဝင်ပျောက်ကွယ်သွားပေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



သာ ရှိနေသည်ကလွဲလျှင် ကျန်သောအစိတ်အပိုင်းများသည် မိန်းကလေးတစ်ဦး၏ ရှိသင့်ရှိထိုက်သည့် ဖွဲ့စည်းပုံမျိုးပင်။

"ကျိုကျို ... ကျုလိကျုလိ ... ကျို ..."

လှမြင့်ပြောလိုက်သည့်စကားကို သူတို့ဘာသာရပ်စကားနှင့် ပြန်ဖြေကြားနေသည်ပဲလား၊ သူသိချင်သည်ကို မေးနေသည်လားဆိုသည်ကိုဖြင့် နှစ်ဦးစလုံး မသိကြ။ သေချာတာတစ်ခုကတော့ လှမြင့်ကို သူမ ရင်းနှီးစွာ ဆက်ဆံစကားပြောနေသည်က အမှန်။

လက်ခုပ်အတွင်း မတ်တတ်ရပ်အနေအထားမျိုးနှင့် ဘယ်လက်က သူမနှင့် ဘေးတိုက်အနေအထားမျိုးမို့ လှမြင့်၏လက်မကို သူမ၏ လက်သွယ်သွယ်ကလေးတစ်ဖက်က ဆုပ်ကိုင်ထားရင်း ကျန်လက်တစ်ဖက်က ဆုပ်ကိုင်ထားသော သူမလက်တစ်ဖက်မှ ပန်းတို့ဖြင့် နှာခေါင်းကို ထိတွေ့ပွတ်သပ်နေရင်း ချော့မြှူနေသည့်အသွင်မျိုး။

BURMESE CLASSIC

သစ်ခွပန်းတို့၏ ရနံ့တို့ကား မွှေးလွန်းပါဘိ။ သို့အတွက် အားပါးတရပန်းရနံ့များကို ရှူရှိုက်လိုက်သည်ကို ကျေနပ်သည့်အသွင်ဖြင့် ပြုံးပြနေသည့် သူမ၏ မျက်နှာသေးသေးလှလှကလေးကို တစိမ့်စိမ့်ကြည့်ရင်း သူ၏ဖခင်ပြောလိုက်သည့် စကားများကို ပြန်လည်ကြားယောင်နေမိသည်။ ထိုစဉ် လျှို့အထက်ပိုင်းဆီမှ ..

"အူး ... ဝေး ... ဟေး ..."

လူ့အူသံတို့ကို ပဲ့တင်သံတို့နှင့်အတူ ကြားလိုက်ရသည်မို့ ခေါင်းထောင်အကြည့်လိုက်တွင် သူ၏လက်ခုပ်အတွင်းမှ မိန်းမငယ်မှာ ထိုကြားလိုက်ရသည့် လူ့အူသံတို့ကြောင့် အလွန်အမင်းထိတ်လန့်ကြောက်ရွံ့စွာနှင့် လက်ခုပ်အတွင်းမှ တိုးထွက်ဖို့ ကြိုးစားရုန်းကန်နေမှုကြောင့် မြေပြင်ထက်ဆီသို့ အသာချပေးလိုက်သည်တွင် ...

"ကျို ... ကျို ... ကျုလိ ... ကျုလိ ..."

စောစောက လှမြင့်ကိုပြောနေသည့်အသံထက် ကျယ်လောင်သောအသံမျိုးနှင့် အော်ဟစ်လိုက်ရင်း နောက်ကျောဘက်ဆီသို့ သုတ်သီးသုတ်ပျာလှည့်၍ ခုန်ဆွခုန်ဆွနှင့် လျှိုကြီး၏လမ်းကြောအတိုင်း လျင်မြန်စွာဖြင့် ချုံတောကြီးအတွင်း တိုးဝင်ပျောက်ကွယ်သွားပေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၇]

❑

BURMESE CLASSIC

လှမြင့်ပြောပြနေသည့် အကြောင်းဆုံးတော့ အစ်ကိုကြီးဦးသိန်းလွင်က–

“မင်း အိမ်ကို ဘယ်လိုပြန်ရောက်လာခဲ့တာလဲကွ”

“ဒီလို အစ်ကိုကြီးရဲ့။ ကျွန်တော်နဲ့အတူ သစ်ခွပန်းခူးဖို့ ထွက်လာခဲ့ကြတဲ့ မြသိန်းနဲ့ထင်ကျော်တို့နှစ်ယောက် ပြေးကြရင်း နောက်တစ်နေ့ ပြန်ဆုံခဲ့ကြတယ်လေ။ ကျွန်တော်ဆင်နင်းခံရပြီး သေပြီအထင်နဲ့ လိုက်ရှာရင်း အူသံပေးခေါ်တော့ ကျွန်တော် လျှိုအောက်ကထူးလိုက်တဲ့အသံကို ကြားပြီး သူတို့ဆင်းခေါ်ကြလို့ အိမ်ကိုပြန်ရောက်ခဲ့ကြတာလေ”

“အေးကွာ . . . ငါလည်း အဲဒီအချက်ကို လေ့လာနေတာကွ။ စောစောက မင်းအဖေပြောခဲ့တဲ့ သတ္တဝါကို လေးမျိုးလေးစားခွဲတဲ့အခါမှာ ခြေတစ်ချောင်း၊ တည်းသာပါတဲ့ သတ္တဝါကို လူကြီးသူမတွေအဆိုအမိန့်အရ ‘ငေါင်း’ ဆိုတဲ့ ငှက်တစ်မျိုးတည်းကိုသာ ကြားဖူးခဲ့တယ်ကွ။ ဒါကြောင့် အဘိဓာန်တွေထဲမှာ ရှာပြီး ကြည့်လိုက်ပြန်တော့လည်း ခြေတစ်ချောင်းနဲ့ ငှက်ကို ‘ငေါင်းငှက်’ လို့ဆိုထားတဲ့ အသိက စွဲနေတယ်ကွ။ မင်းပြောတဲ့ စကားအရဆိုရင် ရှားရှားပါးပါးငှက်တစ်ကောင်မဟုတ်ဘဲ ခြေတစ်ချောင်းတည်းသာပါတဲ့ လူသေးသေးကလေးဆိုတော့ အတော်ထူးခြား ဆန်းပြားနေတယ်ကွ။ ငေါင်းငှက်ဆိုတာ နှုတ်သီးနဲ့ အမွေး၊ အတောင်တွေပါပြီး ပျံသန်းနိုင်တဲ့ ရှားပါးတဲ့ငှက်ဆိုတာ သိထားသလို . . .

‘ခြေညီတစ်ချောင်း၊ ငေါင်းကကျိုးကျည်

ဥဒေါင်းသည်မူ၊ ဝေါင်မြည်၍ငေါက် . . .’

‘ထွေတလာချီ’ ရတုမှာ စိတ္တကျော်သူဦးသြက ခြေတစ်ချောင်းသည်းရှိသော ငေါင်းငှက်သည် ‘ကျိုးကျိုးကျည်ကျည်’ နှင့် ဆူဆူညံညံပင် ဟစ်အော်တတ်



www.burmeseclassic.com

www.burmeseclassic.com



သည့်ငှက်လို့လည်း ဆိုထားတယ်လေ။ နောက်ပြီး မုံရွေးဆရာတော်ကြီးကလည်း ဘယ်လို ဆိုထားပြန်သလဲဆိုတော့ . . .

'ခြေရှည်တစ်ချောင်း၊ နောက်ကစောင်းလျက်၊ ငေါင်းကစ၍၊ စေ့စေ့စုံစုံ၊ သားအစုံ' . . . တဲ့။ ကုသပျို့မှာ မုံရွေးဆရာတော်ကလည်း 'ရှေ့ခြေတစ်ချောင်း၊ နောက်က စောင်းလျက်'ဟု တိတိကျကျဆိုထားပြန်သလို သက္ကရာဇ် ၉၈၃ ခုနှစ် တွင် ရေးဖွဲ့ထားတဲ့ 'ပခန်းကြီးရှင်ကုမာရကဿပ'ရဲ့ ဓမ္မရာသီပျို့ (၁၃၉)မှာက–

'တိရစ္ဆာန်ဟူသမျှကား
ပါဒချို့တဲ့၊ ခြေမဲ့အမှတ်
တီကျွတ်မျှော်ငါး၊ မြွေနဂါးတည့်
မများခြေချောင်း၊ တစ်ခုငေါင်းနှင့်
စုံပေါင်ရှိကာ၊ မလှမ်းပါ၍ . . . တဲ့။

ငေါင်းငှက်ကို စိတ္တကျော်သူဦးသြကလည်း တွေ့ခဲ့ဖူးတယ်။ မုံရွေးဆရာ တော်ဘုရားကြီးကလည်း မြင်ခဲ့ဖူးတယ်။ ရှင်ကုမာရကဿပကလည်း အမျိုးအစား ပင် သတ်မှတ်ပြီး ပြလိုက်သေးတယ်။ ရှေးစာဆိုတော်ကြီးများရဲ့ မှတ်တမ်းတင် ထားတဲ့ အချက်များအရ ငေါင်းဆိုတဲ့ငှက်ကို ငါမတွေ့ခဲ့ဖူးပေမယ့် ဒီစာတွေအရ အမှန်အကန်ရှိတယ်လို့ ငါယူဆတယ်ကွယ်။ အခု လှမြင့်ပြောတဲ့ သူ့အဖြစ်အပျက် အရဆိုရင် ငှက်တစ်ကောင်မဟုတ်ဘဲ လူသေးသေးလေးဖြစ်နေတော့ ဘယ်ဟာ ကို ငါယုံရမှန်းတောင် မသိတော့ဘူး ဖြစ်နေတယ်လေ''

အစ်ကိုကြီးဦးသိန်းလွင်က သူမှတ်သားထားသမျှနှင့် ကြားလိုက်ရသည့် အကြောင်းတို့၏ ကွာဟမှုကြောင့် သူ၏ထင်မြင်ချက်ကို ရှင်းပြလိုက်တော့ ကုလား ကြီးသန်းညွန့်က တစ်စခန်းဝင်ထလိုက်ပြန်သည်က . . .

''ကဲ . . . အစ်ကိုကြီး။ ကျွန်တော် လှမြင့်ပြောတဲ့စကားကို ယုံတယ်။ ထောက်ခံတယ်''

''အေးပါကွာ . . . ငါက မယုံလို့ မထောက်ခံဘဲ မဟုတ်ဘူးလို့ ပြောနေ တာမှ မဟုတ်ဘဲ။ ငါလည်း မတွေ့ဖူးတော့ စာဆိုကြီးတွေက ဒီလိုဆိုတဲ့အကြောင်း ဆွေးနွေးတာပါ။ ဒါဆိုရင် မင်းက ယုံကြည်တယ်၊ ထောက်ခံတယ်ဆိုတာ ဘယ်လို အကြောင်းပြချက်မျိုးကြောင့် ဆိုတာလေးကို ငါတို့နားလည်အောင် ရှင်းပြပေး ပါဦး''

အစ်ကိုကြီးဦးသိန်းလွင်က ကုလားကြီးသန်းညွန့်တင်ပြချက်ကို တောင်း ဆိုလိုက်တော့ . . .

''ဒီလိုပါ အစ်ကိုကြီးရဲ့။ ကျွန်တော်လက်ခံယုံကြည်တယ်ဆိုတဲ့ အကြောင်း အချက်က ကျွန်တော်လည်း စာတစ်အုပ်ကိုဖတ်ပြီး မှတ်သားထားလိုက်တဲ့ အကြောင်းပါ။ ၂၀၀၅ ခုနှစ်လောက်က သူရဇ္ဇမဂ္ဂဇင်းမှာပါတဲ့ ဆောင်းပါးတစ်ပုဒ်



www.burmeseclassic.com

www.burmeseclassic.com



ကို ဖတ်လိုက်တော့ ‘ဆရာလှျမ်းထက်’ ရေးထားတဲ့ ‘သမိုင်းထဲက အံ့ဖွယ်သတ္တဝါများ’ ဆိုတဲ့ ဆောင်းပါးပဲ။

သူလည်း ဆရာကြီးမြကေတုရေးတဲ့ ‘လူမျောက်မောင်မောင်’ ကို မှီးထားတာပါ။ အချက်ကတော့ (၅) ချက်ပါပဲ။ အဲဒီ (၅) ချက်ကို ပြောပြမယ်။

၁။ ဘိုးတော်ဘုရားလက်ထက် တောင်ငူမြို့ မြတ်စောညီနောင်ဘုရား အရှေ့တောင်ဘက် တောတွင်းတစ်နေရာမှရသည့် လူဝေါင်းတစ်ကောင်ကို တောင်ငူမြို့ဝန်က ဆက်သလာသည်။ ၎င်းလူဝေါင်းမှာ ခြေတစ်ချောင်းသာ ပါရှိသည်။ လက်မောင်းရင်း ပခုံးအစွန်းတွင် အတောင်များပါရှိသည်။ မျက်နှာကလည်း လူမျက်နှာလို့ ဆိုထားတယ်။

၂။ ဘိုးတော်ဘုရားလက်ထက် မင်းကွန်းတွင် ယာယီစံနန်းတော်နှင့် စံမြန်းနေတော်မူစဉ် မိုးကောင်းမြို့ဝန်က တောထဲမှရသည့် ကိန္နရာကောင် အခြောက်တစ်ခုကို ဆက်သလာသည်။ ယခု လူတို့ရေးဆွဲနေကြသည့် အရုပ်သဏ္ဍာန်မျိုးပင် ဖြစ်သည်တဲ့။

၃။ ဘကြီးတော်ဘုရားလက်ထက် သင်္ဘောသူကြီး ကုလားလူမျိုးတစ်စ်က ပင်လယ်တွင်း သင်္ဘောနှင့်သွားစဉ် ရေပေါ်တွင် ပေါ်လောမျောနေသော နဂါးနှင့်ဂဠုန် အခြောက်တစ်စုံကိုတွေ့၍ ပေးဆက်လာသည်။ ထိုနှစ်ကောင်ကား ခိုက်ရန်ဒေါသဖြစ်ပြီး တိုက်ခိုက်ကြရင်း သေဆုံးသွားကြဟန်တူသည်။ အဲဒီနှစ်ကောင်စလုံးဟာ ယခုခေတ်ပန်းချီဆရာတွေ ရေးဆွဲနေကြတဲ့ ဂဠုန်၊ နဂါးရုပ်များတို့ကဲ့သို့ ပုံတူဖြစ်တယ်လို့ ဆိုထားတယ်။

၄။ ဘကြီးတော်ဘုရားလက်ထက် အရှေ့မျက်နှာ၊ ဒုဋ္ဌဝတီမြစ်အတွင်း ရေသူမပေါ်သည်ကို လူအများတွေ့မြင်ကြရသည်။ ထိုရေသူမပုံကို ပန်းချီဆရာတို့က ပုံတူရေးဆွဲပြီး နန်းစဉ်ပုရပိုက်အတွင်းမှာ ရေးဆွဲထားတယ်လို့ ဆိုထားတယ်။

၅။ ဘကြီးတော်ဘုရားလက်ထက် အင်းဝမြို့ သီပေါမင်းသား၊ ဇင်ဝင်း အနောက်ဘက်ရှိ ရေကန်အဝ၌ ညအခါ မိုးအလွန်ရွာသဖြင့် ရေပြည့်လျှံရာ အမောက်နှင့် နဂါးငါးကောင်ပေါ်ကြောင်း။ ထိုနဂါးတို့သည် ယခု လူတို့ရေးဆွဲနေကြသည့် နဂါးပုံစံမျိုးဖြစ်တယ်လို့ ဆိုတယ်လေ။ ဒါကြောင့် လှမြင့်ပြောပြတဲ့ အကြောင်းကို ကျွန်တော်ယုံတယ်လို့ ဆိုတာပေါ့ အစ်ကိုကြီးရဲ့”

သူတို့နှစ်ယောက်၏ ဆွေးနွေးချက်များကို နားထောင်နေကြသည့် ကျွန်တော်တို့အဖွဲ့သားများပင် တအံ့တသြဖြစ်သွားကြသည်က အမှန်ပင်။ တောတောင်တို့အတွင်း ကိုယ်မသိသေးသည့်အချက်များက ရှိနေကြပါလားရယ်လို့ စဉ်းစားလိုက်ရင်း ညနေစာကို စားလိုက်ကြပြီး နောက်နေ့နံနက် သားကောင်ခြေရာ ကောက်လိုက်ကြရန် စောစောပင် အိပ်စက်အနားယူလိုက်ကြပေသည်။



www.burmeseclassic.com